၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၅၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် ၊ ကြာသပတေး၊ (မတ် ၁ ၊ ၂၀၁၂)

SPECIAL REPORT

# မြန်မာ့စီးပွားရေးအတွက် စိန်ခေါ်ချက်များ

အားမာန်

စီးပွားရေးလုပ်ငန်းရှင်အများစုတွင် ယနေ့တူညီစွာကြုံတွေ့နေရသော အခက်အခဲများရှိသည်။

ငွေလဲနှုန်းတွင် ကျပ်ငွေတန်ဖိုးမာနေခြင်း၊ လုပ်ငန်းများတွင် မလိုအပ်သောအပို ကုန်ကျစရိတ်(Transaction Cost)များပြားနေခြင်း၊ ခေတ်ကာလနှင့်လျော်ညီသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများပြဋ္ဌာန်းအသက်မဝင်သေးခြင်း၊ လုပ်ငန်းရှင်များတွင် ငွေကြေးအရင်းအနှီးနည်းပါးခြင်း၊ လက်ဝါးကြီးအုပ်လုပ်ကိုင်မှုများရှိနေသေးခြင်း စသည်တို့ဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များကပြောသည်။

၂၀၁၁ မတ်လ ၃၁ ရက်မှစတင်၍ အစိုးရသစ်တက်လာပြီးနောက် စီးပွားရေးနှင့်သက်ဆိုင်သောမူဝါဒအပြောင်းအလဲများစွာ လုပ်ခဲ့သော်လည်း မြန်မာ့စီးပွားရေးနွေးကွေးနေရာတွင် အထက်ပါအချက်များက အဓိကအဟန့်အတားများဖြစ်နေသည်။

"လုပ်စရာတွေ အများကြီးပါ။ ပထမအဆင့်အနေနဲ့ အရေးကြီးဆုံးပြုပြင်ရမှာက ငွေလဲနှုန်းထိန်းညှိဖို့ရယ်၊ မြေယာပိုင်ဆိုင်မှု မူဝါဒ ပြုပြင်ပြောင်းလဲဖို့ကိစ္စ၊ ဈေးကွက်မှာ ပိုပြီးယှဉ်ပြိုင်နိုင်အောင် လုပ်ပေးဖို့နဲ့ လက်ဝါးကြီးအုပ်မှုတွေကို ဖယ်ရှားပေးဖို့လည်းအရေးကြီးတယ်"ဟု ကမ္ဘာကျော်စီးပွားရေးပညာရှင် ပါမောက္ခ စတစ်ဂလစ်က မြန်မာ့စီးပွားရေးဦးမော့လာရန်အတွက် အရေးတကြီး ပြုလုပ်ရမည့်အချက်များကိုပြီးခဲ့သည့်ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပြောကြားခဲ့သည်။ စာ(၂၇)သို့

၃၀ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ရက်သာလို

## ဈေးကွက်အတွင်း ရောင်းချနေသည့် စားသောက်ကုန်ပစ္စည်းများတွင် အန္တရာယ်ဖြစ်စေသည့် အဏုဇီဝပိုးများ ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိ

စာ(၁၄)သို့



အန္တရာယ်ဖြစ်စေသည့် အဏုဇီဝပိုးပါဝင်နေသည့်စားသောက်ကုန်များတွင် အချိုရည်နှင့်ခေါက်ဆွဲခြောက်များလည်းအပါအဝင်ဖြစ်သည် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မော်တောင် ကုန်သွယ်ရေးစခန်း သင်္ကြန်မတိုင်ခင် ဖွင့်လှစ်ရန်ရှိ

### မြိတ်မြို့မှထိုင်းနိုင်ငံ ဘန်ကောက်သို့ကုန်းလမ်းဖြင့် ၆နာရီအတွင်း သွားနိုင်မည်

ကိုကိုကြီး၊ ပြည်သိမ်း

မော်တောင်၊ ဖေဖော်ဝါရီ- ၂၅

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်အတွင်း မော်တောင်ကုန်သွယ်ရေးစခန်းကို လာမည့်တစ်လအတွင်း ဖွင့်လှစ်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်နေကြောင်း တာဝန်ရှိသူများကပြောသည်။ အချပ်ပို(B)သို့

## ရှေ့လီရှိ မြန်မာအမျိုးသမီး အလုပ်သမားများ အကူအညီလိုအပ်နေ

စာ(၅)သို့

## ချွန်ထက်သောအရာနှင့် အမျိုးသမီးများအား လိုက်ထိုးသည့် ဆိုင်ကယ်သမားကြောင့် ပြင်ဦးလွင်မြို့ခံများထိတ်လန့်

စာ(၈)သို့

## လစာတိုးအဆိုတင်ခြင်းမှာ မဲဆွယ်ခြင်းမဟုတ်ဟု သူရဦးရွှေမန်းပြောကြား

စာ(၂)သို့



မြစ်ကြီးနား၊ ဂျန်မိုင်ကောင်းစစ်ဘေးဒုက္ခသည်စခန်းမှ စစ်ဘေးဒုက္ခသည်များကိုတွေ့ရစဉ် ဓာတ်ပုံ-ကျော်မျိုးဦး

## ငြိမ်းချမ်းရေးအတွက် မျှော်လင့်ခြင်းများစွာ

အေးမြကျော်၊ အိဖြူလွင်

"ကျွန်တော်တို့သင့်ကိုချစ်ပါတယ်။ ကျေးဇူးပြုပြီး ကူညီပါ။ ငြိမ်းချမ်းမှုတွေကို ကျွန်တော်တို့ရဲ့ ကချင်မြေဆီကို ဆောင်ယူလာပေးပါ"ဟု အင်္ဂလိပ်ဘာသာဖြင့် ထိုသို့အဓိပ္ပာယ်ရသော စာသားကိုရေးထားသည့်အဖြူရောင်ဗီနိုင်းစကိုဝါးတိုင်တို့နှစ်ချောင်းဖြင့်တစ်ဖက်တစ်ချက်တွင် ကချင်လူငယ်နှစ်ဦးကချည်နှောင်နေသည်။ နောက်မိနစ်အနည်းငယ်အကြာတွင် သူတို့နှစ်ဦးရောက်ရှိနေသော မြစ်ကြီးနားမြို့၊ မနောကွင်းအတွင်းသို့ရောက်ရှိလာတော့မည့် ဒေါ်အောင်ဆန်းစုကြည် မြင်သာစေရန် ထောင်ပြလိုသောဆန္ဒဖြင့် ပြင်ဆင်နေကြခြင်းဖြစ်သည်။ စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနှင့်တရုတ် နှစ်နိုင်ငံ ဗုဒ္ဓဘာသာဆိုင်ရာဖလှယ်ရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဇန်နဝါရီ၂၂ရက်က လက်မှတ်ရေးထိုးစဉ်

## မြတ်စွယ်တော်အလှူငွေများကို တရုတ်နိုင်ငံတွင် စာသင်ကျောင်းဆောက်ခြင်းအပါအဝင် ကုသိုလ်ဖြစ် လုပ်ငန်းများဆောင်ရွက်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၂**

တရုတ်နိုင်ငံမှဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့လာရောက်ပူဇော် ခံစဉ်ကမြန်မာနိုင်ငံမှလှူဒါန်းခဲ့ သောငွေသားနှင့်အဖိုးတန်ရတနာ ပစ္စည်းများကို တရုတ်နိုင်ငံရှိဗုဒ္ဓ မြတ်စွယ်တော်စေတီမွမ်းမံ ပြင် ဆင်ရေးတွင် အသုံးပြုမည့်အပြင် မြန်မာနိုင်ငံ၏ဗုဒ္ဓဘာသာကုသိုလ် ကောင်းမှုလုပ်ငန်းများတွင်အဓိက ထား၍အသုံးပြုသွားမည်ဖြစ်ကာ စာသင်ကျောင်းများတည်ဆောက် ခြင်း၊ မျက်စိဝေဒနာရှင်များကို ခွဲစိတ်ပေးခြင်း စသည့် ကုသိုလ် ဖြစ်လုပ်ငန်းများကိုလုပ်ဆောင် မည်ဖြစ်ကြောင်း လင်ကွမ်းစီး စွယ်တော်တိုက်ဆရာတော်က နား လည်မှုစာချွန်လွှာရေးထိုးပွဲတွင် မိန့်ကြားသည်။

မြန်မာနိုင်ငံနှင့် တရုတ်နှစ် နိုင်ငံဗုဒ္ဓဘာသာအကြား ချစ် ကြည်ရင်းနှီးသည့်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုတစ်ဆင့် တက်နက်ရှိုင်းစေခြင်းဖြစ်သည်ဟု လည်းဆိုသည်။

**စာ(၁၂)သို့**

## လစာများ တိုးမြှင့်ရန် အဆိုတင်သွင်းခြင်းမှာ ပြည်ခိုင်ဖြိုးအတွက် မဲဆွယ်ခြင်းမဟုတ်ကြောင်း သူရဦးရွှေမန်း ဖြေကြား

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော် တွင်အစိုးရဝန်ထမ်းလစာများ တိုးမြှင့်ပေးရန် အဆိုတင်သွင်းခြင်း မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွက် မဲဆွယ်ခြင်း မဟုတ်ကြောင်း 7Day News၏ မေးမြန်းမှုကို သွယ်ဝိုက်၍ ဖြေ ကြားသွားသည်။

"ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မဲရအောင် လုပ် တာလားဆိုတာနဲ့ ပတ်သက်လို့တော့ ခံယူတဲ့လူအပေါ် မှာပဲ မူတည် ပါတယ်။ မိမိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော် ကိုယ် စားလှယ်တစ်ယောက်အနေနဲ့ဝန်ထမ်းများရဲ့အခက်အခဲကို ဖြေရှင်း ပြီးတော့ ဝန်ထမ်းများရဲ့စိတ်ဓာတ်ဆိုင်ရာ ကောင်းမွန်ဖို့၊ နိုင်ငံတော် အပေါ် မှာ ပိုပြီးတော့ ယုံကြည်လာအောင်ဆောင်ရွက် ခြင်းသာဖြစ် ပါတယ်"ဟုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ကြားဖြတ်ရွေး ကောက်ပွဲမတိုင်မီအစိုးရဝန်ထမ်းလစာများတိုးရန် အဆိုတင်သွင်း ခြင်းမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွက်မဲဆွယ် ခြင်းဟု လူအချို့ကပြောဆိုကြခြင်းအပေါ် မည်သို့မှတ်ချက်ပေးလိုပါ သလဲဆိုသည့် 7Day News ၏မေးမြန်းမှုကိုပြန်လည်ဖြေကြားသွား သည်။

ထို့အပြင် အစိုးရဝန်ထမ်းလစာများကို အစိုးရက အဆင်ပြေ လျှင် သင့်တင့်လျောက်ပတ်သော နှုန်းသို့ တိုးမြှင့်ပေးရန် တင်ပြမှုကို မိမိအနေဖြင့် အလျှော့ပေးမည်မဟုတ်ဘဲ ဆက်လက်တင်ပြ သွားမည် ဖြစ်ကြောင်း ၎င်းကပြောသည်။ အစိုးရဝန်ထမ်းများအနေဖြင့် သင့်တင့် လျောက်ပတ်သော လုပ်ခလစာများရရှိလျှင် သိက္ခာရှိစွာ ရပ်တည် နိုင်ပြီး လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းသွားနိုင်ကြောင်း၊ အစိုးရ အပေါ် တွင် ပိုမိုယုံကြည်လာကာ အလုပ်ပိုမို အာရုံစိုက်ကြိုးစားခြင်း ကြောင့် ၎င်းတို့၏ လုပ်အားများစွာ ရရှိလာမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ထိုသို့အစိုးရဝန်ထမ်းများကို လစာတိုးမြှင့်ပေးလိုက်သည့်အတွက် ဘတ်ဂျက်လိုငွေ များစွာမပြရန် အချို့သော စီမံကိန်းများကို ငြင်းပယ် ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့ချခွင့်ပြုခြင်းဖြင့် လုပ်ကိုင်သွားရန်နှင့် ကုန် ဈေးနှုန်းမတက်ရန် မလိုလားအပ်သော ကုန်ကျစရိတ်များ(Transaction Cost) များ လျှော့ချရန် စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိဖြင့် အကြံဉာဏ်များပေးကြရန် လည်း သူရဦးရွှေမန်းက ဖိတ်ခေါ် ခဲ့သည်။

ဖေဖော်ဝါရီ၂၂ရက်တွင်ပြုလုပ်သောပြည်သူ့လွှတ်တော်ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသော အစည်းအဝေးတွင်ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားသည်။ ထိုအစည်း အဝေးသို့ စီးပွားရေးပညာရှင်များ၊ အစိုးရဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ပြည်တွင်းပြည်ပသတင်းထောက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ခဲ့ သည်။

"သက်ဆိုင်ရာဌာနတွေပဲသိပါတယ်။ လိုတဲ့ဝန်ထမ်း၊ မလိုတဲ့ ဝန်ထမ်း၊ ဒီအပိုင်းနဲ့ပတ်သက်လို့တော့ မိမိတင်သွင်းတဲ့ထဲမှာ ပါရှိခြင်း မရှိပါဘူး"ဟု သူရဦးရွှေမန်းက အစိုးရဝန်ထမ်းလစာများကို တိုးပေး လျှင် ဘတ်ဂျက်လိုငွေ များစွာမပြရန်အတွက် အလုပ်မလုပ်သော၊ ဖောင်းပွနေသော ဝန်ထမ်းများကို လျှော့ချ၍ ပိုမိုကျစ်ကျစ်လျစ်လျစ် ဖြင့် စီမံခန့်ခွဲသင့်ကြောင်း ပြည်သူအချို့က ပြောကြားခြင်းအပေါ် မှတ်ချက်ပေးရန် မေးမြန်းရာတွင်ပြန်လည်ဖြေကြားသွားသည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အစိုးရနှင့် ကေအိုင်အိုတို့ ဖေဖော်ဝါရီလကုန်တွင် ရွှေလီ၌ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမည်

**အေးမြကျော်၊ အိဖြူလွင်**
**မြစ်ကြီးနား၊ ဖေဖော်ဝါရီ - ၂၅**

ရှစ်လကျော်ကြာ တိုက်ပွဲများဖြစ်ပွားနေသည့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့အကြား ငြိမ်းချမ်းရေးအတွက် တတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုအဖြစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် တရုတ်နိုင်ငံ၊ ရွှေလီမြို့၌ တွေ့ဆုံနိုင်ဖွယ်ရှိကြောင်း ကြားခံညှိနှိုင်းပေးသည့် အဖွဲ့ဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့မှ အဖွဲ့ဝင် ဦးယွပ်ဇော်ခေါင်က 7Day News သို့ပြောသည်။

မူလက ဖေဖော်ဝါရီလဆန်းပိုင်းတွင် တတိယအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးရန် စီစဉ်ခဲ့သော်လည်း တွေ့ဆုံမည့်နေရာကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းနေသည့်အတွက် ကြန့်ကြာခဲ့ရကြောင်းသိရသည်။

နောက်ဆုံးတွင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပထမအကြိမ်နှင့်ဒုတိယအကြိမ်တွေ့ဆုံခဲ့သော ရွှေလီမြို့မှာပင် တွေ့ဆုံရန် အကြမ်းဖျင်းစီစဉ်ထားကြောင်းသိရသည်။

မြန်မာအစိုးရဘက်မှ ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့ ဦးဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ကေအိုင်အိုအဖွဲ့နှင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၂၉ရက်တွင် ပထမဆုံးအကြိမ် တရုတ်နိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ရွှေလီမြို့မှာပင် ဇန်နဝါရီ ၁၈၊ ၁၉ ရက်တွင် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးမှုအပြီး ထာဝရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်တွေ့ဆုံဆွေးနွေးရန်နှင့် စစ်မက်အရှိန်များ လျှော့ချနိုင်ရန်အတွက် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နယ်ခြားစောင့်ပဋိပက္ခမှ စတင်အခြေတည်ကာ ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်တွင် စစ်မက်စတင်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်တွင် ထိုးစစ်များလျှော့ချရန်၊ စစ်ရေးအရှိန်များ လျှော့ချသွားရန် ကာကွယ်ရေးဦးစီးချုပ်ထံ စာတစ်စောင်ပေးပို့ခဲ့သည်။ နှစ်ဖက်တိုက်ပွဲများမှာ ရပ်တန့်သွားခြင်းမရှိဘဲ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသောကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာရသော ဒုက္ခသည်ဦးရေမှာလည်း ပြည်နယ်တစ်ခုလုံးတွင် ခုနစ်သောင်းကျော်ရှိသွားပြီဖြစ်ကြောင်း အကူအညီများပေးနေသော အဖွဲ့အစည်းများနှင့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)မှ တာဝန်ရှိသူများထံမှသိရသည်။

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များနှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးတည်ဆောက်ရန် လက်မှတ်ထိုး



**ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးစဉ်** ဓာတ်ပုံ - နေလင်းထွန်း

**နေလင်းထွန်း**
**မော်လမြိုင်၊ ဖေဖော်ဝါရီ- ၂၅**

မွန်ပြည်သစ်ပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့သည် အစိုးရ၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရန်၊ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် မော်လမြိုင်မြို့ရှိ စထရင်းဟိုတယ်၌ ဖေဖော်ဝါရီ ၂၅ရက်တွင် ပဏာမသဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီတို့သည် ယခုလ ၁ ရက်တွင် နှစ်ဖက်ပဏာမသဘောတူညီခဲ့သော အပစ်အခတ်ရပ်စဲရေးကိစ္စအတွက် အချက် ၅ ချက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အတည်ပြုချက်တွင် နှစ်ဦးနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရန်ကိစ္စနှင့် နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန်လက်နက်ကိုင်ဆောင်သွားလာမှုကို နှစ်ဖက်ကြိုတင်ညှိနှိုင်းဆောင်ရွက်မည်ဟူသော အချက်တို့ပါဝင်သည်။

ထို့ပြင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီမှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် အချက် ၄ ချက်ပါ ပဏာမသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

## CRIME မှုခင်းသတင်း CORNER




ဓာတ်ပုံ - စော - ပြည့်စုံ

### ကွန်တိန်နာယာဉ် အရှိန်လွန်ကာ ခရီးသည်တင်ဟိုင်းလတ်ယာဉ်အား တိုက်မိ၍ ခရီးသည်တစ်ဦးသေဆုံး

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၅**

ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံမီးပွိုင့်တွင် ကွန်တိန်နာယာဉ်တစ်စီးသည် အရှိန်လွန်ကာ ၂၃၂ ယာဉ်လိုင်းမှခရီးသည်တင်ဟိုင်းလတ်ယာဉ်အား တိုက်မိ၍ ခရီးသည်တစ်ဦးသေဆုံးသွားကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁နာရီအချိန်တွင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းအတိုင်း မြောက်မှတောင်သို့ယာဉ်မောင်း ပန်စိုး မောင်းနှင်လာသော ၃က/၆၉၀၄နစ်ဆန်းထရပ်ကွန်တိန်နာယာဉ်သည်လှည်းတန်းလမ်းဆုံအရောက် အရှိန်လွန်၍ လှည်းတန်းလမ်းဘက်သို့ဝင်ရောက်မောင်းနှင်စဉ်မီးပွိုင့်မီးနီ၌ရပ်ထားသည့်ယာဉ်မောင်း ကိုတင်ထွန်းမြင့်မောင်းနှင်လာသော ထ/၇၅၇၄ (၂၃၂)ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သည်။ ထိုမှထပ်မံ၍ ထမင်းဆိုင်၊ ဆက်သွယ်ရေးတိုင်၊ ဓာတ်ကြိုးနှင့် ကမာရွတ်ရဲစခန်းပိုင်ခြံစည်းရိုးအုတ်နံရံတို့အားတိုက်မိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ထ/၇၅၇၄ ဟိုင်းလတ်ယာဉ်ပေါ်ပါ ခရီးသည် သုံးဦးဒဏ်ရာရရှိ၍ တစ်ဦးသေဆုံးသွားပြီး ယာဉ်နှစ်စီးအပါအဝင် ထမင်းဆိုင်၊ ဆက်သွယ်ရေးတိုင်ဓာတ်ကြိုးနှင့် အုတ်နံရံတို့ပျက်စီးမှုကြောင့် ယာဉ်မောင်းပန်စိုးအား ကမာရွတ်ရဲစခန်းမှ(ပ)၆၆/၂၀၁၂ပုဒ်မ ၃၀၄-က/၃၃၈/၂၇၉အရ အရေးယူထားသည်။

# ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် ရွှေ့ရမည့်ရွာများအတွက် လူနေအိမ်များ ယခုနှစ်အတွင်း အပြီးဆောက်မည်ဟုဆို

**အိဖြူမွန်**

**ထားဝယ်၊ ဖေဖော်ဝါရီ-၁၈**

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းတည်ဆောက်ရေး၌ ပြောင်းရွှေ့ရမည့်ရွာများ နေရာချထားရေးအတွက် ယခုနှစ်အတွင်း အိမ်ပေါင်း ၄,၀၀၀ ကျော်အပြီးသတ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ထားဝယ်အထောက်အကူပြုရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ပြောသည်။

ပြောင်းရွှေ့ရမည့် ကျေးရွာများအတွက် အိမ်များကို ဘဝါကမ်းခြေရှိဘဝါမြို့သစ်တွင်နေရာချထားပေးမည်ဖြစ်သည်။ အိမ်အရွယ်အစားသုံးမျိုးတည်ဆောက်ပေးမည်ဖြစ်ပြီး အိမ်တစ်အိမ်လျှင် အခန်းပေါင်း ခြောက်ခန်းပါဝင်မည်ဖြစ်သည်။



**အသစ်ဆောက်လုပ်ထားသော အိမ်တစ်လုံးအား ဖေဖော်ဝါရီဒုတိယပတ်အတွင်းကတွေ့ရစဉ်**
ဓာတ်ပုံ - အိဖြူမွန်

နမူနာ တည်ဆောက်ထားသော အိမ်၏ဒီဇိုင်းပုံစံအပြောင်းအလဲရှိသော်လည်း အကျယ်ဝန်းနှင့် အခန်းပုံစံမှာ ပြောင်းလဲမည်မဟုတ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဘဝါမြို့သစ်ဖော်ဆောင်မည့် ဘဝါကမ်းခြေကျေးရွာရှိခြံပိုင်ရှင်များကို လျော်ကြေးပေးခြင်းနှင့် ပြောင်းရွှေ့ရမည့် ကျေးရွာများရှိအိမ်များကို အိမ်နံပါတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပထမဆုံးပြောင်းရွှေ့ရမည့်နေရာများမှာရေနက်ဆိပ်ကမ်းအတွက် သင်္ဘောကျင်းဆောက်မည့်နေရာတွင် ပါဝင်သော ကျေးရွာအချို့နှင့်ထားဝယ်မှ ထိုင်းနိုင်ငံကန်ချာနပူရီအထိ ဖောက်လုပ်မည့်လမ်းပိုင်းနေရာများ ပါဝင်သည်။

"ဒီကိုရောက်တာ တစ်နှစ်လောက်ရှိပြီး အိမ်ခြေ ၄,၀၀၀ ကျော်ဆောက်လုပ်ဖို့ဒီကိုရောက်လာတာပါ။ အခုတော့ မြေညှိနေတာကိုလုပ်နေတယ်"ဟု မြို့ပြအင်ဂျင်နီယာ မစ္စတာစူရာပွန် က ပြောသည်။

ဘဝါကမ်းခြေအနီးရှိ ဘဝါမြို့သစ်ဖောက်ဆောင်ရေးကို အီတာလျံထိုင်းကုမ္ပဏီမှမြေရှင်းခြင်းနှင့်လမ်းဖောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့သစ်တွင်အိမ်ရာဆောက်လုပ်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဦးစားပေးလုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ထားဝယ်အထောက်အကူပြုရေးအဖွဲ့မှဥက္ကဋ္ဌဦးတင်မောင်ဆွေက ပြောသည်။

၂၀၀၈ ခုနှစ်တွင် ကောက်ယူသော စာရင်းများအရ နဘုလယ်ဒေသတွင် အိမ်ထောင်စုပေါင်းသုံးသောင်းကျော်ရှိသည်။ ဒေသခံများက ထိုလူ ဦးရေ ပမာဏထက်နေထိုင်သူပိုများကြောင်း ခန့်မှန်းကြသည်။

# အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးရေး စက်မှုအသင်းချုပ်က စင်တာတစ်ခုဖွင့်လှစ်ပြီး ပံ့ပိုးသွားရန်ရှိ

**ကိုကိုကြီး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

နိုင်ငံ၏စီးပွားရေးမောင်းနှင်အားတွင် ၉၀ ရာခိုင်နှုန်းကျော်ပါဝင်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးမည့်စင်တာတစ်ခု (SME Development Center) မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ကပြောသည်။

"စင်တာကိုဒီအတိုင်းအခန်းဖွင့်လိုက်ရုံနဲ့မရဘူး။ သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင်သူတွေ ပါဝင်ဖို့ စီစဉ်နေတယ်။ ရက်ပိုင်း၊ လပိုင်းအတွင်း စတင်လုပ်ဆောင်နိုင်ဖို့စုဖွဲ့နေပါပြီ"ဟုဥက္ကဋ္ဌက 7Day News အားပြောသည်။

ယင်းစင်တာက အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုစက်မှုအသင်းချုပ်က တိုက်ရိုက်စီမံကွပ်ကဲသွားမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိကကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကဆက်လက်ပြောသည်။

ထို့အပြင် ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ကျွမ်းကျင်ပညာရှင်များထံမှ လိုအပ်သည့်ထောက်ပံ့ကူညီမှုများကို ရယူသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

စက်မှုဝန်ကြီးဌာနသည်လည်း နိုင်ငံတော်အဆင့် အသေးစားနှင့်အလတ်စားကဏ္ဍမြှင့်တင်နိုင်ရန် ယင်းကဏ္ဍကို အထူးပြုလေ့လာသည့်စင်တာတစ်ခုကိုရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်နေကြောင်း၎င်းကပြောသည်။

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျာမနီနိုင်ငံမှ အဖွဲ့အစည်းတစ်ခုတို့ပူးပေါင်းပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် မကြာမီကာလအတွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်း အသေးစားနှင့် အလတ်စားကဏ္ဍတွင် စားသောက်ကုန်လုပ်ငန်းသည် ရာခိုင်နှုန်းအများဆုံးပါဝင်မှုရှိကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ထုတ်ပြန်ချက်အရ သိရသည်။



7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# ဂျပန်က ရပ်ဆိုင်းထားသည့် စီးပွားရေးဆိုင်ရာ ချေးငွေများ ပြန်ပေးမည်

**တိုကျို၊ ဖေဖော်ဝါရီ-၂၃**

ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နှစ်ပေါင်း ၂၅ နှစ်ကျော် ရပ်ဆိုင်းထားသည့် စီးပွားရေးဆိုင်ရာချေးငွေများ ပြန်လည်ပေးအပ်ဖွယ်ရှိကြောင်း ဂျပန်နိုင်ငံအစိုးရအကြီးအကဲတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဂျပန်မီဒီယာများကဖော်ပြသည်။

စီးပွားရေးချေးငွေပြန်လည်ပေးအပ်ရေးနှင့်ပတ်သက်၍ ဂျပန်နိုင်ငံအစိုးရက လာမည့်ဧပြီရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် တရားမျှတစွာဆောင်ရွက်မှု အနေအထားကိုစောင့်ကြည့်ပြီးမှ သုံးသပ်ဆောင်ရွက်မည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ဆိပ်ကမ်းနှင့်ရထားပို့ဆောင်ရေးဆိုင်ရာစီမံကိန်းများတွင် အသုံးပြုနိုင်ရေးအတွက် ချေးငွေပေးရေးကိုမြန်မာနိုင်ငံအစိုးရနှင့် ညှိနှိုင်းသွားမည်ဖြစ်သည်ဟုသိရသည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုနှင့်အရေးပေါ် ကိစ္စရပ်များအတွက် အကူအညီပေးမှုများကို ဆက်လက်ပြုလုပ်ခဲ့သော်လည်း စီးပွားရေးဆိုင်ရာ တရားဝင်ချေးငွေပေးမှုကိုမူ ရပ်နားထားခဲ့ခြင်းဖြစ်သည်။

လာမည့်ဧပြီလ ၂၁ရက်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်တို့ပါဝင်သည့် မဲခေါင်-ဂျပန်ဆန်းမစ်ကို တိုကျိုတွင်ပြုလုပ်ရန်စီစဉ်ထားပြီး အဆိုပါဆွေးနွေးပွဲတွင်မြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်စီးပွားရေးဆိုင်ရာချေးငွေနှင့် ပတ်သက်ပြီးဆွေးနွေးနိုင်ရန်မျှော်လင့်ထားကြောင်း ဂျပန်မီဒီယာများကဖော်ပြသည်။ ၁၉၈၀ခုနှစ်ကုန်ပိုင်းမှစတင်ကာဂျပန်နိုင်ငံက ယန်းငွေချေးပေးမှုများရပ်နားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

Ref:Mainichi Daily News, Nikkei Newspaper



**ဒီဇင်ဘာနောက်ဆုံးပတ်က မြန်မာနိုင်ငံလာရောက်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး**

# ရှေ့လီရှိ မြန်မာအမျိုးသမီးအလုပ်သမားများ အကူအညီလိုအပ်နေ

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

တရုတ်နိုင်ငံ၊ ရှေ့လီမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်လျက်ရှိသည့်မြန်မာရွှေ့ပြောင်း အလုပ်သမားများ သိသိသာသာ တိုးပွားလာရာ လုပ်ငန်းခွင်များအတွင်း ခေါင်းပုံဖြတ်ခံနေရသော၊ အခွင့်အရေးဖောက်ဖျက်ခံနေရသော နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဥပဒေကြောင်းအရ ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများ အရေးတကြီးလိုအပ်လျက်ရှိကြောင်း အမျိုးသမီးများအရေး ဆောင်ရွက်ပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လွန်ခဲ့တဲ့ ၅ နှစ်ကထက် လူဦးရေ ၁၀ ဆလောက် များလာတယ်။ ဒါပေမဲ့ တရုတ်ဘက်မှာ ဖြစ်နေတဲ့ အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေက ထွက်မလာဘူး။ အသံတွေတိတ်နေကြတယ်။ သူတို့ကိုယ်စားပြောပေးမယ့် သူတွေလည်း မရှိကြတော့ လူတွေက သူတို့အဆင်ပြေနေကြတယ်လို့ထင်နေကြတယ်"ဟု ထိုင်းနှင့် တရုတ်နိုင်ငံအတွင်းမှ ပြောင်းရွှေ့လုပ်သားများအရေး ဆောင်ရွက်ပေးလျက်ရှိသည့် မသွယ်ဇင်တိုးက ပြောသည်။

၂၀၁၀ပြည့်နှစ်အတွင်း မြန်မာ့အမျိုးသမီးသမဂ္ဂ(BWU)ကကောက်ယူခဲ့သော စစ်တမ်းအရ တရုတ်နိုင်ငံ ရှေ့လီတွင် မြန်မာပြောင်းရွှေ့အလုပ်သမားပေါင်း တစ်သိန်းကျော်ရှိပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများသည် လုပ်ငန်းခွင် ခေါင်းပုံဖြတ်ခံရမှုများ၊ ကျန်းမာရေးနှင့် လုံခြုံမှုဘေးအန္တရာယ်များ၊ လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်များ၏ နှိပ်စက်မှုများ၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့လျက်ရှိကြောင်း အထက်ပါအဖွဲ့မှ မတင်တင်ညိုက ပြောသည်။

"အမျိုးသမီးတွေဟာ ကျား၊မ ခွဲခြားဆက်ဆံခံရတာတွေ၊ လုပ်ငန်းတော်တော်များများမှာ အမျိုးသားတွေထက် လုပ်အားခလျှော့ရတာတွေ၊ ကိုယ်ဝန်ဆောင်ရတာနဲ့ မီးဖွားခွင့်ခံစားမှုတွေ မရဘဲ အလုပ်ထွက်ရတာ၊ အလုပ်ရှင်တွေရဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားခံရတာတွေနဲ့ကြုံနေရတယ်"ဟု မတင်တင်ညိုက ပြောသည်။

ရှေ့လီတွင် ပြောင်းရွှေ့လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားအများစုမှာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ဘက်ခြမ်းများမှ လာရောက်လုပ်ကိုင်နေကြသူများဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများသည် ယခင်က ကျောက်စိမ်းလုပ်ငန်း၊

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# အခွင့်အလမ်းကိုရယူနိုင်ရန် ကြိုတင်ပြင်ဆင်မှုသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

မြန်မာနိုင်ငံအတွက် အကြီးမားဆုံး စိန်ခေါ်မှုမှာ နိုင်ငံရေးအပြောင်းအလဲတွင် ပေါ်ပေါက်လာသောအမျိုးမျိုးသော အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုပင်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ကပြောကြားသည်။

ကြိုတင်ပြင်ဆင်မှုမှာ မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုဖြစ်ပြီး အစိုးရဌာနများ၏ စီမံခန့်ခွဲကိုင်တွယ်နိုင်မှု၊ လူသားအရင်းအမြစ်အလုံအလောက်ရှိမှု၊ အသင်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှု စသည်တို့က ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ရယူရန်အတွက် သက်သေပြနိုင်ရန်လိုအပ်ကြောင်း ဒေါက်တာဆူရင်က ဖေဖော်ဝါရီ ၂၃ရက်၊နေ့လယ်ပိုင်းတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသွားသည်။

"ဒီအချိန်မှာ မြန်မာနိုင်ငံအတွက် ဒါက အရေးအကြီးဆုံးစိန်ခေါ်မှုပါပဲ။ မြန်မာနိုင်ငံဟာ အလွန့်အလွန်ကိုတောက်ပတဲ့ အနာဂတ်လည်းရှိနေပါတယ်"ဟု ဒေါက်တာဆူရင်က ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိမြန်မာနိုင်ငံသို့လာရောက်ခဲ့သော အာဆီယံအတွင်းရေးချုပ်မှာ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ပြည်ထောင်စုဝန်ကြီးများကို နေပြည်တော်၌ တွေ့ဆုံခဲ့ပြီး ရန်ကုန်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီ၂၃ ရက်နံနက်ပိုင်း၌ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းတွေ့ဆုံခဲ့သည်။

# ယခုနှစ် မီးလောင်မှုအကြိမ်ရေ ပိုများ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၄**

ယခုနှစ်ဖေဖော်ဝါရီ၁ရက်မှ ၂၁ရက်ထိမီးလောင်မှုသည်ယခင်နှစ်ထိုကာလနှင့်ယှဉ်ပါက မီးလောင်မှု ၂၈ကြိမ် ပိုများပြီး ဆုံး ရှုံးမှုတန်ဖိုးမှာလည်း ၆၇၂၆၇သန်း ပိုများနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ယခု ၂၀၁၂ ခုနှစ်၌ ထိုကာလအတွင်း မီးလောင်မှုသည် ၁၁၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ၇၀၂၇၁ သန်းရှိခဲ့သည်။ မီးလောင်မှုများကြောင့် အဆောက်အအုံ ၁၂၆၃ လုံး မီးလောင်ခံရကာ ၁၂၅၈ ဦး မီးဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ၎င်းကာလတွင် မီးလောင်မှုပေါင်း ၇၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ၃၀ ဒသမ ၁၄ သန်းဖိုး ရှိခဲ့သည်။

ထိုအတူ ယခုနှစ် ဇန်နဝါရီလမီးလောင်မှုသည်လည်း ပြီးခဲ့သည့်နှစ်နှင့် ယှဉ်ပါက မီးလောင်မှုကြိမ်ရေ ၅၁ ကြိမ်ပိုများသကဲ့သို့ ဆုံးရှုံးမှုတန်ဖိုးအားဖြင့်လည်း ၂၂ ဒသမ ၆၅ သန်းပိုလာနေသည်ကို တွေ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဇန်နဝါရီလအတွင်း မီးလောင်မှုကြောင့် အိမ်ခြေ ၁၇၃ လုံး၊ စက်ရုံ၊ အလုပ်ရုံ ၃ လုံး၊ ဂိုဒေါင် ၁လုံး မီးလောင်ခဲ့ပြီး မီးဘေးဒုက္ခသည် ၆၀၁ ဦး အိုးမဲ့အိမ် မဲ့ဖြစ်ကာ ၅ ဦးသေဆုံးပြီး ၃ဦး ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုများတွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၈၈ကြိမ် ပါဝင်သဖြင့် မီးမဆင်မခြင် သုံးစွဲမှုကြောင့်ဖြစ်ပွားသောမီးလောင်မှုများသည်မီးလောင်မှုအကြိမ်ရေစုစုပေါင်း၏ ၇၁ ဒသမ ၅၄ ရာခိုင်နှုန်းပါဝင်နေကြောင်း သိရသည်။

**TRADEMARK CAUTION**

CERRUTI 1881 a Company incorporated in France at 9 place de la Madeleine 75008 PARIS, FRANCE has changed its name and address to CERRUTI 1881 s.a.s. a company incorporated in France at 3 place de la Madeleine 75008 PARIS, FRANCE is the Owner and Sole Proprietor of the following Trademark:-

**CERRUTI SI**

Reg: 4/ 5142/2003
Reg: 4/1082/2012

In respect of : ""Perfumes, eau de parfum; eau de toilette; soaps namely deodorant soaps, skin soaps, toilet soaps; shower gel; liquid soaps for hands, face and body; body emulsions; body masks; body milks, body scrub; bath crystals; mild exfoliants for hair, skin and face; hair shampoo; non medicated haircare preparations; antiperspirants (toiletries) and deodorants for personal use; essential oils; massage oils, bath oils; body creams, hand creams; hand lotion and cream, talcum powder; after-shave lotions, after-shave balm; shaving creams; sun care lotions; potpourri; sachets and fragrance emitting wicks for room fragrance".

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

1.March.2012

# ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း တစ်ခုလျှော့

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းတွင် စီမံကိန်းတစ်ခုလျှော့လိုက်သည့်အတွက် တည်ဆောက်ရေး စီမံကိန်းမြေဧရိယာပါ လျော့နည်းသွားကြောင်းထားဝယ်ရေနက်ဆိပ်ကမ်း အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် စီမံကိန်းတွင် စက်မှုဇုန်များအပြင် ရထားလမ်းနှင့်ကားလမ်း တည်ဆောက်ခြင်း၊ ရေရရှိရေးအတွက် ရေကာတာတည်ဆောက်ခြင်း၊ မြို့ပြစီမံကိန်းများပါဝင်သည်။

ယင်းစီမံကိန်းများအနက်



စီမံကိန်းအကောင်အထည်ဖော်ရာတွင် အသုံးပြုမည့်ပစ္စည်းများ ဓာတ်ပုံ - အိဖြူမွန်

ရေဖြူမြို့နယ်အတွင်း မြို့သစ်ဖွံ့ဖြိုးရေးအတွက် မြို့ပြစီမံကိန်းဖော်ဆောင်မည့် မြေဧရိယာကိုလျှော့ချလိုက်ခြင်းဖြစ်သည်။ မြို့ပြစီမံကိန်းအပြင် စက်မှုဇုန်အတွင်း Green ဧရိယာကိုပါ ထည့်သွင်းသတ်မှတ်ထားသည်။

ယခင်က ယင်းဧရိယာကို ၂၅၀ စတုရန်းမိုင်သတ်မှတ်ထားသော်လည်း ယခုအခါ ၂၀၄ဒသမ ၅ စတုရန်းမိုင်သို့ ပြန်လည်သတ်မှတ်လိုက်သည်။

"ရေဖြူမြို့ဖွံ့ဖြိုးရေးစီမံကိန်းကို မလိုအပ်လို့လျှော့လိုက်တာပါ။ Green ဧရိယာ ဘယ်လောက်ထားမယ်ဆိုတာတော့ အတိအကျမသိသေးဘူး"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထားဝယ်မြို့ခံတစ်ဦးကမူ "တခြားစီမံကိန်းတော့ မပြောတတ်ဘူး။ ရေဖြူမြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းကတော့ လုပ်ကိုလုပ်သင့်ပါတယ်"ဟုပြောသည်။

အသစ်ပြင်ဆင်လိုက်သည့် စီမံကိန်းမြေဧရိယာအတွင်း ရေနက်ဆိပ်ကမ်းစက်မှုလုပ်ငန်းအကြီးစား၊ အလတ်စား၊ အလတ်စားငယ်၊ အငယ်စားစက်ရုံများနှင့် ကားလမ်း၊ ရထားလမ်း၊ ရေကာတာများ ဆောက်လုပ်မည်ဖြစ်သည်။

# ယခုနှစ် အခွန်ငွေ ကျပ်ဘီလီယံ ၁၇၀ ကျော် လျော့နည်းနိုင်

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၆**

အခွန်ငွေလျှော့ချမှုများကြောင့် ယခုနှစ်ကောက်ခံရရှိသည့်အခွန်ငွေမှာ ငွေကျပ် ၁၈၀ ဘီလီယံကျော်လျော့နည်းနိုင်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စုလွှတ်တော် ၁၃ ရက် မြောက်နေ့အစည်းအဝေးတွင် ပြောကြားသည်။

ပို့ကုန်အပေါ် ကောက်ခံသည့် အခွန် ၈ ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်းထိ လျှော့ချပေးခြင်း၊ အချို့ပို့ကုန်အပေါ် အခွန်ကင်းလွတ်သက်သာခွင့်ပြုခြင်း၊ နိုင်ငံခြားဝင်ငွေဖြင့် ရရှိသည့်လက်ခစားလုပ်ငန်း CCMP နှင့် နိုင်ငံခြားငွေဖြင့် လစာရရှိသူများအပေါ် ကောက်ခံသည့်ဝင်ငွေခွန်ကိုလည်း ၁၀ ရာခိုင်နှုန်းမှ ၂ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်း၊ တရားမဝင် ဆိုင်ကယ်စီမံချက်ဆောင်ရွက်မှုမရှိခြင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့မှ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ လျော့နည်းသွားခြင်းတို့ဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြသည်။

"ပြည်ပပို့ကုန်က အခွန်မလျှော့ရင် ဈေးကွက်မှာ ရောင်းလို့ရမှာ မဟုတ်ဘူး။ ပြည်တွင်းမှာ အရောင်းအဝယ်လုပ်နေတဲ့ လုပ်ငန်းတွေမှာ အခွန်ရအောင် ကောက်သင့်တယ်" ဟု ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြည်ပပို့ကုန်များအပေါ် အခွန်ကောက်ခံမှုစနစ်နှင့်ပတ်သက်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် Value Added Tax ကိုပိုမိုကောက်ခံသင့်သည်ဟု အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိတစ်ဦးက ဟောပြောပွဲတစ်ခုတွင် ပြောကြားခဲ့ဖူးသည်။ ထို့အပြင် အခွန်ကောက်ရာတွင်လည်း ပွင့်လင်းပြီး ထင်သာမြင်သာရှိရန်လိုကြောင်း အထက်ပါအရာရှိက ဆိုသည်။

ပြည်ထောင်စု၏ အခွန်အကောက်ရငွေမှာ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ခန့်မှန်းခြေစာရင်းတွင် ကျပ် ၁၀၉၉ ဒသမ ၃၃၆ ဘီလီယံရှိသည်။ ၂၀၁၀-၂၀၁၁ ခုနှစ် အမှန်စာရင်းအရ အခွန်ကောက်ခံရရှိငွေမှာ ကျပ် ၁၂၈၁ ဒသမ ၈၆၀ ဘီလီယံရှိသည်။

သို့/
နိုင်နိုင်ကျော် မြန်မာထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေး



ဆိုင်(၁) – အမှတ်(၄၂/က)၊ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ဆိုင်(၂) – အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး၊
ဆိုင်(၃) – Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)၊
ဖုန်း ၀၉-၅၁၅၉၀၈၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂

ပြီးခဲ့တဲ့လက တို့မိသားစု ပြင်ဦးလွင်ကို ခရီးထွက်တယ်။ ကားလည်းနား၊ လူလည်းစားတဲ့ နေရာရောက်တော့ လူကဇိုက်ဖြည့်၊ ကားက ဆီဖြည့်ပေါ့ကွာ။ ပြဿနာကငါးမြင်းကစတာဘဲ။ ဦးသမီး (၉)နှစ်က မောင်ရင်တို့ဆိုင်မှာ စားနေကြ . . . နိုင်နိုင်ကျော်ကို သတိရတယ်တဲ့ . . .။

ဦးတို့က အညာသား တောသား ပွင့်ပွင့်လင်းလင်းပြောတာ၊ မင်းတို့ဆိုင်က ကောင်းတာနဲ့ သန့်တာကို စေတနာနဲ့ပေါင်းလိုက်တော့ စားတဲ့တို့တွေ ပိုထိတာပေါ့. . .။
ပြီးလွယ် . . စီးလွယ်တော့ မလုပ်မိစေနဲ့ မောင်ရေ။
အေး! ဒီတစ်ခါဆိုင်ခွဲဖွင့်ရင် နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင် တစ်ခုခုမှာ ထပ်ဖွင့်ကွာ ..။

# ကချင်ဒုက္ခသည်အရေအတွက် နှစ်သောင်းကျော်ရှိ

**အောင်သူရ**

**ရန်ကုန် ဖေဖော်ဝါရီ - ၂၂**
ကချင်မျိုးချစ်တပ်မတော်နှင့် မြန်မာတပ်မတော်ကြား ရှစ်လကျော်ကြာ ဖြစ်ပွားနေသော စစ်ပွဲကြောင့် ဒုက္ခသည်ဦးရေမှာ နှစ်သောင်းကျော်ရှိကြောင်း အရပ်ဘက်အဖွဲ့အစည်းအချို့က ဖေဖော်ဝါရီလလယ်တွင် ပြုစုထားသော စာရင်းအရ သိရသည်။


ကချင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းများ

ထိုဒုက္ခသည်များအတွက် ယခုလက်ရှိတွင် စားဝတ်နေရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့နေရကြောင်း မူဆယ်ဒေသမှ သွားရောက်ကူညီပေးနေသူများက ဆိုသည်။




မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူထားနိုင်သော်လည်း ကချင်ပြည်နယ် အခြေအနေတွင် တိုးတက်မှုများ လိုအပ်နေသေးကြောင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေနမ်ဘီးယားက သုံးသပ်ခဲ့သည်။

မြန်မာတပ်မတော်နှင့်ကချင်မျိုးချစ်တပ်မတော်ကြား တိုက်ပွဲဖြစ်ပွားပြီး ရှစ်လကျော်ကြာပြီးနောက် ပထမဆုံးအကြိမ် ဇန်နဝါရီလ ၁၇ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့၌ ဆွေးနွေးခဲ့သော်လည်း အပစ်အခတ်ရပ်စဲရန် သဘောမတူနိုင်ခဲ့ပေ။ ထို့အတူ နိုင်ငံတော်သမ္မတကလည်း ကချင်ဒေသတွင်ဖြစ်ပွားနေသောထိုးစစ်များရပ်ရန်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံသို့ ၂၀၁၁ ဒီဇင်ဘာ ၁၀ရက်က အကြောင်းကြားစာပို့ခဲ့သည်။

# ဥပဒေရေးရာနှင့် အထူးကိစ္စများ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်လူအင်အား ထပ်တိုး

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၀**
ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစမ်းစစ်သုံးသပ်ရေး ကော်မရှင်အား လွှတ်တော်ရေးရာ လိုအပ်ချက်နှင့် အခြေအနေအရ လိုအပ်ချက်များကြောင့် ကော်မတီဝင်များတိုးချဲ့တာဝန်ပေးထားကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမနေ့တွင် ပြောကြားသည်။

တိုးချဲ့ဖွဲ့စည်းလိုက်သည့် အဖွဲ့ဝင်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပြင် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ကော်မရှင်၏ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၊ စီးပွားရေးဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၊ သိပ္ပံနည်းပညာ၊ သုတေသနနှင့် ဆက်သွယ်ရေး သတင်းနည်းပညာဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲ၊ ဥပဒေရေးရာ အဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုးချဲ့ဖွဲ့စည်းလိုက်သည့် အဖွဲ့ဝင်အသစ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဒေါက်တာနေလင်း၊ ဒေါက်တာဝင်းမြင့်၊ဦးတင်မောင်ဦး၊ဦးဝင်းသန်း၊ ဦးဝင်းဦး၊ ဒေါက်တာမောင်မောင်ဝင့်၊ ဦးကြည်သာ၊ ဦးအေးမောက်၊ဦးသိန်းလွင်၊ဦးကြည်မင်း၊ ဦးမင်းဆွေ၊ ဦးမန်းမောင်မောင်ညဏ်၊ ဒေါ်နန်းဝါနု၊ ဦးစိုင်းသီဟကျော်၊ ဦးဘရှိန်၊ ဒေါက်တာစိုးရင်၊ ဗိုလ်မှူးကြီးဌေးနိုင်၊ ဗိုလ်မှူးကြီးမြင့်ကိုကို၊ ဗိုလ်မှူးကြီး တင်ဆန်းတို့ဖြစ်ကြသည်။

ပြင်ပကျွမ်းကျင် ပညာရှင်များမှာ ဦးမြင့်ဆွေ၊ ဦးခင်မောင်ဦး၊ ဦးနေဝင်း၊ ဦးဝင်းမြင့်၊ ဦးတင်ထွေး၊ ဦးတိုင်စန်း၊ ဦးတိုးနိုင်မန်း၊ ဦးဝင်းသိန်း၊ ဦးအေးလွင်၊ ဦးသိန်းဦးတို့ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

## ၂၀၁၂ ဖေဖော်ဝါရီ ၂၉ မှ မတ် ၆ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာတိမ်အနည်းငယ်သာဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်း အနည်းငယ်သာရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ၂ပေမှ ၃ပေခန့်၊ မြစ်ဝကျွန်းပေါ်နဲ့ မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ ၁ပေမှ ၁ပေခွဲခန့် အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၁၇)ရက်မှ(၂၃)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာမြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသတွေမှာ မိုးအနည်းငယ်ရွာသွန်းခဲ့ခြင်းနဲ့အတူ နှင်းမိုးများ ရွာသွန်းခဲ့မှုကြောင့် မိုးရေချိန် ၀. ၂လက်မမှ ၀. ၈ လက်မအထိ ရွာသွန်းခဲ့ပြီး။ မွန်ပြည်နယ်တောင်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့မှာ မိုးရေချိန် ၀. ၂လက်မမှ၁. ၂လက်မအထိမိုး အနည်းငယ်ရွာသွန်းခဲ့ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာ မျောပါလာမယ့် လေဖိအားနည်း ချိုင့်ဝှမ်းတစ်ခုကြောင့် နှင်းမိုးများနဲ့အတူ မိုးအနည်းငယ် (၂) ရက်ခန့် ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာတော့ လေထုမငြိမ်သက်မှုများကြောင့် ထစ်ချုန်းမိုးအနည်းငယ်(၃)ရက်မှ(၄)ရက်ခန့် နေရာကွက်ကျား ရွာသွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာ အများအားဖြင့် သာယာ ပါ့မယ်။

**ညအပူချိန်များ**

မတ်လဆန်းမှစတင်ကာနွေရာသီကာလကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် ညအပူချိန်များအစား နေ့အပူချိန်များနဲ့အစားထိုးထုတ်ပြန်ကြေညာတော့မှာဖြစ်ပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ နေ့အပူချိန်များအနေနဲ့ကတော့ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်းဒေသတွေမှာ 10 C မှ 12 C ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာ 18 C မှ 22 C ခန့်။၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ 25 C မှ 30 C ခန့်၊ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ်ဒေသတွေမှာ 31 C မှ 35 C ခန့်၊ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနဲ့ တောင်ပိုင်းဒေသများမှာတော့ 32 C မှ 35 C ခန့်၊ ရှိနိုင်ပါတယ်။ တောင်ပိုင်းဒေသတွေမှာ ဖြစ်မြဲအောက်လျော့ပြီး အပူလျော့နိုင်ပါတယ်။

**မြူအခြေအနေ**

မတ်လပထမ(၁၅)ရက်ခန့်အထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ နံနက်ပိုင်းအချိန်အခါများမှာ မြူများကျဆင်းနိုင်ပါတယ်။ လာမယ့်ရက် သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့ မှာ (၆)ရက်မှ(၇)ရက်ခန့်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတွေမှာ(၅)ရက်မှ(၆)ရက်ခန့်၊ ကျန်ဒေသတွေမှာ(၄)ရက်မှ(၅)ရက်ခန့်နံနက်ပိုင်း အချိန်အခါများမှာ မြူထူများဆိုင်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက်ချင်းတွင်းမြစ်နဲ့ဧရာဝတီမြစ်တို့မှာပြည်တွင်းရေကြောင်း သွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက် သတိထားဖို့ လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင်ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကုန်ခါနီးမှ စတင်ကာ မုန်တိုင်းများ စတင်ဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် နောက်ပိုင်းရက်များမှာ မုန်တိုင်းအခြေအနေကို စောင့်ကြည့်နေဖို့လိုအပ်ပါတယ်။ ထူးခြားမှုတစ်ခုအနေနဲ့ ၂၀၁၂ခုနှစ်ဟာ နေအမည်းစက် အများဆုံးနှစ်ဖြစ်နေပါတယ်။ နေအမည်းစက်အများဆုံးနှစ်တွေမှာ အယ်လ်နီညိုနှစ် ဖြစ်လာပါက အလွန်ပူပြင်းခြောက်သွေ့တတ်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# လပြည့်ဝန်းပလာဇာ ခုနစ်ထပ်ရှိ ကုမ္ပဏီရုံးခန်းတစ်ခု ဖောက်ထွင်းခံရ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၇**

လပြည့်ဝန်းပလာဇာ ၇ ထပ်ရှိ သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီတစ်ခုတွင် ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းက ဖောက်ထွင်းမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း စုံစမ်းသိရသည်။

ယင်းဖောက်ထွင်းမှုတွင် သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီပိုင် လက်ပ်တော့တစ်လုံးနှင့် ရေဖိုး၊ မီးဖိုးအတွက် အလွယ်သုံးအဖြစ်ထားသည့်ငွေကျပ်နှစ်သိန်းနီးပါးခိုးယူခံခဲ့ရကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"လပြည့်ဝန်းပလာဇာသူဌေးက ဝမ်းနည်းပါတယ်စကားတစ်ခွန်းပဲပြောတယ်။ အခြားသောတာဝန်ယူမှုနှင့်ပတ်သက်ပြီးဘာမှဆောင်ရွက်မပေးဘူး"ဟုအထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယခုကဲ့သို့ လုံခြုံရေးအခက်အခဲရှိသည့်အတွက် ကုမ္ပဏီလုပ်ငန်းတာဝန်များရှိပါက တစ်ဦးတစ်ယောက်တည်းတာဝန်မထမ်းဆောင်ရန် မိမိဝန်ထမ်းများအား ကုမ္ပဏီ မှာကြားထားကြောင်း သိရသည်။

ယင်းကုမ္ပဏီအနေဖြင့် လုံခြုံရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခအနေဖြင့် လပြည့်ဝန်းပလာဇာသို့ အခန်းငှားခအပြင် တစ်လလျှင်ကျပ် ၁၀၀,၀၀၀ သီးသန့်ပေးရကြောင်း သိရသည်။

လပြည့်ဝန်းပလာဇာဘက်ကလည်း ဖောက်ထွင်းခံရသည့် ကုမ္ပဏီကို အမှုဖွင့်ရန် ခွင့်ပြုထားပြီး လုံခြုံရေးအတွက် စီစီတီဗီများ ထပ်မံတပ်ဆင်ရန်စီစဉ်ထားကြောင်း သိရသည်။

# ချွန်ထက်သောအရာနှင့် အမျိုးသမီးများအား လိုက်ထိုးသည့် ဆိုင်ကယ်သမားကြောင့် ပြင်ဦးလွင်မြို့ခံများ ထိတ်လန့်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ အမျိုးသားတစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် အမျိုးသမီးများနောက်လိုက်ပြီး တင်ပါးအား ချွန်ထက်သောအရာနှင့် ထိုးမှုများဖြစ်ပွားနေသဖြင့်ဒေသခံအမျိုးသမီးများ ထိတ်လန့်တုန်လှုပ်မှုများရှိနေကြောင်းဒေသခံများထံမှစုံစမ်းသိရသည်။

အထက်ပါပုဂ္ဂိုလ်သည် အမျိုးသမီးများ၏ တင်ပါးများအား ချွန်ထက်သောအရာများဖြင့်လိုက်လံထိုးနေခြင်းဖြစ်ပြီး ထိုသို့သောအမှုပေါင်း ၃ မှုဖြစ်ပွားခဲ့ကာ သက်ဆိုင်ရာရဲစခန်းများက အမှုဖွင့်အရေးယူထားသည်။

ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခန့်က ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး (၈)၊ ပြည်သာယာလမ်းနေ မ-- (၃၈နှစ်)အား အသက် ၄၀အရွယ် အမျိုးသားတစ်ဦးက နောက်မှဆိုင်ကယ်ဖြင့် လိုက်လာကာ အမျိုး သမီး၏ တင်ပါးအား ချွန်ထက်သော အရာဖြင့် ထိုးသွင်းပြီးထွက်ပြေးသွားသည်။ ယင်းအမှုအား ဇန်နဝါ ရီ ၂၉ ရက်တွင် ပြင်ဦးလွင်ရဲစခန်းက (ပ)၃၁/၂၀၁၂၊ ပုဒ်မ-၃၅၄၊ ၃၂၄ အရ အမှုဖွင့်အရေးယူထားသည်။

ထို့အတူ ဇန်နဝါရီ ၂၀ ရက် ည ၈နာရီ မိနစ် ၃၀ခန့်ကလည်း ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈)၊ သိင်္ဂီလမ်းနေ မ--(၂၇နှစ်)အား လမ်းလျှောက်လာစဉ် ကျားညီနောင်အိမ်ဆောက်ပစ္စည်းဆိုင်အနီးမှ ဆိုင်ကယ်နှင့် လိုက်လာပြီး မ-- ၏ ဘယ်ဘက်တင်ပါးအား ချွန်ထက်သောအရာဖြင့်ထိုးကာ ထွက်ပြေးသွားသည်။ ယင်းဖြစ်စဉ်အား ဇန် နဝါရီ ၂၉ ရက်တွင်ပင်ပြင်ဦးလွင် ရဲစခန်းက (ပ)၃၂/ ၂၀၁၂၊ ပုဒ်မ-၃၅၄၊ ၃၂၄ အရ အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

၎င်းအပြင်ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)ထုံးဘိုလမ်းနေ မ--(၃၃နှစ်)သည် သူငယ်ချင်းဖြစ်သူ မ-- နှင့်အတူ စက်ဘီးနင်းလာစဉ် နောက်မှဆိုင်ကယ်ဖြင့် လိုက်လာသူ အသက် ၄၀အရွယ် အမျိုးသားတစ်ဦးက မ--၏ ဘယ်ဘက်တင်ပါးအား ချွန်ထက်သောအရာနှင့် ထိုးပြီး ထွက်ပြေးတိမ်းရှောင်သွားသည်။ ယင်းအမှုကိုလည်း(ပ)၃၃/ ၂၀၁၂၊ ပုဒ်မ-၃၅၄၊ ၃၂၄ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ တိုင်းမှုခင်းအကူဌာနနှင့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူ ရဲအရာရှိတစ်ဦးက စိတ္တဇဆန်ဆန် ပြစ်မှုကျူးလွန်မှုဖြစ်ကြောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် စိတ္တဇဆန်ဆန်၊ ရုပ်ရှင်ဆန်ဆန် ပြစ်မှုကျူးလွန်သူအား ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းရှာဖွေဖော်ထုတ်ခဲ့ရာ အဆိုပါပြစ်မှုကျူးလွန်မှုများကို ကျူးလွန်သူဟု မသင်္ကာသူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) အမှတ်--နေ ကို--(၃၂နှစ်)အား စစ်ဆေးအရေးယူလျက်ရှိကြောင်း၊ အမျိုးသမီးများအနေဖြင့်အပြင် ထွက်ပါက အဝတ်အစားလုံလုံခြုံခြုံနှင့် ထူထူထဲထဲဝတ်ဆင်ဖို့လိုကြောင်း၊ ယခုပြစ်မှု ကျူးလွန်မှုသည် မန္တလေးတိုင်းဒေသကြီး အတွင်း၌ ပထမဦးဆုံး အမျိုးသမီးငယ်များအား ပစ်မှတ်ထား ကျူးလွန်ခြင်းဖြစ်ကြောင်းပြောကြားသည်။

ဝ် စားဖူးပါက နှစ်သက်ရမည့်

# မျက်ကြည်လွှာ



စက္ခုပါလ အကြောဖြေဆေး

တားသုံးနိုင်သူများ

- မြေအီးမလွှက်၊ ဖက်ကြောတက်၊ မျက်စိမှုန်ဝါးသူ၊
- ဝမ်းချုပ် ဆီးပူ၊ ရှိမြှုပ်လိပ်ထွက်၊ လဆောက်ရာသီမမှန်လိုသူ၊
- ဆံပင်ဖြူ/ ယံ၊ အဆိုင်များ၊ ညောင်းအောင်းကိုက်တတ်သူ၊

မျက်ကြည်လွှာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး Tel: 062 30127, 09 6570957, 09 203 1080.

# T.T.O Trading Co.,Ltd.

အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀ လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံ တိုင်၊ ဗဟန်းမြို့နယ်။

ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀

Germany နိုင်ငံ Denk Pharma Co., Ltd နှင့် Czech နိုင်ငံ Walmark Co., Ltd မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိနေသော T.T.O Trading Co., Ltd တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျက်ရှိပါသည်။

(၁) အလုပ်သင် Special Medical Representative - (ကျား/မ)(၅)ဦး
(၂) အလုပ်သင် Medical Representative - (ကျား/မ)(၅)ဦး
(၃) ပစ္စည်းဖြန့်ချိရေးဝန်ထမ်း - ကျား(၅)ဦး

- အမှတ်စဉ်(၁)အတွက် M.B.,B.S/B.D.S/B.V.S/B.Pharm ဘွဲ့ရပြီးဖြစ်ရမည်။
- အမှတ်(၂)နှင့်(၃)အတွက် ဘွဲ့ရပြီးဖြစ်ရမည်။
- အမှတ်စဉ်အားလုံးအတွက် -
  - အသက် ၂၅နှစ်အောက်ဖြစ်ရမည်။
  - သွက်လက်ဖျတ်လတ်ပြီး ဆက်ဆံရေးပြေပြစ်ရမည်။
  - နယ်ခရီးသွားနိုင်ရမည်။(အတွေ့အကြုံရှိရန်မလိုပါ)

စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆ လအတွင်း ရိုက်ထားသောဓာတ်ပုံ(၁)ပုံနှင့်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လူထုဓမ္မဒ္ဓာအောင်ချမ်းသာနည်းပညာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

# အောင်ချမ်းသာ

ဆေးဝါးကျွမ်းကျင်/သူနာပြု အကူသင်တန်း

(Mon to Fri) (i) 7:30 AM - 12:00 AM(၁၂)ဦး (ii) 9:00 AM - 2:00 PM (၁၂)ဦး
(iii) 12:30 PM - 5:00 PM (၁၂)ဦး
(Mon to Thur) (i) 9:00 AM-12:00 AM(၁၂)ဦး (ii) 12:30 PM - 3:30 PM (၁၂)ဦး
(Sat to Sun) (i) 7:30 AM - 12:00 AM(၁၂)ဦး (ii) 9:00 AM - 2:00 PM (၁၂)ဦး
(iii) 12:30 PM - 5:00 PM (၁၂)ဦး
(Sunday Only) (i) 9:00 AM - 3:30 PM(၁၂)ဦး

Basic Grammar and 4 sills

Life
7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012



# ရွှေတိဂုံတပေါင်းပွဲ

ဥက္ကာကိုကို၊ သန်းဌေး

“တပေါင်းရယ်တဲ့ မိန်ရာသီ ရွက်ဟောင်းကို လေနှင်လို့
ပန်တော်ဝင် ရွှေအင်ကြင်းငယ် သင်းပျံ့ခဲ့ပြီ”
ရွှေတိဂုံစေတီတော်ကြီး၏ တပေါင်းလမြင်ကွင်းသည် ကြည်ညိုဝမ်းမြောက်ဖွယ်ရာ ရဟန်းတော်များ၊ ဝပ်တွားရိုကျိုးစွာသွားလာနေကြသည့် ပြည်သူများဖြင့်သာယာလှပလျက်ရှိသည်။ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင်သောင်းပေါင်းများစွာသော ရဟန်းရှင် လူများဖြင့် ခြေချစရာ နေရာလပ် မရှိအောင်ပြည့်ကျပ်လျက်ရှိသည်။

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆယ်စုနှစ်နှစ်ခုကျော်ကာလအတွင်း ဤသို့များပြားလှစွာသော ရဟန်းတော်များနှင့် ပြည်သူအပေါင်းတို့ကို ရွှေတိဂုံစေတီတော်အနီးတွင် တစ်စုတစ်စည်းတည်း တွေ့မြင်နေရခြင်းပင်ဖြစ်သည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထား ပူဇော်ခဲ့သည်မှာ ယခုနှစ်တွင် နှစ်ပေါင်း ၂၆၀၀ တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား မြတ်စွာဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကာလ မဟာသက္ကရာဇ်၁ဝ၃ခုနှစ်တွင်စတင်တည်ထားခဲ့ရာယခုသာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလတွင် နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလ ၂၂ ရက်မှ မတ်လ ၇ ရက်အထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာစသည့် ပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ထူးထူးခြားခြား ပူဇော်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံဗြိတိသျှတို့လက်အောက်သို့ မရောက်မီ ရှေးပဝေသဏီကပင် ဂျပန်ခေတ်မှတစ်ပါး နှစ်အဆက်ဆက် အစဉ်မပြတ် ရွှေတိဂုံတပေါင်းပွဲတော်ကိုကျင်းပခဲ့သည်။

၁၉၈၆ ခုနှစ် နောက်ပိုင်းမှစတင်ကာ ရွှေတိဂုံစေတီတော်တွင် အခြားပွဲတော်အသီးသီးကို အစဉ်အလာမပျက် ကျင်းပလာခဲ့သော်လည်း တပေါင်းပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်း မရှိသည်မှာ ပြီးခဲ့သည့်နှစ်အထိပင် ဖြစ်သည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ရာဟုထောင့် အောင်မြေရှိဗဟိုမဏ္ဍပ်နှင့် မဟာပဋ္ဌာန်းမဏ္ဍပ်တို့တွင် ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များကြွရောက်ကြပြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံတို့မှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။ ဂေါပကအဖွဲ့ဝင်များက မြတ်စွာဘုရားရှင်အားပင့်ပန်လျှောက်ထားခြင်းနှင့် ကုသိုလ်တော်အတူပြုရန် နတ်ဗြဟ္မာများအား ဖိတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ကြီးများက ၁၅ ရက်တိုင် ထေရဝါဒတရားတော်များ ဟောကြားခြင်း၊ သံဃာတော်အရှင်မြတ်များက အသံမစဲမဟာပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ လူပုဂ္ဂိုလ်များက ဓမ္မဒေသနာတော်များ ရွတ်ဖတ်ခြင်း၊ ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လျှပ်စစ်မီးရောင်စုံပူဇော်ခြင်း၊ ဖူးပွင့်နေသောပန်းပင်ပေါင်း ရှစ်သောင်းလေးထောင်ကို ပူဇော်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။


ဖျော်ဖြေရေးအနေနှင့်လည်း စေတီတော်အောက်ပစ္စယံတွင် အငြိမ့်နှင့် ဇာတ်သဘင်များ၊ ရုပ်သေးပွဲ၊ ကွက်စိပ် ဟောပြောပွဲ၊

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

## ရွှေတိဂုံ ဆယ့်နှစ်ပွဲဈေးသို့ ...

**ဝေယံ**



ဓာတ်ပုံ-ဝေယံ





ဆိုင်ခန်းပေါင်း တစ်ထောင်ကျော်နဲ့ ဒေသထွက် ရိုးရာမုန့်၊ အဝတ်အထည်၊ အိမ်သုံးပစ္စည်း၊ အလှကုန်ပစ္စည်းများကို ဈေးသက်သက်သာသာနဲ့ ရောင်းချပေးနေတဲ့ နှစ်ပေါင်း ၂၆၀၀ ပြည့် ရွှေတိဂုံဘုရားပွဲတော်ကြီးကို ယခုတစ်ပတ်ဈေးဝယ်လမ်းညွှန်အဖြစ်ဖော်ပြလိုက်ပါတယ်။

ရွှေတိဂုံစေတီတော်အထက်ပစ္စယံနှင့် အရှေ့မုခ်တန်း တစ်လျှောက်မှာတော့ အကြော်ဆိုင်နဲ့ အဆာပြေ စားသောက်ဆိုင်တွေအပြင် ပါတီရိုးတွေရဲ့ အမှတ်တရပစ္စည်းဆိုင်၊ အထက်အညာဒေသမှ ကိုယ်တိုင်လာရောက်ရောင်းချတဲ့ မြန်မာ့ရိုးရာသနပ်ခါးဆိုင်၊ ချောင်းသာမှ လာရောက်ရောင်းချတဲ့ ချောင်းသာအမှတ်တရပစ္စည်းဆိုင်၊ အလှကုန်ကုမ္ပဏီတွေမှ လာရောက်ရောင်းချတဲ့ အလှကုန်ပစ္စည်းမျိုးစုံဆိုင်၊ ဖိနပ်ဆိုင်ကြီးများက လာရောက်ရောင်းချတဲ့ ပြင်ပထုတ် ဖိနပ်ဆိုင်၊ 5 movie မှ ချန်နယ်အရောင်းဆိုင်နဲ့ ကလေးများအတွက် အရုပ်ဆိုင်များကိုဖွင့်လှစ်ထားရှိပါတယ်။

ဒီဆိုင်တွေရဲ့ အဓိကထူးခြားချက်တွေက အဝတ်အထည်ဆိုင်များ၊ ဖိနပ်ဆိုင်ကြီးများက အစ ၁၅၀၀ ကျပ်ဆိုသည့် ဆိုင်းဘုတ်နဲ့ ရောင်းချနေခြင်းကို အများဆုံးတွေ့ရှိရပါတယ်။ အလွန်ချိုသာတဲ့ ဈေးနှုန်းဖြစ်နေလို့ သွားရောက်လေ့လာဖို့ သင့်တော်ပါတယ်။

ဒါ့အပြင် ပွဲဈေးဖြစ်တဲ့အတွက် 5Star လူရွှင်တော်များအဖွဲ့၊ မြန်မာ့ခြင်းလုံးအဖွဲ့၊ စတိတ်ရှိုးဖျော်ဖြေမှုများ၊ တီဗီလိုင်းများမှ အခမဲ့ရုပ်ရှင်ပြသမှုများကို ကြည့်ရှုနိုင်မည့်အပြင် ကလေးများအတွက် ချားရဟတ်နဲ့ ပျော်ပျော်အိအိကစားကွင်းတို့ပါ ပါရှိတဲ့အတွက် မိသားစုလိုက်ဈေးဝယ်ထွက်သင့်တဲ့ နေရာလေးတစ်ခု ဖြစ်ပါတယ်။

နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံပွဲတော်ကြီးကို မတ် ၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့်အတွက် ထိုရက်အတွင်း သွားရောက်လေ့လာဝယ်ယူနိုင်ကြပါတယ်။



## ချက်ကြရအောင်



ဓာတ်ပုံ-SST

ပဲပင်ပေါက်ကြော်စားရတာ ငြီးငွေ့နေသူတွေအတွက် ပဲပင်ပေါက်ကို အရသာတစ်မျိုးနဲ့စားလို့ရအောင် ဝိုက်ဖီကပြင်ဆင်ထားပါတယ်။ ပဲပင်ပေါက်ကိုအချဉ်စိမ်ထားတဲ့ပဲတီချဉ်ကိုချဉ်ချဉ်စပ်စပ်လေးကြော်ထားတာပါ။

ဈေးထဲကဝယ်လာတဲ့ပဲတီချဉ်ကို ၁၅၀ ကျပ်ဖိုးလောက်ဝယ်ပြီးကြော်မှာဖြစ်တဲ့အတွက် ငရုတ်သီးစိမ်းနဲ့ကြက်သွန်ဖြူပဲလိုပါတယ်။ အရင်ဆုံးကြက်သွန်ဖြူကို ဆီသတ်ပြီးပဲတီချဉ်ထည့် ငရုတ်သီးစိမ်းညှပ်ထည့်လိုက်ရုံပါပဲ။ ပဲတီချဉ်မှာ အငန်ဓာတ်ပါပြီးသားမို့ ဘာမှထပ်ထည့်စရာမလိုတော့ပါဘူး။ ကြက်သားမှုန့်နည်းနည်းထည့်ပြီးတော့ ကြက်သွန်မြိတ်ရှိရင် ကြက်သွန်မြိတ်အုပ်ပြီးချလို့ရပါတယ်။

ပဲတီချဉ်ကို တို့စရာအနေနဲ့ ဒါမှမဟုတ် အသုပ်တွေ ပဲဟင်းတွေနဲ့တွဲဖက်စားလေ့ရှိပေမယ့် ဒီလိုလေးကြော်လိုက်တော့ အနံ့မွှေးမွှေးလေးနဲ့ အရသာ ပိုရှိသွားမှာပါ။

7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# FASHION NEWS OF THE Week

ဒီတစ်ပတ်မှာတော့
အဝတ်အစားဒီဇိုင်းအလန်းတွေကိုမှ
နှစ်သက်သူတွေ
အကြိုက်တွေ့နိုင်မယ့်
ဝတ်စုံလေးတစ်ခုကို
ရွေးချယ်ထားပါတယ်။
စိတ်ဝင်စားသူတွေက
AAT Fashion
အမှတ်(၈၅)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်မှာ
စုံစမ်းမေးမြန်းနိုင်ပါတယ်။

Arranged By: Maple
Designer : Aye Aye Thwe
Model: Poe Kyar Phyu
Make up: Mi Mi (Lin Lin-Taw Win Thu)
Photo: La Min Naing

# ဘယ်ဒီတာ့ထံ ပေးစာ

## ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ကိုယ်တွေ့

ရန်ကုန်မြို့တော်ကြီးအား စင်ကာပူနိုင်ငံကဲ့သို့ဖြစ်အောင် လုပ်ဆောင်ရန် နိုင်ငံတော်သမ္မတ လမ်းညွှန်ထားကြောင်းကိုသိရသည့်အတွက် အလွန်ပင်ဝမ်းသာရပါသည်။ ရန်ကုန်မြို့တော်ကြီး သာယာလှပစေရန် မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းမှစ၍ သန့်ရှင်းစေရန် အလွန်ပင်အရေးကြီးလှပါသည်။ ထို့အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ(ရာအိမ်မှူး၊ ဆယ်အိမ်မှူး)ကိုယ်တိုင် စည်းကမ်းရှိ၍ အသိပညာမြင့်မားသောသူများ၊ မိမိရပ်ကွက်ကို တိုးတက်အောင်ဆောင်ရွက်နိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

အခြားသောရပ်ကွက်များကို မသိသော်လည်း ယခု ကျွန်မတို့နေထိုင်သော စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့ဝင် (ရာအိမ်မှူး၊ ဆယ်အိမ်မှူး)အချို့နှင့် ကိုယ်တွေ့ဖြစ်ပါသည်။

မကြာမီကာလက ကျွန်မတို့ရပ်ကွက်တွင် မီးဘေးသင့်သောကြောင့် နီးစပ်ရာ ဘုန်းကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်ထားရာ ကျွန်မတို့မိသားစု လိုအပ်သောပစ္စည်းများ လှူဒါန်းရန်သွားရောက်ခဲ့စဉ်က ရပ်ကွက်လူကြီးများကိုယ်တိုင် အရက်နံ့တထောင်းထောင်းနှင့် အလှူခံနေသည်ကို အံ့သြဖွယ်တွေ့ရပါသည်။

**တစ်ဖက်သို့**






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

## စာ-၁၀၊ အယ်ဒီတာ့ထံပေးစာ

ဘုန်းကြီးကျောင်းဆိုသည်မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာနေရာပင်ဖြစ်ပြီး ရပ်ရွာ၏ စံနမူနာပြရမည့်သူများကိုယ်တိုင်မလေးစားသော အပြုအမူပုံရိပ်မှာ အလွန်ပင်ရုပ်ဆိုးအကျည်းတန်လှပါသည်။ ထို့အပြင် လွတ်လပ်ရေးအားကစားပွဲများ၊ သင်္ကြီးရှယ်အိုပူဇော်ပွဲစသည်တို့တွင်လည်း ကျင့်ဝတ်နှင့် မလျော်ညီသောလုပ်ရပ်များကိုမြင် တွေ့နေရပါသည်။

ရပ်ကွက်၏ သာရေး၊ နာရေး၊ သန့်ရှင်းရေး စသောကိစ္စများတွင် ငွေကြေးသာကောက်ခံ၍ ထိရောက်စွာဆောင်ရွက်ခြင်း မရှိပါ။ ရပ်ကွက်တွင်းရှိ အိမ်ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်းကိစ္စများတွင်လည်း အခကြေးငွေရမှသာ လက်မှတ်ရေးထိုးလေ့ရှိပြီး ဖြစ်ပေါ်လာသောပြဿနာများကိုမူ ဖြေရှင်းပေးခြင်းတော့မရှိပါ။ ပို၍ဆိုးသည်မှာ ရပ်ကွက်တွင်း၌ လိုအပ်သော စာကြည့်တိုက်၊ အခမဲ့ကျန်းမာရေးဆေးခန်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ စာပေဟောပြောပွဲများကိုပြုလုပ်ခြင်း အလျဉ်းမရှိ၊ ကျွန်မတို့၏ ရန်ကုန်မြို့တော်ကြီး တိုးတက်စည်ပင်မှုသည် ရပ်ကွက်တိုင်း၏ သာယာလှပမှုအပေါ်တွင် အခြေခံကျလှပါသည်။

ထို့ကြောင့် ရပ်ကွက်တစ်ခု၏ပြယုဂ်ဖြစ်သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အသိပညာကြွယ်ဝမှု၊ စည်းကမ်းရှိသေမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့သည် အလွန်အရေးကြီးပါသည်။ အမှန်ဆိုလျှင် ရပ်ကွက်သူ၊ ရပ်ကွက်သားများက တင်မြှောက်သော၊ လူအများက ရိုသေလေးစား၍ သြဇာရှိသောသူသာ ရပ်ကွက်လူကြီးဖြစ်သင့်ပါသည်။ ယခုလက်ရှိအုပ်ချုပ်ရေးမှူးများမှာ မည်သူက တင်မြှောက်မှန်းလည်းမသိ၊ မည်သည့်အချိန်က ရွေးချယ်ခဲ့ခြင်းကိုလည်းမသိဘဲဖြစ်ကာ စည်းပျက်ကမ်းပျက်နိုင်လှပါသည်။ ယနေ့ခေတ်အခါသည် လူငယ်များ၏ အခန်းကဏ္ဍလည်း အရေးပါလာသည့်အလျောက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များတွင် ပညာတတ်လူငယ်များကိုလည်း လက်တွဲ၍ပါဝင်စေလိုပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့ကိုလည်း စည်းစနစ်ကျ၍ ရပ်ကွက်၏ ကောင်းကျိုးကို အမှန်တကယ် လိုလားသူများကိုခန့်ထားစေလိုပါသည်။ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်း သာယာပါမှ ကျွန်မတို့၏ မြို့တော်ရန်ကုန်လည်း စင်ကာပူနိုင်ငံကဲ့သို့ မနှေး ကေန်တိုးတက်မည်ဖြစ်ပါကြောင်း လေးစားစွာ အကြံပြုအပ်ပါသည်။

**မြို့တော်သူ**

## စာ-၉၊ ရွှေတိဂုံတပေါင်းပွဲ မှ

အိုးစည်ပွဲ၊ ဒိုးပတ်ပွဲ၊ ခြင်းလုံးခတ်ပွဲ၊ ဓာတ်ပုံပြပွဲများ ကိုပြုလုပ်နေပြီဖြစ်သည်။

အလယ်ပစ္စယံတွင် နိဗ္ဗာန်ဈေးတန်းကြီးကိုလည်း တည်ခင်းရောင်းချလျက်ရှိရာ အားပေးဝယ်ယူကြသူများနှင့် တိုးမပေါက်အောင်ပင်ဖြစ်သည်။ လက်ဆောင်ပစ္စည်းများရောင်းချခြင်းလည်း ပါဝင်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရန်ပုံငွေအဖြစ် ဆိုင်ခန်း ၇ ခန်းရောင်းချလျက်ရှိပြီး တစ်ညလျှင် ကျပ်ငါးသိန်းဝန်းကျင်ခန့်ရောင်းချရကြောင်း သိရသည်။

အထက်ပစ္စယံရှိ အရံစေတီတော်အားလုံးအပြင် ရင်ပြင်တော်ပေါ်ရှိ ဆီမီးခုံစေတီတော်များတွင် ညပိုင်းလျှပ်စစ် ရောင်စုံမီးများကို ထိန်ထိန်ညီးအောင် ထွန်းညှိပူဇော်ထားသည်။ ရင်ပြင်တော်ပေါ်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပရိသတ်များဖြင့် ပြည့်လျက်ရှိသည်။ ရင်ပြင်တော်၊ စောင်းတန်းနှင့် အောက်ပစ္စယံရှိကွင်းများတွင် ဘုရားဖူးလာရောက်သူများအား စတုဒိသာကျွေးမွေးလျက်ရှိသည်။

ဆယ့်နှစ်ပွဲဈေးသည်များရောင်းချနေသော အစားအသောက်နှင့် အသုံးအဆောင် အမျိုးအမျိုးဆိုင်ခန်းများ၊ စာအုပ် စာပေများ၊ လက်ဆောင်ပစ္စည်းဆိုင်များတွင်လည်း တိုးဝှေ့ဝယ်ယူနေကြသည့် ပရိသတ်မှာ ညဉ့်နက်သည်အထိ စည်ကားဆဲဖြစ်သည်။

မြန်မာ့၁၂လရာသီစလုံးတွင် ၁၂လစလုံး ပွဲတော်များဖြင့် ပြည့်နက်နေသည်။ ထိုကဲ့သို့ ၁၂ လ ပွဲတော်များတွင် နာမည်ကျော်ပွဲတော်များရှိရာသို့ တစ်နှစ်ပတ်လုံးလိုက်လံဈေးရောင်းချသူများကို ဆယ့်နှစ်ရာသီပွဲဈေးသည်များဟု ခေါ်ဝေါ်ကြသည်။

ယခု ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင်လည်း ၁၂ ရာသီပွဲဈေးသည်များ လာရောက်ရောင်းချလျက်ရှိသည်။

နိဗ္ဗာန်ဈေးတန်းတွင် ဝယ်ယူသူအများဆုံးမှာ ယခုနှစ်မှ စတင်ရောင်းချခြင်းဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရန်ပုံငွေရှာဖွေရေးဆိုင်ခန်းများပင်ဖြစ်သည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်များတွင် အားပေးဝယ်ယူသူ များပြားလွန်းသောကြောင့်အချို့သော ဆယ့်နှစ်ရာသီပွဲဈေးဆိုင်ခန်းများမှာ ခြောက်ကပ်ကပ်ဖြစ်နေသည်ကိုတွေ့ရသည်။

ထို ဈေးသည်များထဲတွင် ထူးထူးခြားခြားမြင်တွေ့ရသည်က လူမျိုးခြား ဈေးသည်အချို့ဖြစ်သည်။ သူတို့သည် နားတွင် နားကျပ်များတပ်ဆင်ကာ အသံချဲ့စက်အသေးစားလေးများဖြင့် မြန်မာစကား မပီကလာ ပီကလာ အော်ဟစ်ရောင်းချလျက်ရှိသည်။ ဆေးများ၊အိမ်သုတ်တံမြက်စည်းများစသည်တို့ကို ရောင်းချလျက်ရှိသော အဆိုပါနိုင်ငံခြားသားတရုတ်လူမျိုးများ၏ရှေ့တွင် ဝယ်ယူသူများထက် အထူးအဆန်းကြည့်ရှုနေကြသူများက ပိုမိုများပြားနေသည်ကို တွေ့ရသည်။

ယခုလ ၂၅ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် စောင်းတန်းများ၌ ဗုဒ္ဓဘိသေကအနေကဇာတင် အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခဲ့ရာ သံဃာတော်အပါး ၂၆၀၀ကြွရောက်လာခဲ့ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်အသီးသီးမှလည်းကောင်း၊ လုပ်ငန်းရှင်များမှလည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များမှလည်းကောင်း လာရောက်လှူဒါန်းကြခြင်းဖြစ်သည်။

သံဃာတော်အပါး ၂၆၀၀ အတွက် ကားအစီးရေ ၂၃၀ အခမဲ့ကြိုပို့ပေးခဲ့သည်ဟုလည်း သိရသည်။ တပ်မတော်သားများစွာကလည်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် လုပ်အားဖြင့်ကုသိုလ်ယူခဲ့ကြသည်ကို တွေ့ရသည်။

ရွှေတိဂုံစေတီတော်အနောက်ဖက်မုခ်ရှိ ပြည်သူ့ဥယျာဉ်၊ ရင်ပြင်ကြီးအတွင်း မြတ်ဗုဒ္ဓသာသနာတော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် တရားပွဲအား ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၁ ရက်အထိ ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သည်။ အဆိုပါတရား ပွဲတော်ကြီး ကျင်းပရာ ငါးရက်စလုံးတွင်တရားနာပရိသတ်ပေါင်း ငါးသိန်းခန့်လာရောက်နာယူခဲ့ကြသည်။ တရားပွဲအတွက် ကျပ်ငွေသိန်း ပေါင်းကိုးရာခန့်နှင့် နိုင်ငံခြားငွေကြေးများလည်း အလှူခံရရှိခဲ့သည်ဟု သိရသည်။

ပြည်သူ့ရင်ပြင် တရားပွဲတော်ကြီးတွင် ယောဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ သီတဂူဆရာတော်၊ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ဇန်းမော်ဆရာတော်ကြီးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားခဲ့ကြသည်။

တပေါင်းလသည် ဆောင်းကြွင်းနွေအဝင်လဖြစ်သဖြင့် သစ်ပင်များရွက်ဟောင်းစွန့်၍ ရွက်သစ်လွှန့်ကာ အညွန့် အညှောက်များပေါ်ထွက်ခြင်းဖြင့် တင့်တယ်လှပသာယာလှပေသည်။

တပေါင်းလတွင် ကျင်းပခဲ့သော ရွှေတိဂုံစေတီတော်၏ နှစ်ပေါင်း ၂၆၀၀ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာလည်း သင်္ကန်းရောင်များ ထိန်ထိန်ညီးလျက် အံ့မခန်းပင် တင့်တယ်သာယာလှပါသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး တစ်လုံးအသိအကျိုးရှိ၏

## နိဗ္ဗာန်ရဲ့ ဖြစ်တည်ရာ ဘယ်မှာရှိလဲ...

နိဗ္ဗာန်ဆိုတာ ဘာမှမရှိတဲ့သဘောဖြစ်တယ်လို့ ပြောရိုးပြောစဉ်ပြောကြတာက နိဗ္ဗာန်ရဲ့သဘောကို အာရုံငါးပါးနဲ့ ထိတွေ့ခံစားကြည့်လို့ မရလို့ဘဲဖြစ်တယ်။ နိဗ္ဗာန်ကို ယခုမျက်မှောက်ဘဝမှာရနိုင်တယ်။ ဗုဒ္ဓဘာသာက နိဗ္ဗာန်ချမ်းသာကို သေပြီးနောက်ဘဝကျမှ ခံစားရရှိနိုင်တယ်လို့မဟောဘူး။ နိဗ္ဗာန်ကို ယခုမျက်မှောက်လက်ငင်းဘဝမှာတင် ခန္ဓာလက်ရှိနဲ့ ရတဲ့သဘောကို သဉပါဒိသေသနိဗ္ဗာန်လို့ခေါ်တယ်။ ရဟန္တာအရှင်မြတ်များ ပရိနိဗ္ဗာန်စံဝင်ပြီး ခန္ဓာဝန်ချပြီး နောက်မှခံစားရတဲ့ နိဗ္ဗာန်၊ နောက်ထပ်ရုပ်နာမ်ခန္ဓာဖြစ်တည်ခြင်း ကင်းပြတ်သွားတာကိုတော့ အနုပါဒိသေသနိဗ္ဗာန်လို့ခေါ်တယ်။

နိဗ္ဗာန်ကို သက်ဝင်သူရဲ့ အတွေ့အကြုံမှာ လောကီအာရုံကာမဂုဏ် တရားအားလုံးနဲ့ ပြတ်တောက်သွားပြီလို့ ခံစားနားလည်ရမယ်။ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုကို ချစ်ခင်နှစ်သက်စွဲလမ်းနေသေးရင်၊ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုကို မုန်းတီးပြီး မလိုလားဖြစ်နေသေးရင် နိဗ္ဗာန်ကို ဘယ်နည်းနဲ့မှ မျက်မှောက်မပြုနိုင်ဘူး။ နိဗ္ဗာန်ဆိုတာ အချစ်၊ အမုန်း၊ လိုချင်တာ၊ မလိုချင်တာ အားလုံးကို လွန်မြောက်သွားခြင်းပဲဖြစ်တယ်။

နိဗ္ဗာန်ဟာ တည်ရာဌာန မဟုတ်ဘူးဆိုရင် အဲဒီနိဗ္ဗာန်ဟာ ဘယ်မှာရှိတာလဲ။ နိဗ္ဗာန်ဖြစ်တည်ပုံက မီးဖြစ်တည်ပုံနဲ့ အလားသဏ္ဌာန်တူတယ်။ မီးကို လှောင်ထားတဲ့နေရာလည်း မရှိဘူး။ နိဗ္ဗာန်ဆိုတာလည်း တည်ရှိ ရာ နေရာမရှိဘူး။ ဒါပေမဲ့ ဝါးနှစ်လုံးကို ကြာကြာပွတ်တိုက်ရင် ပူလာပြီး မီးပေါ်လာသလို၊ ပွတ်ခြင်း၊ ပူခြင်းဟာ မီးဖြစ်တည်ခြင်းရဲ့ အထောက်အပံ့ဖြစ်သလိုပဲ၊ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်တဲ့ ယောဂီရဲ့ စိတ်အစဉ်တိုးတက်ဖြစ်ထွန်းလာပြီး၊ သူ့ရဲ့ ဉာဏ်အမြင်ဟာ ကိလေသာတွေ စင်ကြယ်သွားရင် (ဉာဏဝိသုဒ္ဓိ) အဲဒီမှာ နိဗ္ဗာန်စဖြစ်တည်လာမှာ ဖြစ်တယ်။

ရည်ညွှန်း - 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' ဆန်းလွင်(ရှင်အာဒိစ္စရံသီ)(၁၉၃၈-၂၀၀၂)



## အမျိုးသမီးသီးသန့်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲမည်

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

ယခုလ ၁၄ ရက်မှစကာ လေးရက်ကြာစမ်းသပ်ပြေးဆွဲခဲ့သည့်အမျိုးသမီးသီးသန့်ယာဉ်လိုင်းကိုဆက်လက်အတည်ပြုပြေးဆွဲနေပြီး ယာဉ်လိုင်းသစ်များတိုးချဲ့ပြေးဆွဲရန် စီစဉ်နေကြောင်း ဇန္နုလသယ်ယူပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပါရမီ၊ အဓိပတိယာဉ်လိုင်းများတွင် စမ်းသပ်ပြေးဆွဲသည့် ယာဉ်စီးရေ ၁၀ စီးဖြင့်ဆက်လက်ပြေးဆွဲလျက်ရှိသည်ဟုသိရသည်။ ရောဝဏ်လမ်းဆုံ၊ တောင်မြောက်လမ်းဆုံ၊ ဒဂုံရောအဝေးပြေး၊ နည်းပညာ တက္ကသိုလ်သွား ပါရမီ ၁၇၆ ယာဉ်လိုင်း၊ ရွှေပြည်သာ၊ ဗိုလ်တထောင်သွား ၁၇၇ ယာဉ်လိုင်း၊ အဓိပတိအပြာ၊ အဝါ၊ အနီယာဉ်လိုင်းများတွင် တနင်္လာမှ သောကြာနေ့အထိ နံနက် ၇ နာရီမှ ၁၀နာရီအထိတစ်ချိန်၊ ညနေ ၄ နာရီမှ ၇နာရီအထိ ပြေးဆွဲလျက်ရှိသည်။

"တက္ကသိုလ်ကျောင်းသူတွေကအမျိုးသမီးသီးသန့်လိုင်းထပ်တိုးဖို့တောင်းဆိုထားတဲ့အတွက် ၁၇၉နဲ့၂၃၂ယာဉ်လိုင်းတွေတိုးချဲ့ပြေးဆွဲနိုင်ဖို့စီစဉ်နေပါတယ်။ လူစီးနည်းလို့ ၂၀၀ကျပ်နဲ့ အဆင်မပြေဘူးဆိုရင် ဒီထပ်ပိုပေးပါ့မယ်ဆိုပြီး လိုင်းမဖြုတ်ဖို့ကိုမိန်းကလေးတချို့ စာရေးပြီးမေတ္တာရပ်ခံထားတာတွေလည်းရှိပါတယ်။ဝင်ငွေအနေနဲ့လည်း အရင်က ပြေးဆွဲသလိုပဲ ဝင်ငွေကောင်းတဲ့အနေအထားရှိပါတယ်"ဟုဇန္နုလသယ်ယူပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ချစ်သူများနေ့တွင် လင်မယားစကားများရန်ဖြစ်ရာမှ ယောကျ်ားသေဆုံး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၂**

မုံရွာခရိုင်၊ဘုတလင်မြို့နယ်၊ကင်း စမ်းကျေးရွာတွင် ယခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်(ချစ်သူများနေ့) ညနေ(၆)နာရီအချိန်ခန့်တွင် လင်မယား စကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူကခင်ပွန်းဖြစ်သူအား ရေပုံးထမ်းထန်းလက် ရေထမ်းပိုးနှင့်ရိုက်နှက်ရာမှ လင်ယောကျ်ား ဖြစ်သူသေဆုံးခဲ့သည်။

အဆိုပါအခင်းဖြစ်ပွားမှုတွင် ဘုတလင်မြို့နယ်၊ကင်းစမ်းကျေးရွာနေ ဦးကျော်ဝင်းအသက်(၄၃)နှစ်သည်ဖေဖော်ဝါရီလ(၁၄)ရက်၊ ညနေပိုင်းက မူးယစ်သောက်စား ၍လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း ဇနီးဖြစ်သူတစ်ရွာတည်းနေဒေါ် အိမ်ဌေးကပြောကြားခဲ့သည်။ မူးယစ်သောက်စားလာသော လင်ယောကျ်ားဖြစ်သူက ဇနီးဖြစ်သူအား လက်သီးဖြင့်ထိုးနှက်ရာဇနီးဖြစ်သူက အရှည် နှစ်တောင်တစ်ထွာ၊ ဗျက်(၃)လက်မခန့်ရှိ ထန်းလက်ရေထမ်းပိုးတုတ်ဖြင့် ပြန်လည်ခုခံရိုက်နှက်ခဲ့သည်။ လင်မယားအချင်းချင်းစကားများ ရန်ဖြစ်ပြီးနောက်ပိုင်း ဦးကျော်ဝင်းမှာနေအိမ်အိပ်ခန်းအတွင်းဝင်ရောက်အိပ်ခဲ့သည်ဆို၏။ နောက်တစ်နေ့နံနက်တွင် ဇနီးဖြစ်သူကလင်ယောကျ်ားဖြစ်သူအား အိပ်ရာမှ ထရန်သွားရောက်နှိုးစဉ် သေဆုံးနေကြောင်းတွေ့ရှိရသည်ဆို၏။ သေဆုံးသူဦးကျော်ဝင်း၏ ဖခင်ဦးငွေမောင်က သက်ဆိုင်ရာတွင် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့ကြောင်းသိရှိရသည်။ ယင်းပြစ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ၏ဇနီးဖြစ်သူအား ဘုတလင်မြို့နယ် ရဲတပ်ဖွဲ့စခန်း(ပ)-၄၀/ ၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-(၃၀၂)အရ အမှုရေးဖွင့်ကာဘုတလင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စံမြင့်က အမှုအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

## စာ – ၃၊ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များနှင့် မွန်ပြည်သစ်ပါတီ ငြိမ်းချမ်းရေးတည်ဆောက်ရန် လက်မှတ်ထိုး မှ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန် အထူးသဖြင့် တိုင်းရင်းသားနယ်မြေများအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများ အမြန်ဆုံးရပ်စဲရန်၊ အပစ်အခတ်ရပ်စဲချိန်မှစ၍ ၄၅ ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲစတင်ရန်၊အပစ်အခတ်ရပ်စဲထားစဉ် ကာလအတွင်း မွန်ပြည်နယ်နှင့်ဆက်စပ်နယ်မြေများတွင်စစ်အင်အားထပ်မံတိုးချဲ့ခြင်းမလုပ်ဆောင်ရန်၊အကျဉ်းထောင်များတွင်ကျန်ရှိနေသေးသည့်နိုင်ငံရေးအကျဉ်းသားများကို အားလုံးလွှတ်ပေးရန်နှင့် အကျဉ်းထောင်အတွင်းရှိ မွန်ပြည်သစ်ပါတီမှရဲဘော်များအားလည်း သက်ညှာစာနာထောက်ထား၍ လွှတ်ပေးရန်၊ စေတနာလုပ်အားပေးမှ လွဲ၍ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းကိုနှစ်ဖက်စလုံးမှရှောင်ကြဉ်ရန်၊ ပြဿနာဖြစ်တည်နေသည့် ပြည်သူများ၏ မြေယာများကိစ္စကို နှစ်ဖက်ညှိနှိုင်းဝိုင်းဝန်းဖြေရှင်းသွားကြရန်စသည့်အချက်များကို သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။ အစိုးရအဖွဲ့၏ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းခေါင်းဆောင်၍ မွန်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကို မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ ဦးနိုင်ရှေ့စ ခေါင်းဆောင်ဆွေးနွေးသည်။

သဘောတူလက်မှတ်ရေးထိုးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးနှင့်ပတ်သက်၍ သတင်းသမားတစ်ဦးမေးမြန်းမှုကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "နိုင်ငံတော်သမ္မတကြီးက အဆင့်သုံးဆင့်သတ်မှတ်ပေးထားပါတယ်။ ပထမအဆင့်က အပစ်အခတ်ရပ်စဲရေး၊ ဒုတိယက Development plus Political Type ၊ တတိယအဆင့်က ငြိမ်းချမ်းရေးအဆင့်ပေါ့နော်။ အချိန်ဘယ်လောက်ကြာမလဲလို့ မေးရင် အခု ပထမအဆင့်တော့ပြီးပြီ။ ဒုတိယအဆင့်မှာ Development နဲ့ Political Dialogues ဒါတွေကျွန်တော်တို့ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့်အကြောင်းအရာတွေက သိပ်များနေရင် ဆွေးနွေးတဲ့အခါမှာလည်း အကြိမ်ကြိမ်ဆွေးနွေးရမယ်ဆိုရင် တတိယအဆင့်ကို သွားဖို့ကြာမယ်။ အကယ်၍ ဒုတိယအဆင့်မှာ မကြာဘူးဆိုရင် တတိယအဆင့်က သိပ်မြန်မယ်။ ဒီဥစ္စာက ဒီတစ်ဖွဲ့တည်းကိုကြည့်ပြီး ပြောလို့မရဘူး။ တိုင်းရင်းသားအားလုံးပါဝင်တဲ့ အဖွဲ့တွေအားလုံးဟာ တတိယအဆင့်ကို တက်ရမှာဖြစ်တဲ့အတွက် တစ်ဖွဲ့က မြန်နေပေမယ့် နောက်တစ်ဖွဲ့မှာ ကြာနေရင်လည်း သူတို့ကို စောင့်ရဦးမယ်။ အချိန်က တစ်နှစ်အတွင်းမှာ၊ ခြောက်လအတွင်းမှာ ပြောလို့မရဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

## စာ-၂၊ မြတ်စွယ်တော်အလှူငွေများ တရုတ်နိုင်ငံတွင် စာသင်ကျောင်းဆောက်ခြင်းအပါအဝင် ကုသိုလ်ဖြစ် လုပ်ငန်းများဆောင်ရွက်မည် မှ

ပုံတူပွားထားသည့်မြန်မာနိုင်ငံရှိဗုဒ္ဓမြတ်စွယ်တော်ဓာတ်တော်ကိန်းဝပ်စံပယ်ရန် ကြာကလပ် ၃ဆူကိုလည်းမြန်မာနိုင်ငံသို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မြတ်စွယ်တော်သို့မြန်မာနိုင်ငံမှလှူဒါန်းငွေများဖြင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်းမြို့တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော်၊ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များနှင့်ဥပနာပစ္စည်းများ ပြုလုပ်ဆောင်ရွက်မှုအတွက် ဗုဒ္ဓမြတ်စွယ်တော်အလှူငွေများ ထိန်းသိမ်းထုတ်ပေးလွှဲပြောင်းလှူဒါန်းရေးကော်မတီကိုမြန်မာနိုင်ငံတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ပြီးစီးပါက တရုတ်နိုင်ငံသို့လွှဲပြောင်းသွားမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဆိုင်ရာဖလှယ်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို တရုတ်ဗုဒ္ဓဘာသာအဖွဲ့ချုပ် လက်အောက်ရှိ လင်ကွမ်းစီး ဘုရားကျောင်းနှင့်ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တို့ ယခုလ ၂၂ရက်က ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

တရုတ်နိုင်ငံသည်ရွှေတိဂုံစေတီတော်နှင့် ဗုဒ္ဓဘာသာဆိုင်ရာနားလည်မှုစာချွန်လွှာရေးထိုးသည့်ဒုတိယမြောက်နိုင်ငံဖြစ်သည်။ သီရိလင်္ကာနိုင်ငံဗုဒ္ဓစွယ်တော်တိုက်နှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တို့သည် ၂၀၀၉ ခုနှစ်က နားလည်မှုစာချွန်လွှာရေးထိုးထားပြီးဖြစ်သည်။

"တရုတ်နိုင်ငံကတော့ ဒုတိယမြောက် လက်မှတ်ထိုးတဲ့ နိုင်ငံပေါ့။ သီရိလင်္ကာနိုင်ငံနဲ့လက်မှတ်ထိုးထားတဲ့အတွက်မြန်မာနိုင်ငံက ဘုရားဖူးတွေ သူတို့နိုင်ငံသွားတဲ့အခါ ရွှေတိဂုံဘုရားကထောက်ခံစာပါရင် အထူးဧည့်သည်အနေနဲ့ဖူးခွင့်ရမယ်။ သူတို့နိုင်ငံမှာဖွင့်ထားတဲ့ ဗုဒ္ဓတက္ကသိုလ်မှာ တက်ရောက်ခွင့်ရမယ်။ သူတို့နိုင်ငံမှာ စွယ်တော်ပူဇော်ပွဲတွေ လုပ်ရင်ဒီဘက်က တာဝန်ရှိသူတွေကိုလည်း ဖိတ်ပါတယ်။ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ အခြားနိုင်ငံတွေရှိပေမယ့် လက်ရှိမှာတော့စွယ်တော် ကိန်းဝပ်တဲ့နိုင်ငံနှစ်ခုနဲ့ပဲ နားလည်မှုစာချွန်လွှာလက်မှတ်ထိုးရသေးတယ်" ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

## စာ –၅၊ ရွှေလီရှိ မြန်မာအမျိုးသမီးအလုပ်သမားများ အကူအညီလိုအပ်နေ မှ

ခရီးသွားလုပ်ငန်းများနှင့် လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင်သာ လုပ်ကိုင်ကြသော်လည်း ယခုအချိန်တွင် အိမ်တွင်းအကူလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်ဝန်ထမ်းများ၊ ဈေးရောင်းဈေးဝယ်အလုပ်သမားများ၊ ဆောက်လုပ်ရေးနှင့် စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံများတွင် လုပ်ကိုင်နေကြကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြပါရှိသည်။

တရုတ်အစိုးရအနေဖြင့် ၎င်းတို့နိုင်ငံရှိ နိုင်ငံခြားသား ပြောင်းရွှေ့လုပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများ၏ အခွင့်အရေးကို အကာအကွယ်ပေးမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်ပေးရန် BWU က တိုက်တွန်းထားပြီး၊ ထိုင်းနှင့်မြန်မာနှစ်နိုင်ငံကြားတွင် မြဝတီနှင့်တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုရှိပြီးဖြစ်သည်။

၎င်းတို့ကောက်ယူခဲ့သော စစ်တမ်းများကိုလည်း တရုတ်အစိုးရနှင့် မြန်မာအစိုးရတာဝန်ရှိသူများ ထံရောက်စေရန် သံရုံးများမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရ သည်။

## မျက်နှာဖုံး –ငြိမ်းချမ်းရေးအတွက် မျှော်လင့်ခြင်းများစွာ မှ

"သူက နိုဗယ်ဆုကို ငြိမ်းချမ်းရေးကြိုးပမ်းမှုနဲ့ရခဲ့တယ်။ ဒါကြောင့်မို့ ဒီပြည်နယ်ကို ငြိမ်းချမ်းရေး ယူဆောင်လာမယ်လို့ယုံကြည်တယ်။မျှော်လည်းမျှော်လင့်ပါတယ်"ဟုကချင်တိုင်းရင်းသားမျိုးနွယ်တစ်စုဖြစ်သော မန်မော်ရိုးရာဝတ်စုံကို ဝတ်ဆင်ထားပြီး ကချင်ဓားနှင့်ကချင်လွယ်အိတ်လွယ်ထားသည့်အသက်၃၀အရွယ်ကချင်လူငယ်က ဗိုနိုင်းစကို ဝါးတိုင်တွင်မြဲမြံအောင်ပလတ်စတစ်ကြိုးစဖြင့်ချည်နှောင်ရင်း ပြောကြားသည်။

ထိုသို့ သူ ပြောကြားအပြီး ၁၅ မိနစ်ခန့် ကြာချိန်တွင်တော့ ကချင်ငွေမောင်းများ အစီအရီအလှဆင်ထားသော ကချင်အင်္ကျီနှင့်ကချင်ထဘီကို တွဲဖက်ဝတ်ဆင်ထားသောလွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူဒေါ်အောင်ဆန်းစုကြည်ရောက်ရှိလာသည်။ သူမကလည်းသူမ၏တစ်နာရီကြာသောမိန့်ခွန်းတွင် ထိုငြိမ်းချမ်းရေးကိစ္စကိုပင်အလေးအနက်ထားကာ ပြောကြားသွားခဲ့သည်။

"ဒီပြည်နယ်ရဲ့ အရေးအကြီးဆုံးက နံပါတ်တစ်ပြဿနာက ဘယ်သူမှ မငြင်းနိုင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး မရှိတဲ့ကိစ္စပဲ" ဟု သူမ၏မိန့်ခွန်းအဖွင့်ပိုင်းတွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ဦးခေါင်းပိုင်းဟုတင်စားခေါ်ဆိုကြသောကချင်ပြည်နယ်တွင်းတွင် နယ်ခြားစောင့်တပ်အရေးနှင့်ပတ်သက်ကာနှစ်ဦးနှစ်ဖက်မပြေလည်ရာမှအခြေတည်ခဲ့သောမြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြားဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ ရက်အားဖြင့်ပြောရလျှင် ရက်ပေါင်း ၂၆၀ ကျော်လာလေပြီ။

၂၀၁၁ခုနှစ် ဇွန်လ ၉ရက်မှ စတင်ခဲ့သော နှစ်ဖက်တိုက်ပွဲများကြောင့် နေရပ်ကိုစွန့်ခွာပြေးခဲ့ရသည့် စစ်ပြေးဒုက္ခသည်ဦးရေမှာလည်းတဖြည်းဖြည်းတိုးပွားခဲ့ရာ ယခုဆိုလျှင် ပြည်နယ်တစ်ခုလုံးတွင်ခုနစ်သောင်းကျော်ခန့်ရှိသွားပြီဟု အကူအညီပေးနေသောအဖွဲ့အစည်းများက ခန့်မှန်းနေကြသည်။ ထိုသို့ လက်နက်ကိုင်ပဋိပက္ခများနှင့် ရှုန်းကန်နေရသောကချင်ပြည်နယ်သို့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့်ချိန်တွင် သူမ၏ပထမဆုံးပြည်နယ်ခရီးစဉ် အဖြစ်ရောက်ရှိလာခဲ့သည်။ သူမနေအိမ်အကျယ်ချုပ်မကျမီ ၂၀၀၃ ခုနှစ်မေလက နောက်ဆုံးရောက်ရှိခဲ့သဖြင့် ၉ နှစ်တာကြာပြီးနောက်နောက်တစ်ကြိမ်ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သူမ၏နောက်ဆုံးခရီးစဉ်နှင့်ကွာခြားသည်မှာ ကချင်ပြည်နယ်မှ အချို့နေရာများသည် စစ်တလင်းများအဖြစ်ပြောင်းလဲနေပြီဖြစ်သည်။

"အခု ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေးမရှိဘူး။တိုက်ပွဲတွေကဖြစ်နေတယ်။ တိုက်ပွဲဖြစ်နေတာတွေဟာ အားလုံးအတွက်စိတ်မချမ်းမြေ့စရာလည်းဖြစ်တယ်။ ကမ္ဘာ့အလယ်မှာလည်းရှက်စရာဖြစ်တယ်"ဟု ဒေါ်အောင်ဆန်းစုကြည်ကဖေဖော်ဝါရီ၂၄ရက်နံနက်ပိုင်းက မြစ်ကြီးနားမြို့၊ မနောကွင်းတွင် လူထုသို့ ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

လအားဖြင့် ၈ လကျော်ကြာမြင့်လာပြီဖြစ်သောတိုက်ပွဲများမှာစစ်အရှိန် အနည်းငယ်လျော့ပါးသွားပြီဟုဆိုသော်လည်း တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်နေရာများတွင် တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သဖြင့် နေရပ်သို့စစ်ပြေးဒုက္ခသည်များပြန်ရန်မှာမူ လောလောဆယ်မဖြစ်နိုင်သေးဟု မြစ်ကြီးနားမြို့ရှိစစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင် ကူညီစောင့်ရှောက်နေသူများက ပြောသည်။

"ကျွန်မတို့မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ပြည်ထောင်စုစိတ်ဓာတ်ကိုအောင်အောင်မြင်မြင် မထူထောင်နိုင်ခဲ့လို့ အခုဆိုရင်ပြည်တွင်းငြိမ်းချမ်းရေးဟာ မရသေးတာဖြစ်တယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲ ဒီနိုင်ငံတိုးတက်နိုင်မယ်ဆိုတာ တကယ်တော့ဖြစ်နိုင်တဲ့ကိစ္စမဟုတ်ဘူး။ နိုင်ငံတစ်နိုင်ငံရဲ့အလားအလာကိုထိခိုက်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်က သူမ၏မြစ်ကြီးနားမိန့်ခွန်းတွင် ငြိမ်းချမ်းရေးမရှိရခြင်း အကြောင်းကို ထည့်သွင်းပြောကြားသွားခဲ့သည်။

ကချင်ပြည်နယ်၏ အသည်းနှလုံးဟုတင်စားကြသောမြို့တော်မြစ်ကြီးနားမြို့ စီတာပူမနောကွင်းနားတွင် ည ၉ နာရီကျော်သည်နှင့် သံဆူးကြိုးခတ်အကာအရံများကို ဖြတ်ကျော်သွားရသည်။ တစ်ခါတရံတွင် ညဘက်မိုးချုပ်အပြင်ထွက်လျှင် လုံခြုံရေးအတွက်တားဆီးစစ်ဆေးကာ ရှာဖွေခြင်းခံရသည်။ မြစ်ကြီးနားမြို့ လမ်းဘေးဝဲယာအချို့နေရာများနှင့်လေဆိပ်မရောက်မီနေရာများတွင်လည်း သံဆူးကြိုးခတ်သစ်သားအတားအဆီးများကို တွေ့မြင်ခဲ့ရသည်။ "ဒီအတားအဆီးတွေကို တွေ့နေရတာကိုက ငြိမ်းချမ်းမှုမရှိဘူးဆိုတာ သိသာနေတာပဲလေ" ဟုမြစ်ကြီးနားမြို့မှအသက် ၂၅ နှစ်အရွယ်လူငယ်တစ်ဦးက ပြောသည်။

မြစ်ကြီးနားမြို့ မနောကွင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း၌ ငြိမ်းချမ်းရေးအကြောင်း ပြောကြားနေစဉ်လည်း ပရိသတ်များထဲမှ လူငယ်တစ်ဦးက "လမ်းသွားရင်လည်း အစစ်အဆေးမရှိရပါဘူး" ဟု အော်ပြောသည်။ ထိုအခါဒေါ်အောင်ဆန်းစုကြည်က "ဒါကြောင့်ပြောတာ ကချင်ပြည်နယ်မှာ ကျွန်မကို ပြည်သူတွေက ပြန်သင်ပေးရမှာပါ" လို့အရွှန်းဖောက်သည်။

ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးရရန် နည်းလမ်းအချို့ကိုလည်း သူမ၏ဗန်းမော်မြို့၌ ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးရဖို့ဆိုတာ အခြေခံအားဖြင့် တရားမျှတမှုရှိရပါမယ်။ ကျွန်မတို့က တိုင်းရင်းသားတွေကြားထဲမှာဘာမှခွဲခြားမှုမရှိဘဲနဲ့ အားလုံးကို ညီညီမျှမျှဆက်ဆံခြင်းနဲ့စပြီး ငြိမ်းချမ်းရေးရဖို့ လုပ်ရပါလိမ့်မယ်။ ငြိမ်းချမ်းရေးရဖို့ဆိုရင် ၁၉၄၇ခုနှစ်ကတည်းက ဆုပ်ကိုင်ခဲ့တဲ့ ပင်လုံစိတ်ဓာတ်နဲ့ ကျွန်မတို့ သွားရပါလိမ့်မယ်။ ပင်လုံစိတ်ဓာတ်ဆိုတာ ကျွန်မတို့ တိုင်းရင်းသားတွေ အားလုံးပါဝင်ပြီးလုပ်မှ အရာရာအောင်မြင်နိုင်တယ်ဆိုတဲ့စိတ်ဓာတ်ပါပဲ" ဟု ပြောကြားသွားခဲ့သည်။

တစ်ဖက်တွင်လည်း ယခုလကုန်တွင် မြန်မာအစိုးရမှတာဝန်ရှိသူများနှင့် ကေအိုင်အိုမှ တာဝန်ရှိသူများသည် ငြိမ်းချမ်းရေးဆွေးနွေးရန် တရုတ်နိုင်ငံရွှေလီမြို့၌ တွေ့ဆုံသွားရန် စီစဉ်နေကြပြီဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်း စည်းရုံးရေးသွားရောက်ရာ နမ္မတီး၊ မိုးကောင်းနှင့်မြစ်ကြီးနား၊ဗန်းမော်မြို့များတွင်လာရောက်နားထောင်သော လူအုပ်အတွင်းတွင် 'ငြိမ်းချမ်းရေးတွေယူဆောင်ပေးပါ'၊ 'ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ပေးပါ' စသည့် ငြိမ်းချမ်းရေးရအောင် ကူညီပေးရန်အကူအညီတောင်းသည့်စာတန်းများကို ဒေါ်အောင်ဆန်းစုကြည် မြင်သာအောင်ထောင်ပြကြိုဆိုကြသည်ကို တွေ့ခဲ့ရသည်။

မြစ်ကြီးနားမြို့ရှိ စစ်ပြေးဒုက္ခသည်အများဆုံးရှိရာ စခန်းတစ်ခုဖြစ်သော ဂျန်မိုင်ကောင်းတွင်နေထိုင်နေသော စစ်ပြေးဒုက္ခသည်ခြောက်ရာကျော်ထဲတွင်တစ်ဦးအပါအဝင်ဖြစ်သော အသက် ၁၉နှစ်အရွယ် သားသည်မိခင်ဖြစ်သူလှပ်နော်ကို ဒေါ်အောင်ဆန်းစုကြည်ကိုသိလားဟုမေးရာဓာတ်ပုံများတွင်မြင်ဖူးသည်ဟုဖြေသည်။ တိုက်ပွဲများ အရှိန်ကောင်းခဲ့ရာ ရောဝတီမြစ်ကမ်းဘေးတာလောကြီးရွာမှ ထွက်ပြေးလာသော ထိုဆယ်ကျော်သက်မိခင်လေးသည် သူမ၏ သားငယ်ကို ဂျန်မိုင်ကောင်းစခန်းရောက်မှ မွေးဖွားခဲ့သည် ။

"ကျွန်မကဘုရားသခင်ဆီမှာ အမြဲဆုတောင်းဖြစ်တာက စစ်ပွဲတွေအမြန်ပြီးပြီး အမြန်ငြိမ်းချမ်းပါစေလို့ဆုတောင်းတယ်"ဟုခရစ်ယာန်ဘာသာဝင်သူမက ကလေးကို ချီပိုးချော့မြှူရင်း စခန်းတွင်လာရောက်မေးမြန်းသည့်သတင်းထောက်၏အမေးကို ပြန်ဖြေခဲ့သည်။

အိမ်ပြန်ချိန်ကို စောင့်မျှော်နေသောလှပ်နော်အပါအဝင်ကချင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းရေးကို လိုလားလျက်ရှိနေကြသည်။

Health
7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012



ဓာတ်ပုံ-ဝေယံ

# မမျှော်လင့်သော သေဆုံးမှုများနှင့် အိမ်သာအသုံးပြုမှု

ဝတ်ရည်အောင်

ကူးစက်ရောဂါများမဟုတ်သည့် နာတာရှည်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ဆီးချိုရောဂါ၊သွေးတိုးရောဂါ၊အဝလွန်ရောဂါများဖြစ်ပွားမှုတဖြည်းဖြည်းများပြားလာပြီး ထိုရောဂါများသည် နည်းအမျိုးမျိုးဖြင့် အသက်အန္တရာယ်အားခြိမ်းခြောက်မှုများပြားလာသည့်ရောဂါများလည်းဖြစ်သည်။

ထိုရောဂါများ ဖြစ်ပွားခံစားကြရသည့်အခါ အသက်အန္တရာယ်အထိထိခိုက်စေနိုင်သည့် ရောဂါအခြေအနေများ မဖြစ်စေရန် အတတ်နိုင်ဆုံးဆေးကုသမှုဖြင့် ကာကွယ်တားဆီးကြသော်လည်း တစ်ခါတလေတွင် ထိုရောဂါများနှင့် ဆက်စပ်၍ မမျှော်လင့်သောအခြေအနေများဖြင့် သေဆုံးမှုများလည်း အမျိုးမျိုးရှိကြကြောင်းသိရသည်။

ယခုလ ၁၅ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် အဝလွန်နေသူ အမျိုးသားတစ်ဦး အလုပ်ကိစ္စခရီးသွားရင်း သန့်စင်ခန်းဝင်စဉ် အသက်သေဆုံးခဲ့ကြောင်း ပါရှိခဲ့သည်။ ထိုသေဆုံးမှုအား ရေစကြိုရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေးရာတွင် နှလုံးသွေးလျှံပြီး သွေးပုပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။

နေ့စဉ်ကျန်းမာရေးအတွက် မဖြစ်မနေအသုံးပြုရသည့် သန့်စင်ခန်းအသုံးပြုမှုတွင် သာမန်သူများအတွက် ပြဿနာမရှိသော်လည်း နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဒူးနာရောဂါများမှာ ပိုမိုဆိုးရွားလာခြင်း၊ပြင်းထန်စွာမောပန်းခြင်း ဝေဒနာများ ခံစားကြရနိုင်သည့်အပြင် အချို့တွင် ယခုကဲ့သို့ အသက်သေဆုံးမှုများလည်း ဖြစ်ပွားနိုင်ခြင်းများလည်းရှိကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

"နှလုံးရောဂါကုဌာနတွေမှာဆိုရင် သန့်စင်ခန်းထဲမှာ အမောဖောက်ပြီး သေဆုံးတာတွေခဏခဏဖြစ်တယ်။ အဲဒါကြောင့် အဲဒီဌာနတွေမှာဆိုရင် သန့်စင်ခန်းအသုံးပြုရင် ဂျက်မထိုးထားဖို့ ရေးသားထားတာတွေတောင် ရှိတယ်"ဟုအဆိုပါဆရာဝန်ကဆက်လက်ပြောသည်။

အဝလွန်သူများတွင်လည်း မြန်မာလူမျိုးများသုံး အိမ်သာအသုံးပြုသည့်အခါ ပေါင်နှစ်ဖက်သည်ဗိုက်ကိုဖိပြီး တွန်းထားသလိုဖြစ်သည့်အတွက် အသက်ရှူရခက်ပြီး အသက်ရှူလို့ မဝသည့်ဝေဒနာခံစားရနိုင်သည့်အပြင် အချိန် ငါးမိနစ်ခန့်သည်ပင် အလွန်ပင်ပန်းသည့်ဝေဒနာခံစားရနိုင်ပြီး ဝမ်းချုပ်သည့်အချိန်ကဲ့သို့သော တချို့အချိန်များတွင် ပင်ပန်းမှုသည် မီတာ၁၀၀ ပြေးသည့် ပင်ပန်းမှုနှင့် ညီမျှကြောင်း နိုင်ငံတကာမှကျွမ်းကျင်သူများ ရေးသားထားသည့် စာများတွင်ပါရှိသည်။

နှလုံးရောဂါ၊သွေးအလွန်တိုးလေ့ရှိသည့် ရောဂါအခံရှိသူများသည်ပင်ပန်းမှုအပြင်တစ်ခါတစ်ရံ ရောဂါအခံပေါ်မူတည်၍ မမျှော်လင့်ဘဲ သန့်စင်ခန်းအသုံးပြုနေစဉ် နှလုံးတိုက်ခိုက်ခံရခြင်း၊

စာ(၁၄)သို့

# နောက်ဆုံးရာသီပေါ်ရက် မမှတ်မိသော အမျိုးသမီးများ မီးဖွားရာတွင် သက်ရောက်မှုများရှိ

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃

နောက်ဆုံးရာသီပေါ်ရက်ကို မမှတ်မိသော အမျိုးသမီးများသည် ခန့်မှန်းမွေးရက်ကျော်သည့်အတွက် ဗိုက်နာအောင် ဆေးထည့်ရခြင်း၊မွေးကင်းစကလေးဆောင်တွင် ဆေးရုံတက်၍ ကုသရခြင်းများ ပိုမိုများပြားကြောင်း ပြုလုပ်ထားသည့် သုတေသနစာတမ်းများမှ သိရသည်။

ထိုစာတမ်းသည် နောက်ဆုံးရာသီပေါ်ရက်အား မမှတ်မိသော ကိုယ်ဝန်ဆောင် အမျိုးသမီးများ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များအား လေ့လာနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး သုတေသနကို ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်သုံးဦးက ဗဟိုအမျိုးသမီးဆေးရုံ (ရန်ကုန်) ၂၀၀၈ မှ ၂၀၁၀ ပြည့်နှစ်အထိ လေ့လာထားခြင်းဖြစ်ကာ ပြီးခဲ့သည့်လအတွင်း ပြုလုပ်ခဲ့သည့် ဆေးသုတေသနညီလာခံတွင် အဆိုပါစာတမ်းအား ဖတ်ကြားခြင်းဖြစ်သည်။

နောက်ဆုံးရာသီပေါ်ရက်အား မမှတ်မိသော ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် လေစုပ်၊ ညှပ်ဆွဲ၍ မွေးဖွားရခြင်း၊ ခွဲစိတ်၍မွေးဖွားရခြင်း အချို့ရှိခဲ့ပြီး ကလေး၏ ကိုယ်အလေးချိန်နှင့် ကလေးကျန်းမာမှု၊ မွေးမွေးချင်း ကလေးသေဆုံးမှုနှင့် မွေးကင်းစကလေးသေဆုံးမှုများမှာ သိသာသော ကွာခြားမှုများ မရှိကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထားသည်။

"နောက်ဆုံးရာသီပေါ်ရက်ကို မမှတ်မိတဲ့ ကိုယ်ဝန်ဆောင်တွေက ရာသီမမှန်တဲ့ အမျိုးသမီးတွေ၊ ကိုယ်ဝန်တားဆေးသုံးတဲ့သူတွေနဲ့ ကလေးနို့ခြင်းတို့နဲ့သက်ဆိုင်တယ်"ဟု သုတေသနပြုခဲ့သည့် ကျွမ်းကျင်သူများကအဆိုပါစာတမ်းဖတ်ပွဲတွင် ပြောကြားခဲ့သည်။

ထိုသုတေသနတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၆၈ ဦးကို လေ့လာခဲ့ခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီးများ နောက်ဆုံးရာသီပေါ်ရက်အား မမှတ်မိသည့် အမျိုးသမီးမှာ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထိုကဲ့သို့ မမှတ်မိခြင်းတွင်လည်း ပညာအရည်အချင်းနည်းသော၊ မိသားစုဝင်ငွေနည်းသော ကလေးများသော အမျိုးသမီးများတွင် ပိုမိုတွေ့ရပြီး ကိုယ်ဝန်ဆောင်ကာလတွင် မည်သည့်ဆိုးကျိုးမှ ဖြစ်ပွားလေ့မရှိကြောင်း သိရသည်။



# "ကလေးတွေ အန်တာနဲ့ဝမ်းသွားတာ ဖြစ်ပွားမှုအရမ်းများနေတယ်"

## ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခ ဒေါ်ယုဇနစောမြင့်

ဝတ်ရည်အောင်

နေရာတိုင်းရှိ ကလေးငယ်အများအပြားတွင် ဖြစ်ပွားနေပြီး ပုံမှန်ဖြစ်ပွားလေ့မရှိသည့် ပြင်းထန်သည့် အလွန်အမင်း အန်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်းများသည် ဒီဇင်ဘာလခန့်မှ စတင်ပြီး ယခုချိန်အထိအစုလိုက်အပြုံလိုက်ဖြစ်ပွားနေဆဲဖြစ်သည်။

အစိုးရဆေးရုံများ၊ ပုဂ္ဂလိကကလေးဆေးရုံများတွင် ဆေးဝါးကုသမှု ခံယူနေကြရသည့်သူများများပြားနေပြီး ယခုအချိန်အထိ အသက်ဆုံးရှုံးမှု မရှိသေးသော်လည်း ထိုကဲ့သို့ ကလေးများတွင် ဖြစ်ပွားမှုများနေသည့် ပြင်းထန်သည့် အန်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောမှု ဖြစ်စေသည့် အကြောင်းအရာများအား ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခဒေါ်ယုဇနစောမြင့်နှင့်တွေ့ဆုံမေးမြန်းထားသည်ကို ဖော်ပြပေးလိုက်ပါသည်။

**အခုကလေးတွေမှာ ဖြစ်ပွားမှု များပြားနေတဲ့ အန်ခြင်းနဲ့ ဝမ်းသွားကြတဲ့ ရောဂါအကြောင်း ရှင်းပြပေးပါ ဒေါက်တာ။**

ဖြစ်ပွားမှုကတော့ အရမ်းများနေတဲ့ ရောဂါပေါ့။ ဆေးခန်း ဆေးရုံရောက်လာရင် အန်လား၊ ဝမ်းသွားလားဆိုပြီး ဆီးကိုမေးနေရတဲ့ အခြေအနေပါ။ ဖြစ်တဲ့အကြောင်းရင်းကတော့ အစားအစာတွေကနေ အူလမ်းကြောင်းကို ပိုးရောက်လို့ပါ။ စစ်ဆေးကြည့်လိုက်တဲ့အခါ ရောဂါကူးစက်ခံရပြီးရင် လက္ခဏာက အန်တာနဲ့ စတယ်။ ပိုးတွေက ခန္ဓာကိုယ်အတွင်းက အူနံရံလေးတွေကို ဖျက်ဆီးလိုက်တဲ့အတွက် အူကနေအစာတွေ၊ ရေတွေကိုမစုပ်နိုင်တော့ဘူး။ မစုပ်နိုင်တော့တဲ့အတွက် အန်တာနဲ့ တုံ့ပြန်ပြီး အန်တဲ့အခါမှာလည်း နည်းနည်းမဟုတ်ဘဲနဲ့ ၃ ကြိမ်၊ ၄ ကြိမ်ကနေ တချို့ဆို ၁၀ ကြိမ်မကအန်တာတွေတောင်ဖြစ်ကြတယ်။ တချို့ကလေးတွေမှာ ဝမ်းသွားတာပါပေါင်းဖြစ်ကြတယ်။ ဖြစ်တဲ့အရွယ်တွေကတော့နို့စို့ကလေးကနေ၊မူကြိုတက်တဲ့အရွယ်၊ကျောင်းကြီးတက်တဲ့ အရွယ်ထိ အရွယ်စုံဖြစ်ကြတယ်။

**ဒီရာသီမှာ ကလေးတွေ အန်တာတွေ၊ ဝမ်းလျှောတာတွေက ပုံမှန်ဖြစ်နေကျ ရောဂါတွေပါလား။**

အမှန်ဆိုရင်ဒီရာသီက ဒီလိုမျိုးတွေအများကြီး ဖြစ်ရမယ့်အချိန်လည်း မဟုတ်ပါဘူး။ ပုံမှန်အားဖြင့် ဆောင်းတွင်းမှာ လသားကနေ အသက် ၂နှစ်လောက်အထိကို ဝမ်းပျက်ဝမ်းလျှောဖြစ်စေတဲ့ Rota ဗိုင်းရပ်စ်ကဖြစ်လေ့ရှိပေမယ့် ဒီလောက်လည်း ပျံ့နှံ့မှုမရှိဘူး။ အခု အရမ်းပျံ့နှံ့ဖြစ်ပွားမှုများနေတာက အဲဒီဗိုင်းရပ်စ်အပြင် တချို့ဘက်တီးရီးယားတွေဖြစ်တဲ့ E coli နဲ့ တခြားရောဂါပိုးတွေ ထပ်ပေါင်းဖြစ်နေတဲ့အတွက် ဒီလောက်ပြင်းထန်နေတာလို့ အခုသုတေသနပြုလုပ်တဲ့သူတွေက ပြောတယ်။

**အရင်တုန်းက ဗိုင်းရပ်စ်ကြောင့် ပုံမှန်ဖြစ်တာကနေ အခုဘက်တီးရီးယား အမျိုးအစားတွေပါ ပေါင်းဖြစ်ပြီး ပြင်းထန်သွားတာ ဘာကြောင့်လို့ ထင်ပါသလဲ။**

အဓိကကတော့လိုက်ဖ်စတိုင်ပေါ် မူတည်မလားတော့ ထင်မိတယ်။ စားတဲ့သောက်တဲ့ ပုံစံလေးတွေ၊ နေမှု ထိုင်မှုတွေကလည်း ပြောင်းလာတယ်။ အရင်တုန်းက မရှိခဲ့တဲ့ အကင်တွေ၊ အသင့်စားစရာလေးတွေ များပြားလာတယ်။ အဲဒါတွေကို အပြစ်ပြောလို့ မရဘူးဆိုပေမယ့် ကျက်အောင်မလုပ်ထားတဲ့ အကင်တွေ၊ ပင်လယ်စာတွေမှာ ခုနပြောခဲ့တဲ့ ဘက်တီးရီးယားတွေထဲက E coli လိုရောဂါပိုးတွေ အများအပြားပါတယ်။

စာ(၁၄)သို့

7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# ဈေးကွက်အတွင်း ရောင်းချနေသည့် စားသောက်ကုန်ပစ္စည်းများတွင် အန္တရာယ်ဖြစ်စေသည့် အဏုဇီဝပိုးများ ပါဝင်နေကြောင်းစစ်ဆေးတွေ့ရှိ

ကိုကိုကြီး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄**

ပြည်တွင်းထုတ်ကုန်နှင့် ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်ပစ္စည်းများတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် အဏုဇီဝပိုးများ ပါဝင်သည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးကပြောသည်။

ပြည်တွင်းထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်း ၁၃၅ မျိုးကို နမူနာအဖြစ် စမ်းသပ်စစ်ဆေးရာတွင် အန္တရာယ်ဖြစ်စေသည့် အဏုဇီဝပိုးမွှား ပစ္စည်း ၂၂မျိုးတွင် ပါဝင်သည်ကို တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ၃ပါဝင်ကြောင်း ၎င်းကပြောသည်။ ထို့ပြင်ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်ပစ္စည်း ၁၄မျိုးကို နမူနာအဖြစ် စစ်ဆေးရာတွင် ပစ္စည်း၇မျိုးတွင် အဏုဇီဝပိုးများ ပါဝင်နေပြီး ရာခိုင်နှုန်းအားဖြင့် ကြည့်ပါက ၅၀ရာခိုင်နှုန်းထိ ပါဝင်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

အသင်းက တည်ထောင်ထားသည့် စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဓာတ်ခွဲခန်းတွင် ပထမဆုံး အကြိမ်အဖြစ် ပြီးခဲ့သည့်နှစ်အတွင်း စစ်ဆေးစဉ် အထက်ပါအတိုင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းထုတ် စားသောက်ကုန်များကို နမူနာအဖြစ်စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချနေသည့် ပစ္စည်းများကို ရွေးချယ်စစ်ဆေးခြင်း မဟုတ်ဘဲ ထုတ်လုပ်သည့် လုပ်ငန်းရှင်များတိုက်ရိုက်ရွေးချယ်ပေးသည့် ပစ္စည်းများကိုသာ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေက သူတို့ရဲ့ ထုတ်ကုန်တွေထဲက ပစ္စည်းကောင်းတွေကို နမူနာအဖြစ်စစ်ဆေးဖို့ ပေးတဲ့ထဲမှာတင် ပိုးတွေ ပါဝင်နေတာကိုတွေ့နေရတယ်"ဟု ၎င်းကပြောသည်။

ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်များကိုမူ ဈေးကွက်အတွင်းမှ ရယူစစ်ဆေးခြင်းကြောင့် စစ်ဆေးတွေ့ရှိချက်ပေါ် မူတည်ပြီး အသင်းဝင်များ တင်သွင်းလာသည့် စားသောက်ကုန်များ စံချိန်စံညွှန်းနှင့်အညီ တင်သွင်းရေးကိုသာ အသင်းက အသိပေးနိုင်ပြီး အစိုးရအဖွဲ့အစည်းကဲ့သို့ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ၎င်းက ပြောသည်။

သို့သော် အဆိုပါ စစ်ဆေးတွေ့ရှိချက်များကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တင်သွင်းလာသည့် စားသောက်ကုန်များနှင့်ပြည်တွင်းထုတ်ပစ္စည်းများကို စစ်ဆေးကြီးကြပ်ရာတွင် ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောသည်။

ပိုးမွှားပါရှိသည့် စားသောက်ကုန်များကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူသည့်စနစ် ကျင့်သုံးနိုင်ခြင်းရှိမရှိမှာ စားသုံးသူဆိုင်ရာကာကွယ်သည့်ဥပဒေပြဋ္ဌာန်းထားခြင်း ပေါ်တွင်သာ မူတည်ကြောင်း ၎င်းကပြောသည်။

လတ်တလောတွင် စားသုံးသူကာကွယ်ရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်း မရှိသေးဘဲ စားသုံးသူကာကွယ်ရေးဥပဒေမူကြမ်း(Consumer Protection Law)အဆင့်သာ ပြီးစီးသေးကြောင်း သိရသည်။

"လက်ရှိမှာ ဥပဒေမရှိသေးတဲ့အတွက် ပိုးပါတဲ့ပစည်းတွေကို မသိမ်းဆည်းနိုင်သေးဘူး"ဟု ၎င်းကပြောသည်။

အာဆီယံဒေသတွင်းနိုင်ငံများတွင် ၎င်းဥပဒေကိုမြန်မာနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ၁၉၈၅ခုနှစ်တွင် စားသုံးသူများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် စားသုံးသူများအတွက် ဝယ်ချင်သည့်ပစ္စည်းအား စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိရန်၊ ဝယ်ချင်သည့် ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို ရယူနိုင်ရန်၊ ဝယ်ယူသည့်ပစ္စည်းသည် လုံခြုံစိတ်ချရန်၊ ဝယ်လိုသည့်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို သိရှိနိုင်ရန်၊ စားသုံးသူတို့၏ အခြေခံလိုအပ်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုရရှိရန်၊ အလျော်အစား ရပိုင်ခွင့်ရှိရန်၊ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ ပညာရပ်များ သင်ကြားနိုင်ခွင့်ရှိရန် ပိုမိုလုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်အား ရွေးချယ်ပိုင်ခွင့်ရှိရန်တို့ကို သတ်မှတ်ပေးခဲ့သည်။

## စာ-၁၃၊ မမျှော်လင့်သောသေဆုံးမှုများနှင့်အိမ်သာအသုံးပြုမှု မှ

ဦး နှောက်သွေးကြောပြတ်ပြီး အသက်သေဆုံးမှုများနှင့်လည်း ရင်ဆိုင်ရနိုင်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်က ဆက်လက်ပြောသည်။

"မြန်မာများအသုံးပြုသည့် ဆောင့်ကြောင့်ထိုင်သည့် သန့်စင်ခန်းပုံစံသည် ထိုကဲ့သို့အန္တရာယ်များအပြင် ရောဂါတချို့ကိုလည်း ပိုမိုဆိုးရွားသွားစေသည့် ပုံစံမျိုးလည်းဖြစ်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်ကပြောသည်။

"အသက်ကြီးတော့ ဒူးနာလာတာ သန့်စင်ခန်းသုံးပြီးချိန်ဆို ပိုဆိုးတယ်။ ဒူးရောင်တာလည်း အမြဲတမ်း ပြန်ပြန်ဖြစ်နေတဲ့အတွက် နောက်တော့ ဆရာဝန်က တတ်နိုင်ရန် ဘိုထိုင်အိမ်သာကို သုံးပါလို့ပြောတယ်။ မဟုတ်ရင် ဆောင့်ကြောင့်ထိုင်တဲ့ အနေအထားက နာနေတဲ့ဒူးကိုပြန်ပြန်ဖြစ်ပြီး မပျောက်နိုင်တော့ဘဲ ဖြစ်လိမ့်မယ်လို့ပြောတယ်"ဟု အသက် ၆၅ နှစ်ခန့် ပင်စင်ယူပြီး ကျောင်းဆရာတစ်ဦးက ပြောသည်။

နေ့စဉ်အသုံးပြုနေသည့် သန့်စင်ခန်းအားပြောင်းလဲသုံးရန် မဖြစ်နိုင်ကြသေးသည့်အခါ လူအများအနေဖြင့် မိမိတွင် နာတာရှည်ခံစားရနိုင်မည့် ရောဂါများ မဖြစ်ပွားစေရန် သတိပြုနေထိုင်ခြင်းနှင့် ထိုကဲ့သို့ မမျှော်လင့်ဘဲ အသက်သေဆုံးမှုမရှိစေရန် မိမိရောဂါအခြေအနေအား ကျွမ်းကျင်ဆရာဝန်များနှင့်တိုင်ပင်ဆွေးနွေးခြင်းသည် အကောင်းဆုံးနည်းလမ်းများဖြစ်ကြောင်း သိရသည်။

နှလုံးရောဂါ ရှိနေသူများ တွင်လည်း သန့်စင်ခန်းအသုံးပြုနေသည့် အချိန်များတွင် နည်းနည်းအားစိုက်လိုက်ရုံဖြင့်အသက်ရှူမဝဖြစ်ပြီး ခေါင်းရီဝေရီဝေဖြစ်လာခြင်းများ၊ ဘယ်လက်မောင်း၊ မေးရိုး၊ လည်ပင်း၊ နောက်ကြောများတွင် ထုံသည့်သဘော၊ နာသည့်သဘော၊ ကျင်သည့်ခံစားမှုများ ဖြစ်ပေါ်လေ့ရှိခြင်း၊ ရင်ဘတ်အလယ်တည့်တည့်တွင် ဆွဲဆုတ်ထားသကဲ့သို့ ဝေဒနာများ ခံစားကြရသည့်အခါများတွင် ပင်ပန်းမှုများ ရပ်ဆိုင်းရန် သန့်စင်ခန်းအတွင်းမှ ထွက်ပြီး အနားယူသင့်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်က ပြောကြားသည်။

"ကိုယ့်ရောဂါ အခြေအနေကို မသိထားရင်တကယ်လို့ ကိုယ့်မှာအဲလိုဝေဒနာမျိုးတွေ ရုတ်တရက်ဖြစ်လာရင်တောင် အန္တရာယ်ရှိမှန်းမသိဘဲ အသက်သေဆုံးတာတွေဖြစ်သွားနိုင်တယ်။ ရောဂါအခြေအနေကို အမြဲစစ်ဆေးရင်တော့ သတိပြုရမည့်အချက်တွေကို သိနိုင်တယ်"ဟု အဆိုပါဆရာဝန်က ပြောသည်။

မြန်မာနိုင်ငံတွင် ငွေကြေးကုန်သည့် ဘိုထိုင်အိမ်သာမျိုးသည် ကျန်းမာရေးအတွက် သင့်တော်သည်ဆိုသော်လည်း အများစုသည် မြန်မာအိမ်သာမျိုးကိုပင် အသုံးပြုနိုင်ကြပြီး ဒူးနာရောဂါခံစားနေရသူများ၊ အဝလွန်သဖြင့် အသုံးပြုရန် ပင်ပန်းလွန်းသူများတွင်သာ ပလတ်စတစ်ခုံအား အပေါက်ဖောက်ပြီး သုံးသည့် နည်းလမ်းစသည်တို့ဖြင့် သက်သာစေရန်သာ အသုံးပြုကြကြောင်း သိရသည်။ ထိုသေဆုံးသွားသည့်ဖြစ်ရပ်တွင် ရေစကြိုမြို့ရှိ ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးက သွေးတိုး၊ နှလုံးရောဂါရှိသူများ၊ ဝလွန်းသူများအနေဖြင့် ဘိုထိုင်အိမ်သာသည် အကောင်းဆုံးဖြစ်ကြောင်း အကြံပြုပြောကြားထားသည်ဟု ပါရှိသည်။

ဝသူများသည် အခြား နှလုံး၊ သွေးတိုး ဆီးချိုကဲ့သို့သော ရောဂါများကိုပါ ဆင့်ကဲဖြစ်ပေါ် စေနိုင်သည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်စေမည့် ကိုယ်လက်လှုပ်ရှားမှုများအား အတတ်နိုင်ဆုံး ပြုလုပ်ခြင်းများ၊ ချိုသည့်အစားအစာများ၊ ငန်သည့်အစားအစာများနှင့် အဆီများသော အစားအစာများစားသုံးခြင်းအား သတိပြုသင့်သည့်အပြင် အရက်၊ ဆေးလိပ်များမှာလည်း ရောဂါဖြစ်ပွားလာပါက ပိုမိုဆိုးရွားစေသည့်အတွက် ဆင်ခြင်သင့်ကြောင့်ပညာရှင်များက ပြောကြားထားသည်။

## စာ-၁၄၊ ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခ ဒေါ်ယုဇနစောမြင့် မှ

အသင့်စား အစားအစာတွေထဲမှာလည်း တချို့တွေထဲမှာ မှိုတွေပါတယ်။ အဲဒါတွေကနေ ဖြစ်ပွားလာတယ်လို့ထင်တယ်။ အမေနို့စို့တဲ့ အရွယ်ကလေးတွေကတော့ အမေလက် မသန့်တာတွေ၊ နို့ဘူး မသန့်တာတွေကနေ ဖြစ်ပွားနိုင်တယ်။ အကင်တွေ၊ Seafood တွေ၊ အသင့်စားမုန့်တွေ အရင်တုန်းကလည်း စားနေကြပြီး ဒီနှစ်မှ ဒီလိုအစုလိုက်၊ အပြုံလိုက် ဘာကြောင့်ဖြစ်လဲဆိုတာတော့ စားသုံးတဲ့နှုန်းပဲ ပိုများလာလို့လား၊ ပိုးပါဝင်မှုတွေပဲ ပိုများလာလို့ပဲလား ဆိုတာနဲ့ ဒီနှစ်မှာက ပြင်းပြင်း ထန်ထန်ကိုဖြစ်လို့ ဆေးရုံ၊ ဆေးခန်းကိုပိုရောက်လာလို့ပဲ ပိုသတိထားမိလာတာလားတော့ မသိဘူး။

**ဖြစ်ပွားလာတဲ့ ကလေးတွေကို ဘယ်လိုကုသမှုတွေ ပေးရပါမလဲ။**

အန်တာတွေ၊ ဝမ်းသွားတာတွေ ပြင်းပြင်းထန်ထန်ဖြစ်တဲ့အတွက် ခန္ဓာကိုယ်ထဲမှာ မရှိသလောက်ကိုဖြစ်သွားတဲ့ ဓာတ်ဆားကို ကြိုးစားပြီး ပြန်လည်ဖြည့်ပေးဖို့နဲ့ အစာဝင်အောင်ကျွေးဖို့က အရေးကြီးဆုံးပဲ။ ဒီလို အန်တိုင်းလည်း ပဋိဇီဝဆေးဝါးတွေ တိုက်ဖို့ မလိုအပ်ပါဘူး။ Rota ဗိုင်းရပ်ကြောင့် ဖြစ်တာဆိုရင် ၃ ရက်လောက်အတွင်းပြန်ကောင်းသွားနိုင်တဲ့အတွက် ဆေးထက်ဓာတ်ဆားရည်နဲ့ ပြန်ဖြည့်ဖို့ပဲ လိုတယ်။ အခုကတော့ ဗိုင်းရပ်စ်အပြင် ဘက်တီးရီးယားတွေပါ ပေါင်းပြီးဖြစ်နေတဲ့အတွက် ပျမ်းမျှ ၄ ရက်လောက်ပေမယ့် ခံနိုင်ရည်နည်းတဲ့ ကလေးတွေမှာဆိုရင် တစ်ပတ်လောက်ဖြစ်တာတွေနဲ့ ရောဂါပိုးကိုက အရမ်းပြင်းရင် ပိုရက်ကြာတာတွေ ဖြစ်တယ်။ ဖြစ်တဲ့ကလေးတွေကလည်း ပြင်းပြင်းထန်ထန် အန်ကြတာတွေ ဖြစ်တဲ့အတွက် များသောအားဖြင့် ဆေးရုံကို နောက်မကျခင် ရောက်လာကြတာများ ပါတယ်။

**ဒီလိုဖြစ်ပွားမှုမှာ သတိပြုရမယ့်အချက်လေးတွေရှိရင်လည်း သိပါရစေ။**

ဒီမှာအဓိက သတိပြုသင့်တာကတော့ အအန်ပျောက်ဆေးတွေ၊ ဝမ်းပိတ်ဆေးတွေပါပဲ။ ဆေးတွေမှာအကျိုးနဲ့ အပြစ်တွေ ရှိကြပါတယ်။ အအန်ပျောက်ဆေးတွေမှာဆိုလည်း များသွားရင် အာရုံကြောနဲ့ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးတွေ ချက်ချင်းဖြစ်လာပြီး တက်တယ်၊ သတိလစ်တယ်၊ နောက်ပြီးတော့ မျက်လုံးကြီးက ပြူးပြီးတစ်နေရာတည်းကို စိုက်ကြည့်နေတာတွေနဲ့ ကယောင်ကတမ်းပြောတဲ့ ဦးနှောက်နဲ့ အာရုံကြောနဲ့ ဆိုင်တဲ့ပြဿနာတွေကို ဆေးအရှိန်မပြယ်သေးတဲ့ အချိန်အထိ ခံစားရနိုင်တယ်။ ဒါကြောင့် အအန်ပျောက်ဆေးတွေကို မိမိသဘောနဲ့မိမိ မတိုက်ကြဖို့နဲ့ မများသွားဖို့ အန်တာ မရပ်ဘူးဆိုရင်လည်း အနည်းဆုံး ၄ နာရီ၊ ၅ နာရီလောက်ခြားပြီးမှ တိုက်ကြဖို့ တိုက်တွန်းချင်တယ်။ ဝမ်းပိတ်ဆေးဆိုရင်လည်း ကလေးတွေကို တိုက်ဖို့လုံးဝမသင့်တော်ဘူး။ ဝမ်းပိတ်ဆေးဆိုတာ အူကိုငြိမ်သွားအောင်လုပ်လိုက်တာဖြစ်တဲ့အတွက် ငြိမ်သွားရင် ဗိုက်ကြီးက ကယ်လာပြီး ပိုးတွေက သွေးအတွင်းပြန့်ပြီး သွေးဆိပ်တက်တယ်။ ပိုးပွားနှုန်းတွေများလာတယ်။ အမှန်က သူ့ဘာသာသူ တဖြည်းဖြည်းနဲ့ ရပ်သွားမှာပဲ ဘေးကနေ ဓာတ်ဆားရည်နဲ့ ပံ့ပိုးပေးဖို့ပဲ လိုတယ်။ ဓာတ်ဆားကိုရွေးချယ်တဲ့အခါမှာလည်း အချိုးအဆမှန်တဲ့ ဓာတ်ဆားပဲသုံးသင့်ပါတယ်။ တချို့တွေက အချိုဓာတ် အရမ်းပြင်းထားတဲ့အတွက် အချိုဓာတ်အရမ်းများရင် ဝမ်းပိုသွားစေတယ်။

**ဖြစ်ပွားမှုမရှိအောင်ကြိုတင်ကာကွယ်လို့ရပါသလား။**

ကြိုတင်ကာကွယ်လို့ ရပါတယ်။ အဓိကကတော့ အပြင်စာတွေ ကျွေးတာကို နည်းနည်းကန့်သတ်ဖို့လိုပါတယ်။ နောက်ပြီး အိမ်မှာလုပ်တဲ့ ပူပူနွေးနွေး၊ လတ်လတ်ဆတ်ဆတ် အစားအစာတွေကို စားလေ့ရှိတဲ့ အလေ့အကျင့်လေးတွေ လုပ်နိုင်တယ်။ ပြီးတော့ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားသင့်ပြီး ကလေးကို အဆာပြင်ပေးတဲ့ အချိန်တွေ၊ စားတဲ့အချိန်တွေမှာ ကလေးရော ပြင်ပေးတဲ့သူရော လက်သန့်ရှင်းအောင် လုပ်ခြင်းဖြင့်လည်း ကာကွယ်နိုင်ပါတယ်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

အစာအိမ်အူလမ်းကြောင်းနှင့် ဝမ်းချုပ်ရောဂါကုသခြင်း ( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )
အစာအိမ်အူလမ်းကြောင်းရောဂါအမျိုးမျိုးနှင့် ဝမ်းချုပ်ရောဂါကို (၇)ရက်အတွင်း သက်သာစေပြီး (၁)လအတွင်း ပျောက်ကင်းစေနိုင်ရန် အစွမ်းအာနိသင်ထက်သည့်ဆေးကို အသုံးပြုကုသပေးပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၅၁၈

# Regional

7DAY NEWS JOURNAL

Vol.10, No.50 · MARCH 1 , 2012


## ဇလွန်မြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ကမ်းပါးပြိုကျ၍ လူ ၃၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၅**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင်ဇလွန်မြို့နယ်ကြာအင်းကျေးရွာအုပ်စုရှိရေပေါက်ကြီးကျေးရွာတွင် ယခုလ ၂၀ ရက်က ၂ နာရီကြာကမ်းပါးပြိုကျမှုဖြစ်ပွား၍ လူပေါင်း ၃၅ ဦး အိုမဲ့အိမ်မဲ့ဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုး ခြောက်ဆယ့်ခုနစ်သိန်းကျော်ဖိုးရှိခဲ့ကြောင်းသတင်းရရှိသည်။

ကမ်းပါးပြိုမှုသည် ယခုလ ၂၀ ရက်ည ၇ နာရီမှ ၉ နာရီဝန်းကျင်ထိ ၂ နာရီခန့်ကြာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါရေပေါက်ကြီးကျေးရွာ မြေပြိုမှုသည် မြေပုံညွှန်း GQ - ၈၁၅၃၀၆ တွင် အလျားပေ ၁၀၀ ခန့် ပြိုကျ၍ ဝါးအိမ် ၇ လုံးနှင့် ကမ်းစပ်တွင်ရှိသောစက်လှေ ၁ စီး၊ စက်ဖောင် ၂ စီး၊ လှေ ၄ စီး နစ်မြုပ်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးခဲ့သည့် ဝါးအိမ် ၇ လုံးမှ ကျား ၁၉ ဦးနှင့် မ ၁၆ ဦး၊ စုစုပေါင်း ၃၅ ဦး တို့အား ကျေးရွာအရန် မီးသတ်တပ်ဖွဲ့နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ယာယီတဲများဆောက်လုပ် နေရာချထားပေးခဲ့ကြောင်း သိရသည်။

## အိပ်ရာထဲ ဆေးလိပ်သောက်၍ မီးလောင်ရာမှ အိမ်ခြေ ၄၃ လုံး မီးလောင်ဆုံးရှုံး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မန္တောဝွေးကြီးကျေးရွာတွင် လေဖြတ်ဝေဒနာရှင်က အိပ်ရာထဲ၌ ဆေးလိပ်သောက်ရာမှ မီးလောင်မှုဖြစ်ပွားပြီး အိမ်ခြေ ၄၃ လုံးမီးလောင်ဆုံးရှုံးခဲ့ရကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုသည် ယခုလ ၂၃ ရက်နံနက်၁၁ နာရီခွဲအချိန်က လေဖြတ်ဝေဒနာရှင်ဖြစ်သော ဦးဝင်းအောင်က သုံးပင် နှစ်ခန်း၊ သွပ်မိုး၊ ထရံကာမြေစိုက်နေအိမ်မှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးကျပ် ၅၆ သိန်းနီးပါးရှိသော မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ထောင်စု ၅၃ စုမှ မီးဘေးဒုက္ခသည် ကျား ၁၀၉ ဦးနှင့် မ ၁၀၆ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြင့် မီးဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။

ယင်းမီးလောင်မှုကို ပုဒ်မ ၂၈၈ ဖြင့် သက်ဆိုင်ရာ မီးသတ်ဌာနတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## မုံရွာမြို့အနီးတစ်ဝိုက် အိမ်ခြံမြေ ဝယ်လိုအားမြင့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၁**

ချင်းတွင်းမြစ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းအဖြစ်ဆည်တမံတည်ဆောက်မည့် ရွှေစာရေးရေအား လျှပ်စစ်နှင့် ထမံသီရေအားလျှပ်စစ်စီမံကိန်းများအကောင်အထည်ဖော်ပြီးစီးပါကချင်းတွင်းမြစ်ရေဝပ်ဧရိယာအဖြစ် တည်ရှိမည့်ကျေးရွာများအား သက်ဆိုင်ရာကရေလွတ်ရာသို့ပြောင်းရွှေ့ပေးရန်စီစဉ်ထားသော်လည်းအဆိုပါဒေသခံများ စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်ကြိုတင်စီစဉ်၍ မုံရွာအနီးတစ်ဝိုက်မြေယာဝယ်ယူမှုများကြောင့် အိမ်ခြံမြေဝယ်လိုအားသိသိသာသာ မြင့်တက်လာကြောင်းမုံရွာဒေသခံအိမ်ခြံမြေအကျိုးဆောင်များပြောသည်။

"ချင်းတွင်းမြစ်အတွင်း ရွှေစာရေးနဲ့ ထမံသီရေအား လျှပ်စစ်စီမံကိန်းက အကောင်အထည်ဖော်ဆောင်ရွက်နေတာကြာပြီ။ အဲဒီရေအားလျှပ်စစ်စီမံကိန်းတွေပြီးရင် ကနီမြို့အနီးတစ်ဝိုက်ကျေးရွာနဲ့မြို့ပေါ် ရပ်ကွက်အချို့ချင်းတွင်းမြစ်ရေဝပ်ဧရိယာဖြစ်လာနိုင်တယ်လို့ သတင်းတွေထွက်ပေါ်လာတဲ့နောက်ပိုင်း ကနီမြို့နယ်ကအများစု မုံရွာအနီးတစ်ဝိုက်ကိုပြောင်းရွှေ့နေကြပြီ။ သက်ဆိုင်ရာကပြောင်းဖို့ တရားဝင်ကြေညာတာမရှိသေးပါဘူး။ စီးပွားရေးအရရင်းနှီးမြှုပ်နှံမှု ကြိုတင်ဆောင်ရွက်သူပိုများတယ်။ မုံရွာမြို့ပေါ်ကမြေကွက်တွေက ဝယ်လိုအားများတော့ ချင်းတွင်းတံတား(မုံရွာ)အနောက်ဘက်က အိမ်ရာ စီမံကိန်းမြေတွေနဲ့ မုံရွာအနီးတစ်ဝိုက်ကျေးရွာတွေမှာမြေဝယ်လိုအားပိုများတယ်။ မုံရွာ-ယာကြီး လမ်းဘေးဝဲယာမှာလည်း မြေဝယ်လိုအားပိုများလာတယ်" ဟု ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းပြီးစီးလျှင် ချင်းတွင်းမြစ်ရေဝပ်ဧရိယာ" ဟုခန့်မှန်းထားသော ကနီမြို့ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။



*မုံရွာမြို့အထွက် အဆောက်အအုံသစ်တည်ဆောက်မှုများကို တွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မုံရွာမြို့ပေါ် ရပ်ကွက်ကြီးများတွင် စီးပွားရေးအချက်အချာကျသောနေရာများ၌ကျပ်သိန်းထောင်ဂဏန်းမှကျပ်သိန်းသောင်းဂဏန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့သည့်နောက်ပိုင်း ယခင်နှစ်ပေါင်းများစွာ အရောင်းအဝယ်နည်းပါးခဲ့သော အောင်ချမ်းသာမြို့သစ်ရပ်ကွက်၊ သလ္လာရပ်ကွက်နှင့် နန္ဒဝန် မြို့သစ်ရပ်ကွက်များတွင်ယခင် ကျပ်သိန်းဆယ်ဂဏန်းမှ အိမ်ခြံမြေဝယ်လိုအားမြင့်တက်မှုကြောင့် ယခုနှစ်တွင်ကျပ်သိန်းရာဂဏန်းအထိ မြင့်တက်သွားကြောင်း သိရသည်။

မုံရွာ-ယာကြီး-ကလေးဝကားလမ်းမကြီးသည့်ရာသီမရွေးသွားလာနိုင်ခြင်းမရှိသောကြောင့် ချင်းတွင်းတံတား မုံရွာအနီးအိမ်ရာ မြေစီမံကိန်းမြေများ ယခင်နှစ်ကဝယ်လိုအားကျဆင်းခဲ့သော်လည်းယခုနှစ်ချင်းတွင်းမြစ်ရေဝပ်ဧရိယာဟုဆိုကာကုန်းမြင့်မြေသို့ ပြောင်းရွှေ့သူများကြောင့်ယခင်နှစ်မြေဈေးထက် နှစ်ဆခန့်မြင့်တက်သွားကြောင်းသိရှိရသည်။

မုံရွာ-ယာကြီးလမ်းပိုင်းအတွင်း ချောင်းမကျေးရွာအထက်ပိုင်းမှန်ထောင်ကွေ့အနီးတွင်း အောင်မင်္ဂလာ(မြို့ပေါက်)အိမ်ရာစီမံကိန်းအသစ်အား အကောင်အထည်ဖော်တည်ဆောက်ရန် ပြင်ဆင်လျက်ရှိကြောင်းကနီမြို့နယ်ချောင်းမကျေးရွာ ဒေသခံများပြောကြားချက်အရသိရှိရသည်။

မုံရွာမြို့လယ်ရပ်ကွက်များတွင် မြေအနေအထားအရ ကျပ်သိန်းတစ်ထောင်မှကျပ်သိန်းနှစ်သောင်းအထိ၊မြို့သစ်ရပ်ကွက်များတွင်ကျပ်သိန်း(၅၀)မှ ကျပ်သိန်းတစ်ထောင်အထိ၊မုံရွာ-ယာကြီးလမ်းမကြီး ဘေးဝဲယာအိမ်ယာစီမံကိန်းနယ်မြေတွင် ကျပ်သိန်း(၅၀)မှကျပ်သိန်း(၃၀၀) ဝန်းကျင်အထိအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း မုံရွာဒေသခံအိမ်ခြံမြေအကျိုးဆောင်များ၏ ပြောကြားချက်အရ သိရှိရသည်။ အိမ်ခြံမြေအကျယ်အဝန်းနှင့်မြေနေရာအနေအထားအရ ဈေးနှုန်းအပြောင်းအလဲများရှိသည်။




7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးဒေသများတွင် အမြင့်ဈေးဖြင့် စပါးဝယ်ယူ

**စိုင်းလှမင်း**

**ကောလင်း၊ ဖေဖော်ဝါရီ- ၂၁**

မြန်မာ့မီးရထားက ကောလင်းမြို့ရှိ ဆန်ကုန်သည်များအား ကော်မတီတစ်ရပ်ဖွဲ့စည်းစေပြီး ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးအတွက် ကောလင်း-ရွာထောင်၊ ဝန်းသို - ရွာထောင် တွဲဆိုင်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့သော်လည်း စပါးရောင်းမည့်သူများသာရှိပြီး ဝယ်ယူမည့်သူ မရှိခဲ့ရာမှ ယခုလမှ စတင်ကာ စပါးတင်း ၁၀၀ လျှင် ကျပ်သုံးသိန်းဈေးမှ သုံးသိန်း ရှစ်သောင်းနှုန်းဖြင့် စပါးဝယ်ယူသူများ ကျေးရွာဒေသများထံ လိုက်လံဝယ်ယူနေကြောင်း သိရသည်။

"တောင်သူတွေကတင်ပြကြလို့ ကျွန်တော်တို့ရဲ့ ကော်မတီ တောင်းဆိုချက်များအရ တိုင်းမန်နေဂျာကနေ ယခုလ ၁၀ ရက်ကစပြီး တွဲဆိုင်း(၂၂)တွဲနဲ့ သီးခြားအရန်(၇)တွဲကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ကုန်သည်တွေကို တွဲနေရာရောင်းစားမှုမရှိစေဖို့နဲ့ မိမိခွဲတမ်းကျထက် ပိုလို့တန်ပိုတင်ဆောင်ခြင်းမပြုကြဖို့ စနစ်တကျ ဆောင်ရွက်ထားတဲ့အလှည့်ကျတင်ဆောင်နေရမှုကို မပျက်ပြားစေရန် ညီညီညွတ်ညွတ်နဲ့ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ပြုလုပ်ထားပါတယ်။ အခုလည်း စပါးဈေးတွေက အခြားမြို့နယ်တွေနဲ့ မတူဘဲ ဈေးမြင့်လာပါတယ်" ဟု ကောလင်း-ရွာထောင် သယ်ယူပို့ဆောင်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းစံက ပြောကြားသည်။

"လယ်သမားဆိုတာ လက်ထဲမှာ ငွေပိုငွေလျှံမရှိတဲ့သူတွေကများတယ်။ စပါးဈေးမတက်တော့ အစိုးရဘဏ်ချေးငွေဆပ်ဖို့ကို အမိကထားပြီး တွေးပြီးစိတ်ပူနေရတာပါ။ အခုလတ်တလောစပါးဈေးကနည်းနည်းမြင့်လာတော့ တောင်သူတွေတော်တော်များများ ချေးငွေတွေကို ဆပ်နေကြပါပြီ။ ဘဏ်ချေးငွေကလည်း မတ်လအထိနောက်ဆုတ်ပေးထားတော့အခြားငွေရမယ့်အလုပ်လေးတွေနဲ့ ချေးငွေဆပ်ဖို့ကချင်ပြည်နယ်ဖားကန့်ဒေသကို သွားရောက်လုပ်ကိုင်ကြပါတယ်။ အခုလက်ရှိ စပါးပေါက်ဈေးက မှော်ဘီစပါး ကျပ်သုံးသိန်းခုနှစ်သောင်းမှ ကျပ်သုံးသိန်းရှစ်သောင်း၊ ချင်းသုံးစပါးက ကျပ်သုံးသိန်းငါးသောင်းမှ ကျပ်သုံးသိန်းခြောက်သောင်း ဈေးနဲ့ဝယ်ယူနေပါတယ်" ဟု ဝန်းသိုမြို့နယ် ကျုံးကြီးကျေးရွာမှ တောင်သူဦးမောင်ဝင်းကပြောသည်။

ကချင်ပြည်နယ် မြစ်ကြီးနားဆန်ဈေးကွက်သည် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ဖားကန့်လမ်းကြောင်း ရက်အနည်းငယ်ခန့်ပိတ်နေခဲ့၍ ဆန်အရောင်းအဝယ်လုပ်ငန်းများ ဈေးအေးနေခဲ့သည်။

ယခုအခါ ဖားကန့်ဒေသရှိ ဈေးဆိုင်များ၊ ရွှေတွင်း၊ ကျောက်တွင်းလုပ်ငန်းများ ပြန်လည်ပတ်လာသောကြောင့် ဆန်အရောင်းအဝယ်လုပ်ငန်းများ ပြန်ကောင်းလာမှသာ ဆန်ဈေးကွက်မြင့်လာနိုင်မည်ဟု သိရသည်။




# လူငယ်နှင့် လူလတ်ပိုင်းများ အရက်ကြောင့် သေဆုံးဘဝပျက်မှုများပြားလာဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရွှေတောဒေသများ၊ မိုးကုတ်ကျောက်မျက်တွင်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာအုပ်စုများ၊ မကွေးတိုင်းဒေသကြီးရှိ ကျေးလက်များ၊ ရေနံမှော် ဒေသများတွင် အသက် ၂၀ မှ ၄၀ အရွယ်အမျိုးသားများ အရက်ကျေးကျွန်ဖြစ်ကာ သေဆုံးခြင်း၊ ဘဝပျက်ခြင်းနှင့် မိသားစုဘဝ ဒုက္ခများခြင်းကြုံတွေ့နေရကြောင်း ဒေသခံများထံမှသိရသည်။

သပိတ်ကျင်းမြို့နယ် ချောင်းကြီးဒေသမှ ရွှေလုပ်သားတစ်ဦးက "ကျွန်တော်တို့ဒေသမှာ ကံစမ်းမဲအရက်တွေသောက်ကြတယ်။ ဆိုင်ကယ်ပေါက်မလား၊ ချယ်ရီဝက်ဂွန်ကား ပေါက်မလား၊ ရွှေပြားရမလား၊ ငွေသားသိန်းချီရမလားဆိုပြီး အလုပ်ပင်ပန်းကြတော့ အရက်သောက် အပန်းဖြေရင်း အရက်အဖုံးခွံလေးတွေမှာပါတဲ့ ကံစမ်းမဲတွေကို မျှော်လင့်သောက်ကြတယ်။ ဘယ်သူမှဒီဒေသမှာ ကံစမ်းမဲပေါက်တယ်လို့မကြားမိပါဘူး။ အရက်သောက်တဲ့လူငယ်တွေ အရက်သမားဖြစ်ကုန်ပြီး အရက်ကျွန်နဲ့ ဘဝဇာတ်သိမ်းသွားရပါတယ်" ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်မှ တောင်သူတစ်ဦးက "အရင်က ကျွန်တော်တို့နယ်မှာ ထန်းလျက်က ချက်တဲ့တော အရက်(ထွေးညို) ကိုပဲ သောက်ကြတယ်။ အရက်တွေသောက်ကြတာ အသက်ငယ်ငယ်နဲ့ အရက်ကျေးကျွန်ဘဝနဲ့ မိသားစုဘဝပျက်ပြီး အသက်ဆုံးကုန်ကြတယ်"ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံမှော်တစ်ခုမှ ရေနံတူးသူတစ်ဦးကလည်း "ရေနံမှော်တွေမှာလည်းပြည်တွင်းဖြစ် ကံစမ်းမဲပါတဲ့ အရက်တွေက ပေါမှပေါ။ လက်ဖက်ရည်ဆိုင်ပြီးရင် အရက်ဆိုင်ဟာ ရေနံမှော်တွေမှာ အပေါဆုံးပဲ။ အရက်ကြောင့်အလုပ်ပျက်၊ အကိုင်ပျက် ငွေကုန်ပြီး အရက်ကျေးကျွန်ဖြစ်တာ။ ကံစမ်းမဲအရက်ကြောင့် ဘဝပျက်သူတွေများနေပါပြီ။ ဘယ်သူမှ အရက်ကံစမ်းမဲ ဆိုင်ကယ်၊ လိုက်ထရပ်၊ ချယ်ရီဝက်ဂွန်ကားပေါက်တယ်လို့ မကြားမိပါဘူး"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကိုယ်စားလှယ်ဦးဖုန်းမြင့် အောင်က "ပြည်တွင်းဖြစ် ယမကာအရက်များ ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းအား အခါအားလျော်စွာ ဈေးကွက်တွင် ခေါ် ယူစစ်ဆေးခြင်းပြု၊ မပြု" မေးမြန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က "ပြည်တွင်း၌ ထုတ်လုပ်သော ယမကာ၊ အရက်များအား သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းရှိ၊ မရှိကို ဈေးကွက်နမူနာကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း" ပြန်လည်ဖြေကြားသွားသည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# ပြည်တွင်းတွင် ပြန်လည်အခြေချလိုသူ ပြည်ပရောက်နိုင်ငံသားများ နိုင်ငံသားအဖြစ် လျှောက်ထားရမည်

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**
မြန်မာနိုင်ငံတွင် အခြေချပြန်လည်နေထိုင်လိုပါက ပြည်ပနိုင်ငံသားခံယူထားခြင်းကိုပယ်ဖျက်၍ နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတ၏ အစောပိုင်းမိန့်ခွန်းတစ်ခုဖြစ်သည့်ပြည်ပရောက်နိုင်ငံသားများပြည်တွင်းသို့ ပြန်လာခွင့်နှင့်ပတ်သက်၍ "အဓိကကတော့ ပြည်ပမှာ နိုင်ငံသားခံယူထားရင် အဲဒါကိုစွန့်လွှတ်ပြီး ဒီနိုင်ငံသားအဖြစ် ခံယူရမယ်။ ပြည်ပမှာရှိတဲ့ သံရုံးမှာ လျှောက်ထားပြီးမှ အဲဒ့ီသံရုံးက ဒီကို သဘောထားမှတ်ချက်တောင်းခံပြီးတော့ စိစစ်လို့ ဒီမှာနေခဲ့ကြောင်း အထောက်အထားခိုင်လုံရင်ခွင့်ပြုသွားပါမယ်။ အဲဒီလိုဖြစ်တာနဲ့ သူတို့ရဲ့ သားသမီးတွေလည်း တရားဝင်သတ်မှတ်ပြီးသားဖြစ်သွားပါလိမ့်မယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက 7Day News ၏ မေးမြန်းမှုကိုဖြေကြားခဲ့သည်။

ယင်းမှာပြည်ပတွင် နေထိုင်ပြီး အမျိုးသားမှတ်ပုံတင်မရှိသူများအတွက် သတ်မှတ်ထားခြင်းဖြစ်သည်။ မှတ်ပုံတင်ရရှိပြီးမှ ထွက်ခွာသွားသူများအနေဖြင့်မူ မိမိနေထိုင်ခဲ့သည့် တိုင်းပြည်တွင် နိုင်ငံသားခံယူခြင်းကို ပယ်ဖျက်ရမည်ဖြစ်သည်။

မှတ်ပုံတင်လုံးဝမရှိဘဲ သွားရောက်နေထိုင်သူများအနေဖြင့် ဦးစွာ မိမိနေထိုင်သည့်နိုင်ငံရှိမြန်မာသံရုံးသို့ ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လျှောက်ထားသူသည် အမှန်တကယ် နိုင်ငံသားဟုတ်၊ မဟုတ်၊ ပြည်တွင်း၌ မွေးဖွားသည့် တိုင်းရင်းသားဟုတ်၊ မဟုတ်နောက်ကြောင်းစစ်ဆေးပြီး လက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။

# လူဦးရေအချိုးအစားအရ နိုင်ငံတွင်း ပညာတတ်နှင့် အလုပ်လုပ်ကိုင်နိုင်သည့်ဦးရေ အများဆုံးရရှိထားဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

တိုင်းပြည်၏ လူဦးရေအချိုးအစား အခြေအနေအရ လက်ရှိတွင် မြန်မာနိုင်ငံသည် ပညာတတ်လူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေပမာဏ အများဆုံးရရှိထားပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ ရရှိထားသော အခြေအနေသည် နောင်နှစ်ပေါင်း ၂၀ အထိ အသုံးချနိုင်မည့် Working Force တစ်ခုဖြစ်သည့်အတွက် ကောင်းမွန်စွာအသုံးချနိုင်မည်ဆိုပါက ကြီးမားသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မကြာသေးမီ က မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

"လက်ရှိအခြေအနေကကျွန်တော်တို့ဆီမှာဖြစ်နေတယ်။ အလုပ်လုပ်နိုင်တဲ့အသက်၁၅နှစ်ကနေ၅၉နှစ်အထိ အင်အားစုက အများဆုံးပဲ။ ဘယ်လောက်ကောင်းသလဲဆိုရင် နောက်ထပ်နှစ်ပေါင်း ၂၀အစိုးရသက်တမ်းငါးခုစာလောက်အထိ ရှိနေတာပါ။ ဒီအခွင့်အရေးကို ထိထိရောက်ရောက်အသုံးချနိုင်မယ်ဆိုရင်တော့ Economic Boom ဖြစ်သွားမယ်"ဟု ပြည်ထောင်စုဝန်ကြီးက မကြာသေးမီက ပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်တွေ့ဆုံရာတွင် ပြောကြားသွားခဲ့သည်။

တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူရန်အတွက် ရေးဆွဲသည့်လူဦးရေအချိုးအစားအရ တိုင်းပြည်တွင် လက်ရှိဖြစ်ပေါ်နေသည်မှာ မွေးဖွားမှုနှင့် သေဆုံးမှုနှုန်းနည်းပါးလာခြင်း၊ လက်ထပ်သူနည်းပါးခြင်း၊ အိမ်ထောင်မရှိသေးသူ လူပျိုကြီး၊ အပျိုကြီးများများပြားခြင်းနှင့် ပညာတတ်များ များပြားလာခြင်းတို့ကို တွေ့ရှိရခြင်းဖြစ်ကြောင်းသိရသည်။



ပြည်ပမှ အထည်ချုပ်လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်

ဓာတ်ပုံ - www.betweenonline.com

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

မြန်မာ Win Font မြန်မြန်ရိုက်နိုင်သူ -မ(၁)ဦး၊
**ဖုန်း-၀၉ ၄၃၀ ၂၉၃၈၈**

-------------------------

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ လုပ်ငန်းရှင်အသင်းအတွက် Manager-M/F(1)Post, Operation Staff-M/F (1)Post, Assistant Operation Staff -M(1)Post, အခန်း-၂၀၃၊ ပင်မအဆောင်၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။

-------------------------

KMD ကွန်ပျူတာအတွက် Lenovo Sales Promoter -F(5)Posts၊
**ဖုန်း-၂၄၅၁၈၀၊ ၃၈၅၁၇၇၊ ၃၈၅၈၇၇**

-------------------------

တရုတ် စကားပြန် ကျွမ်းကျင် -မ(၂)ဦး၊
**ဖုန်း-၀၉ ၅၁ ၁၇၁၅၂၊ ၀၉ ၅၃ ၂၀၇၀၁**

-------------------------

အရောင်းဝန်ထမ်း -မ(၂)ဦး၊
**ဖုန်း- ၃၉၈၈၃၂၊ ၂၉၈၈၄၃**

-------------------------

Assistant Factory Manager-M(1),Sales&Drive-M(4),Sales Supervisor(နယ်၊မြို့နယ်)-M/F(2), Accountant -F(4),အမှတ်- ၆ -အေ၊ဦးထွန်းမြတ်လမ်း၊နတ်မောက်ရပ်ကွက်၊တာမွေမြို့နယ်။

-------------------------

ဂိုဒေါင်မှူး-M(1), Office Staff-F(2), Sales & Marketing -M/F(10), အမှတ်-၆-အေ၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။

-------------------------

Sales -F(5)Posts, Service Technician -M(5)Posts,
**Ph: 01-391511, 398297**

-------------------------

စင်ကာပူအသားပြားတွင် ဝက်အူချောင်းအစာသွပ်ဝန်ထမ်း (၂)ဦး၊
**ဖုန်း-၅၁၁၁၄၉**

-------------------------

Care Myanmar INGO is looking for receptionist post based in Yangon. Please request the detailed Terms of Reference at the Care Myanmar office during office hours (8:30 to 5:00) between Monday to Friday or can obtain.
**Ph: 401419, 401420**

-------------------------

Better Life Education & Career Supporting Centre အတွက် Japanese Language Instructor - ကျား/မ (၂)ဦး၊
**ဖုန်း-၃၈၂၅၂၉၊ ၀၉ ၅၁၁၈၈၁၂**

-------------------------

Marketing Mnager -ကျား(၃) ဦး၊ Accountant (LCCI Level III)-မ(၅)ဦး၊ Computer Operator-ကျား/မ(၃)ဦး၊ Designer/ Photoshop -ကျား/မ(၃)ဦး၊ တရုတ်၊ အင်္ဂလိပ် ဘာသာပြန်-ကျား/မ(၃)ဦး၊ Office Staff/ အရောင်းစာရေး ဘွဲ့ရ-ကျား/မ (၅)ဦး၊ Marketing -ကျား/မ (၅)ဦး၊ Driver -ကျား(၃)ဦး၊ Sale Protomor -ကျား/မ(၅)ဦး၊ အရောင်းဝန်ထမ်း (၁၀)တန်း- ကျား/မ(၅)ဦး၊
**ဖုန်း၊ ၂၄၃၈၁၉**

-------------------------

လျှော်၊ သစ်-မ(၂)ဦး၊ ခြေသည်း၊ လက်သည်း ပန်းချီကျွမ်းကျင် -မ(၂)ဦး၊ ခြေထောက်ဆေးစိမ်-မ(၂)ဦး။
**ဖုန်း-၀၉ ၅၀၉၅၈၆၉ (ပြင်ဦးလွင်)**

-------------------------

မဂ္ဂဇင်းတိုက်အတွက် Marketing Executive -မ(၂)ဦး၊ Marketing Assistant -မ(၂)ဦး၊
**ဖုန်း-၂၁၀၈၀၀၊ ၀၉ ၄၉၃၀၃၇၅၆**

-------------------------

Marketing Staff -ကျား/မ(၂) ဦး၊ Sales Promotors -မ(၆)ဦး၊
**ဖုန်း- ၀၁- ၈၅၅၀၁၆၈၊ ၀၉၇၃၀၉၆၉၅၆**

-------------------------

အထည်ချုပ်ဒီဇိုင်းပညာရှင် (အချိန်ပြည့်၊ အချိန်ပိုင်း) -ကျား/မ (၁) ဦး၊
**ဖုန်း-၀၉ ၈၆ ၂၁ ၂၈၃၊ ၀၉ ၄၃၀ ၄၂၃ ၈၈**

-------------------------

သူရိယဝင်းကုမ္ပဏီလီမိတက်အတွက် ယာဉ်မောင်း-ကျား(၃)ဦး၊
**ဖုန်း-၀၉၅၁ ၁၄၉၃၃**

-------------------------

International Ticketing Reservation -M/F(2)Posts,
**Ph: 95 1 392 886, 381 945**

-------------------------

Trinity Treasure Co.,Ltd အတွက် Sale & Marketing Supervisor -ကျား/မ(၅)ဦး၊ Driver -ကျား(၂)ဦး၊ Sales & Marketing Staff -မ(၁၀)ဦး၊
**ဖုန်း-(+၉၅-၁) ၂၉၁၆၅၈၊ ၀၉ ၄၃၁ ၂၃၆၇၇**

-------------------------

Travels and Tour တွင်-မ(၁)ဦး၊
**ဖုန်း-၀၁ ၂၅၂၈၁၄၊ ၀၉ ၄၉၃ ၂၈၉၀၇**

-------------------------

ယာဉ်မောင်း (၁)ဦး၊
**ဖုန်း-၀၉ ၅၅၀ ၆၇၂၂၊ ၀၉ ၇၃၁ ၅၄၃ ၉၂**

-------------------------

ဂျပန်ရိုးရာဆူရှိ ပညာသင် အသက်(၁၆)နှစ်မှ (၁၈)နှစ် (၂)ဦး၊ ဖုန်း-၀၁- ၂၂၃၀၅၀၊ ဂျပန်နည်းစနစ်အတိုင်းဆူရှိပညာသင်လိုသူများ၊ နိုင်ငံခြားသွားမည်သူ(သို့) ဆိုင်ဖွင့်လိုသူများ-
**ဖုန်း-၀၉ ၇၃၀ ၃၈၉၃၃**

-------------------------

နိုင်ငံခြားဘာသာစကား သင်တန်းကျောင်းအတွက် ပြင်သစ်၊ ဂျာမန်၊ စပိန်နှင့် ထိုင်းဘာသာစကားသင်ကြားနိုင်သောဆရာ/ဆရာမများ။
**ဖုန်း-၂၂၉၆၀၁**

-------------------------

ဘွဲ့ရ -မ(၂)ဦး၊ ပန်းချီအနုပညာကို စိတ်ပါဝင်စားသူများ၊
**ဖုန်း- ၀၁ ၅၄၉၃၈၁**

-------------------------

ရုံးဝန်ထမ်း(Word,Excel) -ကျား(၂)ဦး၊အထွေထွေဝန်ထမ်း-ကျား(၄)ဦး၊ **ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃**

-------------------------

ကွန်ပျူတာကျွမ်းကျင်စာရင်းကိုင် (၂)ဦး၊ အထွေထွေလုပ်သား (၁) ဦး၊
**ဖုန်း-၀၉ ၄၉၃ ၄၂၃၅၃၊ ၀၉ ၇၃၁၆၀ ၈၂၃**

-------------------------

Accountance & Receptionist -မ(၁)ဦး၊ Office Staff -မ(၁) ဦး၊ တိုက်-၆၊ အခန်း ၃၀၁၊ ၄ လွှာ၊ ဦးသင်းဖေလမ်း၊ ပါရမီအိမ်ရာ၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်။

-------------------------

Sales Staff -မ(၅)ဦး၊ General -ကျား(၅)ဦး၊
**ဖုန်း-၂၅၆ ၂၈၁၊ ၃၈၁၄၇၂**

-------------------------

Summer Collections အတွက် စက်ချုပ်ကျွမ်းကျင် -မ(၁)ဦး၊
**ဖုန်း- ၀၉-၇၃၉၀၁၂၈၃၊ ၀၉-၅၀၁၉၅၇၉**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

Education
7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# သြစတြေးလျပညာသင်ဆုအစီအစဉ်အတွက် မြန်မာကျောင်းသားများ တိုးမြှင့်ခေါ်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၂၂**

သြစတြေးလျအစိုးရ၏ ယခုနှစ်ပညာသင်ဆု အစီအစဉ်အတွက် မြန်မာကျောင်းသားများအား တိုးမြှင့်ခေါ် ယူသွားမည်ဖြစ်ပြီး ဘွဲ့ကြို သင်တန်းတက်ရောက်မည့်ကျောင်းသားများကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာကျောင်းသား ၁၀ဦးအား ဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခဲ့ပြီးနောက် ၂၀၁၂ခုနှစ်အတွက် ၂၁ ဦးကို ရွေးချယ်ထားပြီး ဖြစ်ကာ ၂၀၁၃ခုနှစ်အတွက် ၃၀ဦးထိ တိုးမြှင့်ခေါ်ယူသွားရန် စီစဉ်ထားကြောင်းသိရသည်။

ထို့အပြင် ယခင်နှစ်များက ဘွဲ့လွန်သင်တန်း တက်ရောက်ရန် ပညာသင်ဆုပေးအပ်ခဲ့သော်လည်း ယခုနှစ်တွင် ဘွဲ့ကြိုသင်တန်းများတက်ရောက်လိုသော ကျောင်းသားများကိုပါ ပညာသင်ဆုပေးအပ်ရန်ဆောင်ရွက်နေကြောင်း သြစတြေးလျသံရုံးမှ သိရသည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများအကြောင်း လေ့လာသင်ယူမည့်သူများအား ပညာသင်ဆုအတွက် ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာသာစကားလိုအပ်ချက်အနေဖြင့် IELTS ရမှတ် ပျမ်းမျှ ၆ ဒသမ ၅ ရရှိထားရမည်ဖြစ်ပြီး TOEFL ရမှတ်အနေဖြင့် အနည်း ဆုံး ၅၈၀ ရရှိထားရန် လိုအပ်မည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် ဧပြီလကုန် နောက်ဆုံးထား၍ သြစတြေးလျ သံရုံးသို့ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး http://www.ausaid. gov.au တွင် အသေးစိတ်ဝင်ရောက်လေ့လာနိုင်သည်။

# ဆီးကြိုနေသော နွေသင်တန်းများ




**နွေရာသီသင်တန်းမျိုးစုံက ကျောင်းသားမိဘများကို အပြိုင်အဆိုင်ကြော်ငြာလျက်ရှိသည်** ဓာတ်ပုံ-ဝေယံ

**နေလင်းထွန်း**

"ကျောင်းပိတ်ချိန်မှာ ရေသွားကူးမယ်။ နောက်နှစ်အတွက် ကျူရှင်ကြိုတက်ရမယ်"ဟု ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ အဋ္ဌမတန်းကျောင်းသားတစ်ဦးက နွေရာသီကျောင်းပိတ်ချိန်အတွက်ပြင်ဆင်ထားမှုကို ပြောသည်။ အခြေခံပညာကျောင်းများ၏ ပညာသင်နှစ်ကုန်လွန်၍ နွေရာသီအားလပ်ရက် ရောက်ရှိလာသော်လည်း မြို့ကြီးများတွင် နေထိုင်ကြသော ကျောင်းသားအများစုအတွက် နွေရာသီသင်တန်းများက အသင့်ဆီးကြိုနေသည်။

မြို့ပြတွင်နေထိုင်သူများသည် ငွေကြေးတတ်နိုင်မှုပေါ်မူတည်၍ မိမိရင်သွေးကို အများတကာထက် ထူးချွန်စေရန် အနုပညာသင်တန်းများ၊ အားကစားသင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများသာမက လာမည့်ပညာသင်နှစ်၏ သင်ခန်းစာများကို နွေရာသီကျောင်းပိတ်ကာလတွင် သင်ယူစေလျက်ရှိကြသည်။

ယင်းကဲ့သို့ဈေးကွက်တောင်းဆိုမှု အနေအထားကြောင့် သက်ဆိုင်ရာနွေရာသီ သင်တန်းအမျိုးမျိုးသည် တစ်နှစ်ထက် တစ်နှစ်များပြားလာသလို နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များမှတစ်ဆင့် အပြိုင်အဆိုင် ဈေးကွက်သို့ ထိုးဖောက်လျက်ရှိကြသည်။

"ကျောင်းသားတွေအတွက် အခွင့်အလမ်းတွေ အမျိုးမျိုးပေါ်လာတာ ကောင်းပါတယ်။ဒါပေမဲ့ ကောင်းကောင်းတော့ ရွေးချယ်ဖို့လိုတာပေါ့။ ကိုယ်တတ်နိုင်တဲ့အတိုင်းအတာရယ်၊ သင့်တင့်တဲ့ ကျောင်းရယ် ဖြစ်ဖို့လိုတယ်။ တစ်ခါတလေကြတော့ မိဘတွေက ဈေးကြီးရင်ပြီးရော ရွေးတယ်၊ တချို့က ဈေးသက်သာတယ်၊ ကြော်ငြာကောင်းတယ်။ ရွေးလိုက်တယ်ပေါ့။ တကယ်တော့ မိဘတိုင်းက ဒါတွေကိုသိဖို့ မလွယ်ပါဘူး။ ဒါပေမဲ့ ကိုယ့်သားသမီးအတွက်မျက်ခြည်မပြတ်လေးဖြစ်နေရင်တော့ အကောင်းဆုံးပါပဲ"ဟု နွေရာသီသင်တန်းကျောင်းများ အပြိုင်အဆိုင်ပေါ် ထွက်လာမှုနှင့် ပတ်သက်၍ ပညာရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

အနုပညာစိတ်ဝင်စားသော ကျောင်းသားလူငယ်များအတွက် ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ အနုပညာအထက်တန်းတို့မှ နွေရာသီသင်တန်းများဖွင့်လှစ်ရန် သင်တန်းသားများဖိတ်ခေါ်နေသလို ပုဂ္ဂလိက အနုပညာသင်တန်းများကလည်း နွေရာသီသင်တန်းများအတွက် ပြင်ဆင်နေကြသည်။

"မတ်လ ၅ ရက်စဖွင့်မယ်။ အသက်ငါးနှစ်နဲ့အထက်ပေါ့။ သင်တန်းကြေးကတစ်လကို(ကျပ်)နှစ်သောင်းခွဲ။ အရင်ကတော့ သင်တန်းသားများတယ်။ အခုက သင်တန်းတွေ များလာတော့ ဘယ်လိုလာမလဲမသိဘူး" ဟု Sun Flower Art Gallery မှပန်းချီဆရာဦးမောင်မောင်သိမ်းက ပြောသည်။

နွေရာသီ ကျောင်းပိတ်ချိန်တွင် ကျောင်းသားများ အဓိကတက်ရောက်ကြသော သင်တန်းများမှာ ဘာသာစကားနှင့် ကွန်ပျူတာပညာရပ်များဖြစ်သည်။အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားမှာ နွေရာသီကာလ၏ ပေါ်ပြူလာဖြစ်သည့် သင်တန်းများဖြစ်ပြီး ပုဂ္ဂလိကဘာသာ စကားသင်တန်းကျောင်းများနှင့်အင်တာနေရှင်နယ်ကျောင်းများက နှစ်စဉ်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယခုနှစ်တွင် ဗြိတိသျှကောင်စီ(မြန်မာ)သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကလေးငယ်များတွက် နွေရာသီ အင်္ဂလိပ်စာ သင်တန်းကို မတ်လတတိယပတ်မှ ဧပြီလထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းခွဲဖြစ်သည်။ ထို့ပြင် ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် အသင်းဝင်ကတ်ပြုလုပ်မည့် အသက် ၆ နှစ်မှ ၁၄ နှစ်အရွယ် ကလေးငယ်များအတွက် ပျော်ရွှင်ဗဟုသုတရဖွယ် အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီအင်္ဂလိပ်စာ သင်တန်းများသည် သက်ဆိုင်ရာသင်တန်းကျောင်းပေါ် မူတည်၍ ကျပ်သောင်းဂဏန်းမှ ကျပ်သုံးသိန်းခွဲထိ ပေးသွင်းတက်ရောက်ရမည်ဖြစ်သည်။ မန္တလေးမြို့မှ ကျောင်းသားနှစ်ဦး၏ မိခင်က"အကြီးကောင်ကိုတော့ ဘော်ဒါပို့မယ်။ အငယ်ကောင်ကိုတော့ အင်္ဂလိပ်စာသင်တန်းတက်ဖို့ စဉ်းစားထားတယ်"ဟု နွေရာသီတွင် မိမိရင်သွေးများအတွက် ပြင်ဆင်ထားမှုကို ပြောသည်။

နွေရာသီသင်တန်းတွင် ကျောင်းသားလူငယ်များ စိတ်ဝင်စားသော သင်တန်းတစ်ခုမှာ ရေကူးသင်တန်း ဖြစ်သည်။ ရေကူးအားကစားသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်သလို ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကိုပံ့ပိုးပေးသဖြင့် ယောကျာ်းလေးအများစု တက်ရောက်သင်ယူလေ့ ရှိသည်။

"စာမေးပွဲပြီးတာနဲ့ လာတက်လို့ရပြီ။ တနင်္လာကနေ သောကြာနေ့ထိ တစ်လခွဲလောက်ဆို တက်တယ်။ အတတ်သင်တာ ကျပ်သုံးသောင်းပါ။ မနှစ်က သင်တန်းချိန်ခြောက်ချိန်ရှိတာ တစ်ချိန်ကို သင်တန်းသားငါးဆယ်လောက်ရှိတယ်။ ဒီနှစ်တော့ ဘယ်လိုလာမလဲမသိဘူး"ဟု သထုံလမ်းရှိ တက္ကသိုလ်ရေကူးကန်မှ ဝန်ထမ်းတစ်ဦးကပြောသည်။

ခေတ်ကာလစနစ် ပြောင်းလဲမှုကြောင့် ကျောင်းသားများ၏ နွေရာသီကျောင်းပိတ်ကာလ အသုံးပြုမှုပုံစံ ပြောင်းလဲလာလျက်ရှိနေသည်။ **စာ(၂၁)သို့**

## စီမံခန့်ခွဲမှု ဘာသာရပ် ရက်တိုသင်တန်း တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ဖေဖော်ဝါရီ - ၂၅**

ပြောင်းလဲလာသည့်စီမံခန့်ခွဲမှုပုံစံများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ အာရှအဆင့်ဈေးကွက်ထိုးဖောက်ခြင်းဆိုင်ရာ သင်ခန်းစာများနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများ ပါဝင်သည့် သုံးလသင်တန်းအား စင်ကာပူနိုင်ငံရှိ Marketing Institute of Singapore တွင် တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းမှာ စီမံခန့်ခွဲမှုဘာသာရပ်အား စိတ်ပါဝင်စားသူများ၊အချိန်မပေးနိုင်သည့်အလယ်အလတ်အဆင့်စီမံခန့်ခွဲမှုနယ်ပယ်တွင် အလုပ်လုပ်ကိုင်နေသူများတက်ရောက်ရန်သင့်တော်ကြောင်း သိရသည်။

သင်တန်းတွင် Conducting Business in Asia, Human Resource Practices,Social and New Media in Asia,Asia-Pacific Marketing,Intercultural Communication and Management, Overview of legal System in Asia အစရှိသည့် ဘာသာရပ်များ သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

Marketing Institute of Singapore(MIS) သည် ၁၉၇၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဈေးကွက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းပြုနိုင်မည့်ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည့် Non-Profit အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

## နေပြည်တော်တွင် ဘုန်းတော်ကြီးသင် အခမဲ့အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ထူးသန့်**

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၂၃**

အင်္ဂလိပ်ဘာသာရပ်ကို စိတ်ဝင်စားသော လူငယ်များနှင့် လုပ်ငန်းခွင်ဝင် အရာထမ်း၊ အမှုထမ်းများအတွက် အခမဲ့အချိန်ပိုင်းသင်တန်းများကိုလာမည့် မတ်လပထမပတ်မှစတင်၍ နေပြည်တော်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ဆရာတော်ဦးနာယကက မိန့်ကြားသည်။

အပတ်စဉ်အင်္ဂါနေ့မှတနင်္ဂနွေအထိငါးရက်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး နေ့စဉ်အချိန်မှ အချိန်ခန့်ရှိကြောင်း မည်သူမဆို နှစ်သက်ရာ အချိန်(အတန်း)၌စာရင်းပေး၍ အခမဲ့ဖြင့်တက်ရောက်သင်ယူနိုင်ကြောင်း၊ သင်တန်းကာလပြီးဆုံးပါက လက်မှတ်များလည်း ထုတ်ပေးမည်ဖြစ်ကြောင်း ဦးနာယကကဆက်လက်၍ မိန့်ကြားသည်။

"သင်တန်းမှာ အရေး၊ အဖတ်၊ အပြော၊ နားထောင်မှု ကျွမ်းကျင်မှုလေးမျိုးစလုံးကိုအစီအစဉ်အလိုက်ပို့ချသွားမှာပါ။တနင်္ဂနွေနေ့တွေမှာဆိုရင်လည်း အထူးအစီအစဉ်လေးတွေ ထည့်သွင်းပို့ချပေးသွားဖို့စီစဉ်ထားပါတယ်"ဟုဦးနာယကက ရှင်းလင်းမိန့်ကြားခဲ့သည်။ လက်ရှိတက်ရောက်ဆဲသင်တန်းသားတစ်ဦးကလည်း "အခု တော့ Grammer တွေများတယ်။ ဖိုနက်တစ်လည်း သင်တယ်။ နောက်သင်တန်းတွေမှာတော့ အင်္ဂလိပ်လို အပြောကျင့်ရတဲ့ လက်တွေ့သင်ခန်းစာလေးတွေပါပါလိမ့်မယ်။ အဲဒါဆိုရင်တော့ ပိုကောင်းသွားတာပေါ့" ဟုဆိုသည်။

နေပြည်တော်တွင် ဘုန်းတော်ကြီးသင် အခမဲ့အင်္ဂလိပ်စာဘာသာရပ်သင်တန်းများအပြင် အခမဲ့ကွန်ပျူတာသင်တန်းများလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုမည့်သူများ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူနိုင်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

၂၀၁၂ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို စတင်ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။ မတ် ၁၂ရက်မှ ၂၂ရက်ထိ ကျင်းပမည့် စာမေးပွဲအတွက် တစ်နိုင်ငံလုံးရှိကျောင်းသားများသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ယူနိုင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသားများအတွက်မူ မတ် ၁ရက်တွင် စတင်ထုတ်ယူနိုင်မည်ဖြစ်သည်။ အခြေခံပညာကျောင်းများမှ ကျောင်းသားများသည် မိမိတို့ကျောင်းအုပ်ကြီးများထံတွင် ထုတ်ယူရမည်ဖြစ်ပြီး ပြင်ပမှဖြေဆိုသော ကျောင်းသားများသည် မိမိတို့ဖြေဆိုမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံတွင် ထုတ်ယူနိုင်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်ထုတ် နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။

# မူကြိုဆရာဖြစ် သင်တန်း အခမဲ့ပေးမည်

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၃**

မူကြိုကျောင်းများတွင် ဆရာ၊ ဆရာမလုပ်လိုသူများအတွက် မူကြိုဆရာဖြစ်သင်တန်းကို အခမဲ့ ပညာသင်ဆုအဖြစ် MMECS နှင့် CDIM (Tip Top) တို့က ပူးပေါင်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာကျောင်း (International School)များ၊ နိုင်ငံတကာမူကြိုကျောင်း (International Pre-School) များတွင် ဆရာ၊ ဆရာမ လုပ်လိုသူများနှင့် ကိုယ်ပိုင်မူကြိုထူထောင်လုပ်ကိုင်လိုသူများအတွက် Certificate in Early Childhood Education ကို Myanmar Muslim Education & Cultural Society နှင့် Capacity Development Institute of Myanmar (TIP TOP) တို့ ပူးပေါင်းကာ မတ် ၅ ရက်မှ ၁၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ပညာရေးသဘောတရား (Education Theory)၊ ကလေးစိတ်ပညာ(Child Psychology)၊ ကလေးသူငယ်ဖွံ့ဖြိုးရေး (Child Development)၊ ပညာရေးစိတ်ပညာ(Education Psychology, Psychological Impact on Teaching & Learning Process) သင်ပြနည်းနှင့် သင်ပြနည်းစနစ်(Method & Methodology, especially for teaching English)၊ စာသင်ခန်း စီမံအုပ်ချုပ်မှု (Educational Administration, Including School Health & Physical Education)၊ ထိရောက်သော သင်ကြားနည်း (Effective Teaching) စသည့် ဘာသာရပ်များကို နိုင်ငံတကာပညာရေးအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ လက်တွေ့ပို့ချပေးမည်ဖြစ်သည်။ ထို့အပြင် အင်္ဂလိပ်စာသင်ပြနည်းသီးသန့်ကိုလည်း အထူးသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံး အထက်တန်းစာမေးပွဲအောင်မြင်သူဖြစ်ပြီး ဘွဲ့ရများလည်း လျှောက်ထားနိုင်ကြောင်းသိရသည်။ သင်တန်းကြေးမှာ (စာရွက်စာတမ်းကြေးမပါ) အခမဲ့ဖြစ်ပြီး လက်ရှိမူကြိုများနှင့် နိုင်ငံတကာကျောင်းများတွင် လုပ်ကိုင်နေသူများကို ဦးစားပေးရွေးချယ် လက်ခံသင်ကြားပေးမည်ဖြစ်သည်ဟု သင်တန်းစီစဉ်သူတစ်ဦးကပြောသည်။ စိတ်ပါဝင်စားသူများသည် MMECS: 09-91010-665, 09-731 92 119, 09-200- 6747, email: myanmarmuslim.ecs@gmail.com နှင့် TIPTOP: CDIM 09-91000-723, 09-9100-1818 email:tiptop.edu@gmail.com သို့မတ် ၂ရက်နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

# စင်ကာပူ MDIS ကျောင်း ပညာရေးဟောပြောပွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

စင်ကာပူနိုင်ငံရှိ MDIS ကျောင်း၌ ဇီဝဆေးသိပ္ပံဘွဲ့တက်ရောက်လေ့လာလိုသူများအတွက် ပညာရေးဟောပြောပွဲကို မတ် ၃ရက် နံနက် ၁၀နာရီမှ ၁၂နာရီထိ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်တွင် ပြုလုပ်မည်ဖြစ်သည်။ ဗြိတိန်တက္ကသိုလ်တစ်ခုမှ ပေးအပ်မည့် ဒီဂရီဘွဲ့ကို အဆိုပါကျောင်းတွင် လေ့လာသင်ယူနိုင်မည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

# အမေရိကန်တက္ကသိုလ်များတွင် မဟာဘွဲ့အကြိုသင်တန်းပညာသင်ဆုပေးအပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

အမေရိကန်တက္ကသိုလ်များတွင် မဟာဘွဲ့သင်တန်းတက်ရောက်နိုင်ရန် မဟာဘွဲ့အကြို သင်တန်းများအတွက် Navitas ပညာရေးအဖွဲ့အစည်းက ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း AT&S ပညာရေးဝန်ဆောင်မှုမှ သိရသည်။ ပညာသင်ဆုများပေးအပ်ရာတွင် ကျောင်းသားများ၏ ပညာအရည်အချင်းကောင်းများရရှိထားမှု၊ ပင်ကိုယ်အရည်အသွေးများ၊ ခေါင်းဆောင်မှုစွမ်းရည်၊ လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခဲ့မှုစသည့်အချက်များပေါ် မူတည်၍ ဘာသာရပ်ကြေးများထဲမှ ၁၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းထိ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## စာ-၂၁၊ ဆီးကြိုနေသော နွေသင်တန်းများ မှ

အထူးသဖြင့် မြို့ကြီးများတွင် နေထိုင်သောကျောင်းသားများအနေဖြင့် ကိုယ်ပိုင်အချိန် အသုံးပြုရမှုထက် သင်တန်းများအတွက် အချိန်ပေးရမှု မြင့်တက်နေပြီဖြစ်သည်။

"အန်တီတို့တုန်းကတော့ နွေရာသီဆိုတာ စိတ်အပန်းဖြေတဲ့ အချိန်ပေါ့။ အားရပါးရ ကိုယ်လုပ်ချင်တာကို လုပ်ခဲ့တဲ့အချိန်ပေါ့။ သီချင်းဝါသနာပါရင် သီချင်းနားထောင်မယ်။ စာတွေရေးမယ်။ အားကစားလုပ်မယ်။ အခုတော့ အဲ့ဒါတွေ လုပ်ဖို့အပြင် တခြားပညာပါထပ်သင်ရတဲ့အချိန် ဖြစ်နေပြီ။ ကွန်ပျူတာဆိုရင်လည်း ကျောင်းတက်နေချိန် မသင်အားရင် အခုချိန်မှာ သင်ရမယ်။ အင်္ဂလိပ်စာဆိုတာကလည်း ကျောင်းစာအပြင် ထပ်သင်ဖို့လိုအပ်နေပါတယ်။ ကျောင်းပြီးမှ သင်မယ်ဆိုရင်လည်း အားလုံးနောက်ကျကုန်မယ်။ ဆယ်တန်းလည်း အောင်ပြီးရော ဒီအတတ်တွေ တတ်ပြီးသား ဖြစ်နေရမယ်"ဟု ပညာရေးကျွမ်းကျင်သူက အကြံပြုသည်။

ပြိုင်ဆိုင်မှု ပြင်းထန်မည့် အနာဂတ်အတွက် ကျောင်းသားလူငယ်များ၏ အရည်အသွေးမြှင့်တင်ထားရန် လိုအပ်လာခြင်းကြောင့် ကျောင်းသားမိဘများအနေဖြင့် သားသမီးပြုစုပျိုးထောင်စရိတ်များ တိုးမြှင့်အသုံးပြုရတော့မည်ဖြစ်သည်။

"သင်တန်းတွေ ပေါ်လာတာ ကလေးတွေအတွက် ကံကောင်းတာပေါ့။ တချို့မိဘတွေအတွက်တော့ ကံဆိုးသလားတော့ မသိဘူး။ ကျောင်းပိတ်လို့ ငွေကုန်သက်သာသွားမယ်ဆိုတာ မရှိတော့ဘူး။ ထပ်ကုန်ဖို့က တန်းစီနေပြီ" ဟု ပညာရေးကျွမ်းကျင်သူက ဆိုသည်။

WINNER WIN ACADEMY

Brand Management

1. Business Communication
2. Resources Allocation Strategy
3. Consumer Choice and Demand
4. Brand Building Strategy
5. Marketing Strategy
6. Perfect Competition
7. Quality and Services Management
8. Reward Management
9. Leadership-Based Performance Management
10. ASEAN Economic Community in 2015 & Myanma Economy

Hot Line - 09-9100-7951, 09-4320-4848. Email : winnerjune17@gmail.com

TRADEMARK CAUTION

CERRUTI 1881 s.a.s. a Company incorporated in France at 3 place de La Madeleine 75008 PARIS, FRANCE Assigned to Cerruti Investment Pte. Ltd, incorporated in Singapore at 315 Outram Road, #14-08 Tan Boon Liat Building, Singapore 169074 is the Owner and Sole Proprietor of the following Trademark:-

CERRUTI SI

Reg: 4/ 5142/2003
Reg: 4/1083/2012

In respect of :" Skin soaps, toilet soaps, shower gel, liquid soaps for hands, face and body, body scrub, bath crystals, mild exfoliants for hair, skin and face, hair shampoo, non medicated haircare preparations, essential oils, massage oils, bath oils, body creams, hand creams, hand lotion and cream, talcum powder; sun care lotions, potpourri, sachets and fragrance emitting wicks for room fragrance".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 1.March.2012

မြန်မာနိုင်ငံမှ ဆရာဝန်ဘွဲ့ရထားသူများ အင်္ဂလန်တက္ကသိုလ်မှ ဇီဝဆေးသိပ္ပံဘွဲ့ကို နောက်ဆုံးနှစ်မှ စတင်တက်နိုင်မည့်အခွင့်အရေး

"The important thing in science is not so much to obtain new facts as to discover new ways of thinking about them."
- William Bragg
MDIS School of Life Sciences



Success begins with a dream. Think MDIS.

UNIVERSITY OF BRADFORD

Bachelor of Science (Hons) in Biomedical Sciences
Awarded by the University of Bradford, UK

Bachelor of Science (Hons) in Pharmaceutical Management*
Awarded by the University of Bradford, UK

Foundation Certificate in Biomedical Sciences
Awarded by MDIS, an Associate institute of the University of Bradford UK.
• Fast-track route to direct honours degrees from 'O' Levels equivalent
• 6 months (Full-time)
• Direct entry into degree programmes

northumbria UNIVERSITY
Bachelor of Science (Hons) Biotechnology*
Awarded by Northumbria University, UK

INFO Talk
Date : 3rd March 2012 (Sat)
Time : 10:00 am - 12:00 noon
Venue : Summit Parkview Hotel (Room No - 228)

*The only Pharmaceutical and Biotechnology programmes with direct honours in Singapore. Relevant diploma/degree holders may be granted advanced standing/exemptions. Degrees are recognised for postgraduate admission into Life Sciences programmes in Singapore, UK and Australia.

CROWN EDUCATION
HEAD OFFICE:
# 228-229,Summit Parkview Hotel,Alone Road,Dagon Township,Yangon.
Tel : 09 732 732 77, 09 730 40 688

www.mdis.edu.sg

MDIS
Management Development Institute of Singapore
Where lifelong learning begins

Technology
7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

## Apple ၏ iOS 5.0.1 တွင် မြန်မာစာ လက်ကွက်သုံးနိုင်ပြီ




**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

Apple ၏ ထုတ်ကုန်များဖြစ်သော iPad, iPod Touch နှင့် iPhone အစရှိသည့် နည်းပညာပစ္စည်းများ၏ နောက်ဆုံးဗားရှင်းဖြစ်သော iOS 5.0.1 အတွက် မြန်မာစာလက်ကွက်ကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း ယင်းစနစ်ကိုတီထွင်ထားသူ၏ ကိုယ်ပိုင်အင်တာနက်စာမျက်နှာမှတစ်ဆင့် သိရသည်။

ထိုကဲ့သို့ Apple ၏ နည်းပညာထုတ်ကုန်ပစ္စည်းများတွင် အဆိုပါ မြန်မာစာဖောင့်ကိုအသုံးပြုမည်ဆိုပါက Jailbreak ပြုလုပ်ထားသောပစ္စည်းများတွင်သာ အသုံးပြုနိုင်မည်ဟု သိရသည်။

Jailbreak ပြုလုပ်သည်ဆိုသည်မှာ Apple ၏ထုတ်ကုန်ပစ္စည်းများအတွင်းသို့ Apple Store မှမဟုတ်သည့် အခြားသော Application များကို ထည့်သွင်းလိုသည့်အခါတွင် ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ရသည့် စနစ်တစ်ခုဖြစ်သည်။

Apple နည်းပညာပစ္စည်းများတွင် အသုံးပြုနိုင်မည့် အဆိုပါ မြန်မာစာဖောင့်စနစ်တွင် ဖောင့်စာလုံး(Font)စေတန်ဂေ့ါက ရေးဆွဲခြင်းဖြစ်ပြီး ကီးဘုတ်ကို ကိုမိုးစက်က တီထွင်ထားခြင်းဖြစ်သည်။

ယင်းမြန်မာစာဖောင့်စနစ်ကို အသုံးပြုလိုသူများအနေဖြင့် မိုဘိုင်းဖုန်းရောင်းဝယ်ရေးဝန်ဆောင်မှုဆိုင်များတွင် သွားရောက်ထည့်သွင်းနိုင်သည့်အပြင် ကိုယ်တိုင်ထည့်သွင်းအသုံးပြုလိုသူများအနေဖြင့် www.saturngod.net နှင့် www.moeseth.com အစရှိသည့် ဝက်ဘ်ဆိုက်လိပ်စာများ၌ ထည့်သွင်းနည်းများကို လေ့လာအသုံးပြုနိုင်မည်ဖြစ်သည်။

Apple အနေဖြင့် ယင်း၏ Mac OS (Operation System) Platform (Apple Laptop နှင့် Desktop များ) စနစ်ပစ္စည်းများတွင်မြန်မာယူနီကုတ်သတ်မှတ်ချက်ကိုထောက်ပံ့သောအား ဖြင့် မြန်မာယူနီကုတ်ဖောင့်စနစ်ကို ပြီးခဲ့သည့်နှစ်က ထည့်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

## တန်ဖိုးနည်းဂျီအက်စ်အမ်ကို ကျပ်နှစ်သိန်းဖြင့် မတ်လအတွင်း ရောင်းမည်ဟုဆို

**နေလင်းအောင်၊ ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

တန်ဖိုးနည်းမိုဘိုင်းဖုန်းစီမံကိန်း၏ ပထမဆုံးအသုတ်အဖြစ်ရောင်းချပေးမည့်ဂျီအက်စ်အမ်ဖုန်းများကို ကျပ်နှစ်သိန်းတိတိဖြင့် မတ်လအတွင်း သုံးစွဲခွင့်ချထားပေးတော့မည်ဖြစ်ကြောင်း အစိုးရနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ထားသည့် ပုဂ္ဂလိကကုမ္ပဏီအချို့မှ သတင်းရရှိသည်။

အဆိုပါဖုန်းချထားပေးမည့် အချိန်အား ဖေဖော်ဝါရီလကုန် မတ်လဆန်းတွင် ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အရာရှိတစ်ဦးက မီဒီယာများသို့ပြောကြားခဲ့သော်လည်း ယခုအချိန်အထိ ရက်အတိအကျကို သတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း ပုဂ္ဂလိကကုမ္ပဏီများထံမှ စုံစမ်းသိရသည်။

အစိုးရက ကျပ်နှစ်သိန်းတိတိဖြင့် ချထားပေးမည့်အဆိုပါဖုန်းများကို တစ်ဆင့်ပြန်လည်ရောင်းချပေးမည့်ကုမ္ပဏီများဘက်ကလည်း သတ်မှတ်ဈေးနှုန်းထက်လုံးဝမပိုဘဲ ရောင်းချပေးသွားမည်ဟု အဆိုပါစီမံကိန်းတွင်ပါဝင်သောပုဂ္ဂလိကဘဏ်မှစီးပွားရေးကုမ္ပဏီကြီးတစ်ခု၏မန်နေဂျာတစ်ဦးကပြောသည်။

"အစိုးရသတ်မှတ်နှုန်းအတိုင်း အတိအကျကိုရောင်းပေးမှာပါ။ ကိုယ်ကြိုက်တဲ့နံပါတ်တွေရွေးလို့ရတယ်၊ မရဘူးဆိုတာကဒီတစ်ခါတော့ ဆက်သွယ်ရေးကကန့်သတ်မယ်လို့သိရပါတယ်။ ကိုယ်ကြိုက်တဲ့နံပါတ်ကို အရင်တစ်ကြိမ်တွေလို စိတ်ကြိုက်ရွေးလို့ ရချင်မှရမယ်။ ဒါပေမဲ့ ဈေးက အစိုးရဈေးအတိုင်းပဲ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အလားတူ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးကလည်း "ကျပ်နှစ်သိန်းတော့ သေချာသွားပြီ။ ဒါပေမဲ့ ဘယ်နေ့ဆိုတာကို လူကြီးတွေက အစည်းအဝေးလုပ်ကြမယ်ကြားတယ်" ဟုဆို သည်။

ငါးနှစ်စီမံကိန်း၏ ပထမအဆင့်အနေဖြင့် အလုံးရေတစ်သန်းကျော်ကို ကနဦးချထားပေးမည်ဖြစ်ပြီး အင်တာနက်အသုံးပြုနိုင်မည့် စနစ်ကိုပါ တစ်ပါတည်းလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မတ်လပထမပတ်အတွင်း ရောင်းချပေးတော့မည်ဟူ၍ မူလက သတင်းများထွက်ပေါ်ခဲ့ပြီး ယင်းနှင့်ပတ်သက်၍ အချက်အလက်များကိုဆက်သွယ်မေးမြန်းနိုင်သည့် ရတနာပုံတယ်လီဖုန်းစင်တာသို့ ဆက်သွယ်စုံစမ်းကြည့်ရာတွင် "ပြီးခဲ့တဲ့ရက်ပိုင်းအထိ လဆန်းမှာရောင်း ပေးမယ်လို့ကြားတယ်။ ဒါပေမဲ့ မနေ့ကပဲ ကျွန်တော်တို့ဆီကို ဆက်သွယ်ရေးကအကြောင်းကြားတယ်။ ရက်သေချာတာနဲ့ ကျွန်တော်တို့ဆီကို အသိပေးမှာပါလို့ပြောလာပါတယ်" ဟု တာဝန်ကျဝန်ထမ်းတစ်ဦးကပြောသည်။

မကြာမီအသုံးပြုနိုင်တော့မည့် အဆိုပါ တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအတွက် လက်ရှိတွင် တာဝါတိုင်ပေါင်း ၇၀၀ ကျော်ကို စိုက်ထူထားပြီဖြစ်ပြီး နောက်ထပ်တာဝါတိုင်အရေအတွက် ၆၀၀ ကျော်ကို ဆက်လက်စိုက်ထူသွားရန်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## Android နှင့် Symbian OS ဖုန်းများတွင် လမ်းညွှန်အချက်လက်များ အခမဲ့သုံးနိုင်




**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

Android နှင့် Symbian OS မိုဘိုင်းဖုန်းများတွင် ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် အချက်အလက်များကို အခမဲ့ထည့်သွင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ လမ်းညွှန်စာအုပ်နှစ်အုပ်တွင်ပါရှိသည့် အဓိကကျသည့်အချက်အလက်ပေါင်း၆၉၀၀ နီးပါးကို အထက်ပါ Android နှင့် Symbian Operation System (OS) တွင် ထည့်သွင်းနိုင်မည်ဖြစ်သည်။

မိုဘိုင်းဖုန်းများတွင် ယင်းကဲ့သို့ ရန်ကုန်နှင့် မန္တလေးမြို့များရှိ စီးပွားရေးလုပ်ငန်းများနှင့် အခြားသော အချက်အလက်များကို အခမဲ့ထည့်သွင်းပေးခြင်းဝန်ဆောင်မှုသည်ပထမဆုံးဖြစ်ကြောင်းသိရသည်။

အင်တာနက်စနစ်ရှိရန်မလိုဘဲ Offline စနစ်ဖြင့် အသုံးပြုနိုင်မည့် ယင်းဝန်ဆောင်မှုကို အဓိကဆောင်ရွက်ပေးသော ကုမ္ပဏီအနေဖြင့် အချိန်နှင့်အမျှ အသစ်ဖြစ်ပေါ်နေသည့် အချက်အလက်များကို အခမဲ့ထည့်သွင်းခြင်းများကိုပါ ပြုလုပ်ပေးသွားမည်ဟု သိရသည်။

ရန်ကုန် လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်စာအုပ်များထဲရှိအချက်အလက်များကို အခမဲ့ရယူသုံးစွဲလိုသူများသည် www.yangon-directory.com သို့သွားရောက်ကာ ဒေါင်းလော့ဒ်ရယူသုံးစွဲနိုင်မည်ဖြစ်သည်။





# အင်တာနက်ဆိုင်များ ဝင်ငွေလျော့၍ ၂၄ နာရီဂိမ်းများဖြင့် တွဲဖွင့်

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

ရန်ကုန်မြို့တွင်းရှိ အင်တာနက်ဆိုင်များမှာ ယခုနောက်ပိုင်း ဝင်ငွေလျော့နည်းလာသဖြင့် ကွန်ပျူတာဂိမ်းများ တွဲဖက်၍ ၂၄ နာရီဖွင့်လှစ်လုပ်ကိုင်နေရကြောင်း စုံစမ်းသိရှိရသည်။

အဓိကအားဖြင့် ၂၀၁၁ ခုနှစ်အတွင်းမှ စတင်၍ ပြည်ပဖုန်းခေါ်ဆိုမှု ဝန်ဆောင်မှုပေးသည့် SkyNet လိုင်းခွဲများ များပြားလာခြင်း၊ အင်တာနက်ဆိုင်များတရားဝင်ပြည်ပဖုန်းခေါ်ဆိုမှုများ မရှိခြင်းကြောင့် ဝင်ငွေလျော့ကျလာရခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယင်းပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် ရေရှည်လည်ပတ်နိုင်ရန်အတွက် အင်တာနက်ဆိုင် အချို့တွင် စက်အလုံးရေထက်ဝက်ခန့်အား ဂိမ်းဝန်ဆောင်မှုအတွက် ပြောင်းလဲကြခြင်းများ ပြုလုပ်၍ ၂၄ နာရီဖွင့်လှစ်ပေးကြောင်း သိရသည်။

"ကျွန်တော်တောင် ဒီဆိုင်ကို နှစ်ကုန်အထိပဲ စာချုပ်ချုပ်ထားတယ်။ တကယ်ကို အင်တာနက်ဆိုင်လုပ်ငန်းက ခေတ်မကောင်းတဲ့အချိန်ဖြစ်နေပြီ။ ဖုန်းမခေါ်ရလို့ အင်တာနက်ကောင်းလားဆိုတော့လည်း အမြဲလိုလိုကွန်နက်ရှင်မကောင်းနေတော့ အင်တာနက်ကဘာမှမရဘူး"ဟုကျောက်မြောင်းကျားကွက်သစ်ရပ်ကွက်အတွင်းရှိ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အချို့ဆိုင်များမှာ ညဥ့်နက်ပိုင်းကစားကြသည့် ဂိမ်းများအတွက် နာရီကြေးလျှော့ယူခြင်း၊ အချိန်ပိုပေးကစားခြင်းများဖြင့် ဆိုင်လည်ပတ်ရန် လုပ်ကိုင်နေရကြောင်း သိရသည်။

အင်တာနက်ဆိုင်များ အနေဖြင့် ၂၄ နာရီဖွင့်လှစ်ခွင့် မရှိသော်လည်းအချို့ဆိုင်များမှာ ရပ်ကွက်အတွင်းမှ ပုံမှန်ကစားသူများကို သာကစားခွင့်ပြုပြီး နားလည်မှုဖြင့် လုပ်ကိုင်နေရကြောင်းသိရသည်။









# လူမှုရေးမီဒီယာများကြောင့် လူအများ အိပ်ရေးပျက်နေ

**လန်ဒန်၊ ဖေဖော်ဝါရီ - ၂၂**

ဗြိတိန်နိုင်ငံသား သန်းပေါင်းများစွာသည် ဖေ့စ်ဘွတ်ခ်၊ တွစ်တာစသောလူမှုရေးဝက်ဘ်ဆိုက်များတွင် နောက်ဆုံးတက်လာသောအခြေအနေများကိုစောင့်ကြည့်နေကြ၍ အိပ်ရေးပျက်နေကြကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံမှ လူ ၆,၀၀၀ အား လေ့လာခဲ့သော စစ်တမ်းတစ်ရပ်အရ လူပေါင်း ၇၂ ရာခိုင် နှုန်းမှာ ၎င်းတို့မအိပ်မီတွင် ဖေ့စ်ဘွတ်ခ် Update များကိုကြည့်ရှုရင်း အိပ်ပျော်သွားကြကြောင်း တွေ့ရှိခဲ့သည်။ ၎င်းတို့ထဲမှ ၂၀ ရာခိုင်နှုန်းက ချစ်တင်းနှောနေချိန်မှာပင် ခေတ္တရပ်၍ဝင်လာသော မက်ဆေ့ချ်များကို ကြည့်ရှုလေ့ရှိသည်ဟုပင် ဖြေကြားကြသည်။

ယင်းသို့ လူမှုရေးကွန်ရက်များကို အသုံးပြုနေခြင်းများကြောင့် ဗြိတိန်နိုင်ငံသားများ၏ အိပ်ချိန်ကိုထိခိုက်ပြီး ပျမ်းမျှအားဖြင့် အိပ်ချိန် ၆ နာရီ ၂၁ မိနစ်သာရှိသည်ဟု စစ်တမ်းကောက်ယူသူများက ဖြေကြားကြရာ ယင်းမှာ အိပ်ချိန်အတွက် အကြံပေးထားသော ၈ နာရီထက် ၁ နာရီ ၃၉ မိနစ်လျော့နည်းသွားခြင်းဖြစ်ကြောင်း စစ်တမ်းတွင်ဖော်ပြသည်။

အိပ်ချိန်နည်းခြင်းအပြင် ကွန်ပျူတာများ၊ ဟန်းဖုန်းများနှင့် အခြားနည်းပညာဆိုင်ရာပစ္စည်းများ သုံးစွဲမှုကြောင့် ယင်းပစ္စည်းများကထွက်ပေါ်သည့် တောက်ပသော အလင်းရောင်များသည် လူတို့၏ဦးနှောက်အပေါ် သက်ရောက်ပြီး ခန္ဓာကိုယ်၏ အိပ်စက်ခြင်းစွမ်းရည်ကိုပါ လျော့ကျစေသည်ဟု အိပ်စက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် မိုက်ကယ်ဟော့စတင်းစ်ကပြောသည်။

—Ref: UPI

# အထူးစီးပွားရေးဇုန်များနှင့် မြို့ပြလူဦးရေ ဖြန့်ဖြူးမှုပြဿနာများနှင့် အမျိုးသားစည်းလုံးညီညွတ်မှု

ဒေါက်တာကျော်လတ်

မြန်မာနိုင်ငံအတွင်း ၂၀၁၀ ပြည့်နှစ်တွင် လူဦးရေ တစ်သိန်းအထက်ရှိသော မြို့ ၁၈ မြို့တွေ့ရှိရပါသည်။ ယင်းတို့တွင် မန္တလေးတိုင်းဒေသကြီး အထက်ပိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မြို့ကြီးခုနစ်မြို့ရှိပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၏ တောင်ဘက်တွင်ရှိသော တိုင်းဒေသကြီးများတွင် မြို့ပေါင်း ၁၁ မြို့ တွေ့ရှိရပါသည်။

အထက်တွင်ဖော်ပြခဲ့သော လူဦးရေတစ်သိန်းအထက်ရှိမြို့များဟုရွေးချယ်ခဲ့ခြင်းမှာ အကြမ်းအားဖြင့် ထိုလူဦးရေအရွယ်အစားရှိသော မြို့များသည်သာမြို့ပြဒေသများနှင့်လိုက်လျောညီထွေသော အခြေခံ အဆောက်အအုံများရှိသောကြောင့်ဖြစ်ပါသည်။ ထိုမြို့အရွယ်အစားဟု ဤဆောင်းပါးတွင် သတ်မှတ်သောမြို့များ၌ နေထိုင်သောလူဦးရေမှာ ၂၀၁၀ ပြည့်နှစ်တွင် မြောက်ပိုင်းဒေသများ၌ သိန်း ၂၀ ကျော်ခန့်နှင့် တောင်ပိုင်းဒေသများတွင် သိန်း ၇၀ ခန့်ရှိကြောင်းတွေ့ရှိရပါသည်။ ဤသည်တို့ကို အခြေခံ၍ နောင်လာမည့် ၁၈ နှစ်ခန့်ဖြစ်သော ၂၀၃၀ ပြည့်နှစ်ခန့်တွင် မြောက်ပိုင်းဒေသများ၌ နေထိုင်ကြသော အထက်ပါ ယခုတစ်သိန်းအထက်ရှိသည့်မြို့ကြီးများရှိ လူဦးရေသည် ၃၅သိန်းခန့်သို့တိုးပွား၍ တောင်ပိုင်းဒေသများတွင်မူ ၁၁၁ သိန်းကျော်ခန့်အထိ တိုးပွားမည်ဖြစ်ပါသည်။ ဤခန့်မှန်းချက်မှာ ၁၉၈၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နှစ်စဉ်တိုးပွားခဲ့သော လူဦးရေတိုးနှုန်းကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

ထိုလွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်က လူဦးရေတိုးနှုန်းအတိုင်းဆက်လက်တိုးပွားလျှင်ဟု အခြေခံခဲ့သော်လည်း အမှန်စင်စစ် မြန်မာနိုင်ငံ၏ မြို့ပြလူဦးရေတိုးမှုသည် နိုင်ငံတော်အစိုးရယခု စီမံလျက်ရှိသော စီမံကိန်းများကြောင့် မြို့ပြလူဦးရေအပြောင်းအလဲများစွာ ပေါ်ပေါက်မည်ဖြစ်ပေသည်။ SEZ ခေါ် အထူးစီးပွားရေးဇုန်စီမံကိန်းများသည် ထားဝယ်မြို့၊ ကျောက်ဖြူမြို့နှင့် ရန်ကုန်မြို့အနီးရှိ သီလဝါတို့တွင် စီမံထားကြပြီး မြောက်ပိုင်းဒေသများတွင်မူ ထိုကဲ့သို့အထူးစီမံကိန်း ထားရှိကြောင်းကို မတွေ့ရှိရပါ။ အထက်ဖော်ပြပါအထူးစီးပွားရေးဇုန်စီမံကိန်းများကြောင့် ထပ်မံတိုးပွားလာမည့် လူဦးရေမှာလည်း နောင်လာမည့် ၂၀၃၀ပြည့်နှစ်အထိနှစ်သန်းမှသုံးသန်းခန့်ရှိမည်ဟု ခန့်မှန်းနိုင်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေအရ လုပ်သားဦးရေ တစ်သိန်းခန့်အတွက် လုပ်ငန်းရပ်များဖော်ထုတ်လျှင် လူဦးရေခုနစ်သိန်းမှ ရှစ်သိန်းခန့်အထိ တိုးပွားလာနိုင်ပါသည်။ ယင်း၏ဖြစ်ရပ်မှာ လုပ်သားဦးရေတစ်သိန်းခန့်သည်ယင်းတို့၏ မိသားစုများနှင့်ပေါင်းသော် လေးသိန်းမှ ငါးသိန်းခန့်အထိ လူဦးရေတိုးပွားလာပါမည်။ ထိုလေးသိန်း - ငါးသိန်းခန့်ရှိသော လူဦးရေအပေါ်မှုတည်၍ ခုနစ်သိန်း- ရှစ်သိန်းခန့်အထိ တိုးပွားပေါ်ပေါက်လာခဲ့ပါသည်။ ဤဖြစ်ရပ်ကိုမြို့ပြစီမံကိန်းပညာရပ်တွင် Gravitation ဟုပင် သုံးစွဲခေါ်ဆို၍ ဆွဲငင်ခြင်းဆိုသောအဓိပ္ပာယ်ပင်သက်ရောက်သည်။



ထားဝယ်စီမံကိန်း လုပ်ငန်းခွင်တစ်နေရာ

ဓာတ်ပုံ-အိဖြူမွန်

တင်ပြခဲ့သည်တို့ကိုခြုံ၍သုံးသပ်ပါလျှင် မြန်မာနိုင်ငံအထက်ပိုင်းတွင် ရှိသောဒေသများတွင် တစ်သိန်းအထက်ရှိသော မြို့ပြဒေသလူဦးရေမှာ ၂၀၃၀ ခုနှစ်တွင် ၃၅ သန်းခန့်သာပေါ်ပေါက်နိုင်ပြီး မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင်မူ ပုံမှန်လူဦးရေတိုးနှုန်းအရသိန်း ၁၁၁ ခန့်အပြင် SEZ ခေါ် အထူးစီးပွားရေးဇုန်များ၏ ဆွဲဆောင်မှုကြောင့် သိန်း ၂၀ ခန့် ပိုမိုတိုးပွားပြီး စုစုပေါင်း သိန်း ၁၃၀ ကျော်ခန့်အထိ တိုးပွားနိုင်မည်ဖြစ်ပါသည်။ ဤသို့ မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများတွင် ဖွံ့ဖြိုးမှုကွာဟချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကောင်းသောလက္ခဏာတစ်ရပ်မဟုတ်ပေ။ မြောက်ပိုင်းတွင်ရှိသောပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ပြဒေသကြီးများတွင် လူဦးရေနည်းပါးပြီး စီးပွားရေးလုပ်ငန်းရပ်များအတွက် စီမံကိန်းများ မရှိသဖြင့် ပြည်ထောင်စုအတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ထိခိုက်နိုင်သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူဦးရေဖွံ့ဖြိုးမှု နည်းဗျူဟာတစ်ရပ် လိုအပ်လျက်ရှိကြောင်းကို ဖော်ပြလျက်ရှိပါသည်။ ယင်းအမျိုးသားလူဦးရေဖြန့်ဖြူးမှုနည်းဗျူဟာ National Human Settlement Policy သည် မြန်မာနိုင်ငံတော်အတွက်လွန်စွာအရေးကြီးလိုအပ်လျက်ရှိသော အမျိုးသားစည်းလုံးညီညွတ်ရေးကို အခြေခံရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်၏ ဒုတိယမြို့တော်ဖြစ်ပြီး မြောက်ပိုင်းဒေသများတွင် ပါဝင်လျက်ရှိသော မန္တလေးမြို့ကို နောင်လာမည့် နှစ်ပေါင်း ၂၀ ခန့်အတွင်း လူဦးရေ သုံးသန်းခန့်နေထိုင်နိုင်မည့် မြို့ပြဒေသကြီးအဖြစ် စီမံကိန်းရေးဆွဲ၍ အကောင်းအထည်ဖော်သင့်ပေသည်။

ထို့အပြင် မြောက်ပိုင်းဒေသများတွင်ရှိသော အလားအလာရှိသော မြို့ကြီးများဖြစ်သည့် လားရှိုး၊ မုံရွာ၊ တောင်ကြီး၊ ကျိုင်းတုံမြို့ အစရှိသည်တို့မှ လူဦးရေငါးသိန်းမှ တစ်သန်းခန့်အထိ နေထိုင်သော မြို့ပြဒေသကြီးများအဖြစ် စီမံကိန်းရေးဆွဲ၍ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းရပ်များနှင့် အကောင်အထည် ဖော်သင့်ပေသည်။


ယင်းသို့ မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးဆုံးသောလုပ်ငန်းရပ်များ၊ Infrastructure ခေါ် အခြေခံအဆောက်အအုံများကို ဖော်ထုတ်ရန်ဖြစ်သည်။ ထိုအခြေခံအဆောက်အအုံများမှ ရေပေးစနစ်၊ လမ်းပန်းဆက်သွယ်ရေးစနစ်များအပြင် လျှပ်စစ်ကဏ္ဍသည်လည်း လွန်စွာအရေးကြီးပေသည်။ မြို့ပြဒေသများကိုလုံလောက်စွာလျှပ်စစ်စွမ်းအင်ပေးနိုင်ပါလျှင် ထိုမြို့ကြီးများတွင် လူအများကို အလုပ်အကိုင်များပေးနိုင်သော စက်ရုံ၊ အလုပ်ရုံများလည်း ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများတွင်ရှိသည့် ၂၀၁၀ ပြည့်နှစ်တွင် တစ်သိန်းကျော်လူဦးရေရှိသည့်မြို့များ နှင့် ယင်းမြို့များတွင် နောင်အနှစ် ၂၀ ခန့်တွင် တိုးပွားလာမည့် လူဦးရေကိုဖော်ပြသောဇယားကို တွဲဖက်ဖော်ပြထားသည်။ (ကျောက်ဖြူမြို့သည် ယခု လူဦးရေ ၂၀,၀၀၀ ခန့်သာရှိသော်လည်း အထူးစီးပွားရေးဇုန်စီမံကိန်းကြောင့် နောင်အနှစ် ၂၀ ခန့်တွင် များစွာကြီးထွားလာနိုင်ပေသည်။)

| စဉ် | မြို့များ | ၂၀၁၀ လူဦးရေ(သိန်း) | ၂၀၃၀ ခန့်မှန်း လူဦးရေ(သိန်း) | စီးပွားရေးအထူးဇုန်ကြောင့် လူဦးရေတိုးပွားလာမှု |
|---|---|---|---|---|
| ၁။ | မန္တလေး | ၉. ၃ | ၁၄. ၁ | |
| ၂။ | မုံရွာ | ၂. ၆ | ၅. ၁ | |
| ၃။ | မိတ္ထီလာ | ၂. ၄ | ၄. ၉ | |
| ၄။ | မြင်းခြံ | ၂. ၀ | ၃. ၉ | |
| ၅။ | မြစ်ကြီးနား | ၁. ၅ | ၂. ၉ | |
| ၆။ | လားရှိုး | ၁. ၈ | ၂. ၅ | |
| ၇။ | စစ်ကိုင်း | ၁. ၀ | ၁. ၈ | |
| | မြန်မာနိုင်ငံအထက်ပိုင်း ဧရိယာများစုစုပေါင်း | ၂၀. ၅၉ | ၃၅. ၀၉ | ၃၅. ၀၉ |

| စဉ် | မြို့များ | ၂၀၁၀ လူဦးရေ(သိန်း) | ၂၀၃၀ ခန့်မှန်း လူဦးရေ(သိန်း) | စီးပွားရေးအထူးဇုန်ကြောင့် လူဦးရေတိုးပွားလာမှု |
|---|---|---|---|---|
| ၁။ | ရန်ကုန်စည်ပင်နယ်နိမိတ် | ၅၀. ၀ | ၇၇. ၀ | ၁၀. ၀၀ |
| ၂။ | မော်လမြိုင် | ၄. ၂ | ၆. ၈ | |
| ၃။ | ပဲခူး | ၂. ၈ | ၄. ၃ | |
| ၄။ | စစ်တွေ | ၂. ၂ | ၃. ၇ | |
| ၅။ | ပုသိမ် | ၂. ၅ | ၃. ၇ | |
| ၆။ | မြိတ် | ၁. ၉ | ၃. ၂ | |
| ၇။ | ပြည် | ၁. ၈ | ၃. ၂ | |
| ၈။ | ပခုက္ကူ | ၁. ၅ | ၂. ၅ | |
| ၉။ | ဟင်္သာတ | ၁. ၆ | ၂. ၇ | |
| ၁၀။ | ထားဝယ် | ၁. ၅ | ၂. ၅ | ၁၀. ၀၀ |
| ၁၁။ | မကွေး | ၁. ၁ | ၁. ၉ | |
| ၁၂။ | ကျောက်ဖြူ | ၀. ၂ | ၀. ၄ | ၅. ၀၀ |
| | မြန်မာနိုင်ငံအောက်ပိုင်း ဧရိယာများစုစုပေါင်း | ၇၁. ၁၆ | ၁၁၁. ၅၀ | ၁၃၆. ၅၀ |

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012



# လောကကို အလှဆင်နိုင်သူ

တင့်နိုင်

ရင်းနှီးကျွမ်းဝင်သူ မိတ်ဆွေများကိုကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်၍ “ခင်ဗျားတို့သားသမီးတွေကိုအနာဂတ်မှာ ဘယ်လိုလူမျိုးတွေဖြစ်စေချင်သလဲ” ဟု မေးလိုက်တိုင်း သူတို့ကတလွဲဖြေကြသည်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာပညာရှင်၊ စီးပွားရေးပညာရှင်စသဖြင့်ပြောကြသည်။ သူတို့ဆန္ဒတွင် သားသမီးများ၏ အနာဂတ်ကိုငွေကြေး၊ ဂုဏ်ပကာသနပေတံဖြင့် တိုင်းတာပြီးပြောကြသည်။ အဆိုးဆုံးမှာ သူတို့၏ ဖြစ်စေချင်သောဆန္ဒကိုသာအဓိကထားပြီး သားသမီးများ၏ ဆန္ဒ၊ ဝါသနာတို့ကိုမျက်ကွယ်ပြုလိုက်ခြင်းပင်ဖြစ်သည်။

ကျွန်တော် သူတို့ကို မေးသည်က အသက်မွေးဝမ်းကျောင်းကိစ္စမဟုတ်။ စိတ်အနေ၊ စိတ်စရိုက်ကို မေးလိုက်ခြင်းသာဖြစ်သည်။ ငွေကြေးအရာမှာ ကျိကျိတက်ချမ်းသာသူဖြစ်လာရုံမျှနှင့် ရာထူးဌာနန္တရ ကြီးကြီးမားမားရလာရုံမျှနှင့် လူဖြစ်ကြပြီလား။ ဒါမှမဟုတ် မိတ္တဗလဋီကာကို အရည်ကျိုသောက်၊ စကားကို ပန်းအိုးထိုးသလို ထိုးပြီး လှလှပပပြောတတ်ရုံနှင့် လူဖြစ်ကြပြီလား။ အမုန်းကိုဖုံးကွယ်ထားနိုင်သောအပြုံးပိုင်ရှင်မျိုး၊ သံတမန်စကားနှင့်ပြောကြားတတ်သော်လည်း စကားနောက် တရားမပါဘဲ ကတိဖျက် တရားပျက်သူမျိုးဟု ဆိုပါလျှင် ကျွန်တော်တို့မည်သို့စဉ်းစားကြပါမည်နည်း။

ကျွန်တော်ကတော့ ကျွန်တော့်ကလေး လေးယောက်ကို လူသားတစ်ဦး၏ ဘဝအစစ်အမှန်ကို ခံစားနားလည်သောသူတစ်ဦးဖြစ်လာနိုင်ရေးကိုသာ ဦးတည်ထိန်းကျောင်းသည်။ ယခုအခါ ဘွဲ့ရ ပညာတတ် အရွယ်ရောက်နေပြီဖြစ်ကြသော ကျွန်တော့်သားသမီးများကိုကြည့်ပြီး သူတို့တစ်တွေက ကျွန်တော် ပြုစုပျိုးထောင်မှုတော်၍ ကလေးတွေ ဤသို့ဖြစ်လာကြသည်ဟု ထင်မှတ်ယုံကြည်နေကြသည်။ မဟုတ်။ ကျွန်တော် သူတို့ထက် သာနေသည်က ကျွန်တော့်ကလေးများ၏ စိတ်ခံစားမှုကိုငယ်စဉ်ကတည်းကပင် အလေးထား၊ လေးစားမြင်ယောင်ဖြစ်သည်။ သူတို့တစ်တွေ၏ တစ်နေ့တာဘဝ ရပ်တည်လှုပ်ရှားမှုများကို သူတို့ကိုယ်တိုင် ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးဖြတ်သန်းသွားနိုင်အောင် ကျွန်တော်တို့က ကူညီသည်။ ကျောင်းမှအပြန် သားသမီးတစ်ယောက်ယောက်မျက်နှာမကောင်းဖြစ်နေပါလျှင်ပင်ကျွန်တော်မမြင်၊ မတွေ့ရသော မျက်ကွယ်မှ သူတို့လေးတွေ၏ ဘဝတစ်ခြမ်းကိုကျွန်တော်စုံစမ်းသည်။ ဂရုတစိုက်၊ အလေးအနက်ထားလေ့လာသည်။ ကျောင်း၌ “ဘာဖြစ်ခဲ့သလဲ” ဟူသည်ကိုစုံစမ်းသည်။ လိုအပ်လျှင် ဆရာမနှင့် တိုင်ပင်သည်။ အခန်းပြောင်းသည်။ အပေါင်းအသင်းသစ်ကို ဖန်တီးပေးသည်။ ထိုမျှ သားသမီးများအတွက်ကျွန်တော်တို့က အချိန်ပေးပြုလုပ်သည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် သားသမီးလေးယောက်စလုံးကို ရဲဘော်၊ ရဲဘက်သဖွယ်ပေါင်းသင်းဆက်ဆံသည်။ ခိုင်မာသော၊ ရင်းနှီးပွင့်လင်းသော၊ နွေးထွေးအေးမြသော ဆက်ဆံရေးကိုတည်ဆောက်ရယူသည်။ ကျွန်တော်တို့ ပြောသည်ထက် သူတို့ကို ပြောခွင့်ပြုသည်။ သူတို့၏ စကားကို နားထောင်သည်။ အမိန့်ပေးဆက်ဆံမှု ကျွန်တော်တို့တွင် မရှိပေ။

ဒါဖြင့် အရာရာ ခွင့်ပြုထားသော ကလေး၊ အလိုလိုက်ခြင်းခံထားရသောကလေး(Privileged Child)အဖြစ် ထိန်းကျောင်းကြီးပြင်းလာစေသလား။ မဟုတ်ပါ။ တောင်းဆိုသမျှကို ခွင့်ပြုတတ်သော မိဘအုပ်ထိန်းသူအမျိုးအစားတွင် ကျွန်တော်တို့ မပါပါ။ ကျွန်တော်တို့က ကလေးကို သူမတောင်းဆိုမီကပင် ပေးသင့်ပေးထိုက်သည်များကို ပေးထားခဲ့ပါ၏။

ဆိုပါစို့။ ကျောင်းကပြန်လာသောကလေးကို အိမ်စာပါလာသော်လျှင်မှ ဆန္ဒရှိနေလျှင် ဆော့ခွင့်၊ ကစားခွင့်ပေးသည်။ ကလေးကို ကလေးဘဝလေး ရစေချင်သည်။ လူကြီးဘဝရောက်တော့မှ ကလေးဘဝကို ပြန်ရချင်၍ ရနိုင်မည်မဟုတ်။ ယုံချင်ယုံပါ။ ကျွန်တော့်ကလေး လေးယောက်စလုံး ယခုအဆင့်သို့ ရောက်လာသော်လည်း ကျွန်တော်သည် ရှစ်တန်းရောက်ပါမှ ကျူရှင်နှစ်ဘာသာယူခွင့်ပြုသည်။ ဒါတောင် နာမည်ကြီး‘ဝိုင်း’မဟုတ်။ ကျောင်းသားသုံးလေးဆယ်ရောသင်ရသော ဝင်ငွေနည်းမိဘများသာ ထားနိုင်သောကျူရှင်မျိုးဖြစ်သည်။ ဆရာဝန်ဖြစ်သော သမီးငယ် နန်းအိမ်ရိပ်ကိုပင် Guide ခေါ်မပေးခဲ့ပါ။ သမီးငယ်သည် ကျောင်း ၂နှစ်နားပြီး ကျူရှင်ပြ၊ Guide လုပ်၊ ငွေစုပြီးမှ ဆရာဝန်ဖြစ်အောင် သူ့ဘာသာသူ ကြိုးစားခဲ့သူ ဖြစ်သည်။ ကျွန်တော်ပေးနိုင်သည်ကစိတ်ခွန်အားသာဖြစ်သည်။

ဆိုလိုသည်မှာ သူတို့တစ်တွေက သူတို့ကလေးတွေ၏ အနာဂတ်ကို ငွေကြေးနှင့်တိုင်းတာတွက်ချက်သည်။ အထူးကု ဆရာဝန်ကြီးဖြစ်လာလျှင် တစ်လ ငွေဘယ်လောက်ရမည်။ အင်ဂျင်နီယာကြီးဖြစ်လာလျှင် တစ်နှစ် ငွေဘယ်လောက်ရမည်။ အနာဂတ် သူတို့လျှောက်လှမ်းရမည့်ဘဝကိုငွေနှင့်တိုင်းတာသည်။ ကျွန်တော်ကတော့ သူတို့လို တစ်ခါဖူးကမှ တွေးမကြည့်ခဲ့ဖူးပါ။ ကျွန်တော့်ကလေးလေးယောက်ကို ‘စိတ်ယဉ်ကျေးသူ’အဖြစ် ပြုစုပျိုးထောင်သည်။ လူ့လောကတွင်ထောင့်တစ်ထောင့်တစ်နေရာမှ အသုံးဝင်၊ အရာရောက်သူ လူသားတစ်ဦးဖြစ်စေချင်သည်။ ဆရာဝန်မလေးကို ကျန်းမာရေး စောင့်ရှောက်မှုအလွန်လိုအပ်နေသော မြန်မာနိုင်ငံ ကျေးလက်တွင်ဖိနပ်မပါဆရာဝန်မလေးတစ်ယောက်အဖြစ်မြင်ချင်သည်။ သူလုပ်မည် မလုပ်မည်ကို ကျွန်တော်မသိ။ အရွယ်ရောက်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရပ်တည်ခွင့်ပေးခဲ့ပြီးသော သမီးငယ်၏ ဆန္ဒသာအဓိကဖြစ်သည်။ ငွေကြေးအရာမှာထားစရာမရှိလောက်အောင် ဖြစ်နေသော်လည်း လူ့လောကကိုဘာတစ်ခုမှအထောက်အကူမပြုနိုင်ဘဲ အမှိုက်တစ်စဖြစ်နေသူမျိုး၊ ရာထူးကြီးပြီး လူ့အဖွဲ့အစည်းကို ဖျက်ဆီးနေသူမျိုး မဖြစ်စေလိုပါ။ ကျွန်တော်က စိတ်အနေစိတ်စရိုက်ကောင်းပြီး ကိုယ်လွတ်မရုန်းသူဖြစ်လာရန်ကိုသာ ဦးတည်သည်။ ဖြစ်နိုင်ပါက ကျွန်တော့် သားသမီး လေးယောက်သည် မြန်မာ့လူ့အဖွဲ့အစည်းအတွက်မရှိမဖြစ်လိုအပ်နေသောလူသားကလေးများ ဖြစ်နေစေချင်သည်။ ပလက်တီနမ် တစ်ပိဿာလောက်ကိုကိုယ်ပေါ်တွင်အလေးခံသယ်ယူနေသည့် ဤကမ္ဘာကြီးက ညည်းညည်းညူညူ ထားရသည့် ဆန်ကုန်မြေလေး တစ်ယောက်မဖြစ်လာအောင်တော့ ကျွန်တော် အထူးဂရုစိုက်သည်။

နိဂုံးပြုဆိုပါမည်။ ၂၁ ရာစု နည်းပညာခေတ်တွင် နည်းပညာအသစ်များဖွံ့ထွားရှင်သန်လာနေပါ၏။ ပညာရှင်များလည်း စက္ကန့်နှင့်အမျှ ပေါက်ဖွားလာနေပါ၏။ ထိုနည်းပညာသစ်များ၊ ထိုပညာရှင်များဖြင့် ဤကမ္ဘာကြီးငြိမ်းချမ်းလှပလာအောင် ပြုလုပ်ပေးခြင်းကိုသာ ကျွန်တော်မျှော်လင့်သည်။ ထိုနည်းပညာအသစ်များဖြင့် ပညာရှင်များကိုယ်တိုင် အနာဂတ်ကို ဖျက်ဆီးပစ်လိုက်သည်မျိုးကိုမူ ကျွန်တော်မလိုလားပါ။ မဟာဂန္ဓာရုံဆရာတော်ဘုရားအရှင်ဇနကာဘိဝံသကမူ သူ၏ စည်းကမ်းချက် ၁၀ ချက်အနက် စိတ်ကောင်းရှိမှုကို ပထမဟု သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ စိတ်ယဉ်ကျေးပါမှ ဤလောကကြီးကို ငြိမ်းချမ်းသာယာမှုကို သယ်ဆောင်လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အစစ်အမှန်ကို ပြောပြရန်လိုမည်မထင်ပါ။ ဗွက်ပေါက်နေသော အနေအထားကြားမှ လှပသောအနာဂတ်တစ်ခုကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားရာ၌ ပညာရှင်များ၊ နည်းပညာအသစ်များ၊ အခြားခြားသော လိုအပ်ချက်များ အမှန်တကယ်လိုအပ်နေပါသည်။ ထို့ထက်လိုနေသည်မှာ ‘စိတ်ယဉ်ကျေး’မှုပင်ဖြစ်ပါသည်။ စိတ်ယဉ်ကျေးသူသာ ဤလောကကို အလှဆင်နိုင်သူဖြစ်ပါလိမ့်မည်။ ။

## ကျောက်တော်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်အထူးဂရုပြုရန်လို

**ကေအေတီ**

**ကျောက်တော်၊ ဖေဖော်ဝါရီ- ၂၁**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဖိုခြင်းနှင့် မီးသုံးစွဲခြင်းများမပြုလုပ်ရန်နှင့် မီးဘေးအန္တရာယ်ကိုအထူးဂရုပြုရန်လိုအပ်ကြောင်း ကျောက်တော်မြို့မှ ဒေသခံများက ပြောကြားသည်။

အဆိုပါ ဈေးကြီးအတွင်းတွင် ပန်းပဲဖိုများဖြင့် လုပ်ကိုင်စားသောက်ကြသူများရှိသကဲ့သို့ ထင်း၊ မီးသွေးများဖြင့် အသုံးပြုကာ ထမင်းဆိုင်များရောင်းချခြင်းများပြုလုပ်နေကြသူများလည်း ရှိကြနေပြီး ထိုကဲ့သို့ ဈေးအတွင်း မီးသုံးစွဲခြင်းဖြင့် ဈေးတစ်ခုလုံးအတွက် မီးဘေးအန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။

အဆိုပါ ဈေးကြီးအတွင်းရှိ ပန်းပဲဖိုများမှာ ယခင်ကတည်းကပင် ဈေးအတွင်းတွင် ရှိနေခဲ့သော်လည်း ထမင်းဆိုင်များမှာမူ ယခင်ကဈေးအပြင်ဘက်တွင်သာ ရောင်းချရန် သက်ဆိုင်ရာမှသတ်မှတ်ထားခဲ့ကြောင်း သိရသည်။ သို့သော် အဆိုပါ ထမင်းဆိုင်များမှာ ယခုအခါ ဈေးအတွင်းသို့ ဝင်ရောက်ရောင်းချနေကြောင်းနှင့် သက်ဆိုင်ရာမှလည်း တစ်စုံတစ်ရာ ဟန့်တားအရေးယူမှုများ မပြုလုပ်ကြကြောင်း သိရသည်။

“အရင်တော့ ဈေးအပြင်ဘက်မှာ ရောင်းနေကြတာပါပဲ။ အခုတော့ ဈေးအတွင်းကို ဝင်ပြီး ရောင်းချနေကြတာကိုတွေ့နေရပါတယ်။ ဈေးထဲမှာ အခုလိုမီးဖိုခြင်းတွေမပြုလုပ်ဖို့ သက်ဆိုင်ရာကနေ တားမြစ်သင့်ပါတယ်။တကယ်လို့များမတော်တဆဖြစ်သွားခဲ့ရင်တစ်ဦးတစ်ယောက်ကြောင့် အများပြည်သူတွေ ဒုက္ခရောက်ကြမှာပါ။ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ ခုတစ်လော မြို့မဈေးကြီး မီးလောင်နေတာကိုကြားသိနေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်းမီးဆိုရင်တော်တော်ကိုလန့်နေကြရပါတယ်” ဟု ကျောက်တော်မြို့မဈေးအတွင်းရှိ အထည်ဆိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအခါ ဈေးအတွင်း ဆိုင်ခန်းတွဲငယ်များလည်း တရားမဝင်တိုးချဲ့တည်ဆောက်နေကြပြီးဈေးအတွင်းရှိ ဆိုင်ခန်းများမှာလည်း တစ်ဆိုင်နှင့်တစ်ဆိုင် နီးကပ်စွာတည်ရှိနေ၍ မီးဘေးအန္တရာယ်ကို များစွာစိုးရိမ်နေကြရကြောင်း သူက ဆက်လက်ပြောသည်။

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလအတွင်းက မင်းပြားမြို့မဈေးကြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဆိုင်ခန်းပေါင်း ၇၀၀ ကျော်ပျက်စီးဆုံးရှုံးသွားခဲ့သည့်အပြင် ပြီးခဲ့သည့် ဇန်နဝါရီ၃၀ ရက်ကလည်း တောင်ကုတ်မြို့မဈေး မီးလောင်မှုနှင့်ကြုံခဲ့ရကာ ဈေးအတွင်းရှိဆိုင်ခန်း ၁၂ ခန်း မီးလောင်ကျွမ်းပျက်စီးသွားကြောင်းနှင့် ယခုလ ၁၁ ရက်ကလည်း သံတွဲမြို့မဈေးကြီး မီးလောင်ကျွမ်းခံခဲ့ရ၍ ဈေးအတွင်း ဆိုင်ခန်း ၉၀၉ ခန်းရှိသည့်အနက်ဆိုင်ခန်း ၇၄၀ ကျော်ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

## အခွင့်အရေးလိုင်စင် ၃၇ မျိုး ကောလင်းတွင် လေလံတင်ရောင်းချ

**စိုင်းလှမင်း**

**ကောလင်း၊ ဖေဖော်ဝါရီ- ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် အခွင့်အရေးလိုင်စင် (၃၇)မျိုးအား လေလံတင် ရောင်းချပွဲကို ယခုလ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးရုံးတွင် ကျင်းပခဲ့ရာ အခွင့်အရေးလိုင်စင် ၃၇ မျိုးအနက် ၂၉ မျိုးသာ ရောင်းချခဲ့ရပြီး စုစုပေါင်း အခွန်ဘဏ္ဍာ ကျပ်သိန်းပေါင်း ၁၉၆,၉၈၁,၀၇၀ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအခွင့်အရေးလိုင်စင်(၃၇)မျိုးအနက် ကျန် ၈ မျိုးမှာ မြို့မဝက်လိုင်စင် ၆ ခုအတွက် ကျပ် ၅၃,၁၆၀,၀၀၀ ကိုလည်းကောင်း၊ တောင်မော်ကျေးလက်အမဲလိုင်စင်ကို ကျပ် ၆၀,၀၀၀,၀၀၀ ဖြင့်လည်းကောင်း၊ တောင်မော်ဝက်လိုင်စင်ကို ကျပ်၆,၃၀၀,၀၀၀ဖြင့်လည်းကောင်း ၎င်းတို့အားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

7 DAY NEWS JOURNAL

Current Affairs

Vol.10, No.50 · MARCH 1 , 2012

မျက်နှာဖုံးမှ

# မြန်မာ့စီးပွားရေးအတွက် စိန်ခေါ်ချက်များ

အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ စီးပွားရေးနိုဗယ်ဆုရှင် ဂျိုးဇက်စတစ်ဂလစ်သည်ယခုနှစ်ပိုင်းအတွင်း မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အကြံဉာဏ်များပေးနေသူဖြစ်ပြီး ၎င်း၏ ဒုတိယမြောက်ခရီးစဉ်၌ အထက်ပါအတိုင်း အကြံပြုခဲ့ခြင်းဖြစ်၏။

"တစ်ဒေါ်လာကိုတစ်ထောင်ကျော်၊ ၁၂၀၀ လောက်ကနေပြီး ၇၀၀၊ ၈၀၀ လောက်ထိတောင်ဖြစ်သွားတယ်ပေါ့လေ။ အဲဒါ အဓိကပါပဲ"ဟုစီးပွားရေးပညာရှင်ဦးမော်သန်းကလည်း လက်ရှိစီးပွားရေးလုပ်ငန်းများအဓိကကြုံတွေ့ရသောအခက်အခဲကိုပြောသည်။

ထိုသို့ငွေလဲနှုန်းတွင် ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းကြောင့် ပို့ကုန်လုပ်ငန်းရှင်များ ရသောဒေါ်လာတန်ဖိုးကျုံ့သွားသည်။ ထို့ကြောင့် ၎င်းတို့ ဝယ်ယူသောဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်ကုန်အပါအဝင် ပို့ကုန်အမယ်စုံကိုဈေးလျှော့ဝယ်သည်။ ယင်းနှင့်ဆက်စပ်၍ စပါးစိုက်လယ်သမားများ ဈေးမရခြင်း၊ ပဲစိုက်တောင်သူများ အရှုံးပေါ်ခြင်း၊ ရေချိုငါးမွေးမြူသူအချို့ လုပ်ငန်းရပ်ဆိုင်းရခြင်း ကဲ့သို့ဖြစ်ရပ်များ ကြုံတွေ့ရပြီး ပြည်ပပို့ကုန်များ၏ အခြေခံကုန်ထုတ်လုပ်သူများအားလုံးကို အထိနာစေကြောင်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူများနှင့် ဒေါ်လာရသော ပြည်တွင်းရှိ လုပ်ငန်းနှင့် ၎င်းတို့၏ မိသားစုများကိုပါ ထိုဂယက်က သက်ရောက်ခဲ့သည်။ ထို့အပြင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် ဈေးသက်သာသွားသော်လည်း ဒေါ်လာတန်ဖိုးကျခြင်းကြောင့် လူအများစု ဝင်ငွေနည်း၍ ဝယ်လိုအားလျော့ကျကာ သွင်းကုန်လုပ်ငန်းရှင်များကိုပါ ဆင့်ကဲသက်ရောက်ခဲ့သည်။

စင်ကာပူရှိ နိုင်ငံတကာဘဏ်တစ်ခုတွင် ငွေစာရင်းဖွင့်ထားသော ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် သူ၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောသည်။

"ဘဏ်စာရင်း ဒေါ်လာတစ်သိန်းဖွင့်ထားတာ။ ငွေစာရင်း စဖွင့်စက တစ်ဒေါ်လာ ၁၂၀၀ (ကျပ်)ရှိတယ်။ မြန်မာငွေနဲ့တွက်ရင် သိန်း ၁၂၀၀ပေါ့။ အခုငွေလဲနှုန်းက၈၀၀ ဆိုရင် အဲဒီငွေက သိန်း ၈၀၀ ပဲရှိတော့တယ်။ ကျပ်ငွေတန်ဖိုးမာလို့ ကျုံ့ပြီးနေရင်းထိုင်ရင်းရှုံးတာ"

ငွေလဲလှယ်ရာတွင် ကျပ်ငွေတန်ဖိုး ရှိသင့်သောနှုန်းထက် မာနေခြင်း၏ သက်ရောက်မှု ခံစားရသူများစွာရှိသော်လည်း နိုင်ငံ့လူဦးရေ၏ အများဆုံးဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြည်ပပို့ကုန်လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်သူများ၊ ငါးမွေးမြူသူများကဲ့သို့ အခြေခံကုန်ထုတ်လုပ်သူများမှာ အများဆုံး အထိနာခဲ့သည်။

"စပါးဈေးနှုန်းကျတယ်။ စပါးဈေး ကျဆင်းတဲ့အတွက်ကြောင့်မို့ နွေစပါး(၂၀၁၁ ရာသီနွေစပါး)တုန်းကလည်း ဒုက္ခရောက်တယ်။ တစ်ဖက်က ကြားသီးနှံ ဖြစ်တဲ့ ပဲကိုစိုက်တဲ့အခါ ပဲဈေးကလည်းထိုးကျတယ်။ အဲဒီလိုနှစ်ရာသီလောက်ဆက်ကြုံရတဲ့အတွက်လယ်သမားမှာအကျပ်အတည်းတွေ့လာတယ်"ဟု မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။ ဈေးကျဆင်းခြင်းအပြင် လယ်သမားများ အဓိကကြုံတွေ့ရသည်မှာ ရာသီဥတုဖောက်ပြန်မှုဖြစ်သည်။

၂၀၁၁ မိုးစပါးစိုက်ရာသီ တစ်ခုတည်းမှာပင် မိုးများမှုကြောင့် စပါးတင်း ၁၂၂ သန်းအထွက်လျော့ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းသန်းက ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီအစည်းအဝေးတွင် ပြောခဲ့သည်။ လက်တွေ့တွင် စပါးအထွက် လျော့မှုမှာယင်းထက်များကြောင်း စပါးစိုက်တောင်သူများက ပြောသည်။ အကျိုးဆက်မှာ နှစ်သီး၊ သုံးသီး ဆက်တိုက်အရှုံးပေါ်ခဲ့၍ ယခုနွေစပါးတွင် လယ်သမားများ ငွေအရင်းအနှီးနည်းကာ စိုက်ပျိုးမှုလျော့ကျသွားခြင်းပင်။ နှစ်စဉ်နွေစပါး ဧက ၂ ဒသမ ၅ သန်းမှ ၂ ဒသမ ၈ သန်းစိုက်ပျိုးသောမြန်မာ့လယ်သမားများမှာ ၂၀၁၂နွေစပါး တစ်နိုင်ငံလုံး သုံးသန်းစိုက်ပျိုးရန် လျာထားရာတွင် ဇန်နဝါရီလကုန်အထိ ၁ ဒသမ ၃သန်းသာ စိုက်ပျိုးရသေးသည်။ သို့သော် ယခုလပိုင်းအတွင်းပြည်ပသို့ဆန်ဆက်တိုက်တင်ပို့နိုင်ခြင်း၊ အစိုးရနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းတို့က စပါးကို အာမခံဈေးဖြင့်ဝယ်ယူသကဲ့သို့ အရန်ဆန်ဝယ်ယူခြင်းများကြောင့် စပါးဈေးကောင်းလာသောမျှော်လင့်ချက်ကြောင့်နွေစပါး ထပ်တိုးစိုက်လာနိုင်သေးသည်။

"ကျွန်တော် ဧက ၄၀ လုပ်တာ ရေနစ်လို့တစ်တင်းမှမရဘူး။ ကျွန်တော့်သူငယ်ချင်းဆို ရေနစ်လို့နှစ်ခါပြန်စိုက်တာ သိန်းလေးငါးဆယ်လောက်ရှုံးသွားတယ်။ မိန်းမလက်ဝတ်လက်စားတွေလည်း ရောင်းလိုက်ရတယ်" ဟု ကဝမြို့နယ်သက္ကလကျေးရွာမှ အသက် ၆၅ နှစ်အရွယ်ဦးပန်းလှိုင်က သူ၏အတွေ့အကြုံကိုဖွင့်ဟသည်။ ကဝမြို့နယ်ရှိ စပါးစိုက်တောင်သူ အများစု အလားတူကြုံတွေ့ခဲ့ရပြီး၊ ပဲဆက်လက်စိုက်ပျိုးရာတွင်လည်း ပိုးကျကာ အထွက်နည်းသည့်အပြင် ဈေးမရ၍ အရှုံးပေါ်ပြန်သည်။

လယ်ယာထွက်ကုန် အပါအဝင် အခြေခံကုန်ထုတ်လုပ်သူများ ဈေးမရချိန်တွင် စားသုံးသူများလည်း ထိုကုန်စည်အများစုကို ဈေးကြီးပေးဝယ်နေရပြန်သည်။

"ဟို၁၉၆၀-၇၀ခုနှစ်လောက်က အသက်ရှင်နေတဲ့လူတွေများ အခု ခရီးသွားရတဲ့အတွက် ဂိတ်ကြေးတွေပေးရတာသိရင် တော်တော်ကို အံ့ဩသွားမယ်။ ယုံတောင်ယုံမှာမဟုတ်ဘူး'ဟုစီးပွားရေးပညာရှင် ဦးမော်သန်းက လုပ်ငန်းများတွင် မလိုအပ်သော အပိုကုန်ကျစရိတ်(Transaction Cost) များနေခြင်းများထဲမှ အာဆီယံစံနှုန်းအတိုင်း ကုန်တင်ရန်သတ်မှတ်ပြီး လမ်း၊ တံတား၊ ဂိတ်ကြေးများ မြင့်လာခြင်းနှင့် ပတ်သက်၍ မှတ်ချက်ပေးသည်။

"တစ်ဒေါ်လာ ၁၂၀၀လောက်ရှိတုန်းက Transaction Cost နဲ့ တစ်ဒေါ်လာ ၈၀၀လောက်ရှိတဲ့အချိန်မှာ Transaction Cost ပိုမသက်သာဘဲ ပိုတောင်များလာတယ်"ဟုကုန်သည်စက်မှုအသင်းချုပ်၊ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၊ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ဒုတိယဥက္ကဋ္ဌဦးလှမောင်ရွှေက ပြောသည်။

ခြစားခြင်း(သို့မဟုတ်)အဂတိလိုက်စားခြင်းများကြောင့် စီးပွားရေးလုပ်ငန်းရှင် အများစုက အသုံးပြုလိုက်ရသော ငွေများကို ၎င်းတို့၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုနှင့် ထည့်ပေါင်းခြင်းကြောင့် ခြစားမှုမှာလည်း အပိုကုန်ကျစရိတ်များရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ အစိုးရသစ်လက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရန်၊ သန့်ရှင်းသော အစိုးရဖြစ်ရန် ကြိုးပမ်းနေသော်လည်းမြန်မာမှာကမ္ဘာတွင် ၂၀၁၁ လာဘ်ပေးလာဘ်ယူကင်းရှင်းမှုစာရင်းတွင် ၁၇၈နိုင်ငံတွင် ၁၇၆၌ ရပ်တည်နေသည်။ နောက်ဆုံးမှ ရေလျှင် အဆင့် ၃ ဖြစ်သည်။

"အချို့ဌာနများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကလည်း လုပ်ခ၊ လစာနည်းတာကို အကြောင်းပြုပြီး လက်ဖက်ရည်ဖိုး၊ အလှူငွေ၊ စာရွက်စာတမ်းကြေးများ ကောက်ယူခြင်းနှင့် အခြားမလျော်ကန်သော လာဘ်ပေးလာဘ်ယူဆန်သည့် ပြုမူဆောင်ရွက်ခြင်းများကို နေရာအနှံ့ဌာနအများစုလိုလိုပင် တစ်ခုမဟုတ်တစ်ခုပုံစံအမျိုးမျိုးဖြစ်ပေါ်နေတာကို ဝမ်းနည်းစွာ ကြားသိနေရပါတယ်" ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းကပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သောအဆိုမှ ဝန်ထမ်းလစာများ ခေတ်ကာနှင့် မလျော်ညီသည့် အတွက် ပေါ်ပေါက်လာသော အမှောင်ဘက်အခြမ်းကို ပြောသွားခဲ့သည်။

ကုန်သွယ်ရေးတွင် ၁၉၄၇ ယာယီသွင်းကုန်၊ ထုတ်ကုန်ဥပဒေကို ယနေ့အထိကျင့်သုံးနေ၍ ပြည်သူများနှင့်ပြည်ပမှလာရောက်လုပ်ကိုင်သူများအခက်အခဲတွေ့နေရကြောင်း သူရဦးရွှေမန်းက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်သော အစည်းအဝေး၌ ပြောသည်။ ခေတ်ကာနှင့် လျော်ညီသော ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဥပဒေများ မပြဋ္ဌာန်းနိုင်သေးပါက ပြည်ပမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက်အတားအဆီးဖြစ်မည်ဖြစ်ပြီး၊ ပြည်တွင်းလုပ်ငန်းရှင်များအတွက်လည်း အခက်တွေ့နေရဦးမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကို ဘဏ်အတိုးနှုန်း လျှော့ချပေးခြင်း၊ နိုင်ငံခြားငွေ ကိုင်ဆောင်သုံးစွဲခွင့်ပြုခြင်းစသော အပြောင်းအလဲများစွာ ပြုလုပ်ခဲ့သည်။ သို့သော် ကန့်သတ်မှုများကြားထဲမှ လုပ်ကိုင်နေသော ပုဂ္ဂလိက ဘဏ်များမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် အတိုးသက်သာသော ချေးငွေထုတ်ပေးခြင်းကဲ့သို့ ငွေကြေးထောက်ပံ့မှုများကို မပြုလုပ်နိုင်သေးပေ။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုပါက ကိုယ်ပိုင်ငွေရှိမှသာ လုပ်ကိုင်နိုင်သည်။ ထိုအခြေအနေမှာပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ များစွာဝင်ရောက်လာပါက ပြည်တွင်းလုပ်ငန်းရှင်များကို ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျကာ အထိနာစေမည့် အဓိကအချက်တစ်ချက်ဖြစ်သည်။

တပ်မတော်အစိုးရ လက်ထက်မှ ဒီမိုကရေစီ ဖော်ဆောင်သော အရပ်သားအစိုးရအဖြစ်သို့ အသွင်ပြောင်းနေသည်ဟုဆိုသော်လည်း စီးပွားရေးတွင်မူ လက်ဝါးကြီးအုပ် လုပ်ကိုင်လိုမှုများက ရှိနေဆဲပင်။

"ကျွန်တော့်ဆိုင်ဆို လချုပ်စာရင်းလုပ်ရင် အရင်ကရောင်းတဲ့ငွေနဲ့ဝယ်တဲ့ငွေဆိုရင် ရောင်းတဲ့ငွေကပိုများတယ်။ အခုက ဝယ်တဲ့ငွေက ပိုများလာတယ်။လူတွေရဲ့ဝယ်အားတွေက နည်းနည်းလာတယ်။ ကျွန်တော်တို့လို ရိုးရိုးသားသားလုပ်တဲ့သူတွေအတွက်တော့ ဒီအချိန်အလုပ်မကောင်းဘူး။ သက်ဆိုင်ရာနဲ့နီးစပ်တဲ့သူတွေ၊ စီမံကိန်းသတင်းတွေကြိုသိတဲ့သူတွေပဲ အလုပ်ဖြစ်တာတွေ့တယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးအောင်ဆိုရင် ခရိုနီတွေမရှိအောင် ထိထိရောက်ရောက်ကိုင်ရမယ်ထင်တယ်"ဟု စားသောက်ကုန်နှင့် လူသုံးကုန် ရောင်းဝယ်သောလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။ ယခင် လုပ်ငန်းအနည်းငယ်သာ လုပ်ခွင့်ရသော စားအုန်းဆီတင်သွင်းမှုကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပြုခြင်းကဲ့သို့ လက်ဝါးကြီးအုပ် လုပ်ကိုင်မှုများလျော့ကျရန် အစိုးရသစ်က ကြိုးပမ်းခဲ့သော်လည်း ဆက်လက်လုပ်ဆောင်စရာများစွာကျန်ရှိနေသေးသည်။ အစိုးရသစ်တက်လာပြီး ၁၁ လနီးပါးရှိချိန်တွင် စီးပွားရေးလုပ်ငန်းအများစုမှာ လုပ်ငန်းများနှေးကွေးနေဆဲဖြစ်၏။ ဝယ်သူမျှော်နေသောဈေးဆိုင်များ၊ ဆွဲမကောင်းသောတက္ကစီများ၊ အလုပ်ရှာနေသည့်လူငယ်များစသည်တို့မှာများနေဆဲ။

"ဆေးကြော်ငြာတွေက ပုံမှန်များတယ်။ အရက်ကြော်ငြာတွေ ပိုများလာတယ်။ အားလုံးခြုံပြောရရင်တော့ ကြော်ငြာတာ ကျန်ခဲ့တဲ့နှစ်တွေထက်လျော့သွားတယ်"ဟု ကြော်ငြာအေဂျင်စီတစ်ခုမှ တာဝန်ရှိသူက စီးပွားရေးလုပ်ငန်းများ ကြော်ငြာအင်အားနည်းပါးခြင်းနှင့်ပတ်သက်၍ ပြောသည်။

"ခြုံပြောမယ်ဆိုရင်တော့ အစိုးရသစ်ကတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကြိုးစားတာပဲ။ ကြိုးစားလို့သာ ဒီလောက်ကျန်ရစ်တာပဲ။ ခုချိန်မှာ ကမ္ဘာ့စီးပွားရေးအခြေအနေက မကောင်းဘူး။ ကမ္ဘာ့စီးပွားရေးအခြေအနေရဲ့ ရိုက်ခတ်မှုတွေလည်း ပါတာပေါ့" ဟု ဦးမော်သန်းကပြောသည်။

သို့သော် နိုင်ငံရေးအကူးအပြောင်းနှင့် စီးပွားရေးမူဝါဒများ အပြောင်းအလဲတွင် အချို့သောလုပ်ငန်းများမှာ ယခင်ထက် သိသိသာသာ ကောင်းလာသည်များလည်း ရှိသည်။ မြန်မာနိုင်ငံကို စိတ်ဝင်စားသူ များပြားလာခြင်းကြောင့် တစ်ဟုန်ထိုးကောင်းလာသော ခရီးသွားနှင့်ဆက်စပ်လုပ်ငန်းများ၊ ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းမှု အစီအစဉ်ကြောင့် ထိုအစီအစဉ်ကို မှီ၍ ဆက်စပ်လုပ်ကိုင်သူများ၊ လူထု၏နိုင်ငံရေးစိတ်ပါဝင်စားမှု မြင့်တက်လာပြီး ပိုမိုလွတ်လပ်စွာဖော်ပြလာနိုင်မှုနှင့် လူထု၏ သတင်းချင်ခြင်းတပ်မက်မှုကြောင့် ရောင်းအားကောင်းလာသော သတင်းဂျာနယ်နှင့် မီဒီယာလုပ်ငန်းများစသော လုပ်ငန်းများမှာမူ ယခင်ကထက် ပိုမိုကောင်းလာသည်။

ယနေ့အချိန်တွင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများစွာဝင်ရောက်ရန် တာစူနေသလို အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ(AFTA)စတင်မည့်အချိန်နီးလာသည်။ အမေရိကန်နှင့် ဥရောပမှလည်း ကြားဖြတ်ရွေးကောက်ပွဲမှာ တရားမျှတလွတ်လပ်လျှင် စီးပွားရေးအရပိတ်ဆို့မှုများကို ရုပ်သိမ်းတော့မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် အခွင့်အလမ်းများဝင်လာနိုင်သည်။ ယင်းတို့က မြန်မာ့လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အကဲဖြတ်တော့မည်။

စိန်ခေါ်မှုများ ရှိနေသကဲ့သို့ အခွင့်အလမ်းများကလည်း ရှိနေသည်။ "စီးပွားရေးက ချက်ချင်းကြီး အပြောင်းအလဲမြန်တဲ့ကိစ္စမဟုတ်ဘူး။ နှစ်ပေါင်း ၅၀မှာ သေသေချာချာ ဘာမှမလုပ်ခဲ့ဘူး။ အခုချိန်မှာ အားလုံးက Learning Period (သင်ယူနေဆဲကာလ)ပဲ"ဟုစီးပွားရေးပညာရှင် ဒေါ်ရီရီမြင့်က ပြောသည်။ ပြည်တွင်း၌ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်နေသော အိုင်အင်န်ဂျီအိုတစ်ခု၏ စီးပွားရေးအကြံပေး ပညာရှင်တစ်ဦးကလည်း ယခုကဲ့သို့ နိုင်ငံရေးစနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းနေသောကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိတ်ရှည်၊ ဖွဲ့သန်မှုအရေးကြီးကြောင့် မှတ်ချက်ပေးသည်။ စီးပွားရေးကို ဖြည်းဖြည်းချင်း ပြန်လည်တိုးတက်လာရန်သာ အစိုးရက အာရုံစိုက်သင့်ကြောင်း ၎င်းကပြောသည်။စီးပွားရေးဖွံ့ဖြိုးရန် အဟန့်အတားဖြစ်နေသော အထက်ပါအချက်များကို အစိုးရက အကောင်းဆုံး ကိုင်တွယ်စီမံခန့်ခွဲဖြေရှင်းပေးရန်နှင့် မြန်မာနိုင်ငံ၏ လူတန်းစား အများစုဖြစ်သော အခြေခံလူတန်းစားများ အဆင်ပြေရေးကို အာရုံစိုက်သင့်ကြောင်း စီးပွားရေးပညာရှင်များက အကြံပြုသည်။

"ကျေးလက်ဒေသ စီးပွားရေးက အလျော့ကျဆုံး၊ အခက်ခဲဆုံးအချိန်ဖြစ်နေတယ်။ စိုက်ပျိုးရေးရော၊ မွေးမြူရေးရော နှစ်ခုလုံးကျဆင်းနေတယ်။ ဆုံးရှုံးသွားတဲ့ အရင်းအနှီးကြောင့် ထုတ်လုပ်မှု လျော့တော့မယ်။ ထုတ်လုပ်မှုမလျော့အောင်က အစိုးရရဲ့ တာဝန်ပဲ။ ဒါကို ဘယ်လိုအစား ထိုးမလဲ၊ ဘယ်လိုပြန်ဖြည့်ဆည်းပေးမလဲ။ အဲဒါအရေးကြီးတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဦးဝင်းကြိုင်ကသူ၏အမြင်ကိုပြောသည်။

ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများတွင် အပါအဝင်ဖြစ်သောမြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် အစိုးရက ကြိုးပမ်းမှုများအပြင် လူထုကိုယ်တိုင်ကလည်း ဆင်းရဲမှုမှ လွတ်မြောက်အောင် ကြိုးပမ်းရန်လိုသည်။

ဒေါ်အောင်ဆန်းစုကြည်က မြိုင်မြို့နယ်သို့ ဒေသဖွံ့ဖြိုးလုပ်ငန်းများ သွားရောက်လေ့လာစဉ် ပေပင်တိုက်ကျေးရွာတွင် ဒေသခံများကို ပြောကြားခဲ့သည့်စကားမှ စကား တစ်ခွန်းဖြင့် နိဂုံးချုပ်လိုပါသည်။ "ကျွန်မတို့ ပြည်သူတွေက ဆင်းရဲမှုနဲ့ နိစ္စဓူဝရုန်းကန်နေရတာသိပါတယ်။ ဆင်းရဲမှုက လွတ်မြောက်ဖို့ဆိုတာ ကိုယ်တိုင်ရုန်းကန်ချင်တဲ့စိတ်ရှိရမယ်။ အပြင်ကလည်း ကူညီချင်တဲ့စိတ်ရှိရမယ်။ ကျွန်မတို့ကိုယ်တိုင် ရုန်းကန်ရင် အပြင်က အကူအညီတွေပိုများလာမှာပါ"။ ။

---

SIDEBAR INTERVIEW

## "အခုချိန်မှာတော့ စီးပွားရေး လုပ်ငန်းရှင်တွေက တကယ်တမ်း ပွင့်လင်းလာပြီး လုပ်ငန်းကြီးတွေလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှု ငွေကြေးပြဿနာက အဓိကပဲ"

### ဦးချစ်ခိုင်နှင့်တွေ့ဆုံခြင်း

အားမာန်

မြန်မာနိုင်ငံစပါးစိုက်တောင်သူများ၏ လက်ရှိအခြေအနေ၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့၏ အခြေအနေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ အဓိကကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ဒေင်ကုမ္ပဏီများအုပ်စု၏ဥက္ကဋ္ဌ ဖြစ်သူ ဦးချစ်ခိုင်မှာ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင်လည်း အောင်မြင်အောင် စီမံခန့်ခွဲလုပ်ကိုင်နိုင်သူတစ်ဦးဖြစ်သည်။

စာ(၃၀)သို့

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# သွားလာရခက်ခဲသောဒေသများမှ စစ်ဘေးဒုက္ခသည်များအား ကူညီရန် စေတနာ့ဝန်ထမ်းများကို သင်တန်းပေး

**အေးမြကျော်၊ အိဖြူလွင်**
**မြစ်ကြီးနား၊**
**ဖေဖော်ဝါရီ - ၂၅**

မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့အကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိဆဲဖြစ်သဖြင့် နေရပ်မှ စွန့်ခွာတိမ်းရှောင်ကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တရုတ်-မြန်မာနယ်စပ်ရောက်ရှိနေသည့် စစ်ဘေးဒုက္ခသည်များအားကူညီကယ်ဆယ်နိုင်ရန် စေတနာ့ဝန်ထမ်း ၈၀ ဦးကိုသင်တန်းပို့ချလျက်ရှိကြောင်း ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော် (KBC)မှ အတွင်းရေးမှူး ဒေါက်တာဆမ်ဇွန်က ပြောကြားသည်။

စစ်ဘေးဒုက္ခသည်ပေါင်း ငါးသောင်းကျော်ရှိမည်ဟု ခန့်မှန်းထားသော တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ရှိ ဒေသများတွင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကူညီနိုင်ရန် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်မြို့နယ်များမှ စေတနာ့ဝန်ထမ်းများကို မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်က ဖေဖော်ဝါရီ ၂၀ရက်မှ စတင်ကာ လေးရက်ကြာသင်တန်းပေးခဲ့ကြောင်း KBC မှ သိရသည်။

ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့်ပူးပေါင်းကာ စစ်ပြေးဒုက္ခသည်များ၏ လိုအပ်ချက်များကို ကူညီနိုင်ရန် တရုတ်-မြန်မာနယ်စပ်ရှိသွားလာရခက်ခဲသောနေရာများတွင် သုံးလ၊ ခြောက်လနှင့် တစ်နှစ်ကြာ နေထိုင်ကူညီနိုင်မည့် စေတနာ့ဝန်ထမ်းများကို ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း KBC မှ တာဝန်ရှိသူကပြောသည်။

“ဒီသင်တန်းမှာ အသက် ၇၀ ကျော်တောင် ပါတယ်။ ဒေသအတွက် ပြန်လုပ်ပေးချင်လို့ဆိုပြီး လာတက်ကြတယ်။ ကျွန်တော်တို့က လမ်းစရိတ်ပဲ ထောက်ပံ့ပေးနိုင်တယ်။ စားစရိတ်မပေးနိုင်ဘူး။ စေတနာ့ ဝန်ထမ်းအနေနဲ့ ဒီလူတွေက သွားကူညီကြမှာပါ” ဟု ဒေါက်တာဆမ်ဇွန်ကပြောသည်။

ကချင်ပြည်နယ်တွင်း အချို့ဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေသောကြောင့် မြစ်ကြီးနား၊ ဗန်းမော်၊ ဝိုင်းမော်မြို့များရှိ ဘာသာရေးဘုရားကျောင်းများတွင် လာရောက်ခိုလှုံသူများမှာ နှစ်သောင်းနီးပါးရှိပြီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်သော နေရာတွင် တောတွင်းနေရာများ၌ ပလတ်စတစ်စများသုံးကာ ယာယီတဲများဖြင့် နေထိုင်နေရသူများလည်း ရှိကြောင်း KBC မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာ့တပ်မတော်နှင့် KIA အကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများမှာ ရှစ်လကျော်ကြာမြင့်နေပြီဖြစ်သည်။


မြစ်ကြီးနားမြို့ရှိ ဂျန်မိုင်ကောင်း စစ်ဘေးဒုက္ခသည်စခန်းကို ဖေဖော်ဝါရီ ၂၅ ရက်ကတွေ့ရစဉ်

ဓာတ်ပုံ-ကျော်မျိုးဦး

# မြန်မာနိုင်ငံမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ မလေးရှားနိုင်ငံက ပိုမိုဝယ်ယူတင်သွင်းမည်

**ပြည်သိမ်း၊ ကိုကိုကြီး**
**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းနှင့် မွေးမြူရေးထွက်ကုန်များကို မလေးရှားနိုင်ငံမှ ပိုမိုတင်သွင်းသွားရန် ရည်မှန်းထားကြောင်း မလေးရှားနိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ ဝန်ကြီးမူစတာပါမိုဟာမက်က ယခုလ ၂၄ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

လတ်တလောအချိန်တွင် မလေးရှားနိုင်ငံက မြန်မာနိုင်ငံမှ ရာဘာထွက်ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိပြီး ကျွန်းသစ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ပစ္စည်းအမျိုးမျိုးကို ယခုထက်ပိုမိုတင်သွင်းနိုင်ရန် ရည်မှန်းထားကြောင်း နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံမှုအပြီးတွင် ၎င်းဝန်ကြီးကပြောသည်။

ထို့ပြင် မလေးရှားနိုင်ငံသည် ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းအမျိုးမျိုး၊ ကုန်ထုတ်လုပ်ငန်းအမျိုးမျိုး၊ မွေးမြူရေးလုပ်ငန်းနှင့် အထူးစီးပွားရေးဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်နိုင်ရန် စိုင်းပြင်းနေကြောင်း ၎င်းဝန်ကြီးကပြောသည်။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံက မလေးရှားနိုင်ငံမှ ကုန်ပစ္စည်းအမျိုးမျိုး တင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၀၀ကျော်ရှိသည့်အနက် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းအမျိုးမျိုး တင်သွင်းမှုပမာဏသည် အမေရိကန်သန်း ၃၀၀ကျော်၊ စက်မှုကဏ္ဍသုံးပစ္စည်း တင်သွင်းမှုပမာဏသည် ကန်ဒေါ်လာ ၂၀၀ကျော်ရှိပြီး သတ္တုထွက်ကုန်ပစ္စည်းသည် ကန်ဒေါ်လာ ၂၀ကျော်သာရှိကြောင်း မလေးရှားနိုင်ငံမှ စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ထိုနှစ်အတွင်း မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်၊ စက်မှုပစ္စည်းနှင့် သတ္တုထွက်ပစ္စည်း ဝယ်ယူတင်သွင်းမှုသည် အမေရိကန်ဒေါ်လာသန်း ၂၀၀ကျော်သာရှိကြောင်း သိရသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ခုနှစ်အတွင်းမြန်မာ၊မလေးရှားနှစ်နိုင်ငံကြားတွင်မလေးရှားနိုင်ငံက လေးနှစ်ဆက်တိုက်ကုန်သွယ်မှုအသားစီးရနေသည်ကို ၎င်းဌာနမှ ထုတ်ပြန်သည့်အချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် မလေးရှား နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လုပ်ငန်းပေါင်း ၃၉ ခုဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၉၇၇ ရှိပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိသည်။






7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# ပြည်တွင်းသို့ ထောက်ပံ့နေသည့် အလှူရှင်အဖွဲ့ များ အစည်းအဝေးသို့ ပြည်တွင်းမှ ပထမဆုံးအကြိမ်တက်ရောက်

ငြိမ်းငြိမ်းနိုင်

**အမေရိကန်အခြေစိုက်အလှူရှင်အဖွဲ့အစည်းများ အများစုပါဝင်သည့်အလှူရှင်အစည်းအဝေးကိုအမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ပြုလုပ်ရာ ယင်းအစည်းအဝေးသို့မြန်မာပြည်တွင်းမှ ပထမဦးဆုံး အကြိမ်တက်ရောက်ခွင့်ရခဲ့သည်။**

ပြည်တွင်းသို့ ဝင်ရောက်သည့် ထောက်ပံ့မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပြုနိုင်ရန် မြန်မာနိုင်ငံမှဦးဇာဂနာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ခင်လေးနှင့်အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်ဘောက်ဂျာ တို့ ဖိတ်ကြားခြင်းခံခဲ့ရသည်။

နိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲများအကြား ပြည်တွင်းသို့ ဝင်ရောက်လာမည့်အလှူရှင်အဖွဲ့အစည်းတို့၏ အနေအထားနှင့် ၎င်းတို့တွေ့ဆုံခဲ့ရသည့် အမေရိကန်နိုင်ငံထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဟီလာရီကလင်တန်အပါအဝင် အခြားသောတာဝန်ရှိသူများနှင့်တွေ့ဆုံမှုမှ အမေရိကန်တို့၏ မြန်မာနိုင်ငံအပေါ် ပြောင်းလဲလာမှု သဘောထားတို့ကို ခရီးစဉ်တွင်ပါဝင်ခဲ့သည့်ဒေါ်ခင်လေးနှင့် 7Day Newsက တွေ့ဆုံမေးမြန်းထားသည်ကိုဖော်ပြလိုက်ပါသည်။

**ဒီအစည်းအဝေးက ဘယ်အလှူရှင်အဖွဲ့အစည်းတွေပါလဲ။**

အမေရိကန်အခြေစိုက်အဖွဲ့အစည်းတွေဖြစ်တဲ့ OSI တို့ NED တို့ USAID တို့နဲ့တခြားနော်ဝေအဖွဲ့အစည်းတွေအပါအဝင်အဖွဲ့အစည်းပေါင်း ၂၀ကျော်လောက်ရှိမယ်။ သူတို့တွေလုပ်တဲ့အစည်းအဝေးပေါ့။ ခါတိုင်းတော့ ပြည်ပရောက်မြန်မာအဖွဲ့အစည်းတွေကိုဖိတ်တာ။ အခု ပြည်တွင်းကိုဖိတ်တာ ပထမဆုံးအကြိမ်ပေါ့။

**ဒေါ်ခင်လေးက NLD ကိုယ်စားပြုသွားတာလား။**

သူတို့က တစ်ဦးချင်းစီကိုဖိတ်တာပါ။ အဖွဲ့အစည်း Background ကြောင့်မဟုတ်ဘူး။ ကျွန်မကို အမျိုးသမီးကိစ္စတွေလုပ်နေတဲ့သူအနေနဲ့ သူတို့က ဖိတ်တာပါ။ တစ်ခုရှိတာက ကျွန်မက NLD အဖွဲ့ဝင်ဖြစ်နေတာကြောင့် ဖိတ်တာလည်း ပါကောင်းပါမယ်။ ကျွန်မအမျိုးသမီးရေးကိစ္စတွေလုပ်နေတာကို အခုဖိတ်တဲ့အဖွဲ့အစည်း မြန်မာပြည်လာတုန်းက ကျွန်မနဲ့တွေ့ပြီးတော့ စကားပြောရတဲ့အခါ သူတို့က စိတ်ဝင်တစားရှိတယ်။ ဒါကြောင့်ဒီပွဲကိုတက်နိုင်မလားဆိုပြီး ဖိတ်ခဲ့တာပါ။ ဒေါ်ဘောက်ဂျာဆိုရင်လည်း ပါတီကြောင့်မဟုတ်ဘူး။ ကချင်လူမျိုးဖြစ်တယ်၊ ကချင်ပြည်နယ်မှာဖြစ်နေတဲ့ကိစ္စတွေကိုထဲထဲဝင်ဝင်လုပ်နေတဲ့အတွက် ကချင်ကိစ္စကိုလည်းသူတို့စိတ်ဝင်စားတဲ့အတွက်ဖိတ်တာပါ။ ကိုဇာဂနာကျတော့လည်း နိုင်ငံရေးအကျဉ်းသားတစ်ယောက်ဖြစ်တယ်။ အကျဉ်းသားတွေကိစ္စနဲ့ပတ်သက်ပြီး အခုချိန်မှာကျယ်ကျယ်ပြန့်ပြန့်ပြောနေကြတာဖြစ်တဲ့အတွက် သူ့ကိုဖိတ်တာဖြစ်တယ်။

**အခုသွားရတာက အဖွဲ့အစည်း Background နဲ့မဟုတ်ဘူး။ သုံးယောက်စလုံးက တက်ကြွလှုပ်ရှားသူ Activist တွေအနေနဲ့ သွားရတာပေါ့။**

ဟုတ်ပါတယ်။

**ဆွေးနွေးပွဲမှာ မြန်မာပြည်ရဲ့ လိုအပ်ချက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုအပိုင်းတွေ အဓိက ဆွေးနွေးဖြစ်လဲ။**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် လက်ဆွဲနှုတ်ဆက်နေသည့် ဒေါ်ခင်လေး

သူတို့စိတ်ဝင်စားတဲ့ အပိုင်းက နိုင်ငံရေးအကြောင်းနဲ့ပေါ့။ သူတို့အရမ်းစိတ်ဝင်စားတယ်။ သူတို့မြင်တဲ့အမြင်နဲ့ သူတို့လာပြီး ကြည့်တဲ့အမြင် အဲဒါကိုသိချင်ကြတယ်။ ကျွန်မတို့ အခု ၃ယောက်သွားတဲ့အခါ အစကတည်းက အကန့်လေးတွေခွဲမယ်ဆိုပြီး တိုင်ပင်ထားတယ်။ ကျွန်မကတော့ လူထုအခြေပြုအဖွဲ့အစည်းတွေပေါ့။ အဲဒီအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်အောင်။ ပြီးတော့ ကုလသမဂ္ဂလက်အောက်မှာ ပံ့ပိုးနေတဲ့အဖွဲ့တွေက ထိရောက်မှုမရှိတာတွေကို ထောက်ပြတယ်။ အဓိက အဲဒါတွေပြောဖြစ်ပါတယ်။

ကုလသမဂ္ဂလက်အောက်မှာ သူတို့အလှူငွေတစ်ခုရလာမယ်ဆိုရင် အဲဒီအလှူငွေက သုံးလိုက်တာ သူတို့ရုံးတွင်းလည်ပတ်မှုအတွက်တင် ၈၀ ရာခိုင်နှုန်းလောက်ရှိတာ။ ဆင်းရဲတဲ့ပြည်သူလူထုဆီရောက်တာ မပြောပလောက်အောင်နည်းတာပါ။ ထိရောက်မှုမရှိဘူး။ ဥပမာ နာဂစ်ဒေသမှာ တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေ၊ ဒုက္ခရောက်နေသူတွေကျတော့ မပြောပလောက်တဲ့ ပမာဏပဲရောက်တဲ့အတွက် ပြည်သူလူထုယုံကြည်မှုအရမ်းနည်းတယ်။ အဲဒါလေးတွေကို ပြန်ပြီးစဉ်းစားသင့်တယ်။ နာဂစ်နဲ့ ရွေးကောက်ပွဲကာလတွေတောက်လျှောက်အတွင်းမှာတက်ကြွတဲ့လူငယ်တွေ ရပ်ရွာအခြေပြုအဖွဲ့အစည်းလေးတွေ ပေါ်လာတယ်။ အဲဒီလူငယ်အဖွဲ့အစည်းလေးတွေ ပြည်တွင်းမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းလေးတွေကို တိုက်ရိုက် ထိထိရောက်ရောက် ကူညီပေးနိုင်ရင် ပိုပြီးအကျိုးရှိမယ်။ အဲဒါကိုဦးစားပေးပြီးပြောခဲ့တယ်။

**အရင်တုန်းက ဒီလိုအစည်းအဝေးကို ပြည်တွင်းကလူတွေ သွားတာမျိုးမရှိဘူးလို့ ဖြေသွားတယ်။ အဲဒီတုန်းက ဘယ်လိုလူမျိုးတွေကို ပြည်တွင်းကိုယ်စားပြုအနေနဲ့ ဖိတ်ခေါ်လေ့ရှိလဲ။**

အရင်တုန်းကပြည်တွင်းကို ဖိတ်လို့မရတော့ ပြည်ပရောက်နေတဲ့အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားအဖွဲ့အစည်း၊ အဲလိုမျိုးကိုယ်စားပြုပြီးဖိတ်တာများတယ်။ ပြည်တွင်းက အခုလိုကိုယ်တိုင်လာတာကျတော့ သူတို့အနေနဲ့ ယုံကြည်မှုအား ပိုရှိတာပေါ့။

အချပ်ပို(D)သို့






7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# ပဲပေါ်ချိန် ဈေးကျနေသဖြင့် တောင်သူများ စောင့်၍ရောင်းသင့်ဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ပဲသစ်ပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းနေသဖြင့် တောင်သူများအချိန်တစ်ခုကိုစောင့်၍ ရောင်းချနိုင်ပါက အကျိုးရှိနိုင်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူးဦးမင်းကိုဦးကဆိုသည်။

လက်ရှိတွင် နိုင်ငံတော်သမ္မတက ပဲမျိုးစုံကို အာမခံဈေးနှုန်းနှင့်ဝယ်ယူရန် ညွှန်ကြားထားသည်။ လုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံ ပဲ၊နှမ်းအသင်းနှင့်ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြုလုပ်လျက်ရှိသည်။ သို့သော် လက်ရှိအချိန်တွင် ပဲမျိုးစုံဈေးသည် ထပ်မံကျဆင်းနေကြောင်း ဦးမင်းကိုဦးကဆိုသည်။

"ဒီနှစ်လယ် ဒါမှမဟုတ် နှစ်ကုန်ပိုင်းလောက်ဆို ပဲဈေးက ပြန်ကောင်းလာမယ်။ လောလောဆယ် Demand (ဝယ်လိုအား) နည်းတော့ဈေးကကျနေတယ်"ဟု ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်ကြီးတစ်ဦးကဆိုသည်။

ယခုနှစ်တွင် နိုင်ငံအတွင်း၌ ပဲမျိုးစုံ အထွက်လျော့ခဲ့သည်။ ကမ္ဘာ့နိုင်ငံများစွာ၌လည်း ရာသီဥတုဖောက်ပြန်မှုကြောင့်ကောက်ပဲသီးနှံအထွက်လျော့ကျနေသည်။ သို့သော် ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ဈေးနှုန်းမျှော်လင့်သလောက် တက်နိုင်ခဲ့ခြင်းမရှိပေ။ ယင်းကြောင့် အချိန်ကာလတစ်ခုကို စောင့်ရန်လိုအပ်နေသည်။

ယခုနှစ် ပဲမျိုးစုံဈေးနှုန်းကျဆင်းရခြင်းမှာ အိန္ဒိယနိုင်ငံမှ ရူပီးငွေတန်ဖိုးကျဆင်းခြင်းနှင့်လည်း ဆိုင်သည်။ အိန္ဒိယနိုင်ငံသည် ပို့ကုန်လုပ်ငန်းမြှင့်တင်ရန်အတွက် ၎င်း၏ ငွေတန်ဖိုးကိုချခဲ့သည်။ အမေရိကန်တစ်ဒေါ်လာလျှင် ၄၈ ရူပီးမှ ၅၅ ရူပီးအထိ တန်ဖိုးကျဆင်းခဲ့သည်။ ယင်းအကျိုးဆက်အဖြစ် မြန်မာနိုင်ငံမှ ပဲဝယ်ယူမှုလည်း လျော့ကျခဲ့သည်။

"အရင်က တန်ချိန် ၁,၀၀၀၊ ၂,၀၀၀ ဝယ်တာက အခုဆို တန်ချိန်၁၀၀၊ ၂၀၀လောက်ပဲဝယ်တော့တယ်"ဟု ပြည်ပသို့ ပဲတင်ပို့နေသည့်လုပ်ငန်းရှင်ကဆိုသည်။

၎င်းအကျိုးဆက်မှာ ပြည်တွင်း၌ ပဲသစ်ပေါ်ချိန်တွင် မတ်ပဲတစ်တင်းလျှင် ၁၂,၀၀၀ ကျပ်မှ ၁၃,၀၀၀ ကျပ်ကြားသာ ဈေးရှိသည်။ တောင်သူတစ်ဦးလျှင် ပဲစိုက်ပျိုးစရိတ်မှာ တစ်တင်းလျှင် ၁၆,၀၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်ကြား မူလအရင်းရှိသည်။ ယခုနှစ်ပဲအထွက်ဆုတ်သည့်အတွက် ဈေးကောင်းလိုချင်ကြောင်းဟင်္သာတခရိုင်မှ တောင်သူတစ်ဦးကပြောသည်။

ယခုနှစ် ပြည်တွင်း ပဲမျိုးစုံအထွက်မှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြား လျော့နည်းနိုင်ကြောင်း မြန်မာနိုင်ငံ ပဲ၊နှမ်းအသင်းမှသိရသည်။ နှစ်စဉ် မတ်ပဲအထွက် တန်ချိန်ခြောက်သိန်းနီးပါးရှိသော်လည်း ယခုနှစ်တွင် တန်ချိန်ငါးသိန်းဝန်းကျင်သာရှိနိုင်သည်။ ပဲစင်းငုံမှာလည်းတန်ချိန်နှစ်သိန်းကျော်သာ ထွက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း အဆိုပါအသင်းမှသိရသည်။

လက်ရှိ ဈေးကွက်ထဲတွင် ပဲဈေးနှုန်းမှာ မတ်ပဲအသစ် တစ်တန်လျှင် ၄၂၅,၀၀၀ ကျပ်၊ အဟောင်း ၄၄၅,၀၀၀ ကျပ်သာ ဈေးရှိသည်။ ယင်းဈေးနှုန်းမှာ ကျန်ခဲ့သည့် သုံးရက်နှင့်နှိုင်းယှဉ်လျှင် တစ်တန်လျှင် ကျပ် ၁၀,၀၀၀ ခန့်ကျဆင်းခဲ့သည်။

## စာ-၂၇၊ဦးချစ်ခိုင်နှင့်တွေ့ဆုံခြင်း မှ

**လက်ရှိ စပါးစိုက်တောင်သူတွေရဲ့အခြေအနေကိုပြောပြပေးပါဦး။**

လက်ရှိအခြေအနေမှာတောင်သူတွေရဲ့အခြေအနေကိုပြောရရင် မတိုးတက်တာထက်ကိုအနည်းငယ်ဆုတ်ယုတ်သွားတယ်။ ဘာကြောင့်လဲလို့ ပြောရလို့ရှိရင် တစ်ချက်က ရာသီဥတု၊ နောက်တစ်ချက်က သီးနှံဈေးနှုန်း။ ပြီးခဲ့တဲ့ နွေစပါးထဲက ရာသီဥတု ဖောက်ခဲ့တယ်ပေါ့။ မိုးမိတယ်။ ပျက်စီးတယ်။ အခု မိုးစပါးမှာကျတော့ နွေစပါးမှာပျက်စီးတဲ့လူ မိုးစပါးမှာ မပျက်စီးသော်ငြားလည်း စပါးဈေးကျလို့ ပျက်စီးတယ်။ စပါးဈေးနှုန်းက ကျနေတယ်။ စပါးဈေးနှုန်းကျဆင်းတဲ့အတွက်ကြောင့်မို့နွေစပါးတုန်းကလည်း ဒုက္ခရောက်တယ်။ တစ်ဖက်က ကြားသီးနှံဖြစ်တဲ့ ပဲကို စိုက်တဲ့အခါ ပဲဈေးကလည်း ထိုးကျတယ်။ အဲဒီ့အတွက်ကြောင့် နှစ်ရာသီလောက် ဆက်ကြုံရတဲ့အတွက်လယ်သမားမှာအကျပ်အတည်းတွေ့လာတယ်။ ကျွန်တော်တို့ကတော့ လက်တွေ့ နယ်ပယ်မှာလုပ်နေတဲ့အတွက် ဘယ်ကိန်းဂဏန်းကိုရည်ညွှန်းပြီးပြောမလဲဆိုကျွန်တော်တို့ ၂၀၀၈ ကနေစပြီး အထူးပြုကုမ္ပဏီ လုပ်လာတယ်။ လယ်သမားတွေကို ငွေကြေးပံ့ပိုးနေတယ်။ သွင်းအားစုပံ့ပိုးတယ်။ ဒီနေရာမှာပြန်လည်ရရှိမှုကိုကြည့်လိုက်လို့ရှိရင် ပြီးခဲ့တဲ့ နွေစပါးမှာ အားလုံးပိုက်ဆံပြန်မရပါဘူး။ ဓနုဖြူမြို့မှာရှိတဲ့ တောင်သူ ၁၀၀ လောက်က ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိဘူး။ အခုမိုးစပါးက ထွက်သွားပြီ။ အန်ကယ်တို့ကိုပြန်လည်ပေးဆပ်မှုဆိုတဲ့ အနေအထားမှာ ခါတိုင်းနှစ် ဒီအချိန်ဆို ၁၀၀ ရာခိုင်နှုန်းနီးပါးပြန်ရပြီ။ အခုဆိုရင် ၇၅ ရာခိုင်နှုန်းလောက်ပဲ ပြန်ရသေးတယ်။ အဲဒီ့လိုအခြေအနေမျိုးဖြစ်နေတယ်။ အခု ပဲမှာလည်း စိုက်တဲ့ပဲကိုကြည့်ရတဲ့ အခြေအနေကလည်း လယ်သမားရဲ့ ခွန်အားနည်းနည်းကျဆင်းသွားတဲ့အတွက် ပဲမှာထည့်နိုင်မယ့် ဘက်စုံအားလျော့သွားတယ်။ လျော့သွားသလိုပဲ ရာသီဥတုကလည်း အေးပြီးတော့ ခြောက်သွေ့တဲ့ ရာသီဥတုဖြစ်နေတယ်။ ဒီနှစ်ဆောင်းမှာ နှင်းမတွေ့ရဘူး။ ဒါကြောင့်မို့ပဲအထွက်ကလည်းလျော့နည်းနိုင်တယ်။ ဒီလို ကွင်းဆက်ကွင်းဆက်တွေဖြစ်နေတဲ့အတွက်ကြောင့်မို့လယ်သမားရဲ့စီးပွားရေးကကျဆင်းလာတယ်၊ ဆိုးရွားလာတာကိုကြုံတွေ့နေရတယ်။

**ဒီအခြေအနေမှာ စပါးစိုက်တောင်သူတွေကို ထုတ်လုပ်မှုမလျော့အောင် ဘယ်လိုဆက်ပံ့ပိုးပေးဖို့ အစီအစဉ်ရှိလဲ။**

ဒါကို စိတ်ဓာတ်ကျပြီးတော့ နောက်ဆုတ်နေလို့လည်းမရဘူး။ နောက်ဆုတ်ရင် သူလည်း ပိုပြီးဆိုးရွားတဲ့ဟာကိုတွေ့ရမယ်။ ကိုယ်လည်း ပိုပြီးဆုံးရှုံးမယ်။ အဲတော့ ကိုယ်ကလည်း သူတို့ကို ဆက်ပြီးတော့ အားပေးရမယ်။ အားပေးပြီးတော့ သူနဲ့ ကိုယ်နဲ့ နောက်တစ်ရာသီ သီးနှံပေါ်လာတဲ့အခါ ဘယ်လို အကောင်းဆုံး ဖြေရှင်းမလဲ။ သူနဲ့ကိုယ်နဲ့ အဆင်ပြေမယ့် နည်းလမ်းကို ရှာဖွေရမယ်ပေါ့။ ကိုယ်လုပ်ရမယ့် Development Sector တွေကိုလည်း ဥပမာ-မျိုးအပြောင်းအလဲကိစ္စတွေ၊ အနိမ့်ဆုံးဈေး အာမခံပြီး ဝယ်ပေးပြီးတော့သူတို့နဲ့ဝယ်ယူမယ့်ကိစ္စတွေ။ ဒါတွေကို ဆက်ပြီးတွန်းအားပေးဆောင်ရွက်မယ်။

**ဆန်စပါးအသင်းက အရန်ဆန်ဝယ်ဖို့ဦးဆောင်ခဲ့ပြီး၊ တကယ်စဝယ်တော့ တောင်သူတွေဆီမှာမရှိတော့လောက်တဲ့ အချိန်မှဝယ်သလိုဖြစ်သွားတယ်။ ဘာကြောင့် အရန်ဆန်စဝယ်တာ ကြန့်ကြာသွားတာပါလဲ။**

အဲဒါကလည်း အခုနပြောသလိုပေါ့။ နိုင်ငံတော်အပိုင်းကလည်း လုပ်ဆောင်နေရတဲ့ဌာနတွေက တစ်ခုတည်းမဟုတ်ဘူးလေ။ နိုင်ငံရဲ့ အဓိကကျတဲ့ နိုင်ငံရေးပြောင်းလဲတဲ့ အဓိကကျတဲ့ အပိုင်းကို ဆောင်ရွက်နေရတဲ့အတွက် ဒီအရန်ဆန်ဝယ်ယူတဲ့ကိစ္စ အနည်းငယ်နောက်ကျသလို ဖြစ်သွားတယ်ပေါ့။ တောင်သူလက်ထဲမှာ စပါးလက်ကျန်နည်းသွားတဲ့ အချိန်ပေါ့။ သို့သော်လည်း မလုပ်ဖြစ်တာထက်စာရင် စပြီးတော့ လှမ်းဖြစ်သွားတယ်။ အခု တောင်သူလက်ထဲမှာ စပါးနည်းသွားတယ်။ အန်ကယ်တို့ဒီက အရန်ဆန်ဝယ်ပေးချင်တာကို တောင်သူလက်ထဲမှာ ဈေးနှုန်းပေးချင်တာကိုတောင်သူလက်ထဲမှာ ကျန်တဲ့စပါးကိုပဲ ပေးတဲ့ဈေးနှုန်းနဲ့ရအောင် ဝယ်ဖို့လည်း စီမံခန့်ခွဲရတယ်ပေါ့။ တစ်ဖက်က အပြင်စီးပွားရေးလောကက မှတ်ချက်ပြုထားတယ်။ ဒီအချိန်မှာ ဝယ်ရင်တော့တောင်သူဆီကစပါးရမှာမဟုတ်တော့ဘူး။ စက်ပိုင်ကုန်သည်တွေဆီကလည်း စပါးတွေ ဒီဈေးနဲ့ ထိုးရောင်းဖို့ ကိစ္စတွေဖြစ်လာမှာဆို အန်ကယ်တို့အနေနဲ့ အတတ်နိုင်ဆုံးတားဆီးထားနိုင်တဲ့အတွက် ဝယ်ယူရရှိတဲ့ ပမာဏကိုကြည့်ရင် တားဆီးထားနိုင်တယ်လို့ပဲ အဖြေထုတ်လို့ရပါတယ်။ တစ်ဖက်ထဲမှာလည်း ဒီခြေလှမ်းကိုစလှမ်းနိုင်ပြီဖြစ်တဲ့အတွက် မကြာခင် ပေါ်တော့မယ့် နွေစပါးစိုက်ထားတဲ့ တောင်သူတွေကလည်း ခွန်အားတစ်ခုတော့ သူတို့မှာ ရှိသွားပြီလို့ ဆိုရမှာပေါ့။

**ဘဏ်လုပ်ငန်းနဲ့ ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေ ဖြေလျှော့ပေးပေမယ့် ဘဏ်လုပ်ငန်းမှာ သိသိသာသာ တိုးတက်မလာသေးတာ ဘာကြောင့်လဲ။**

ဘဏ်လုပ်ငန်းက တစ်ဖက်က ဖြေလျှော့လာပေမယ့် လုပ်ရမယ့် နည်းပညာပိုင်းဆိုင်ရာကို ဖော်ဆောင်ရမယ့် အပိုင်းတွေက ချက်ချင်းလုပ်လို့ မရသေးဘူး။ နိုင်ငံတကာအဖွဲ့အစည်းနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ရမယ့်ကိစ္စတွေရှိတယ်။ နည်းပညာပိုင်းဆိုင်ရာမှာလည်း သက်ဆိုင်ရာ ဘဏ်တွေအားလုံးကိုစနစ်တကျနဲ့ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ဆိုတာကလည်း လိုအပ်တာပေါ့။ ဒီဘဏ်လုပ်ငန်းမှာကျတော့ငွေကြေးဆိုင်ရာဖြစ်တဲ့အတွက် မှားယွင်းလို့မရဘူး။ ဆန္ဒကတော့ မြန်စေချင်တာပေါ့။ သို့သော်လည်း ဒါက အမှားမခံတဲ့လုပ်ငန်းဆိုတော့ စနစ်ကိုသေချာအောင်တည်ဆောက်မှပေါ့။ မလောသင့်ဘူးလို့အန်ကယ်မြင်ပါတယ်။ ဒီလုပ်ငန်းက အလောတကြီးလုပ်မယ်ဆိုရင်လည်း အမှားအယွင်းတွေဖြစ်လာနိုင်ပါတယ်။ အားလုံး ပြည့်စုံသွားပြီဆိုရင် တက်တက်ကြွကြွနဲ့ မြန်မြန်ဆန်ဆန်လုပ်တာက တစ်ပိုင်း၊ အလောသုံးဆယ်လုပ်တာက တစ်ပိုင်း။

**မလိုလားအပ်တဲ့ အပိုကုန်ကျစရိတ်တွေလျော့နည်းအောင်ဘယ်လိုလုပ်သင့်တယ်လို့မြင်ပါလဲ။**

သယ်ယူပို့ဆောင်ရေးကဏ္ဍ Transport Sector ပေါ့နော်။ အဲဒါကလည်း အဓိကအချက်လို့ အန်ကယ်တော့မြင်တယ်။ နောက်တစ်ခါ တချို့ လုပ်ထုံးလုပ်နည်းတွေပေါ့နော်။ ဖြေလျှော့ဖို့အပိုင်းတွေနဲ့ သွက်လက်ဖို့ အပိုင်းတွေလိုတာပေါ့နော်။ လုပ်တော့ လုပ်နေတယ်။ စီးပွား/ကူးသန်းဌာနလိုဟာမျိုးကလည်းလိုင်စင်လျှောက်တဲ့ကိစ္စတွေ မြန်ဆန်အောင်ဆိုတာတွေလုပ်နေသလိုပဲ။ တချို့ဟာတွေလည်း လုပ်ဖို့ကျန်သေးတဲ့အပိုင်းတွေကလည်းကျန်သေးတယ်။ တချို့ဟာတွေလည်း အထက်လူကြီးတွေကပြောင်းလဲပေမယ့်အောက်ခြေမှာ မပြောင်းလဲသေးတဲ့ဟာတွေ ရှိနေသေးတဲ့အတွက်ကြောင့်မို့ လက်ရှိအခြေအနေထိ ရှိနေသေးတာပေါ့။

**အခု မြင်မိသလောက် လုပ်ငန်းတော်တော်များများမှာ ဟိုတယ်ခရီးသွားလုပ်ငန်းက နည်းနည်းလေး ကောင်းလာသလိုပဲ။ အန်ကယ်ရော ဘယ်လိုမြင်လဲ။**

ဟိုတယ်လုပ်ငန်းကတော့ ဘာပဲဖြစ်ဖြစ် အခု အန်ကယ်တို့ဆီမှာ ရှိနေတဲ့ အခန်းအရေအတွက်က အရမ်းနည်းပါတယ်။ နည်းတဲ့အတွက်ကြောင့် လက်ရှိ ဟိုတယ်လုပ်ငန်းက ခရီးသွားလာမှုလုပ်ငန်းက တိုင်းပြည်ကို နည်းမျိုးစုံနဲ့ ခရီးသွားလာတဲ့ လူတွေကများတယ်။ စီးပွားရေးကြောင့်ဖြစ်စေ၊ နိုင်ငံရေးကြောင့်ဖြစ်စေ အလည်အပတ်လာတဲ့သူမဟုတ်တောင်မှ လာပြီးတော့ တံခါးဖွင့်လာပြီဆိုတဲ့အခါ လာကြည့်တဲ့လူတွေများလာတဲ့အခါမှာ ရှိနေတဲ့ အခန်းအရေအတွက်နဲ့ မနိုင်ပါဘူး။ မနိုင်တဲ့အတွက် ဟိုတယ်လုပ်ငန်းရဲ့ Business က Tourism လို့ မပြောရင်တောင်မှ ဧည့်သည်များတဲ့အတွက်ကြောင့်မို့ ဧည့်သည်များလာတဲ့အတွက် လုပ်ငန်းကောင်းတယ်လို့ ယေဘုယျအားဖြင့်ပြောရမယ်။ အခုလိုပဲ တိုင်းပြည်က ရှေ့ဆက်သွားမယ်ဆိုရင်တော့ ဟိုတယ်ခရီးသွားလုပ်ငန်းက ပိုကောင်းလာမယ်။

**အခု အနေအထားက မြန်မာပြည်မှာ အလားအလာအကောင်းဆုံး စီးပွားရေးလုပ်ငန်းတွေက ဘာတွေလို့မြင်ပါလဲ။**

အဓိကကတော့ တိုင်းပြည်က အခြေခံအဆောက်အအုံမတိုးတက်သေးဘူးပေါ့။ မဖွံ့ဖြိုးသေးဘူး။ မဖွံ့ဖြိုးသေးတဲ့အတွက် တိုင်းပြည်က စီးပွားရေး ဖွံ့ဖြိုးလာပြီဆိုရင် အခြေခံအဆောက်အအုံနဲ့ ပတ်သက်တဲ့ အခွင့်အလမ်းတွေပေါ်လာလိမ့်မယ်လို့ယူဆရတယ်။

**စီးပွားရေးလုပ်ငန်းရှင်တွေ အခု လက်ရှိ ကြုံတွေ့နေရတဲ့ အဓိကအခက်အခဲက ဘာလို့မြင်ပါလဲ။**

အခုချိန်မှာတော့ စီးပွားရေးလုပ်ငန်းရှင်တွေ တကယ်တမ်းပွင့်လင်းလာပြီး လုပ်ငန်းကြီးတွေလုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုငွေကြေးပြဿနာက အဓိကပဲ။ နိုင်ငံတကာအဖွဲ့အစည်းနဲ့ နိုင်ငံတကာက အင်အား သူ့နောက်မှာငွေကြေးပံ့ပိုးနိုင်တဲ့အင်အား ငွေကြေးပေါ့နော်။ ငွေကြေးရဲ့ အခွင့်အလမ်း လုပ်ဆောင်မှု။ သူတို့မှာကတော့ ပြီးပြည့်စုံပြီးသား ဖြစ်ပေမယ့် အန်ကယ်တို့ လုပ်ငန်းရှင်တွေမှာတော့ ဒါက အရင်ကလုပ်ငန်းရှင်တွေမှာလည်း ဘာပဲလုပ်လုပ် ကိုယ့်နိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေဟာ မိမိရဲ့ ကိုယ်ပိုင်ငွေနဲ့ပဲရှိတဲ့ငွေနဲ့ပဲ လုပ်ရတာများတယ်။ တခြားနိုင်ငံမှာ လုပ်တဲ့သူတွေက သူ့ရဲ့ ငွေကြေးကဏ္ဍကနေ ထွက်လာတဲ့ငွေကြေးတွေနဲ့ပေါင်းစပ်ပြီး လုပ်တာများတယ်။ ဒီမှာ ဘယ်သူပဲ ဘာပဲလုပ်ချင်လုပ်ချင် ကိုယ့်မှာငွေမရှိ ရင်မလုပ်နိုင်ဘူး။ မလုပ်နိုင်သလို ဘဏ်တွေရဲ့ Supporting တွေကလည်း မလုပ်နိုင်သေးဘူး။ အားနည်းသေးတဲ့ မလုပ်နိုင်သေးတဲ့ အတွက် ဒီငွေကြေးကဏ္ဍကတော့ လုပ်ငန်းရှင်တွေအတွက် အခက်ခဲဆုံးဖြစ်နိုင်တယ်။

**ကျွန်တော်တို့ဆီမှာ လူအများစုက စားဝတ်နေရေးမှာ စားရေးတောင်မနည်းရုန်းကန်နေရတယ်။ ဒီအချိန်မှာ ရန်ကုန်နဲ့ မြို့ကြီးတွေမှာ အိမ်ခြံမြေဈေးနှုန်းတွေက တခြားနိုင်ငံကြီးတွေကတောင် အံ့သြလောက်တဲ့ ဈေးနှုန်းတွေဖြစ်နေတာဘာကြောင့်လို့ ထင်ပါလဲ။**

ငွေကြေးလက်ဝယ်ရှိသူတွေကတော့ အခုနပြောသလိုပေါ့။ ၃၀ ရာခိုင်နှုန်းလောက် လူထုထဲမှာ ငွေကြေးပိုင်ဆိုင်မှုများတဲ့လူတွေရှိနေပါတယ်။ အဲဒီ့လူတွေက တိုင်းပြည်ရဲ့ တခြားမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် ရေရာသေချာတဲ့လုပ်ငန်းမတွေ့သေးတဲ့အခါမှာ ဘာပဲဖြစ်ဖြစ် မြှုပ်နှံထားတာဟာ မမှားနိုင်ဘူးဆိုပြီး အဲဒီ့မှာ အလုံးအရင်းမြှုပ်နှံတာတွေကနေဒီလိုတွေဖြစ်တယ်ပေါ့။ ဒီလိုမြင်ပါတယ်။

# အများပြည်သူမျှော်လင့်တောင့်တနေသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု

**ဦးကောင်းရင်**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ထုတ် 7Day News ဂျာနယ်၊ စာမျက်နှာ (၃၂)တွင်ပါရှိသော Dr စိုးလွင်၏ ဆောင်းပါးကိုဖတ်ရှုပြီး ဤဆောင်းပါးရေးချင်စိတ်ပေါက်လာသောကြောင့် ရေးရခြင်းဖြစ်ပါသည်။ စာရေးသူသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဟုတ်ငြားသော်လည်း 7Day News က ဖော်ပြ၍ ရေးသောဆောင်းပါးပါရှိလျှင် နိုင်ငံတော်သမ္မတကြီးနှင့်တကွ ပြည်သူတစ်ရပ်လုံး သိရှိမည်ဖြစ်၍ စာရေးသူတင်ပြသလို ဖြစ်လာခဲ့သည်ရှိသော်၊ တိုင်းပြည်သားအားလုံး "ဆေးမကုသနိုင်၍ သေသောမသာ"မရှိဖြစ်မည်ဟုယူဆသောကြောင့် ဤဆောင်းပါးကို ရေးသားခြင်းဖြစ်ပါသည်။



စာရေးသူ ယခုအသက် ၇၁ နှစ်ရှိပါပြီ။ ဌာနတစ်ခုမှ ပင်စင်ယူထားသူဖြစ်ပြီး ယခုနိုင်ငံတော်အစိုးရက တိုးမြှင့်ပေးထားသော ပင်စင်လစာငွေကြောင့် အတော်အတန် အသက်ရှူလာနိုင်ပါသည်။ ယခင်ပင်စင်ဟောင်းလစာ ၁,၂၅၀ ကျပ်မှ ယခု ၄၅,၀၀၀ ကျပ်ရရှိရာ ဘတ်စ်ကားစီးရန် ခက်ခဲသူ စာရေးသူအဖို့ လုံလောက်သော တက္ကစီခရရှိသောကြောင့် နိုင်ငံတော် အစိုးရအား များစွာကျေးဇူးတင်နေသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

စာရေးသူသိသမျှကမ္ဘာပေါ်တွင် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံမှာ "ဆွီဒင်"နိုင်ငံဖြစ်ပါသည်။ စာရေးသူဝန်ထမ်းဘဝနှင့်အငြိမ်းစားကာလများအတွင်း ဆွီဒင်နိုင်ငံသို့မကြာခဏ ရောက်ဖူးရာ ထိုနိုင်ငံ၏ နေထိုင်မှု၊ လူမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုအကျွမ်းဝင်ခဲ့ပါသည်။ ဆွီဒင်နိုင်ငံစက်ရုံအလုပ်ရုံများတွင် ပိုင်ရှင်သူဌေးမှစ၍ အလုပ်သမားအထိ နေ့လယ်စာစားရန် လက်မှတ် ကူပွန်များအခမဲ့ ထုတ်ပေးပါသည်။ သူဌေးနှင့် ဝန်ထမ်းများအားလုံးသည် သတ်မှတ်ထားသော စားသောက်ဆိုင်များတွင် ထိုကူပွန်ဖြင့် နေ့လယ်စာစားလိုရာကိုဗိုက်အဝစားနိုင်ကြပါသည်။ (အရက်၊ အဖျော်ယမကာမပါဝင်ပါ)။ အလုပ်ဆင်းလာသော အလုပ်သမားအားလုံး အလုပ်စချိန်မှပြီးဆုံးချိန်အထိ အချိန်ပြည့်အလုပ်လုပ်ကြပါသည်။ ၁၉၉၀ ပြည့်နှစ်က လုပ်အားခတစ်နာရီလျှင်၇ဒေါ်လာဖြစ်ခဲ့ပြီးထိုစဉ်ကာလကအမေရိကန်ပြည်ထောင်စုထက် များပါသည်။

ကုမ္ပဏီမှဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးသည် အလုပ်အားရက် (Holiday) တွင် ကနေဒါနိုင်ငံသို့ သွားလည်ပါသည်။ ကနေဒါနိုင်ငံတွင် နှင်းလျှောစီးရာ၌ မတော်တဆဖြစ်သောကြောင့်ပေါင်ကျိုးသွားပါသည်။ အရေးကြီးသော ကျန်းမာရေးကိစ္စဖြစ်သော်လည်း ထိုခရီးစဉ်တွင်အာမခံ(Insurance) မရှိသဖြင့် ဆွီဒင်နိုင်ငံသို့ ပြန်လာပြီး အခမဲ့ဆေးကုသမှု (လူမှုဖူလုံရေးဖြင့်)ခံယူကာ ပျောက်ကင်းချမ်းသာခဲ့ပါသည်။

စာရေးသူကြားဖူးသလောက် အမေရိကန် ပြည်ထောင်စု၏ ကျန်းမာရေး စောင့်ရှောက်မှုအကြောင်း တင်ပြပါမည်။ အသက်အရွယ်အသီးသီးအလိုက် အာမခံကုမ္ပဏီအမျိုးမျိုးတွင် အာမခံထားရှိပါက ထားရှိသော အာမခံ ငွေအမျိုးအစားပေါ်တွင်မူတည်၍ အခမဲ့(သို့မဟုတ်)အနည်းငယ်သော ထပ်ဆောင်းငွေဖြင့် ဆေးကုသခွင့်ရကြပါသည်။ "သွား"ကျန်းမာရေး အာမခံမှာ အလွန်ဈေးကြီးမြင့်သည့်အလျောက် အာမခံထားသူရှိသော်လည်း မထားသူများကြပါသည်။ "သွား"တစ်ချောင်း တစ်ခါနုတ်လျှင် Follow up တစ်ကြိမ်အပါအဝင် ဒေါ်လာ ၇၀၀ ခန့်ပေးရပါသည်။

အမေရိကန်နိုင်ငံသားများအား မှီခိုရန် ရောက်ရှိသည့် Permanent Resident များအတွက် အစိုးရက အခမဲ့ အာမခံထားရှိပေးပါသည်။ ထိုသို့ ထားရှိပေးသော အကြောင်းရင်းမှာ တာဝန်ခံခေါ်ယူသော သားသမီးစသူများက အခွန် (Tax)များ အကြေအလည်ပေးသွင်းထားသောကြောင့် ဖြစ်ပါသည်။ အစိုးရ၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ ထိုပုဂ္ဂိုလ်ကွယ်လွန်လျှင် ပိုင်ဆိုင်သောပစ္စည်းများကိုထိုအာမခံကုမ္ပဏီသို့ ကြေညာပေးအပ်ရပါသည်။ ထိုအခါ အာမခံကုမ္ပဏီက ထိုပုဂ္ဂိုလ်မကွယ်လွန်မီ အသုံးပြုသွားသော ကျန်းမာရေး စောင့်ရှောက်ခအတွက် ကုန်ကျငွေကိုသာ ဖြတ်တောက်/ထုတ်ယူပါသည်။ ပိုငွေ/ ကျန်ငွေများကို ထိုပုဂ္ဂိုလ်၏ သား/သမီး အမွေခံသူတို့အား ပြန်ပေးပါသည်။

အစိုးရကပေးသော အာမခံဟုဆိုသဖြင့် အထင်သေးရန် အကြောင်းမရှိပါ။ အစိုးရအာမခံ ရရှိသူသည် မိမိကြိုက်နှစ်သက်ရာ Primary Doctor ကို ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ထိုဆရာဝန်ထံ သွားရောက်ပြသပြီး ဆရာဝန်က ဆေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းစသည်တို့ကို လိုအပ်သလိုဆောင်ရွက်ရန်ထပ်ဆင့်ညွှန်ကြားပါသည်။ နေ့စဉ် မှီဝဲသုံးဆောင်ရန် ဆေးအမျိုးမျိုးကိုလည်း ပေးပါသည်။ အဆိုပါ ဆောင်ရွက်ဖွယ် ကိစ္စများအတွက်လည်းကောင်း၊ ဆေးဖိုးဝါးခများအတွက်လည်းကောင်း အစိုးရက အကုန်အကျခံပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်တိုင်းပေါင်း ၅၀ ရှိပါသည်။ ပြည်နယ်တိုင်းလိုလိုတွင် အဆိုပါ အစိုးရအာမခံမျိုးရှိပြီး ကယ်လီဖိုးနီးယားပြည်နယ်တွင် Medical ဟုခေါ်ပါသည်။ အဆိုပါ အာမခံဖြင့် သက်ဆိုင်သူက တစ်ပြားတစ်ချပ်မျှ မပေးရသော်လည်း ဒေါက်တာ စိုးလွင်၏ ဆောင်းပါးတွင်ပါရှိသည့်အတိုင်း၊ မကျန်းမာ၍ ဆေးရုံတက်ရောက်ကုသရပါက "အခမဲ့"၊ ကုန်ကျစရိတ်မရှိ ကုသခွင့်ရပါသည်။ ပြောစရာရှိသည်မှာ သွား၊ နား၊ မျက်စေ့၊ အရေပြားတို့အတွက် ကုသမှု မပါရှိပါ။ သွားအတွက် လုံးဝမပါရှိသော်လည်း နား၊ မျက်စိ၊ အရေပြားစသည်တို့အတွက် တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက Primary Doctor ကစတင်ကုသပေးပြီး အထူးကုမှ အခြေခံအကျဆုံးကုသမှုကို ဆောင်ရွက်ပေးပါသည်။ သို့သော် Hearing Aid စသည်များ ပါရှိလာပါက မိမိတို့က စရိတ်စိုက်ထုတ် ကုန်ကျခံရန်သာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဝန်ထမ်းများအတွက် လူမှုဖူလုံရေးစောင့်ရှောက်မှုရှိသော်လည်း အမည်ခံဟုယူဆပါသည်။ အမှန်တကယ်ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရနိုင်ပါ။ ပြည်သူ့လွှတ်တော်တွင် တင်ပြချက်အရ နိုင်ငံတော်အစိုးရက ကျန်းမာရေးနှင့် ပညာရေးစရိတ်များ တိုးမြှင့်ပေးသောကြောင့် ဝမ်းသာစရာသတင်းပင်ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ယခုတိုးမြှင့်လိုက်သော "ဘတ်ဂျက်"များအရလည်း အမှန်တကယ်ရာနှုန်းပြည့်ပြည်သူလူထုစိတ်ချမ်းသာအောင်စောင့်ရှောက်နိုင်မည်ဟု မယူဆပါ။

စာရေးသူစိတ်တွင် စိတ်ကူးမိသရွေ့ အကြံတစ်ခု ပြုလို၍ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။ ယခုအခါတွင် ကျန်းမာရေးကဏ္ဍ၌ နိုင်ငံတော်အစိုးရ၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ဆေးရုံ၊ ဆရာဝန်၊ ဆေးပေးခန်းများနှင့် ပုဂ္ဂလိက ဆေးရုံဆေးခန်းများဟု နှစ်ပိုင်းရှိပါသည်။ မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်းလည်း ရှိနေပြီးဖြစ်သည့်အပြင် ယခုလာမည့် ဧပြီလတွင် အမေရိကန်ဒေါ်လာ၏ ပေါက်ဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်ဖြစ်မည်ဟု ဂျာနယ်များတွင် ဖတ်ရှုရသောကြောင့်ဒေါ်လာဖြင့် အာမခံထားရှိရန်ပါဖြစ်နိုင်ခြေရှိသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။ စာရေးသူ ကြားသိရသရွေ့ ကျန်းမာရေးဝန်ကြီးဌာနကလည်း ကျန်းမာရေးအာမခံအတွက် စူးစမ်းလေ့လာလျက်ရှိပြီး Workshop များပင် ပြုလုပ်လျက်ရှိပြီဖြစ်ကြောင်းကြားသိရပါသည်။ စာရေးသူအကြံပြုလိုသည့်အာမခံမှာ နှစ်မျိုးဖြစ်ပါသည်။ နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများအတွက် သတ်မှတ်သော ကျပ်ငွေဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ဆေးခန်း၊ ဆေးရုံများတွင် "ဒေါ်လာ" ဖြင့်လည်းကောင်း သတ်မှတ်ထားရှိရန် ထိုသို့အာမခံထားရှိပြီးသောအခါတွင်လည်း ပုဂ္ဂလိက အစိုးရဆရာဝန်များ ဆေးရုံများကို လိုအပ်သလို ခွဲခြားသတ်မှတ်ပေးပါက ဖြစ်နိုင်ခြေရှိသည်ဟု ယူဆပါသည်။

လက်ရှိ ကန့်သတ်ချက်တစ်ခုမှာ ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုသည် ရာနှုန်းပြည့်ပီပြင်မှုမရှိသေးဘဲ အစိုးရဆရာဝန်များကို အားကိုးနေရသဖြင့် ဘီလူးစည်း၊ လူစည်းခွဲခြားရန် မဖြစ်သေးမီစပ်ကြား (စပ်ကူးမပ်ကူးကာလ)သင့်တော်သလို ဆုံးဖြတ်ပေးထားရန်ဖြစ်ပါသည်။ သင့်တင့်လျောက်ပတ်သော အချိန်၊ ဘီလူးစည်း၊ လူစည်းခွဲခြားနိုင်သောအခါတွင် ဖော်ပြပါ အာမခံနှစ်ခုအရ ပုဂ္ဂလိကနှင့် အစိုးရစောင့်ရှောက်ရေး ပီပြင်လာမည်ဟု ယူဆပါသည်။ စပ်ကူးမပ်ကူးကာလတွင်လည်း အစိုးရဆရာဝန်များက "အာမခံရငွေမှ မက်လုံးပေးသောစနစ်"ကိုကျင့်သုံးသင့်ပါသည်။

စာရေးသူတင်ပြသည်မှာ အကြမ်းမျှသာဖြစ်ပါသည်။ စာရေးသူထက် ပိုမိုနားလည်တတ်ကျွမ်းသူများ၊ အတွေ့အကြုံရှိသူများစွာရှိရာ စနစ်တကျ ညှိနှိုင်းဆွေးနွေးသင့်ပါသည်။ ယင်းသို့ ညှိနှိုင်းဆောင်ရွက်ပါကမျှားမကြာမီကာလအတွင်းအကောင်အထည်ဖော်လာနိုင်စရာရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

## အမျိုးသားပို့ဆောင်ရေးကွန်ရက်မူဝါဒ ရှိရမည်ဟု ပို့ဆောင်ရေးဝန်ကြီးပြော

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၀**


တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေး ကွန်ရက်မူဝါဒ(National Transport Network Policy)သည် မဖြစ်မနေနိုင်ငံတိုင်းတွင် ရှိရမည့် မူဝါဒဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောသည်။

ထို့ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါမူဝါဒကို အရေးတကြီး စဉ်းစားဆွေးနွေးပြီး တည်ဆောက်ရန် ဆောင်ရွက်မည်ဖြစ်သည်ဟု သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းသီဟကျော်၏ အဆိုကိုပြန်လည်ရှင်းလင်းရာတွင် ပြောကြားသွားခြင်း ဖြစ်သည်။

ဦးစိုင်းသီဟကျော်၏ ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော အမျိုးသားပို့ဆောင်ရေး ကွန်ရက်မူဝါဒ(National Transport Network Policy) ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှု ရှိ၊ မရှိ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးကျေးဇူး ရှိ၊ မရှိ၊ အသေးစိတ် စစ်ဆေးပြီးမှသာ ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံကိန်းများအလိုက် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ခွင့်ပြုသည့် တန်ဖိုးငွေများကို သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ ချပြအသိပေးရန် ပြည်ထောင်စုအစိုးရ အဖွဲ့အားတိုက်တွန်းကြောင်း အဆိုအား ပြည်ထောင်စုလွှတ်တော်က သဘောတူညီခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012



# ဒီပုံနဲ့တော့ ခက်နေပြီ

ကိုဝမ်း

ကျွန်တော်သည် စီးပွားရေးပညာရှင်တစ်ဦးမဟုတ်ပေ။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အေပက်ကောလိပ်မှာ စင်ကာပူပိုလီတက်ကနစ်မှာ ဘဏ်စီမံခန့်ခွဲရေးပညာများသင်ယူခဲ့သူ မဟုတ်ပေ။ အကြောင်းကြောင်းနှင့် သူများနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမား (Immigrant Worker) လုပ်ရင်းဖြင့် သူတို့အရပ်က ဘဏ်များကိုဝင်ထွက်ဖြစ်ခဲ့သည်။ ဘဏ်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ ဘဏ်လုပ်ငန်းက ကျစ်လျစ်သိပ်သည်းခိုင်မာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းက သွက်လက်ထက်မြက်လို့နေမည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ စီလုံလမ်းပေါ်ရှိဘန်ကောက်ဘဏ်မှာ ငွေစာရင်း အကောင့်ဖွင့်ဖူး၏။ ကိုယ့်ပတ်စ်ပို့ယူသွားပြီး သူ့ဘာသာမိတ္တူကူး၏။ ငွေစာရင်းဖွင့်တာ ၁၀ မိနစ်ပဲကြာ၏။ အေတီအမ်ကတ်အလိုရှိသော်နောက်ထပ် ၁၀ မိနစ်ထပ်စောင့်ပါ။ အေတီအမ်ကတ်နှင့် လျှို့ဝှက်နံပါတ်ပါတစ်ခါတည်းရ၏။ ဤဘဏ်မှာပဲ ခရီးသွားချက်လက်မှတ် (Travellers Cheque) ဝယ်ဖူး၏။ ပထမထပ်သို့ တက်ရ၏။ မည်သည့်ထောက်ခံချက်မှ မလို။ ပတ်စ်ပို့နှင့်အတူ ဝယ်မည့် T/C နှင့် တန်ဖိုးညီသောဘတ်ငွေ ပေးရသည်။ ဆယ့်ငါးမိနစ်ခန့်ကြာသော်လိုအပ်တာရပြီ။ ဘန်ကောက်မှာပဲ Thai Farmers Bank, Lam Thoung Bank' Thai Military Bank တို့သို့ ဝင်ထွက်ဆောင်ရွက်ခဲ့ဖူးသည်။ မည်သည့်အခက်အခဲမှ မရှိ။ ဟိုရှာရ ဒီရှာရ ဟိုစားပွဲက ဟိုစားပွဲ လက်ညှိုးထိုး၊ အဲဒီစားပွဲက နောက်တစ်ခု လက်ညှိုးထိုးဟူ၍မရှိ။ ဤဘဏ်တွင် ငွေစာရင်းဖွင့်မည်ဆိုက ဤဘဏ်၌ ငွေစာရင်းဖွင့်ထားသူ၏ ထောက်ခံချက်ယူပေးရန် မလိုပါ။

မကာအိုတွင်နေခဲ့သော ၁၃ နှစ်အနက် ၈ နှစ်သည် မကာအိုလူဝမ်ကျွန်း၊ ဘီစီအမ် ဘဏ်ခွဲတွင် ဘဏ်လုံခြုံရေးဖြစ်ခဲ့သည်။ ထို့ကြောင့် ဘဏ်လုပ်ငန်းကို ထဲထဲဝင်ဝင် သိခဲ့သည်။ ဤအလုပ်တွင်မည်သည့်ငွေကြေးကိစ္စပဲလုပ်လုပ် ဘဏ်မပါလျှင် မပြီးချေ။ အစိုးရအမှုထမ်း၊ ပုဂ္ဂလိက အမှုထမ်း နေ့စား၊ လရှင်း ကျွန်တော်တို့လို လုံခြုံရေးနှင့် သန့်ရှင်းရေးပါမကျန် သက်ဆိုင်ရာ ဘဏ်မှာပဲ လခထုတ်ကြရသည်။ မူလတန်းကျောင်းသား၏ လခကို ဘဏ်မှာပဲ ပေးသွင်းရသည်။ မီးဖိုး၊ ရေဖိုး၊ တယ်လီဖုန်းဖိုးအားလုံးကို ဘဏ်မှာပေးသွင်းရသည်။ နောက်ပိုင်းကျတော့ဘဏ်က အေတီအမ်စက်မှာပဲ မီးဖိုး၊ ရေဖိုး၊ တယ်လီဖုန်းဖိုး ပေးသွင်းလို့ရသွားသည်။ မိမိ၏အကောင့်ထဲရှိ ပိုက်ဆံကနေ ကျသင့်ငွေကို နုတ်သွားသည်။ မည်သည့်အပိုကြေး Service ကြေးမှ ပေးစရာမလို၊ အေတီအမ်စက်က ပြန်ထုတ်ပေးသည့်စာရွက်လေးကိုမူ အထောက်အထားအဖြစ် သိမ်းထားရသည်။

ယင်းအရပ်တွေတွင် ခိုင်မြဲသော အလုပ်တစ်ခုရှိဖို့သာ လိုသည်။ ဘဏ်ကပိုက်ဆံချေးပြီး တိုက်ခန်းဝယ်၍ ရသည်။ ကားဝယ်၍ ရသည်။ Credit Card ခေါ် အကြွေးဝယ်ခွင့်ကတ်လျှောက်၍ လွယ်သည်။ ဘဏ်စာအုပ်ငွေသွင်း ငွေထုတ်တွင် အမှတ်အသားတွေပါသည်။ ရိုးရိုး မိမိစုငွေအမှတ်အသားကတစ်ခု မိမိဘဏ်စာရင်းထဲသို့ လစာဝင်တာက အမှတ်အသားတစ်ခုဖြစ်သည်။ ကျွန်တော်က Hongkong and Shanhai Bank Cooperation-H.S.B.C တွင် ဟောင်ကောင် ဘဏ်ဗီဇာခရက်ဒစ်ကတ် လျှောက်တော့ ကျွန်တော်၏ လစာထုတ်ဖို့တရုတ်ဘဏ် (Bank of China) ငွေစာရင်းစာအုပ်တင်ပြရသည်။ ဘဏ်ဝန်ထမ်းများက တရုတ်ဘဏ်ငွေစာရင်းစာအုပ်ထဲသို့ဝင်သော ကျွန်တော်၏ ပုံမှန်လစာကို စစ်ဆေးသည်။

ဘန်ကောက်ရှိဝင်ထွက်ခဲ့ရာ ဘဏ်များနှင့် မကာအိုရှိဝင်ထွက်ခဲ့ရာ စောင့်ကြပ်ခဲ့ရာ ဘဏ်များတွင် ဘဏ်အတွင်းဝင်လာသော Customer ကို ပျာပျာသလဲ ဂရုစိုက်ကြသည်။ လိုအပ်တာမှန်သမျှ ချက်ချင်းဆောင်ရွက်ပေးကြသည်။ ဘဏ်၏လုပ်ထုံးလုပ်နည်းနှင့်သာ ညီပါစေ။ မစောင့်ရပါ။ ချက်ခြင်းရပါစေသည်။ သူတို့ဆီက ဘဏ်ယန္တရားသည် သွက်လက်ထက်မြက်လို့နေသည်။ ကျစ်လျစ်သိပ်သည်းလို့နေသည်။ မကာအိုမြို့တွင် ဒေသခံဘဏ်ငါးခုအပါအဝင် ဘဏ် ၂၃ ခုရှိ၏။ ယင်းဘဏ် ၂၃ ခု၏ ဘဏ်ခွဲများနှင့်ဆိုသော် တစ်မြို့လုံးသွားချင်သည့်နေရာသွား၊ ဘဏ်တွေက ခလုတ်တိုက်နေ၏။ ဒါကြောင့် သတင်းစာများက ဤမြို့တွင် ဘဏ်များဖောင်းပွနေသည့် (Bank Polution) ဟု ရေးကြ၏။ ဘဏ်တွေများတော့ လူတွေဆောင်ရွက်ရကာ လွယ်ကူလေသည်။

ဘဏ်သည် 'ငွေကြေးဈေးသည်' ဖြစ်သည်။ ဈေးဝယ်က မည်သည့် ပစ္စည်း ရှိသလဲ၊ ရအောင် ဖွေရှာပေးမည်။ သင့်တင့်သော Service Charge ယူသည်။ ဘဏ်သည် Service လုပ်ငန်းဖြစ်သည်။ ဘဏ်သည် ရုံးတစ်ရုံးမဟုတ်ချေ။ ဘဏ်သည် ဈေးဆိုင်ဖြစ်သည်။ ဘဏ်ဝန်ထမ်းသည် အရောင်းဈေးသည် ဖြစ်သည်။

ဈေးကွက်စီးပွားရေး တစ်ခုလုံးထဲတွင် လမ်းဘေးဈေးသည်က အစ ကုမ္ပဏီတွေ ဘဏ်တွေလည်းပါဝင်သည်။ အမျိုးစစ်အဖိုးမှန်ဟူသည် ဈေးကွက်စီးပွားရေး၏ ကျင့်ထုံးကျင့်ဝတ်ဖြစ်သည်။ ရောင်းသော ပစ္စည်းစစ်ရမည်။ ဈေးနှုန်းသင့်တော်မှန်ကန်ရမည်။ မသိလျှင် မသိသလို ပါးပါးရိပ်ခြင်းသည် ဈေးကွက် စီးပွားရေးမဟုတ်ပါ။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်ကလမ်းဘေးအများသုံးဖုန်းတစ်လုံးပြောနေသူ၏ စကားသံကို ကြားရသည်။ ဘဏ်ထဲဝင်သွားပြီး ဟိုကောင်တာမေးမရ၊ ဒီကောင်တာမေးမရနဲ့ နောက်ဆုံးခြောက်ခုမြောက်ကောင်တာကျမှပဲ မှန်တော့တယ်။ ဒါလည်း မွန်းလွဲ ၁၂ နာရီမှာ ပြန်လာခဲ့ပါတဲ့။ မဆလခေတ် ၂၆ နှစ်လည်း ကုန်ဆုံးခဲ့ပြီ။ ဒီနောက် နဝတ ခေတ်၊ နအဖ ခေတ် ၂၃ နှစ်လည်း ကုန်ဆုံးခဲ့ပြီ။ ဒီစရိုက် ဒီအကျင့်ဆိုးတွေက ယခုထက်ထိရှိနေပါသေးလား။ ဒီပုံနဲ့တော့ ခက်နေပါပြီ။ အဲဒီလူပြောသည်မှာ နိုင်ငံခြားကိစ္စကိုင်သော အစိုးရဘဏ်တစ်ခုဖြစ်သည်။ ခေတ်မီဘဏ်စနစ်ကို ကွန်ပျူတာနဲ့ အီးမေးလ်နဲ့တင် တည်ဆောက်၍မရပါ။

နိုင်ငံတကာခေတ်မီဘဏ်စနစ်ဟူသည်ပစ္စည်းနှင့်နည်းပညာသာမက၊ စရိုက်လက္ခဏာတွေကောင်းဖို့ စေတနာကောင်းနှင့် ဘဏ်ထဲဝင်လာသူ၏လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ဖို့ရာလည်း လိုအပ်ပါသည်။ ။

## JOKE

### ပြေပြေလည်လည်

ကျွန်မနှင့် ကျွန်မအရင်ယောက်ျားတို့၏ ကတ္တီပါလမ်းခွဲမှာ ပြေပြေလည်လည်ပင် ပြီးဆုံးသွားသည်။ ဒါကို ကျွန်မ ပြောနိုင်တာကတော့ သူနဲ့လမ်းခွဲပြီး ကျွန်မ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် "ငါ့ယောက်ျားနဲ့ လမ်းခွဲလိုက်ပြီ" ဟူ၍ ရေးသားခဲ့ရာ ပထမဦးဆုံး "Like" လုပ်သူမှာ ကျွန်မ၏အဆက်ဟောင်းပင် ဖြစ်ပါသည်။

### ရှာနေတယ်

စိတ်အချရဆုံး အလုပ်သမားတစ်ဦး ရုံးမတက်သောအခါ သူဌေးဖြစ်သူက စိတ်ပူပြီး သူမ၏ အိမ်ကိုလှမ်း၍ ဖုန်းဆက်သည်။ ဖုန်းကိုဖြေကြားသူမှာ ကလေးငယ်တစ်ဦးဖြစ်နေသည်။

"သမီး မေမေအိမ်မှာရှိလား" ဟု သူဌေးကမေးရာ ကလေးငယ်က

"ရှိတယ်"

"ဦးဦး သူနဲ့ စကားပြောလို့ရမလား"

"မရဘူး"

"သမီး ဖေဖေနဲ့ရော စကားပြောလို့ရမလား"

"မရပါဘူး ဦးဦး။ ဖေဖေက ရဲတစ်ယောက်နဲ့ စကားပြောနေတယ်"

သူဌေးဖြစ်သူက အလွန်စိတ်ပူသွားပြီး

"အဲဒီရဲနဲ့ဦးဦးစကားပြောလို့ရမလား" ဆိုရာ ကလေးငယ်က

"မရပါဘူး ဦးဦး။ သူတို့အလုပ်ရှုပ်နေတယ်။ ကယ်ဆယ်ရေးအဖွဲ့ကို လှမ်းပြီးခေါ်နေတယ်" ဟုပြောရာသူဌေးမှာပို၍ စိတ်ပူသွားပြီး

"ဟေ. . ဘယ်သူဘာဖြစ်လို့လဲ" ဟုမေးပါ၏။ ကလေးငယ်က

"ဘာမှ မဖြစ်ပါဘူး။ သူတို့ရှာဖွေဖို့ လုပ်နေကြတယ်"

"ဘယ်သူ့ကိုလဲ" ဟုသူဌေးကမေးရာ

"သမီးကို" ဟုကလေးငယ်က တခိခိရယ်ရင်း ပြန်ဖြေလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.10, No.50 • MARCH 1 , 2012

# စင်ကာပူ အိုင်တီကုမ္ပဏီကြီးတစ်ခုက မြန်မာပြည်ဈေးကွက်တွင် အခြေချနိုင်ရန် စီစဉ်နေ

ယုဇနကိုကို

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

စင်ကာပူနိုင်ငံ၏ အကြီးစား အိုင်တီကုမ္ပဏီများတွင်တစ်ခုအပါအဝင်ဖြစ်သည့် Acclivis Technologies and Solution Pte Ltd က နိုင်ငံတကာတွင်လူသုံးအများဆုံးဖြစ်နေသည့် နည်းပညာပစ္စည်းများကိုမြန်မာနိုင်ငံအတွင်းသို့ တိုးချဲ့ဝင်ရောက်နိုင်ရန်အတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

စင်ကာပူနိုင်ငံ၏ အကြီးဆုံး System Integrator များတွင် တစ်ခုအပါအဝင်ဖြစ်သော အဆိုပါကုမ္ပဏီအနေဖြင့် ပြည်တွင်းဈေးကွက်အတွင်းသို့ဝင်ရောက်လာသည့်အချိန်တွင် ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲလုပ်ငန်းများကို အဓိကလုပ်ကိုင်သွားမည်ဟု ယင်းကုမ္ပဏီလီမိတက်၏ဒါရိုက်တာ Mr. Marcus Cheng က 7Day News အား ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့်ပြည်တွင်းနည်းပညာဈေးကွက်အတွင်းသို့ အခြေချဝင်ရောက်ရန် စီစဉ်နေရခြင်းအကြောင်းမှာ နိုင်ငံတကာမှ နာမည်ကျော်အမှတ်တံဆိပ်နည်းပညာပစ္စည်းများကို စီးပွားရေးလုပ်ငန်းရှင်များသို့ တစ်ဆင့်ပြန်လည်ရောင်းချခွင့်များပေးလိုခြင်းနှင့် အိုင်စီတီနည်းပညာများကို နိုင်ငံတကာနှင့် အဆက်မပြတ်ထိတွေ့နိုင်ရန်အတွက်ဟု သိရသည်။

Acclivis Technologies and Solution Pte Ltd အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ကွက်အတွင်း ၎င်းတို့၏အိုင်စီတီလုပ်ငန်းများကို မကြာမီအချိန်အတွင်း စတင်ဝင်ရောက်နိုင်ရန် စီစဉ်နေကြောင်း အထက်ပါတာဝန်ရှိသူက ဆိုသည်။

နိုင်ငံတကာတွင် လူသုံးအများဆုံးဖြစ်နေသည့် အိုင်တီပစ္စည်းများဖြစ်သော Dell, HP, IBM, EM C2, Net App, Juniper, Symantec, Cisco, Avnet အစရှိသည့် အမှတ်တံဆိပ်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့်ယင်းကုမ္ပဏီသည် စင်ကာပူနိုင်ငံဝန်ကြီးဌာနများစွာ၏ လုပ်ငန်းများကို နည်းပညာပိုင်းဆိုင်ရာပံ့ပိုးပေးထားသော လုပ်ငန်းတစ်ခုဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် မကြာမီအချိန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် Acclivis Technologies and Solution Pte Ltd သည် တရုတ်နှင့် အင်ဒိုနီးရှားအပြင် အာဆီယံဒေသတွင်းနိုင်ငံ အချို့တွင်လည်း အလားတူစီးပွားရေးမျိုးကို လုပ်ကိုင်နေပြီဖြစ်သည်။




# ရွှေဈေးမြင့်နေခြင်းကြောင့် အပိုင်းအရောင်းအဝယ် ရပ်တန့်လုနီးပါးဖြစ်


ဓာတ်ပုံ - [illegible]

သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် လုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်လေ့ရှိသော အပိုင်းအရောင်းအဝယ်ဈေးကွက်မှာ ရပ်တန့်လုနီးပါး ဈေးကွက်အေးနေပြီဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ဈေးကွက်တွင် အရောင်းအဝယ် အများဆုံးဖြစ်သော ၁၅ ပဲရည်ဈေးနှုန်းသည် ယခုတစ်ပတ်တွင်း၌ ရွှေတစ်ကျပ်သားလျှင် ၇၀၀,၀၀၀ ကျပ်ကျော်ထိ မြင့်တက်နေပြီဖြစ်သည်။ ထို့ကြောင့် အထည်ဈေးကွက် အရောင်းအဝယ်မှာလည်း ပုံမှန်ဈေးကွက်ထက် လျော့နည်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၇၅၀,၀၀၀ ကျော်ထိမြင့်တက်နေပြီဖြစ်သည်။

"ဈေးက အတက်များတော့ အပိုင်းဘက်ကတော့ ဝယ်လိုအားတော်တော်လျော့သွားတယ်။ အထည်ဈေးကွက်ကလည်း အဝယ်ရှိနေသေးတယ်လို့ ပြောရမယ်။ အပိုင်းဘက်ကတော့ ဈေးကွက်စောင့်ကြည့်ကြတဲ့ အနေအထားပဲ။ ပြန်ရောင်းတာလည်း သိပ်တော့ မသွက်သေးဘူး" ဟု ရွှေဆိုင်လုပ်ငန်း တာဝန်ခံတစ်ဦးက ပြောသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၇ | ၈၃၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၇ | ၈၃၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၇ | ၁၀၅၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅. ၅ | ၂၆. ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၅ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၂ | ၈၄၃ | ကျပ် |

၂၀၁၂ ဖေဖော်ဝါရီ ၂၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၉၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၃၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၉၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၇၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၀၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၄. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၃၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၅၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၇၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၃၅ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၄၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၉၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၁၆၁၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၇၆. ၄၀၀ |
| ရေနံစိမ်း | စည် | ၁၂၅. ၄၇၀ |
| ငွေ | ၁ အောင်စ | ၃၅. ၄၂၀ |
| ကြေးနီ | ပေါင် | ၃၈၇. ၀၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၅၅၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဖေဖော်ဝါရီ ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

စင်ထွာ
မီးလင်းကတ္တား
မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း
- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




09.7300.9641, 09.731.236.36,02.788.24

7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# ငဝန်မြစ်ကြောင်းဘေး တာတမံအတွင်းရှိ ငါးဖမ်းကွက်အချို့ကို ဒေသခံများအား စုပေါင်းလုပ်ကိုင်ခွင့်ပြု

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

ငဝန်မြစ်ကြောင်းဘေး တာတမံ (ဒေသအခေါ် ပတ်တာ)အတွင်းရှိ လယ်ယာစိုက်ပျိုးမြေနှင့် ဆက်စပ်နေသော ငါးဖမ်းကွက်အချို့အား လာမည့်ဘဏ္ဍာနှစ်တွင် လေလံမပေးတော့ဘဲ အနီးအနားရှိ တောင်သူများအား စုပေါင်းငါးဖမ်းလုပ်ပိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ်၊ ညောင်ကျိုးတိုက်နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က 7Day News အား ပြောကြားသည်။

"တောင်သူလယ်သမားတွေနဲ့ အင်းလုပ်ပိုင်ခွင့်ရတဲ့သူတွေ ရေအသွင်းအထုတ်ကိစ္စပြဿနာဖြစ်လို့ တောင်သူတွေကိုယ်တိုင်လည်း လုပ်ချင်တယ်ဆိုတာနဲ့ ခွင့်ပြုပေးလိုက်တာပါ"ဟု ၎င်းက ပြောသည်။

ထို့အတူ နှစ်စဉ်နှစ်တိုင်း အင်းသူကြီးများကို လုပ်ပိုင်ခွင့်ပေးလေ့ရှိသော ငါးဖမ်းကွက်နှင့် အင်းအများစုအား ကျေးလက်နေပြည်သူများ လွတ်လပ်စွာ ငါးဖမ်းယူခွင့်ရရှိရေးအတွက် ဘုံငါးဖမ်းကွက်များအဖြစ်ပြောင်းလဲပေးရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားကြောင်း မအူပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက 7Day News အား ပြောသည်။

"ပြည်သူတွေ တောင်းဆိုလို့ တိုင်းကိုတင်ပြထားတာပါ။ ခွင့်ပြုပေးရမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပါ"ဟု ၎င်းကပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အင်းလေလံခွန် ရရှိငွေများအား တိုင်းဒေသကြီး အစိုးရမှ စီမံခွင့်ရရှိခဲ့ပြီးနောက် အင်းသူကြီးများနှင့် ဒေသခံများ အကြား ငါးဖမ်းယူခွင့် ရရှိရေး ပြဿနာပေါ်ပေါက်ခဲ့သည်။

ထိုအခါ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဝင်ရောက်ဖြေရှင်းပေးခဲ့သော်လည်း အဆုံးအဖြတ် မပေးနိုင်ခဲ့ကြောင်း အင်းသူကြီးများကပြောသည်။

"ကျွန်တော်တို့အင်းသားကြီးတွေက (ငါးဖမ်းကွက်နှင့်အင်း) စောင့်ရှောက်ပေးနေတာတောင် ငါးသယံဇာတက အရင်နှစ်တွေထက်လျော့နေပြီ"ဟု မအူပင်မြို့နယ် အမှတ် ၂၀၃ တလုပ်လပ်အနောက်အင်းကို သုံးနှစ်လုပ်ပိုင်ခွင့်(ကြေးတိုင်) ရရှိထားသော ဦးဇော်မျိုးထွန်းကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လေလံအင်းများနှင့် တင်ဒါပိုက်ချက်များအား ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်လိုက်ပါက လေလံခွန်ရရှိငွေ လျော့နည်းသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းကပြောသည်။

"တစ်ခုလိုချင်ရင် တစ်ခုပေးဆပ်ရမှာပေါ့။ အဓိကကတော့ အများပြည်သူအတွက် ပြေလည်စေချင်လို့ပါ" ဟု ၎င်းကပြောသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်၊ ပန်းတနော်၊ ဓနုဖြူ၊ ညောင်တုန်းမြို့နယ်များအတွင်းရှိအင်းနှင့် တင်ဒါပိုက်ချက်များကို ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲပေးရန် ဖြစ်နိုင်ခြေများသည်။ မအူပင်မြို့နယ်အတွင်းမှာပင် တင်ဒါပိုက်ချက် ၂၄ ခုနှင့် အင်း ၁၀ ခု ပါဝင်နိုင်ကြောင်း ဒေသခံများကပြောသည်။




# ပြည်ပ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ရာဘာဈေးမြင့်တက်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ပြည်ပ ရာဘာဝယ်လိုအား မြင့်တက်လာသည့်အတွက်ပြည်တွင်း၌ ဈေးနှုန်းမြင့်တက်လာကြောင်း ရာဘာတင်ပို့သည့် လုပ်ငန်းရှင်များထံမှစုံစမ်းသိရသည်။



ထိုင်းနိုင်ငံတွင် ရာဘာဈေးနှုန်းကျဆင်းနေမှုကို ကာကွယ်ရန် အစိုးရက အာမခံဈေးဖြင့် ရာဘာတစ်ပေါင်လျှင် ထိုင်းငွေ ဘတ် ၁၂၀ ဖြင့် ဝယ်ယူခဲ့သဖြင့် ရာဘာဈေးပြန်မြင့်တက်ခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံဘက်မှလည်း ရာဘာဝယ်ယူမှုတိုးမြင့်လာခြင်းက ပြည်တွင်းရာဘာဈေးနှုန်းကို ပြန်လည်ဆွဲတင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ဆိုသည်။

"တရုတ်က နှစ်စပိုင်းလကနည်းနည်းပဲဝယ်တယ်။ ဈေးအကျကိုစောင့်တာ၊ အခုမှ ပိုဝယ်တာ" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ဇန်နဝါရီလက ပြည်တွင်းရာဘာဈေးသည် RSS တစ်ပေါင်လျှင် ၉၀၀ ကျပ်သာ ဈေးရှိခဲ့သည်။ လက်ရှိအချိန်တွင် ယင်းအမျိုးအစားသည် တစ်ပေါင်လျှင် ၁,၂၀၀ ကျပ်ဝန်းကျင်ရှိသည်။

ကမ္ဘာ့ဈေးကွက်တွင်လည်း ရာဘာဈေးသည် တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ဈေးတက်လာသည်။ လက်ရှိအချိန်၌ ရာဘာဈေးသည် RSS အမျိုးအစားတစ်တန်လျှင် ကန်ဒေါ်လာ ၄,၂၀၀ ဝန်းကျင်ရှိသည်။


စာ(၃၃) - ရွှေဈေးမြင့်နေခြင်းကြောင့် အပိုင်းအရောင်းအဝယ် ရပ်တန့်လုနီးပါးဖြစ် မှ

ပြည်တွင်းရွှေဈေးနှုန်းကို အဓိကမြင့်တက်စေသော ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁,၇၇၄ ဒေါ်လာထိ မြင့်တက်နေပြီဖြစ်သည်။ ၎င်းကမ္ဘာ့ရွှေပေါက်ဈေးနှင့် ယှဉ်ပါက ပြည်တွင်းဈေးမှာ ၁၅,၀၀၀ ကျပ်ဝန်းကျင်နိမ့်နေသေး၍ ဈေးနှုန်းဆက်တက်နိုင်သည့် အနေအထားတွင်ရှိနေကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းပြောသည်။

လက်ရှိ အနေအထားအရ ပြည်တွင်းရွှေဈေးနှုန်းများသည် ယခင်နှစ်က ရောက်ရှိခဲ့သော အခေါက်ရွှေတစ်ကျပ်သားဈေးနှုန်း ၇၈၀,၀၀၀ ကျပ်ထိ မြင့်တက်သွားနိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောကြသည်။

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# 7DAY BOOK REVIEW




## မင်းသားကနန တိုက်ပွဲကကြမ်းကြမ်း (တော်ဘုရားကလေးအောင်ဇေ)

ကုန်းဘောင်းခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါဘုရင်နှင့် စုဘုရားလတ်တို့၏ မြေး၊ စတုတ္ထသမီးတော်၏ သားတော်တစ်ပါးဖြစ်သည့်တော်ဘုရားကလေး(အောင်ဇေ)မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါး ၄၂ ပုဒ်ကို စုစည်းထုတ်ဝေသည့် စာအုပ်ဖြစ်သည်။


တော်ဘုရားကလေး(အောင်ဇေ)၏ တစ်ပိုင်းတစ်စ ရုပ်ပုံလွှာအဖြစ် ဖတ်ရှုရမည့် ယခုစာအုပ်တွင် မြန်မာ့သမိုင်းကို မှတ်တမ်းတင်ခဲ့ကြသော ပြည်တွင်းပြည်ပသုတေသီများ၏ အငြင်းပွားဖွယ်ရာ အချက်အလက်များကို ပြန်လည်ချေပထားပြီး ပဒေသရာဇ်ခေတ်ကျန် မင်းသားတစ်ပါး၏ အတွေးအမြင်ကို ထင်ဟပ်သည့် စာအုပ်ဖြစ်သည်။ နန်းဒေဝီစာအုပ်တိုက်က တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ပန်းချီဆိုတာ ဘာလဲ(ဖေညွှန့်ဝေ)



မြန်မာနှင့် နိုင်ငံတကာ ပန်းချီကားပေါင်းများစွာကို မူရင်းအရောင်အတိုင်း ပုံနှိပ်ထည့်သွင်းထားပြီး ပန်းချီအနုပညာကို စိတ်ဝင်စားလေ့လာလိုသူများအတွက် အကျိုးပြုမည့်စာအုပ်ဖြစ်သည်။

ပန်းချီဖေညွှန့်ဝေက စာအုပ်တွင် ပန်းချီဝါဒ သဘောတရားအမျိုးမျိုးကို ကိုယ်တွေ့အတွေ့အကြုံနှင့်ယှဉ်၍ ရေးသားမိတ်ဆက်ထားပြီး လွယ်ကူရှင်းလင်းသည့် စကားပြေဖြင့် မြန်မာပန်းချီကျော်များ ဖြစ်ကြသော ဆရာချို၊ ဆရာဆောင်ကအစ ဦးဘသက်၊ ဦးခင်မောင် အလယ်ပေါ် ဦးသက်၊ ပန်းချီအောင်စိုးတို့၏ ပန်းချီကားများအကြောင်း ရှင်းလင်း ရေးသားထားသည်။ စာပေလောက စာအုပ်တိုက်က တန်ဖိုး ၁၀,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။




## ဖူးတံဝင်လို့ချီ မဂ္ဂဇင်းဝတ္ထုတိုများ (ရဲသျှမ်း)

'ဘူတာရုံကလေး' ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည့် ရဲသျှမ်း၏ အသစ်ထွက်ရှိလာသော ဝတ္ထုတိုအပုဒ် ၂၀ စုစည်းမှုစာအုပ်ဖြစ်သည်။

ရထားဘူတာရုံကလေးများ၊ ရထားရပ်ကွက် အိမ်ရာများ၊ ရထားဝန်ထမ်းတို့၏ ဘဝအလွမ်းအမောများကို တစ်ခါတလေ ဟာသလေးစွက်၍ ရေးသားတတ်သော ရဲသျှမ်း၏ ဝတ္ထုတိုများသည် ဝတ္ထုတိုကောင်းများ ဖတ်လိုသူများအတွက် အာလျပြေစေမည့် စာအုပ်ဖြစ်သည်။ လင်းလွန်းပင် စာအုပ်တိုက်က တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

## လူငယ်ရေကြည် ရေနောက်ပြဿနာနှင့် သမိုင်းကိုဖန်တီးသူများ



လူငယ်များကို ရည်ညွှန်းသည့် 'ပါရာဒိုင်းလက်ခုပ်သံနှင့် မျိုးဆက်တို့၏ ခေတ်များ' ဆောင်းပါးစုစည်းမှုစာအုပ်လို ယခုတစ်ဖန်တွင်လည်း လူငယ်များအတွက် ရည်ရွယ်သည့် ဆောင်းပါး ၂၁ ပုဒ်အား စုစည်း၍ စာအုပ်ထွက်ရှိလာသည်။ သာဘန်း၊ မောင်မောင်လှမြင့်၊ သစ္စာနီ၊ တင့်ခိုင်၊ ဦးဘုန်း (ဓာတု)၊ နောင်ကျော်၊ ဦးတင်ဦး(ကျူရှင်)၊ ကြည်မင်း၊ မောင်ခင်မင် (ဓနုဖြူ)၊ ခင်မြဇင်၊ မိုဃ်းဇော်၊ မြေလတ်မောင်မြင့်သူ၊ ကြူးနှစ်၊ ဇော်ခိုင်ဦး၊ ဂျူနီယာဝင်း၊ အောင်တက်လူ၊ ခင်စောတင့်၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာမောင်သင်း၊ စိုးဦး (ဒဿန)၊ စိုးမြင့်လတ်တို့ပါဝင်ရေးသားကြသည်။ ဆောင်းပါးအများစုမှာ ယနေ့ခေတ်လူငယ်များဖတ်သင့်ဖတ်ထိုက်သော စာစုများဖြစ်ပြီး စာရေးသူများ၏ အတွေ့အကြုံနှင့်ယှဉ်၍ရေးထားသည်ဖြစ်၍ ပြေပြေအေးအေးတွေးတောနိုင်မည့်စာအုပ်လည်းဖြစ်သည်။ ခေတ်ပြတိုက် စာအုပ်တိုက်က တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကြောင်တွေ ရေကူးတတ်သလား

ရေကိုနှစ်သက်သည့်ကြောင်ပေါင်းများစွာရှိကြောင်း တိရစ္ဆာန်ဆေးဝါးဆိုင်ရာတက္ကသိုလ်မှ ဆေးဝါးကုသမှုဆိုင်ရာနည်းပြတစ်ဦးဖြစ်သူ ဆန်ဒီစောချာ့ခ်ကပြောကြားသည်။ မိုးခေါင်ခြောက်သွေ့ပြီး ပူပြင်းသောနေရာဒေသများတွင် နေထိုင်ကျက်စားသည့် ခန္ဓာကိုယ်ကြီးမားသည့် ကြောင်အရိုင်းမျိုးများသည် ရေကူးရခြင်းကို နှစ်သက်သည်ဟုဆိုသည်။

အာရှမျိုးစိတ်ကြောင်တစ်မျိုးဖြစ်သော ငါးဖမ်းကြောင်မျိုးများတွင် အရေပြားဆက်ခြေချောင်းများပါရှိပြီး ရေငုပ်ကာငါး၊ ဖားနှင့်ပုစွန်များကိုဖမ်းယူတတ်ကြသည်ဟုဆိုသည်။ အိမ်မွေးကြောင်အမျိုးအစားများတွင် Turkish Van ဟူသောကြောင်မျိုးမှာမူရေကူးတတ်ကြပြီး အခြားသောအိမ်မွေးကြောင်မျိုးအားလုံးသည်ရေကိုကြောက်ကြသည်ဟု သိရသည်။ *—Source:wiki.answers.com*

# တစ်ပတ်တာကံကြမ္မာ


ဖေဖော်ဝါရီ ၂၉ ရက် မှ မတ် ၆ ရက် အထိ

စံဇာကျော်ဘို




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

စိတ်အနှောင့်အယှက်များ ရှိနေမည်။ အခက်အခဲများ ကြုံရမည်။ ရန်များစွာကို ကြုံတွေ့ပြီးမှ အလိုရှိရာ ဆောင်ရွက်နိုင်မည်။ ဇွဲကြီးကြီးထားပါ။ မိသားစုအတွက်လည်းကောင်း၊ မေတ္တာရေးရာအတွက်လည်းကောင်း အချိန်မပေးနိုင်လောက်အောင် ဖြစ်မည်။ အောင်မြင်မှု၊ ငွေကြေးရရှိမှုအပေါ် ပျော်ရွှင်မှု မခံစားရသလို ဖြစ်မည်။ ခရီးကိစ္စများ ရွှေ့တိုးဆောင်ရွက်နိုင်မည်။ အလုပ်သစ်သို့ကူးပြောင်းရင်း ရန်များကြုံနိုင်သည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာကို အရှိန်မြှင့်တင်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်သော အနေအထားရှိသည်။ အခက်အခဲများ မည်မျှကြုံစေ အဆုံးပိုင်းတွင် အောင်မြင်ခြင်းရရှိမည်။ လုံးဝမမျှော်လင့်ဘဲ ငွေဝင်ခြင်းကြုံမည်။ မိသားစုအလုပ် တိုးတက်မည်။ စီးပွားကံကောင်းခြင်းများ ဖြစ်ပေါ်မည်။ ငွေကြေးမြှုပ်နှံခြင်း၊ လုပ်ငန်းသစ်စတင်ခြင်း၊ အထူးကောင်းသည်။ ဝေးကွာနေသော သူများနှင့် ပြန်လည်ချိတ်ဆက်နိုင်သည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

သတိနှင့် ယှဉ်ပြီးဆောင်ရွက်မှ တော်ရုံကျမည်။ မှန်းထားသည်ထက်ပို၍ ငွေကုန်များခြင်း ရှိမည်။ သူတစ်ပါးကြောင့် အကြံအစည်များ နှောင့်နှေးမည်။ မည်သည့်ကိစ္စကိုမဆိုဆောင်ရွက်ရာ၌ တစ်ကြိမ်မက စဉ်းစားပြီးမှ ဆောင်ရွက်ပါ။ အလုပ်သစ်များ ဆောင်ရွက်ရန် ဆိုင်းငံ့ထားပါ။ စွန့်စားပြီးလုပ်သော အပြိုင်အဆိုင် ဆောင်ရွက်ရသော လုပ်ငန်းများကို တတ်နိုင်သမျှ ရှောင်ပါ။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ငွေလက်လွန်တတ်သည်။ ငွေကြေးကိစ္စကြားဝင်၍ တာဝန်ယူခြင်းရှောင်ပါ။ အလုပ်အကြံသစ်များကို ရွှေ့တိုးဆောင်ရွက်သင့်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများကို သတိလက်လွတ်ဆောင်ရွက်မိ၍ ပြဿနာဖြစ်တတ်၏။ ရောင်းမှားဝယ်မှား သတိထားပါ။ အရာရာ အလောတကြီးမလုပ်ပါနှင့်။ ချင့်ချိန်ပြီးလုပ်ပါ။ အိမ်ထောင်သည် အမျိုးသားများ အမျိုးသမီး အနှောင့်အယှက်ဝင်တတ်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကံမြင့်၍ တိုးတက်မှုများရမည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးတက်၍ နေရာကောင်းရမည်။ ငွေကြေးမြှုပ်နှံမှုများမှ ထူးခြားသော အကျိုးဆက်ကိုရမည်။ အကြံအစည်သစ်များကို ကိုယ်တွေ့အကောင်အထည်ဖော်သင့်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော သူများအဖို့ ကိုယ့်ကိစ္စဦးစားပေး၍ မရသေးပါ။ မိသားစုလုပ်ငန်းတစ်ဖက် ကိုယ်လုပ်လိုသည်က တစ်မျိုး၊ နှစ်မျိုးနှစ်ခုတစ်ပြိုင်နက်တည်း ဆောင်ရွက်ရခြင်းဖြစ်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အညံ့များ ကြုံပြီး တစ်စစ အဆင်ပြေသော အခြေအနေကောင်းကို ကြုံမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ အခါတိုင်းလုပ်သော ထုံးစံများကို မေ့ပစ်လိုက်ပြီး အခြေအနေအပေါ် သုံးသပ်ပြီး သူတစ်ပါး လုပ်သကဲ့သို့လုပ်ရသော အနေအထားရှိမည်။ အတူတွဲလုပ်သူတစ်ဦး၏ ပေါ့ဆမှုကြောင့် မဖြစ်သင့်သော ပြဿနာများဖြစ်ရတတ်သည်။ လုပ်ငန်းခွင်မှသူများ အလုပ်ပို၊ ကိစ္စပိုများနှင့် ရှုပ်ထွေးနေရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာ ကောင်းသောဘက်သို့ ဦးတည်လာသည်။ ကြံစည်၊ ကြံဆထားပြီးအခါမသင့်၍ လုပ်နိုင်ခြင်းမရှိသေးသည်များကို အရှိန်ပြင်းစွာ လုပ်နိုင်မည်။ အညံ့အားလုံးရုတ်ခြည်းရပ်တန့်ပြီး ကောင်းခြင်းဘက်သို့ဦးတည်မည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရလိမ့်မည်။ အကြံသစ်တစ်မျိုး ဖျတ်ခနဲပေါ်ပါက ၎င်းအကြံအတိုင်း ဆောင်ရွက်၍ ငွေကြေးကံကောင်းခြင်းများ ကြုံမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မှန်းသလောက် ငွေမဝင်လင့်ကစား အလုပ်အနေအထားပိုင်းတွင် စိတ်ကျေနပ်ရလောက်အောင် အဆင်ပြေမည်။ သူတစ်ပါးနှင့် ယှဉ်ပြီး မိမိတိုးတက်မှုကို ဆောင်ရွက်နေရသည့် အနေအထားရှိသည်။ အကူအညီတောင်းဆိုလာသူများအပေါ် လွန်လွန်ကဲကဲ လိုက်လျောခြင်းမရှိသင့်။ သူတစ်ပါးကိစ္စကြားဝင်ဆောင်ရွက်ရင်း စိတ်ရှုပ်၊ ရန်များ၊ ပဋိပက္ခပွားခြင်း ကြုံမည်။ မိဘအကြီးအကဲ ကျန်းမာရေးဂရုစိုက်ပါ။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုံးစုံအောင်မြင်မည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စမှန်သမျှ စနစ်တကျ ဆောင်ရွက်ပြီး တိုးတက်မှု၊ အောင်မြင်မှုအဆင့်ကို အပြည့်အဝဆောင်ရွက် အကျိုးပေးမည်။ ကိုယ်ပိုင်အရည်အသွေးများ ထက်မြက်နေပြီး ဉာဏ်ရည်ဉာဏ်သွေး ထိထိမိမိနှင့် လုပ်ကိုင်မှုများမှ အကျိုး ရှိမည်။ အချိန်မဆွဲပါနှင့်။ အရာရာချက်ချင်းလက်ငင်းဆောင်ရွက်သော နည်းနှင့် တစ်ဟုန်ထိုးရှေ့ဆက်၍ ဆောင်ရွက်ပါ။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အနှောင့်အယှက်အခက်အခဲများကို ထိပ်တိုက်ဖြေရှင်းရမည်။ လျှို့ဝှက်ပြီး မိမိအား ဒုက္ခပေးခြင်းကို ကြုံတွေ့ရမည်။ အမှားဘက်သို့ ရောက်ရှိပြီး သူများပြဿနာ ကိုယ့်ပြဿနာအဖြစ် ခံရတတ်သည်။ သူတစ်ပါးအပေါ် ယုံလွယ်လွန်းခြင်းမရှိသင့် ကျေးဇူးကန်းသောသူများနှင့် ကြုံရတတ်သည်။ ခက်ခဲသော ပြဿနာများကို ရင်ဆိုင်ရမည်။ ငွေကုန်များမည်။ အိမ်တွင်း၌ မကြာခဏ စကားများရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်အားထက်သန်မှုဖြင့် အောင်မြင်မှုများ ဖန်တီးနိုင်မည်။ သူတစ်ပါး ခက်ခက်ခဲခဲ ဆောင်ရွက်ရသော ကိစ္စများ၊ မိမိအလွယ်ဆောင်ရွက်နိုင်မည်။ ဤကာလအတွင်း ဆောင်ရွက်သူများအား အဆင့်ဆင့် သေချာစွာ ဆောင်ရွက်ပါ။ မိမိအမည်အသုံးချ၍ နာမည်ဖျက်သူများနှင့် တွေ့မည်။ မိုက်မိုက်မဲမဲ တစ်ဇွတ်ထိုးလုပ်လိုက်သောကိစ္စများမှ စိတ်အနှောင့်အယှက်ကြုံမည်။ စက်ပစ္စည်းများနှင့် ပြဿနာဖြစ်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဘဝလမ်းကြောင်းသစ်တစ်ခုသို့ ကူးပြောင်းရန် အခြေအနေကောင်း ကြုံမည်။ အမှားအယွင်းတစ်ခုအား ဆောင်ရွက်၍ ဘေးဒုက္ခကင်းဝေးမည်။ မိမိအားအကူအညီ ပေးမည့်သူများ ဝန်းရံနေသည်။ လုပ်ငန်းအကြံအစည်သစ်များ ဆောင်ရွက်အဆင်ပြေမည်။ လုပ်နေသော အတိတ်ကာလမှ အမှားအယွင်းများကို ပြန်လည်ပြုပြင်နိုင်မည်။ ဤကာလအတွင်း ဖြစ်မည့်အမှားများသည် ပေါ့ဆမှုကြောင့် ဖြစ်မည်။

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# ရုရှားသမ္မတ မက်ဗီဒက်လက်ထက်ကိုပြန်လည်စောင်းငဲ့ကြည့်ခြင်း

**ကြည့်နေဝင်းမင်း**



ရုရှားနိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲကျင်းပဖို့ ရက်သတ္တပတ်တစ်ပတ်ကျော်ကျော်ပဲ လိုပါတော့တယ်။ သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုဖို့လည်း တစ်လကျော်ကျော်ပဲ လိုပါတော့တယ်။ ဒါပေမဲ့ ဒီအချိန်မှာပဲ ကျွန်တော်တို့ ဒီမီထရီမက်ဗီဒက် သမ္မတသက်တမ်းရဲ့ ရလဒ်တွေကိုပြန်လှန်သုံးသပ်နိုင်နေပါပြီ။ လေလောဆယ် အာရုံစိုက်နေကြတာကတော့ မက်ဗီဒက်ကို ဦးဆောင်လမ်းညွှန်ခဲ့သူနဲ့ သူ့ကိုဆက်ခံဖို့ အဖြစ်နိုင်ဆုံးလူ မစ္စတာပူတင်နဲ့ သူရဲ့ မမောနိုင်မပန်းနိုင်မဲဆွယ်မှုတွေမှာ ကြေညာခဲ့တဲ့ပေါ်လစီထုတ်ပြန်ချက်တွေပဲဖြစ်ပါတယ်။ အဲဒီထုတ်ပြန်ချက်မှာ သူဝန်ကြီးချုပ်အဖြစ်နဲ့ အနှစ်ချုပ်တင်ပြတဲ့အထဲမှာ မပါဝင်ခဲ့တဲ့ နိုင်ငံခြားရေးပေါ်လစီလည်း ပါဝင်ပါတယ်။

မစ္စတာမက်ဗီဒက်ရဲ့ နိုင်ငံခြားရေးပေါ်လစီထဲမှာ ထင်ရှားခဲ့တာတွေကတော့ သူသမ္မတဖြစ်ပြီးတစ်လအကြာ ၂၀၀၈ ခုနှစ် ဇွန်လမှာဂျာမနီနိုင်ငံကိုလည်ပတ်ရင်းစတင်ဖော်ထုတ်ခဲ့တဲ့ ဥရောပလုံခြုံရေးအစီအမံသစ် ပါဝင်သလို အဲဒီနှစ်နှောင်းပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ငါးရက်ကြာ ဂျော်ဂျီယာစစ်ပွဲ၊ အဲဒါနဲ့တစ်ဆက်တည်း အထူးအကျိုးစီးပွား နယ်ပယ်များအကြောင်း ကြေညာချက်နဲ့ နောက်ပိုင်း အက်ဘ်ခါဇီးယားနဲ့ တောင်အိုစက်တီးယား (လွတ်လပ်ရေး) အသိအမှတ်ပြုမှုများ ပါဝင်ပါတယ်။ ယူကရိန်းနိုင်ငံနဲ့ ဖြစ်ခဲ့တဲ့ ဓာတ်ငွေ့စစ်ပွဲကြောင့် ဥရောပ တချို့ဒေသတွေမှာ ဆောင်းရာသီအလယ်တည့်တည့်မှာအပူပေးစနစ်မရှိ ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့လည်း နောက်ပိုင်းမှာရုရှားနဲ့ ယူကရိန်းတို့ဟာ "Gas for Fleet" သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲဒီသဘောတူညီချက်အရ ရုရှားနိုင်ငံရဲ့ ပင်လယ်နက်က ရေတပ်သင်္ဘောတွေကို ခရိုင်းမီးယားဒေသမှာယူကရိန်းက တပ်စွဲခွင့်ပြုခဲ့ပြီး ရုရှားက ယူကရိန်းအတွက်ဓာတ်ငွေ့ဈေးလျှော့ပေးခဲ့ပါတယ်။

အာမေးနီးယားနိုင်ငံမှာ ရုရှားစစ်ဘက် ဆက်လက်တပ်စွဲထားရေးကိုလည်း ရုရှားနိုင်ငံက လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကရင်မလင်ဟာ ဝါရှင်တန်ရဲ့ နှစ်နိုင်ငံဆက်ဆံရေးပြန်လည် တည့်မတ်ရေးကြိုးပမ်းမှုတွေမှာ ပူးပေါင်းပါဝင်ခဲ့ပြီး မဟာဗျူဟာမြောက်နျူကလီးယားလက်နက်များ လျှော့ချရေးအတွက် START သဘောတူညီမှု စာချုပ်အသစ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ S-300 ဒုံးကျည်ကာကွယ်ရေးစနစ်တွေကို အီရန်နိုင်ငံသို့ ပေးပို့ရေး ကန်ထရိုက်ကိုလည်း မစ္စတာမက်ဗီဒက်က ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီကိစ္စကို ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်းကသဘောမကျခဲ့ပါဘူး။

မစ္စတာမက်ဗီဒက်ရဲ့ နိုင်ငံရေးအရ အခြားအောင်မြင်မှုတွေထဲမှာ တရုတ်နိုင်ငံနဲ့ အခြားအာရှနိုင်ငံတွေအပေါ် ပိုပြီးအာရုံစိုက်လာခြင်းလည်း ပါဝင်ပါတယ်။ ကိုရီးယား ပြဿနာပြေလည်စေဖို့ စွမ်းအင်စီမံကိန်းကြီးတစ်ရပ်စတင်အကောင်အထည်ဖော်တဲ့ စိတ်ကူးလည်း ပါဝင်ပါတယ်။ မစ္စတာမက်ဗီဒက်ဟာ ယူကရိန်းသမ္မတ ဗစ်တာယူချန်ကို၊ ဘီလာရုစ်ခေါင်းဆောင် အလက်ဇန္ဒားလူကာရှန်ကိုတို့နဲ့လည်း ခွန်ကြီးခွန်ငယ် အပြန်အလှန်ပြောဆိုခဲ့ပြီး မစ္စတာ လူကာရှန်ကိုအပေါ် မီဒီယာတိုက်ပွဲတောင်ဆင်နွှဲခဲ့ပါတယ်။ အံ့ဩစရာကောင်းတဲ့ လှုပ်ရှားမှုတစ်ခုကတော့ လစ်ဗျားနိုင်ငံမှာ စစ်ရေးအရကြားဝင်ဖြေရှင်းတာကို ရုရှားနိုင်ငံက ထောက်ခံခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ အဲဒါဟာ အမှားတစ်ခုလို့ပြောကြားခဲ့ပါတယ်။ မစ္စတာ မက်ဗီဒက်ရဲ့ တောင်ကူရီးလ်ဒေသ အလည်အပတ်ခရီးက ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေးကို တော်တော်လေး ပျက်စီးစေခဲ့ပါတယ်။

မစ္စတာမက်ဗီဒက်ရဲ့ နိုင်ငံခြားရေးပေါ်လစီရဲ့ တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်အောင်မြင်မှုတွေမှာ ရုရှား၊ ဘီလာရုစ်နဲ့ ကာဇက်စတန်သုံးနိုင်ငံပေါင်းပြီး အကောက်အခွန်ယူနီယံ ဖွဲ့စည်းနိုင်ခဲ့ကာ ပိုလန်နိုင်ငံနဲ့ ဆက်ဆံရေး တိုးတက်လာတာလည်း ပါဝင်ပါတယ်။

ဒါပေမဲ့လည်း ၂၀၀၈ ခုနှစ်နွေဦးကနေ ၂၀၁၁ ဆောင်းဦးပေါက် ရာသီကြားကာလ ရုရှားနိုင်ငံရဲ့ လုပ်ရပ်တွေကိုခွဲခြမ်းစိတ်ဖြာသူတွေ အမှတ်ရနေရမှာကတော့ ရုရှားနိုင်ငံရဲ့ နိုင်ငံခြားရေးပေါ်လစီဟာ မက်ဗီဒက်တစ်ဦးတည်းအပေါ်မှာ ကျရောက်နေတာမဟုတ်ဘဲ နှစ်ယောက်တွဲအုပ်ချုပ်ရေးရဲ့ ပူးပေါင်းကြိုးပမ်းမှုဖြစ်တယ်ဆိုတာပါပဲ။ အများအားဖြင့်တော့ မစ္စတာပူတင်က ကန့်လန့်ကာနောက်ကွယ်မှာ နေချင်နေပါလိမ့်မယ်။

ရုရှားနိုင်ငံရဲ့ နိုင်ငံခြားရေးပေါ်လစီကို အနီးကပ်ကြည့်မယ်ဆိုရင်တော့ ဒွိဟသဘောဆန်တဲ့ ကောက်ချက်ဆွဲမှုဆီကို ဦးတည်သွားနိုင်ပါတယ်။ ဖော်ရွေတဲ့အပြုံးနဲ့ခေတ်မီတိုးတက်ရေး လိုလားတဲ့စကားတွေပြောတဲ့ မစ္စတာမက်ဗီဒက်ကို ဥရောပနဲ့ အမေရိကန်က လက်သင့်ခံခဲ့ပြီး သူ့ကိုလည်း အနောက်ဘက်ကို လိုလားတဲ့နိုင်ငံရေးသမားလို့ရှုမြင်ကြပါတယ်။ သို့ဖြစ်လင့်ကစား ရုရှားနိုင်ငံဟာအနောက်ဘက်မျက်နှာစာမှာ သိသာတဲ့တိုးတက်မှုတွေ မရှိသလောက်ပါပဲ။ ရုရှားရဲ့ အနောက်ဆန့်ကျင်ရေးဒါမှမဟုတ် တခြားပေါ်လစီလမ်းကြောင်းတွေကမှ ပိုပြီးအောင်မြင်ပါသေးတယ်။

ဒီထဲမှာ ခြွင်းချက်ကတော့ ကျဉ်းမြောင်းတဲ့ ကန့်သတ်မှုတွေကြားထဲမှာ တော်တော်လေး အောင်မြင်မှု ရရှိခဲ့တဲ့ အမေရိကန်နဲ့နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်တည့်မတ်ရေး အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီပေါ်လစီရဲ့ ရည်မှန်းချက်ကအမေရိကန်-ရုရှားဆက်ဆံရေးကိုပုံမှန်ဖြစ်အောင် ပြန်လုပ်ရေးဖြစ်ပါတယ်။ ရုရှား-အမေရိကန်ဆက်ဆံရေးဟာ သမ္မတဂျော့ချ်ဒဗလျူဘုရှ်သက်တမ်း နှစ်ဆက်မှာလိပ်ခဲတည်းလည်း ဖြစ်နေခဲ့တာပါ။ ဒီရည်မှန်းချက်နဲ့အတူ တခြား မူရင်းအစီအစဉ်မှာ ပါဝင်ခဲ့တဲ့ကိစ္စတွေလည်း အောင်မြင်ခဲ့ပါတယ်။ အဲဒါတွေကတော့ အာဖဂန်နစ္စတန် ထောက်ပံ့ရေးလမ်းကြောင့် ကြားခံသဘော တူညီချက်၊ အီရန်အပေါ် ပိတ်ဆို့တားဆီးမှု၊ မဟာဗျူဟာမြောက်လက်နက်များ လျှော့ချရေး START သဘောတူညီချက်နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထဲ ရုရှားဝင်ရောက်ရေးကိစ္စတောင် အောင်မြင်ခဲ့ပါတယ်။ ပြန်လည်တည့်မတ်ရေးပေါ်လစီဟာ နှစ်ဖက်ဆက်ဆံရေးပုံစံသစ်ကို ဖန်တီးဖို့ မလုပ်ခဲ့ပါဘူး။ မျက်လှည့် ပြသလိုအောင်မြင်မှုတွေ မရှိခဲ့ပါဘူး။ နောက်တက်လာမယ့် ရုရှားနဲ့ အမေရိကန်အစိုးရအဖွဲ့တွေက ဒီကိစ္စကို ပြန်ပြီးကိုင်တွယ်ရပါလိမ့်မယ်။ ဘာ မှမရှိတဲ့ အကြမ်းထည်ကနေစပြီး လုပ်ရမှာတော့ မဟုတ်တော့ဘူးပေါ့လေ။

ရုရှားနိုင်ငံနဲ့ နေတိုးအဖွဲ့ရဲ့ ဆက်ဆံရေး၊ အထူးသဖြင့် ဥရောပသမဂ္ဂနဲ့ ဆက်ဆံရေးဟာလည်း ကြီးကြီးမားမား အောင်မြင်ခဲ့တာမဟုတ်ပါဘူး။ ဥရောပလုံခြုံရေးအစီအစဉ်ဟာ ဥရောပမှာ အဆုံးမရှိတဲ့ ဂိမ်းကစားပွဲရဲ့ သေးငယ်တဲ့အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ ဥရောပခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလက်တွဲဆောင်ရွက်ရေးနဲ့ဥရောပကိုတိုက်ချင်းပစ်ဒုံးကျည်များမှကာကွယ်ရေး အကြောင်းအရာတွေကိုလည်းထိထိရောက်ရောက် မဆွေးနွေးနိုင်ခဲ့ပါဘူး။ ပိုဆိုးတာကတော့ တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးဆွေးနွေးမှုတွေမှာ ရလဒ်တွေရရှိခဲ့တယ်ဆိုရင်တောင် တစ်လေသံတည်းမထွက်တဲ့ အဆိုးမြင်ရလဒ်တစ်ခုထွက်ပေါ်လာတာပဲဖြစ်ပါတယ်။

ရုရှားနဲ့ အနောက်နိုင်ငံတွေရဲ့ဆက်ဆံရေးမှာ အအောင်မြင်ဆုံးလုပ်ရပ်ကတော့ တောင်အိုစက်တီးယားဒေသမှာ ဖြစ်ပေါ်ခဲ့တဲ့စစ်ပွဲဖြစ်တယ်ဆိုတာ နောက်ပိုင်းမှာပေါ်ထွက်လာခဲ့ပါတယ်။ အနောက်အုပ်စုရဲ့ ကနဦး ထိတ်လန့်အံ့ဩမှုနဲ့ အထီးကျန်ထားရှိရေးခြိမ်းခြောက်မှုတွေ ရှိခဲ့ပေမယ့်လည်းစစ်ဘက်ဆိုင်ရာကြွက်သားတွေကို ဒီလောက်လျင်လျင်မြန်မြန်ဆန့်ထုတ်ပြနိုင်တဲ့ ရုရှားနိုင်ငံရဲ့ အရည်အချင်းက လက်တွဲဖက်နိုင်ငံတွေကိုလှုပ်နှိုးနိုင်ခဲ့တဲ့အကျိုးသက်ရောက်မှုရှိခဲ့ပြီး နှစ်နိုင်ငံစီမံကိန်းထိန်းချုပ်မှုတွေကိုတောင် ကာကွယ်နိုင်ခဲ့ပါတယ်။ အခုကနေပြန်ငဲ့ကြည့်လိုက်ရင် ဂျော်ဂျီယာနဲ့ဖြစ်ခဲ့တဲ့ စစ်ပွဲကို မစ္စတာမက်ဗီဒက်ရဲ့ အကြီးမားဆုံးနိုင်ငံခြားရေးပေါ်လစီအောင်မြင်မှုလို့ယူဆနိုင်ပါတယ်။

ရုရှားနိုင်ငံဟာ အာရှဒေသမှာလည်း အောင်မြင်ခဲ့ပြီး အခုဆိုရင်ရုရှားအရှေ့ဖျားဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အာရှ-ပစိဖိတ်ဒေသမှာ နေရာပြန်ရရေး ကျယ်ကျယ်ပြန့်ပြန့် မဟာဗျူဟာနဲ့ လုပ်ကိုင်ဖို့တောင် စဉ်းစားနေပါတယ်။ ဘေဂျင်းနဲ့ မော်စကို ဆက်ဆံရေးကလည်း အကောင်းဆုံး အနေအထားရှိနေပါတယ်။

မစ္စတာမက်ဗီဒက်ဟာ မစ္စတာပူတင်လက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့် ပေါ်လစီတစ်ခုကို ချမှတ်ခဲ့ပါတယ်။ အဲဒါကတော့ ရုရှားနိုင်ငံကိုဒေသတွင်းမှာ အာရုံစိုက်မှု မပြတ်တဲ့ အင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲရေးဖြစ်ပါတယ်။ ဒီနေရာမှာ ဒေသတွင်းဆိုတာ ဥရောပ-အာရှဆက်စပ်နေရာ ယူရေးရှားဒေသပဲဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ ဆိုဗီယက်ခေတ်လွန် အတူတကွပေါင်းစည်းရေး အဖွဲ့အစည်းတွေဖြစ်တဲ့ အကောက်ခွန်ပေါင်းစည်းရေးအဖွဲ့ (Customs Union)၊ စုပေါင်းလုံခြုံရေးလုပ်ဆောင်မှုအဖွဲ့ (Collective Security Treaty Orgariztion) နဲ့ လွတ်လပ်စွာကုန်သွယ်ရေးဇုန် (CIS) စတဲ့ အဖွဲ့တွေကိုဖွဲ့စည်းလုပ်ဆောင်နိုင်ခဲ့ပါတယ်။

ခြုံကြည့်ရင်တော့ မစ္စတာမက်ဗီဒက်လက်ထက် နိုင်ငံခြားရေးပေါ်လစီဟာ တည်ငြိမ်တဲ့ကာလလို့ ဆိုနိုင်ပါတယ်။

*—Ref: Medvedev's Foreign Policy: Period of Stabilization; by Fyodor Lukyanov; RIA Novosti*

EASTERN JADE INTERNATIONAL CO.,LTD.
အလုပ်သမားစေလွှတ်ခြင်း
L/C. No. (087/2005 - 029/2011)
မလေးရှားနိုင်ငံ ၊ ဂျိုဟိုးပြည်နယ်ရှိ
SKP (TV COVER) ထုတ်စက်ရုံမှ – (၅၀) ဦး
(အမျိုးသား)အမြန်အလိုရှိသည်။
အခြေခံလစာတစ်နေ့ – (၂၁) ရင်းဂစ်
ပုံမှန်အလုပ်ချိန်တစ်နေ့ – (၈) နာရီ
အချိန်ပိုတစ်နေ့ – (၃) နာရီနှင့်အထက်
အချိန်ပိုတစ်နာရီလျှင် – (၃.၉၃) ရင်းဂစ်
(၁၅၂)၊ ပထမထပ်၊ အနော်ရထာလမ်း (၃၅ လမ်းနှင့် ဘားလမ်းကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ TEL : 01-388 659, 384 831

တိုက်ခန်းရောင်းမည်
၄၇ × ၂၇ ပေ HK ၂ လွှာ၊ အခန်းတွင်း အဆင့်မြင့်ပြင်ဆင်ပြီး၊ အဲကွန်း၊ ရေပူရေအေးစနစ်၊ စလောင်း၊ ကြိုးဖုန်းအပါအဝင် မြေညီထပ်၊ ကားဂိုထောင်ပါဝင်သည်။
ဆက်သွယ်ရန် -အမှတ်-၆၉-၇၀၊ တတိယထပ်၊
ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၅၁၇၈၀၁၉၊ ၂၂၉၃၃၅

YAG ငွေပန်းချီသင်တန်း
အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။
(အောင်မင်္ဂလာကားမှတ်တိုင်)
Tel - 205136, 09 5065833

# တရုတ်နိုင်ငံတွင် စတီးလ်စက်ရုံပေါက်ကွဲမှုကြောင့် လူ ၁၃ ဦးသေဆုံး



**ဘေဂျင်း၊ ဖေဖော်ဝါရီ - ၂၁**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ စတီးလ်စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုကြောင့် လူ ၁၃ ဦးသေဆုံးခဲ့ပြီး ၁၇ ဦးဒဏ်ရာရခဲ့ကြောင်း ယင်းစက်ရုံကိုပိုင်ဆိုင်သည့် ကုမ္ပဏီက ထုတ်ပြန်ပြောကြားသည်။ အဆိုပါ စက်ရုံမတော်တဆပေါက်ကွဲမှုမှာ ဖေဖော်ဝါရီ ၂၀ ရက်ကဖြစ်ပွားခဲ့ပြီး လျောင်နန်းပြည်နယ် အန်ရှန်မြို့တော်ရှိ နိုင်ငံပိုင် အန်ဂန်အကြီးစားစက်မှုလုပ်ငန်းစက်ရုံသံရည်ကျိုပန်းပဲဖိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စက်ရုံကို ပိုင်ဆိုင်သည့် အန်စတီးလ်ဂရုပ်၏ ကုမ္ပဏီပြောခွင့်ရပုဂ္ဂိုလ်က "ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ပြီးသွားပါပြီ။ ပျောက်ဆုံးနေတဲ့ လုပ်သားသုံးဦးရဲ့ အလောင်းတွေကိုလည်းရှာတွေ့ခဲ့ပါပြီ။ အခုတော့ ဒေသခံလုပ်ငန်းခွင် လုံခြုံမှုကာကွယ်ရေးဗျူရိုဟာ မတော်တဆမှုအကြောင်း အရင်းကိုစုံစမ်းနေပါတယ်"ဟုအေအက်ဖ်ပီအား ပြောသည်။

ဒဏ်ရာရရှိသော လုပ်သား ၁၇ ဦးကို ဆေးရုံတင်ကုသထားကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် လုပ်ငန်းခွင် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပြီး အစိုးရထုတ်ပြန်သော စာရင်းများအရ ၂၀၁၁ ၏ ပထမကိုးလတာအတွင်း လုပ်ငန်းခွင်နှင့် ဆက်နွှယ်သောမတော်တဆမှုများကြောင့် လူ ၅၀,၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

*—Ref: AFP*






# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| twaqriwy#utb"re | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၂၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 32BX | 310,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 26,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 210,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၂၅)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၃ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၀၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၂၅)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၂၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၉၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ(၂၅)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၃,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၈၀၀- ၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀- ၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀- ၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၅၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀- ၁,၆၀၀ |

ဖေဖော်ဝါရီ (၂၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| ဟိုင်းလတ်ဆပ် | ၉၇ | ၇ဂ | ၅၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၇၅ |
| တိုယိုတာ (လီမီတက်) | ၈၈ | ၁ဃ | ၁၄၈ |
| တိုယိုတာ (ဖင်ကောက်) (ဒီဇယ်) | ၉၉ | ၅ဂ | ၃၁၀ |
| တိုယိုတာ ဝက်ဂွန် (ဟာရီယာ) | (အင်ဂျင်ပါဝါ သုံးထောင်) | ၉ဂ | ၃၆၅ |
| ရွှေငါး (2.0) | ၂၀၀၁/၀၂ | ၉ဂ | ၃၀၀ |
| မတ်တူး | ၉၉ | ၉ဂ | ၂၈၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဖေဖော်ဝါရီ(၂၆)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb (19) | Feb (20) | Feb (21) | Feb (22) | Feb (23) | Feb (24) | Feb (25) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ | ၃,၇၅၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

Environment
7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# မျိုးသုဉ်းအန္တရာယ်ရှိသော ငါးမျိုးစိတ်များ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများအတွင်း ထည့်သွင်းမွေးရန် တိုက်တွန်း

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၄**

မျိုးသုဉ်းပျောက်ကွယ်နိုင်သော အန္တရာယ်နှင့် ကြုံတွေ့နေရသည့် ဒေသရင်း ငါးမျိုးစိတ် (Endangered Species)များအား အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ ကန်များအတွင်း ထည့်သွင်းမွေးမြူကြရန် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးက တိုက်တွန်းသည်။



ဓာတ်ပုံ - သီဟ

"အင်းလေးဒေသထွက် ငါးဖိန်းဆို ညောင်ရွှေမှာရှိတဲ့ ငါးစခန်းကထုတ်ရမယ်။ အလားတူပဲ အင်းသမားတွေကိုခေါ်တွေ့ပြီး အင်းတွေမှာလည်း ပျောက်ကွယ်နိုင်တဲ့ မျိုးစိတ်တွေ မွေးပေးပါဆိုတော့ သူတို့ကလည်း သဘောတူထားပါတယ်"ဟု ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ၎င်းကပြောသည်။

ဧရာဝတီ၊ ပဲခူး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အင်းသမားများနှင့် တွေ့ဆုံစဉ် တိုက်တွန်းခဲ့ကြောင်း ၎င်းကပြောသည်။"ငါးသယံဇာတတွေက ရှားပါးလာတာရယ်၊ မြစ်ရေ ခန်းခြောက်လာတာရယ်ကြောင့် ငါးရှာဖွေ ဖမ်းဆီးရရှိမှု လျော့လာတယ်" ဟု အင်ပူမြို့နယ် ညောင်ကျိုးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် မျိုးစပ်ထုတ်လုပ်ရန် ပြည်ပနိုင်ငံများမှ တင်သွင်းလာသော အသားစားကြူးသည့် ငါးမျိုးစိတ်များသည် အင်း၊အိုင်၊ ချောင်း၊ မြောင်း၊ ကန်များအတွင်းသို့ လွတ်ထွက်သွားပြီး ဒေသရင်း ငါးမျိုးစိတ်များအား စားသုံးကြသောကြောင့် ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်နိုင်ကြောင်း ငါးမွေးမြူရေးပညာရှင်တစ်ဦးက ပြောသည်။

"ငါးကျည်းငါးတွေ မျိုးသုဉ်းတော့မယ်လို့ လွန်ခဲ့တဲ့ ၂ နှစ်လောက်တည်းက ပညာရှင်တွေက စာတမ်းတွေ ဖတ်ကြသေးတယ်"ဟု ၎င်းကပြောသည်။

မျိုးပြုန်းတီးမှု အန္တရာယ်နှင့် ကြုံနေရသည့်သတ္တဝါ Endangered (EN) ဆိုသည်မှာပြုန်းတီးလုနီးပါးမဟုတ်သော်လည်း ထိန်းသိမ်းမှုမပြုပါက မကြာတော့သည့်ကာလတွင် ပျောက်ကွယ်ပြုန်းတီးသွားမည့် အန္တရာယ်အမျိုးမျိုးနှင့် ကြုံနေပြီး သဘာဝ၌ လွန်စွာအရေအတွက် လျော့ကျလာနေသည့်သတ္တဝါမျိုးကို ဆိုလိုကြောင်း ဦးတင်သန်း(မဟာသိပ္ပံ) ဘာသာပြန်သော 'မြန်မာနိုင်ငံရှိ အရွယ်ကြီး နို့တိုက်သတ္တဝါများ လေ့လာရေးလမ်းညွှန်' စာအုပ်တွင် ဖော်ပြထားသည်။

## Environment Cartoon






ဓာတ်ပုံ - အိဖြူမွန်

## ဆောင်းခိုငှက်နှင့် အခြားငှက်မျိုးစိတ်များ ဖမ်းဆီးသတ်ဖြတ်ရောင်းချခြင်းရှိဟုဆို

**ဇေကရာဇ်**

**ကျောက်တော်၊ ဖေဖော်ဝါရီ- ၂၀**

နှစ်စဉ်ဆောင်းရာသီတွင် ရခိုင်ပြည်နယ်သို့ဝင်ရောက်ကျက်စားလေ့ရှိကြသည့်ဆောင်းခိုငှက်နှင့် အခြားငှက်မျိုးစိတ်များ ဖမ်းဆီး၊ သတ်ဖြတ်၊ ရောင်းချခြင်းရှိနေကြောင်း သိရသည်။

မြစ်၊ ချောင်း၊ အင်းအိုင်များ၌သာ အဓိကကျက်စားတတ်ကြသည့် ဆောင်းခိုငှက်များအပါအဝင် ဗျိုင်း၊ ရေဘဲ၊ စင်ရော်ကဲ့သို့သော ငှက်များအား ငုတ်ထောင်ဖမ်းဆီးခြင်း၊ ပိုက်ကွန်ဖြင့် ဖမ်းဆီးခြင်းများပြုလုပ်နေကြသဖြင့် မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များအတွင်းမှ ဟသ်ာကဲ့သို့ ရှားပါးငှက်မျိုးစိတ်အချို့မှာ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် ဗျိုင်း၊ ဆက်ရက်၊ စင်ရော်တို့ဆိုတာ ဒီဒေသတွေ မှာပေါမှပေါ။ အခုတော့ ငှက်တွေနေဖို့တောတန်းတွေလည်း ပျောက်ကွယ်လာသလို ငှက်တွေကလည်းပျောက်ကွယ်လာပြီ။ ကျေးရွာအနီးအနားတွေမှာသာ ကျက်စားတတ်ကြတဲ့ဆက်ရက်လိုငှက်တွေကိုတောင်သိပ်မတွေ့ရတော့ဘူး။ နောက်ပြီး မျက်လုံးဝိုင်းဝိုင်းနဲ့ စင်ရော်ငှက်တွေဆိုရင် အခုချိန်ဆို ဈေးတိုင်းလိုလိုမှာ ရောင်းချနေကြတာကို တွေ့ရပါတယ်"ဟုကျောက်တော်မြို့နယ်မှဒေသခံတစ်ဦးကပြောသည်။

အဆိုပါငှက်များအား ဖမ်းဆီး ရောင်းချနေကြခြင်းမှာစားဝတ်နေရေးအတွက်ဖြစ်သော်လည်း ရှားပါးငှက်မျိုးစိတ်များကို ဖမ်းဆီးရန်ရှောင်ကြဉ်သင့်ကြောင်း၊ မြောက်ဦးကဲ့သို့ နိုင်ငံခြားသားအဝင်အထွက်ရှိသည့်မြို့တွင် ငှက်များအား ဈေးကောင်းပေးဝယ်နေကြခြင်းမှာ နိုင်ငံခြားသားအချို့မှာ ငှက်သားကို အလွန်ကြိုက်ကြသဖြင့် တားမြစ်ထားသည့်ကြားမှ ခိုးဝှက်ပြီး ရောင်းချနေကြကြောင်း သိရသည်။ ယခုကဲ့သို့ငှက်များအား အလွန်အကျွံ ဖမ်းဆီးရောင်းချနေပါက ရခိုင်ဒေသတွင် ကျက်စားနေထိုင်ကြသည့် ငှက်မျိုးစိတ်အချို့မှာ မျိုးသုဉ်းပျောက်ကွယ်လာနိုင်ကြောင်း သိရသည်။



Tourism
7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# မိုးပြဲမွေတော်ဓာတ်စစ်စေတီ တန်ဆောင်းများတွင် မီးပူဇော်ခြင်းနှင့် ကုန်းတော်ပေါ် ဖိနပ်စီးခြင်း တားမြစ်မည်

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ ဖေဖော်ဝါရီ- ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာ၌ တည်ရှိသော"မိုးပြဲမွေတော်ဓာတ်စစ်"စေတီတော်၏ အာရုံခံတန်ဆောင်းများအတွင်း၌ဖယောင်းတိုင်၊အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် ကုန်းတော်ပေါ် ဖိနပ်စီးခြင်းတို့ကို တားမြစ်သွားမည်ဖြစ်ကြောင်း အဆိုပါစေတီတော်ဂေါပက အဖွဲ့ထံမှ သိရသည်။

"စေတီတော်မှာဖယောင်းတိုင်မီးတွေထွန်းညှိပူဇော်နေရာကနေ လျှပ်စစ်မီးနဲ့ ပူဇော်နိုင်ဖို့ ကြိုးစားနေပါတယ်။ လျှပ်စစ်မီးတွေတပ်ဆင်ပြီးရင်တော့ အာရုံခံတန်ဆောင်းတွေထဲမှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းညှိပူဇော်ချင်တဲ့ဘုရားဖူးတွေစိတ်ချမ်းသာရအောင် စေတီတော်ဝန်းကျင်မှာဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းညှိပူဇော်နိုင်တဲ့ သီးခြားအဆောက်အအုံလေးတွေ ဆောက်လုပ်သွားဖို့ရှိပါတယ်"ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးမောင်လာက ပြောသည်။

စေတီတော်ကုန်းတော်ပေါ်တွင် ဘုရားဖူးအချို့ ဖိနပ်စီးနေကြခြင်းနှင့်ပတ်သက်၍ ၎င်းက "ဘုရားပွဲကျင်းပစဉ်ကာလအတွင်း ကုန်းတော်ပေါ်မှာဖိနပ်စီးပြီးသွားလာနေကြတာကတော့ မြင်တဲ့အတိုင်းပါပဲ။ ဖိနပ်မစီးရဆိုတဲ့ စာတန်း ချိတ်ဆွဲထားရုံလောက်နဲ့ မလုံလောက်တာ သေချာပါတယ်။ အခုလည်း ကုန်းတော်ပေါ်မှာ ဖိနပ်စီးတာကို ခွင့်မပြုထားပါဘူး။ ခွင့်ပြုလို့လည်းမသင့်လျော်ပါဘူး။ ဝတ်အသင်းတွေ ဖွဲ့စည်းဆောင်ရွက်ပြီး ဝတ်အသင်းတွေကထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်" ဟု ထပ်မံ ပြောကြားသည်။

"ဒီဘုရားပွဲကိုနှစ်စဉ်ရောက်ပါတယ်။ အရင်နှစ်တွေက ကုန်းတော်ပေါ်မှာဖိနပ်စီးတာမတွေ့ရဘူး။ အခုနှစ်မှာ ကုန်းတော်ပေါ်မှာ ဖိနပ်စီးနေကြတာတွေ့တော့ ခွင့်ပြုထားသလားလို့အောက်မေ့မိသေးတယ်။ ကျွန်မတို့ကတော့ အင်္ဂါရပ်ဖြစ်မှာစိုးလို့ဖိနပ်ချွတ်ပြီးမှ ကုန်းတော်ပေါ်ကို တက်ခဲ့ပါတယ်" ဟု ဘုရားဖူးအမျိုးသမီးတစ်ဦးကပြောသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စေတီတော်၏ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များနည်းတူ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိကျင်းပခဲ့သည်။

PHOTO NEWS



ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ပျော်ရွှင်စရာ ရေခဲကမ္ဘာကို ဖေဖော်ဝါရီ ၂၅ ရက် နေ့လယ် ၁၂ နာရီမှစ၍ စတင်ဖွင့်လှစ်ခဲ့ရာ လူငယ်အဖွဲ့လိုက်၊ မိသားစုလိုက်နှင့် ကလေးငယ်များ အများဆုံးလာရောက်ကြကြောင်း သတင်းရရှိသည်။ အဆိုပါပြခန်းအတွင်းလူဦးရေ ငါးထောင်အတွက် အနွေးထည် စုစုပေါင်းငါးထောင်ထားရှိသည်ဟု ဆိုသည်။ အရပ် ၄ ပေအောက်ရှိ ကလေးငယ်များကို ကလေးလက်မှတ် အဖြစ်သတ်မှတ်ထားသည်။ ဝင်ကြေးမှာကြားရက်များတွင် လူကြီး၄၀၀၀ကျပ်နှင့် ကလေး၃၀၀၀ကျပ်၊ စနေနှင့်တနင်္ဂနွေနေ့တို့တွင် လူကြီး ၅၀၀၀ကျပ်နှင့် ကလေး၃၀၀၀ကျပ်ဖြစ်သည်။

သတင်း - အေးမြတ်သူ

ဓာတ်ပုံ - ဝေယံ

# ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ ဝန်ထမ်းစာရင်းနှင့် တစ်နှစ်ပျမ်းမျှငွေစာရင်း ဝန်ကြီးဌာနတောင်းခံ

**အောင်သူရ**


**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ အားလုံး၏ ဝန်ထမ်းစာရင်းနှင့် တစ်နှစ်ပျမ်းမျှ ဝင်ငွေစာရင်းအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြပေးရန် တောင်းဆိုလာကြောင်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"ဘာအတွက်လည်းတော့မသိဘူး။ အထက်ကလူကြီးတွေ တောင်းလို့ တင်ပြခိုင်းတယ်လို့ပဲ သိရတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသော ဟိုတယ်များ၏လူဦးရေနှင့် လစာစာရင်းအား ယခင်ကပင် တင်ပြပေးရသည်။

ယခု တောင်းဆိုသော စာရင်းတွင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုရိပ်သာ၊ ခရီးသွားကုမ္ပဏီများ၊ ကမ္ဘာလှည့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ပြည်တွင်းလေကြောင်းလိုင်းများ၊ ကမ္ဘာလှည့် ခရီးသွား စားသုံးရန်သင့်လျော်သော စားသောက်ဆိုင်များ၊ ဟိုတယ်နှင့် ခရီးသွား သင်တန်းကျောင်းတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ပါဝင်သည်။ ယခုနှစ်တွင်နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုများသဖြင့် ခရီးသွားလုပ်ငန်း ဆက်စပ်လုပ်ကိုင်နေသူများ အဆင်ပြေလျက်ရှိသည်။




# ညောင်ဦး – မန္တလေးရေယာဉ် နိုင်ငံခြားသားစီးနင်းခ ငါးဒေါ်လာတိုးမြှင့်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ညောင်ဦးမှ မန္တလေး (မြန်)သို့ ပြေးဆွဲနေသော ရေယာဉ်တွင် လိုက်ပါစီးနင်းသော နိုင်ငံခြားသားများကို ဧပြီ ၁ ရက်မှစ၍ ငါးဒေါ်လာတိုးမြှင့်ကောက်ခံမည်ဟု သက်ဆိုင်ရာ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုကောက်ခံနေသောနှုန်းထားမှာခရီးစဉ်တစ်ကြောင်းအတွက်နိုင်ငံခြားသားတစ်ဦးလျှင်အမေရိကန်ဒေါ်လာ၁၀ကောက်ခံနေပြီး ဧပြီ၁ရက်မှစ၍ ၁၅ဒေါ်လာပြောင်းလဲကောက်ခံတော့မည်ဖြစ်သည်။ အဆိုပါခရီးစဉ်အား ပြည်တွင်းရေကြောင်းမှ အပတ်စဉ် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပြေးဆွဲလျက်ရှိပြီး သန့်ရှင်းရေးအားနည်းသဖြင့် FIT ဧည့်သည်များသာ စီးနင်းကြသည်။

အဆိုပါခရီးစဉ်အား ပုဂ္ဂလိကပိုင်ဖြစ်သော မလိခနှင့် ရွှေကိန္နရီရေယာဉ်များလည်းပြေးဆွဲလျက်ရှိပြီး နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၅ ပေးရကြောင်း သတင်းရရှိသည်။





















JOURNALIST
soethawdar

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# အင်ဒိုနီးရှားအကျဉ်းထောင်တွင် ဒုတိယအကြိမ် ဆူပူမှုဖြစ်ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များ ပစ်ခတ်ထိန်းသိမ်း

**ဒန်ပါဆား၊ ဖေဖော်ဝါရီ - ၂၃**
မူးယစ်ဆေးဝါးမှုဖြင့်ပြစ်ဒဏ်ကျခံနေရသော ဩစတြေးလျနိုင်ငံသား ၁၂ ဦးအပါအဝင် အကျဉ်းသား ၁,၀၀၀ ခန့်ရှိသော အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ လူများပြည့်ကျပ်နေသည့် ကီရိုဘိုကန်အကျဉ်းထောင်တွင် အကျဉ်းသားများက ဒုတိယညအဖြစ် ဆက်လက်ဆူပူခဲ့၍ အကျဉ်းထောင်အား ထိန်းချုပ်ခဲ့ရာ လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် ရဲဘက်နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များက အကျဉ်းထောင်အပြင်ဘက်၌ စောင့်ကြပ်နေခဲ့ရသည်။

"အကျဉ်းသားတွေက အကျဉ်းထောင်ကို ထပ်ပြီး သိမ်းပိုက်ခဲ့ပါတယ်။ ဒါ့ကြောင့်လုံခြုံရေး တပ်ဖွဲ့ဝင်တွေက သတိပေးတဲ့အနေနဲ့ လေထဲကို ပစ်ခတ်ခဲ့ရပါတယ်" ဟုခရိုင်စစ်ဘက်ကွပ်ကဲရေးမှူးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်ဝင်းဟန်ဒိုကိုက အေအက်ဖ်ပီ သတင်းဌာနအား ပြောကြားသည်။

"ဆူပူတဲ့ လူတွေက သူတို့ရဲ့ သူငယ်ချင်းတွေကို ဆေးရုံကို သယ်သွားပြီး ကုသပေးစေလိုပါတယ်။ သူတို့ကို လုံခြုံရေးတပ်ဖွဲ့တွေက နှိပ်စက်မှာ စိုးရိမ်လို့ပါ" ဟုပြောခွင့်ရပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

အကျဉ်းထောင်မှ သုံးမိနစ်ဆက်တိုက်ပစ်ခတ်သံများကြားရသော်လည်း ထိခိုက်သေဆုံးသူရှိ၊ မရှိဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရှိရသေးကြောင်း အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက ပြောသည်။ အဝတ်စုတ်များဖြင့် ပြုလုပ်ထားသည့် မီးထုတ်တစ်ခုကို အကျဉ်းထောင် အတွင်းမှ တုတ်တစ်ချောင်းနှင့် ပစ်ပေါက်ခဲ့ရာ ရုပ်သံရိုက်ကူးရေး ယာဉ်တစ်စီး အနီး ကျရောက်ခဲ့၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။


Photo - AFP


Photo - Getty Images

အကျဉ်းထောင်၌ ဆူပူမှုများဖြစ်ပေါ်ချိန်တွင် အာဏာပိုင်များက လျှပ်စစ်မီးများ ဖြတ်တောက်ထားခဲ့သည်။ ၎င်းအကျဉ်းထောင်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ နိုင်ငံခြားသားအကျဉ်းသား ၅၁ ဦးရှိကြောင်းနှင့် အခြေအနေပေးပါက ၎င်းတို့အတွက် အထူးလုံခြုံရေး ပေးအပ်သွားမည်ဖြစ်ကြောင်း မစ္စတာဟန်ဒိုကိုက ပြောကြားသည်။

ဆူပူမှုများ ပြုလုပ်နေသော အကျဉ်းသားများနှင့် ညှိနှိုင်းရေး ပျက်ပြားခဲ့ပြီးနောက် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ ခန့်က နံနက်လင်းအားကြီး အချိန်တွင် အကျဉ်းထောင်အား စီးနင်းခဲ့သည်။

ကမ္ဘာ့လှည့်ခရီးသွား အများအပြား လာရောက်ရာ ကူတားကမ်းခြေမှ ၇ ကီလိုမီတာသာ ကွာဝေးသော ဘာလီကျွန်းမြို့ပြင် ဒေသတွင်ရှိသော အကျဉ်းထောင်အပြင်ဘက်၌ လူတင်သံချပ်ကာယာဉ်များနှင့် ရေထိုးပိုက်ပါ ကားများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်စောင့်ကြပ်နေခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၂၂ ရက် နေ့လယ်ပိုင်းခန့်တွင်မူ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ *—Ref: AFP*





Photo - Reuters

# အိန္ဒိယတွင် ရထားလမ်းဖြတ်ကူးရာမှ နှစ်စဉ် လူ ၁၅,၀၀၀ ခန့် သေဆုံး

**နယူးဒေလီ၊ ဖေဖော်ဝါရီ - ၂၃**
အိန္ဒိယနိုင်ငံတွင် နှစ်စဉ်လူပေါင်း ၁၅,၀၀၀ ခန့်သည် ရထားလမ်းများဖြတ်ကူးရင်း ထိခိုက်သေဆုံးနေကြရကြောင်း အစိုးရ၏ အစီရင်ခံစာတစ်စောင်က ဖော်ပြသည်။ သေဆုံးသူများမှ လူ ၆,၀၀၀ ခန့်မှာ မွမ်ဘိုင်းမြို့တော် တစ်မြို့တည်းတွင်ပင် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ရထားလမ်းဖြတ်ကူးရာတွင် သတ်မှတ်နေရာများမှ မဖြတ်ကူး၍ ရထားတိုက်မိခြင်းဖြင့် သေဆုံးရကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အစီရင်ခံစာတွင် "ဘယ်လိုယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းကမှ ဒီလိုမျိုး ရထားလမ်းစနစ်က သတ်ဖြတ်ပစ်နေတဲ့ အစုလိုက်အပြုံလိုက်သေစေမှုမျိုးကို လက်ခံနိုင်မှာမဟုတ်ပါဘူး" ဟု ဖော်ပြသည်။ ယခုသေဆုံးသူအရေအတွက်မှာ အိန္ဒိယ၏ ရထားလမ်းကွန်ရက်အတွင်းနေ့စဉ်လူ ၄၁ ဦးခန့်သေဆုံးနေသည့်နှုန်းနှင့် ညီမျှကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် ရထားလမ်းဖြတ်ကူးခြင်း အပါအဝင် ရထားနှစ်စီးတိုက်မိခြင်း၊ တံခါးပေါက်မှ ပြုတ်ကျခြင်းများကြောင့် သေဆုံးမှုလည်း များပြားနေဆဲဖြစ်ကြောင်း သိရသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# Leader's Profile

## ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်

# ကားလို့စ်စလင်း

ရဲမင်း



မက္ကဆီကိုစီးပွားရေးလုပ်ငန်းရှင်နှင့် အလှူအတန်းရက်ရောသူ ကားလို့စ်စလင်းသည် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ် ၂ နှစ်ဆက်တိုက် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်သရဖူဆောင်းခဲ့ပြီး Telmex နှင့် America Movil စသော တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီကြီးများ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်ကာ ၎င်း၏လုပ်ငန်းစုံစီးပွားရေးအုပ်စုကြီး (Grupo Carso SAB)မှတစ်ဆင့်မက္ကဆီကိုကုမ္ပဏီအများအပြားတွင်ရှယ်ယာအများအပြားထည့်ဝင်ထားသည်။ ကမ္ဘာ့အခြားနေရာများတွင်လည်း စီးပွားရေးလုပ်ငန်းများပိုင်ဆိုင်ပြီး ၎င်းပိုင်ဆိုင်သောလက်တင်အမေရိက၏ အကြီးဆုံး မိုဘိုင်းဖုန်းကုမ္ပဏီမှာ ကန်ဒေါ်လာ ၄၉ ဘီလီယံတန်ကြေးရှိကာ မစ္စတာစလင်း၏အရပ်ရပ် စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုမှာ ၆၃ ဒသမ ၃ ဘီလီယံရှိသည်ဟု ခန့်မှန်းထားကြသည်။

စလင်းအား ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၂၈ရက်တွင် လက်ဘနွန်နွယ်ဖွား ခရစ်ယာန်မိဘနှစ်ပါးမှ မက္ကဆီကိုနိုင်ငံ မြို့တော်မက္ကဆီကိုစီးတီး၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် စီးပွားရေးလုပ်ငန်းအခြေခံများအကြောင်း ဖခင်ထံမှ သင်ယူရရှိခဲ့သော စလင်းသည် အသက် ၁၂နှစ်အရွယ်မှာပင်မက္ကဆီကိုဘဏ်တစ်ခု၏ ရှယ်ယာများ ဝယ်ယူခဲ့သည်။ မက္ကဆီကိုအမျိုးသားတက္ကသိုလ်တွင် အင်ဂျင်နီယာဘာသာရပ်ကို သင်ယူခဲ့သော စလင်းသည် ၁၉၆၅ ခုနှစ်တွင် ၎င်း၏ ပထမဆုံးကုမ္ပဏီ Inversora Bursatil ကို ထူထောင်ခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ကန်ဒေါ်လာ သန်း ၄၀ ခန့် ချမ်းသာကြွယ်ဝနေပြီဖြစ်သည်။

မစ္စတာကားလို့စ်စလင်းသည် ပထမတွင် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို ဆောက်လုပ်ရေး၊ အိမ်ခြံမြေနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အာရုံစိုက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ၎င်း၏ လုပ်ငန်းများအတွက် မိခင်ကုမ္ပဏီ Grupo Galas အား ဖွဲ့စည်းခဲ့ပြီး စက်မှုလုပ်ငန်း၊ လက်လီအရောင်း၊ အစားအစာနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးလုပ်ငန်းများ ထိပါ စီးပွားရေးချဲ့ထွင်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် မက္ကဆီကိုစီးပွားရေးပြိုလဲခဲ့ပြီး စီးပွားရေးလုပ်ငန်းအများအပြားဒုက္ခရောက်ခဲ့ချိန်တွင် မစ္စတာကားလို့စ်စလင်းက အကြီးအကျယ် ရင်းနှီးမြှုပ်နှံခဲ့သည်။ စီးပွားရေးလုပ်ငန်းအများအပြားကို ဝယ်ယူခဲ့ပြီး ယင်းတွင်ကြေးနီနှင့် အလူမီနီယမ်ကုန်သွယ်ရေးကုမ္ပဏီများနှင့် ဓာတုဗေဒပစ္စည်း စီးပွားရေးလုပ်ငန်းများလည်းပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ၎င်း၏ ပြင်ဆင်ဖွဲ့စည်းထားသော မိခင်ကုမ္ပဏီ Grupo Carso အား အများပိုင်ကုမ္ပဏီအဖြစ် ရှယ်ယာများထုတ်ရောင်းခဲ့သည်။ ယင်းရှယ်ယာများကို ပထမတွင် မက္ကဆီကိုနိုင်ငံ၌သာ ရောင်းချခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ကမ္ဘာလုံးသို့ရောင်းချခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှာပင် မစ္စတာကားလို့စ်စလင်းသည် Telmex ကုမ္ပဏီအား မက္ကဆီကိုအစိုးရထံမှ ဝယ်ယူရန် အခြားနိုင်ငံခြားကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် မိုဘိုင်းဖုန်းကုမ္ပဏီ Telcel ကိုလည်းထူထောင်ခဲ့သည်။ ၂၀၀၀ America Telecom ကုမ္ပဏီကိုထူထောင်ခဲ့ပြီး ယင်းမှတစ်ဆင့် မက္ကဆီကိုနိုင်ငံတွင်သာမက တောင်အမေရိကတိုက်၏ အခြားနိုင်ငံများဖြစ်သော ဘရာဇီး၊ အာဂျင်တီးနား၊ ဂွါတီမာလာ၊ အီကွေဒေါနိုင်ငံများရှိ တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများတွင်ပါ ရင်းနှီးမြှုပ်နှံခဲ့သည်။ ယင်းမှတစ်ဆင့် ကိုလံဘီယာ၊ နီကာရာဂွါ၊ ပီရူး၊ ချီလီ၊ ဟွန်ဒူးရပ်စ်နှင့် အယ်လ်ဆာဗေးဒိုးနိုင်ငံများသို့ပါ ၎င်း၏ ဆက်သွယ်ရေးလုပ်ငန်းများကို ချဲ့ထွင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် Volaris လေကြောင်းလိုင်း၌ ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် The New York Times ကုမ္ပဏီ၌ ရှယ်ယာ ၆ ဒသမ ၄ ရာခိုင်နှုန်း ပါဝင်ရင်းနှီးမြှုပ်နှံခဲ့သည်။

မစ္စတာ ကားလို့စ်စလင်းသည် ၂၀၀၇ ခုနှစ် မတ်လ ၂၉ ရက်တွင် ကမ္ဘာ့ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် ဘီလ်ဂိတ်ကိုကျော်လွန်ကာ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။

မစ္စတာစလင်းသည် ၁၉၉၅ ခုနှစ်တွင် ၎င်း၏ အကူအညီပေးရေးလှူဒါန်းရေးအဖွဲ့ Telmer ဖောင်ဒေးရှင်းကို ထူထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ် မေလအထိ ၎င်း၏ ဖောင်ဒေးရှင်းသို့ ကန်ဒေါ်လာ လေးဘီလီယံလှူဒါန်းခဲ့ပြီဖြစ်ရာ ကမ္ဘာ့အရက်ရောဆုံးပုဂ္ဂိုလ်ဟု Forbes မဂ္ဂဇင်းကဖော်ပြခဲ့သည်။

မစ္စတာစလင်းသည် ၁၉၆၇ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၁၉၉၉ ခုနှစ်က ဆုံးပါးသွားခဲ့သည့် ဇနီးသည် ဆိုမာယာဒိုမစ်နှင့် သားသမီးခြောက်ဦးထွန်းကားခဲ့သည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ် ခေါင်းဆောင်မှုအပေါ် စိန်ခေါ်မှုကို ကျော်လွှားနိုင်ခဲ့ မှ

အာဏာရလေဘာပါတီအတွင်းပြိုင်ဘက် ကီဗင်ရုဒ်၏ စိန်ခေါ်မှုကို မစ္စဂျူလီယာဂီးလာ့ဒ်က အလွယ်တကူ အနိုင်ရရှိခဲ့ပြီး လေဘာပါတီအမတ်များက ထောက်ခံမဲ ၇၁ မဲနှင့် ကန့်ကွက်မဲ ၃၁ မဲပေး၍ ပါတီခေါင်းဆောင်အဖြစ် ဆက်လက်ထောက်ခံခဲ့သည်။ မဲခွဲပွဲအပြီး ယခင်ရက်သီတင်းပတ်က နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည့် ကီဗင်ရုဒ်က မစ္စဂျူလီယာအား ဆက်လက်ထောက်ခံမည်ဟု ပြောကြောင်း ဩစတြေးလျအသံလွှင့်ဌာနက ထုတ်ပြန်သည်။



Photo - Getty Images

၂၀၁၀ ပြည့်နှစ်တွင် မစ္စဂီးလာ့ဒ်က မစ္စတာကီဗင်ရုဒ်အား ပါတီခေါင်းဆောင်အဖြစ် အစားထိုးဝင်ရောက်လာပြီး နောက်ပိုင်းမှစ၍ ၎င်းတို့နှစ်ဦးမှာ ခါးသီးသော ပြိုင်ဘက်များဖြစ်လာခဲ့ကာ လေဘာပါတီအတွင်း ပြဿနာများဖြစ်ပေါ်ခဲ့သည်။

မစ္စတာရုဒ်သည် ၂၀၀၇ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်တို့၏ ဆယ်နှစ်ကျော် အုပ်ချုပ်မှုကို အဆုံးသတ်စေခဲ့သည့် လေဘာပါတီ၏ ခေါင်း ဆောင်အဖြစ် ဝန်ကြီးချုပ်ဖြစ်လာသော်လည်း ပေါ်လစီအမှားများကြောင့် ပါတီခေါင်းဆောင်များ၏ ယုံကြည်မှုကျဆင်းလာခဲ့ပြီး လက်တွေ့ဆန်သော မစ္စဂီးလာ့ဒ်နှင့် အစားထိုးခြင်းခံခဲ့ရသည်။ *—Ref: AFP*

## နောက်ကျောဖုံး - ဆီးရီးယားတွင် အခြေခံဥပဒေ ဆန္ဒခံယူပွဲ ကျင်းပ မှ

ဆီးရီးယားပြည်သူ့ဆန္ဒခံယူပွဲကို ရုရှားနှင့် တရုတ်နိုင်ငံတို့က ထောက်ခံခဲ့ပြီး တူနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် 'ဆီးရီးယားနိုင်ငံ၏ မိတ်ဆွေများ' ကွန်ဖရင့်သို့ တက်ရောက်ခဲ့သူများအား စစ်ဖြစ်အောင်လှုံ့ဆော်နေသူများဟု စွပ်စွဲပြောကြားသည်။

တိုက်ခိုက်မှုများရှိနေသော ဟွမ်းခ်နှင့် ဟာမာမြို့များတွင်မူ မဲပေးမည့်သူများအတွက် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၂၇ ရက်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူ ၁၄ ဒသမ ၆ သန်းအတွက် နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၁၃,၀၀၀ ဖွင့်လှစ်ပေးခဲ့ကြောင်း ဆီးရီယားအစိုးရက ပြောကြားသည်။ *—Ref: UPI/AFP*

## နောက်ကျောဖုံး - တောင်ကိုရီးယားနှင့် အမေရိကန် စစ်ရေးလေ့ကျင့်မှု စတင် မှ

"စစ်ပွဲသစ်တစ်ရပ်အတွက် ပြည်တွင်း၊ ပြည်ပမှ ဘေးတီးပေးနေသူများနှင့် နိုင်ငံပေါ် သစ္စာဖောက်သူများ အုပ်စု၏ လှုပ်ရှားမှုများကို ကျွန်ုပ်တို့၏ စစ်ဘက်နှင့် ပြည်သူများက မိမိတို့ ကိုယ်ပိုင်ဟန်မြင့်မြတ်သော စစ်ပွဲဖြင့် ချေဖျက်သွားမည်" ဟုမြောက်ကိုရီးယား ထိပ်တန်းစစ်ရေးကော်မရှင်က ထုတ်ပြန်ပြောကြားသည်။

အမေရိကန်သည်တောင်ကိုရီးယားနိုင်ငံတွင် တပ်ဖွဲ့ဝင်ပေါင်း ၂၈,၅၀၀ ချထားပြီး နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှု နှစ်စဉ်ပြုလုပ်လေ့ရှိရာ မြောက်ကိုရီးယားနိုင်ငံကလည်း ယင်းစစ်ရေးလေ့ကျင့်မှုများမှာ ကျူးကျော်ရန်အတွက် ဇာတ်တိုက်ခြင်းဟု ပုံမှန်ရှုတ်ချပြောဆိုခဲ့သည်။

ထိုအတောအတွင်း မြောက်ကိုရီးယားခေါင်းဆောင်သစ် မစ္စတာကင်ဂျုံအန်သည် တောင်ကိုရီးယားနိုင်ငံနှင့် နယ်စပ်အနီးစစ်တပ်နှစ်တပ်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ စစ်ရေးလေ့ကျင့်မှုများ မြောက်ကိုရီးယားနယ်မြေအတွင်း ကျူးကျော်လာပါ ကအင်နှင့်အားနှင့်တုံ့ပြန်တိုက်ခိုက်ရန် အမိန့်ပေးထားကြောင်း မြောက်ကိုရီးယားနိုင်ငံတော်ရုပ်သံက ဖေဖော်ဝါရီလ ၂၆ ရက်တွင် ပြောကြားသည်။

*—Ref: AFP*

## နောက်ကျောဖုံး - မော်စကိုမြို့တွင် ပူတင်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပွား မှ




မော်စကိုမြို့ပန်းခြံပတ်လမ်းတွင် ပြုလုပ်သည့် ဆန္ဒပြပွဲသို့ လူပေါင်း ၄၀,၀၀၀ ခန့်တက်ရောက်ခဲ့သည်ဟု စည်းရုံးလှုပ်ရှားသူများကခန့်မှန်းပြီး ယင်းအရေအတွက်မှာပန်းခြံပတ်လမ်းအား လူတန်းဖြင့်ဝန်းရံနိုင်ရန် ကျော်လွန်သော အရေအတွက်ဖြစ်သည်။

အသက် ၅၉ နှစ်အရွယ်ရှိ မစ္စတာပူတင်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ အထိ သမ္မတသက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခဲ့ပြီး အခြေခံဥပဒေ၏ ကန့်သတ်ထားမှုကြောင့် ရာထူးမှ ဆင်းပေးခဲ့ရသည်။

မစ္စတာပူတင်အား ဆန့်ကျင်ကန့်ကွက်သူများက ယေဘုယျအားဖြင့် အရပ်ရပ်လိမ်လည်လှည့်ဖြားမှုများအကြောင်း ဆန္ဒပြကြသော်လည်း ထောက်ခံသူများကမူ ကန့်ကွက်သူများမှာ လူလတ်တန်းစား ဘူဇွာများဖြစ်ပြီး နိုင်ငံကို အနောက်သို့ ရောင်းစားရန် စိတ်အားထက်သန်သူများဟု တန်ပြန်ပြောကြားခဲ့သည်။

*—Ref: The Hindu*

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# တူရကီ၏ ဥရောပသမဂ္ဂရေးရာဝန်ကြီး အက်ဂီမန်ဘာဂျစ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

တူရကီဟာ စီးပွားရေးအကျပ်အတည်း ပြဿနာနဲ့ ရင်ဆိုင်နေရပေမယ့် ဥရောပသမဂ္ဂထဲ ဝင်ရောက်ခွင့်ရဖို့တော့ ထိပ်တန်းဦးစားပေး ကြိုးစားနေဆဲဖြစ်ပါတယ်။ ဒါ့အပြင်၎င်းတို့ဟာ လက်ရှိ အာရပ်ကမ္ဘာမှာ ဆီးရီးယားနိုင်ငံရေးပြဿနာကိုဖြေရှင်းဖို့ ကြိုးစားနေတဲ့ အဓိကနိုင်ငံတွေထဲက တစ်နိုင်ငံလည်းဖြစ်ပါတယ်။ တူရကီမှာ ဥရောပသမဂ္ဂဝင်ခွင့်ရရေးအတွက် ၎င်းတို့ဘယ်လိုအရေးထားတယ်ဆိုတာ အဲဒီကိစ္စအတွက် ဝန်ကြီးရာထူးတစ်ခုထားရှိခန့်အပ်ထားတာကိုကြည့်ရင် သိနိုင်ပါတယ်။ တူရကီရဲ့ဥရောပသမဂ္ဂရေးရာဝန်ကြီးကတော့ အက်ဂီမန်ဘာဂျစ် ဖြစ်ပါတယ်။ ၎င်းက တူရကီနိုင်ငံ ဥရောပသမဂ္ဂထဲဝင်ချင်တာဟာ ၎င်းရဲ့ ပထဝီအနေအထားကြောင့်သာမက ငြိမ်းချမ်းစွာ စုစည်းနေတဲ့နိုင်ငံတွေနဲ့ပေါင်းစည်းချင်လို့လည်း ဖြစ်တယ်လို့ ပြောပါတယ်။

**ဘရပ်ဆဲလ်မှာ ဝန်ကြီးဟာ တူရကီဆိုင်ရာ ကိုယ်စားလှယ်နဲ့ရော၊ ဥရောပပါလီမန်ဥက္ကဋ္ဌနဲ့ပါ ပြောဆိုခဲ့ပြီးပါပြီ။ ဒါပေမဲ့ ဥရောပတိုက်ဟာ စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရပြီး ယူရိုဇုန်ကလည်း အရေးပေါ် အခြေအနေမှာရှိနေဆဲပါ။ ဘာကြောင့် တူရကီဟာ ဥရောပသမဂ္ဂရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ချင်နေရသေးတာလဲ။**

တူရကီရဲ့ အနေအထားကို စီးပွားရေး အကျိုးအမြတ်တွေနဲ့ မောင်းနှင်မထားပါဘူး။ အီးယူကို ဒီလိုနည်းလမ်းမျိုးနဲ့ ကျွန်တော်တို့ တစ်ခါမှ မြင်မကြည့်ဖူးခဲ့ဘူး။ ကျွန်တော်တို့အတွက်က ဥရောပဆိုတာ လူ့သမိုင်းတစ်လျှောက်လုံးမှာ ငြိမ်းချမ်းရေးအတွက် အကျယ်ပြန့်ဆုံး စီမံကိန်းပဲ။ ဥရောပသမဂ္ဂရဲ့အဖွဲ့ဝင်နိုင်ငံတွေကိုကြည့်လိုက်တော့ ရာစုနှစ်များစွာ စစ်တိုက်လာကြတဲ့သူတွေဟာ အခုတော့ အီးယူထဲမှာပဲ ငြိမ်းချမ်းစွာနေထိုင်နိုင်ကြတာကို ကျွန်တော်တို့တွေ့ရတယ်။ ဒါ့ကြောင့် ဒီငြိမ်းချမ်းရေးစီမံကိန်းကို ပိုပြီး ကမ္ဘာအနှံ့ ပြန့်စေဖို့ တူရကီဟာ အီးယူထဲ ပေါင်းစည်းသင့်ပါတယ်။ သူ့ရဲ့ ပထဝီတည်နေရာအရလည်း တူရကီဟာနိုင်ငံတွေအကြား တံတားတစ်စင်းအဖြစ် အသုံးတော်ခံနေပြီး ဒီစီမံကိန်းကိုလည်း နိုင်ငံတကာအသွင်အပြင်ဖြစ်အောင် ဖန်တီးပေးနိုင်ပါတယ်။

အီးယူက ခံစားနေရတဲ့ စီးပွားရေးအခက်အခဲတွေရှိနေသော်ငြား အီးယူဟာ (ကမ္ဘာမှာ) တစ်ဦးချင်းကြွယ်ဝမှုနှုန်း အမြင့်ဆုံးဖြစ်နေဆဲဆိုတာ မေ့ပစ်လို့ မရပါဘူး။ ဒါ့ကြောင့် အီးယူမော်ဒယ်ဟာအနာဂတ်အတွက် ကျွန်တော်တို့ကိုယ်ပိုင် မျှော်လင့်ချက်တွေ အကြောင်းစဉ်းစားမိရင် အကောင်းဆုံး အသုံးပြုစရာတစ်ခု ဖြစ်ပါတယ်။

**တူရကီဟာ ဒေသတွင်းမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ တူရကီဟာတခြားနယ်ပယ်တွေဆီ ဦးမလှည့်တော့ဘူးလား။**

တူရကီဟာ အရှေ့နဲ့အနောက်နဲ့ကြား၊ အစ္စလာမ်နဲ့ ခရစ်ယန်ဝါဒတို့အကြား တံတားတစ်စင်းအဖြစ် အရင်လို အမြဲဆက်ဖြစ်သွားမှာပါ။ စွမ်းအင်အရင်းအမြစ်တွေနဲ့ ပတ်သက်လို့လည်း တူရကီဟာ တံတားတစ်စင်းအဖြစ် ဝယ်လိုအားနဲ့ ရောင်းလိုအားကို စီမံခန့်ခွဲရင်း ရပ်တည်သွားမှာပါ။ ဆန့်ထုတ်လိုက်ရင် တောင်ကနေမြောက်အထိရှိနေတဲ့ ဒီတံတားဟာအရှေ့ကနေ အနောက်အထိလည်း နေ့စဉ်အားကောင်းလာနေပါတယ်။ ဒါဟာ သဘောထားကွဲလွဲမှုရင်းမြစ်တစ်ခု မဖြစ်သင့်ပါဘူး။

**စီးပွားရေးအကျပ်အတည်းထဲကနေ အီးယူရုန်းထွက်နိုင်ဖို့ တူရကီက ဘယ်လိုကူညီဖို့ ရည်ရွယ်ထားပါသလဲ။**

တူရကီကလည်း ခက်ခဲတဲ့ကာလတွေ ဖြတ်ကျော်ခဲ့ဖူးတော့ အီးယူဟာလည်း ဒီအကျပ်အတည်းကနေ ပိုပြီးတည်ငြိမ်ခိုင်မာတဲ့အနေအထားနဲ့တောင်မှ ထွက်ပေါ်လာဦးမှာပါ။ သိပ်မကြာခင်ကာလတွေတုန်းကလည်း တူရကီမှာ ၁၂ နှစ် ၁၃ နှစ်တာလောက် တစ်ညတည်းနဲ့ အတိုးနှုန်းတွေ ၈,၀၀၀ ရာခိုင်နှုန်းမြင့်တက်သွားတာမျိုး ကြုံရဖူးတယ်။

အီးယူအနေနဲ့ပထမဆုံးလုပ်သင့်တာကတော့ တူရကီနိုင်ငံသားတွေ လျှောက်ထားတဲ့ ဗီဇာတွေကို ပယ်ချနေတာကိုင်တွယ်သင့်ပါတယ်။ တူရကီသားတွေလည်း အီးယူအဖွဲ့ဝင်နိုင်ငံတွေထဲမှာလွတ်လပ်စွာ သွားလာခွင့်ရှိသင့်ပါတယ်။

ခရီးသည်တွေ ပိုများလေ၊ သူတို့သုံးတဲ့ ငွေပမာဏများလေပဲ။ သူတို့လုပ်တာ စီးပွားရေးဖြစ်လာမှာပဲ။ အခုဆို တူရကီနိုင်ငံသားတွေဟာ နိုင်ငံပေါင်း ၆၅ နိုင်ငံကို ဗီဇာမလိုဘဲ ခရီးသွားနိုင်ခွင့်ရထားကြပြီ။ ကျွန်တော်တို့နိုင်ငံခြားကုန်သွယ်မှုရဲ့ ၅၀ ရာခိုင်နှုန်းကအီးယူနဲ့ပါ။ ဒီကိုလာတဲ့ ကမ္ဘာလှည့် ၆၀ ရာခိုင်နှုန်းကလည်း အီးယူကနေလာကြတာ။ ဒါမျိုးတွေရှိနေပေမယ့် အီးယူနိုင်ငံတွေထဲ ကျွန်တော်တို့ လွတ်လပ်စွာ ခရီးသွားခွင့် မရနိုင်တာတော့ ကံဆိုးတာပေါ့။

တူရကီဟာ အခုဆိုရင် ဥရောပမှာ ဆဋ္ဌမမြောက် အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ကြီး အိုအီးစီဒီရဲ့ မှန်းဆချက်အရတော့ တူရကီဟာ ၂၀၅၀ မှာ (ဥရောပမှာ) ဒုတိယစီးပွားရေး အင်အားအကြီးဆုံးဖြစ်မယ်။ ၂၀၂၀ မတိုင်ခင်အထိတော့လည်း တူရကီဟာ ဥရောပမှာ စီးပွားရေးတိုးတက်မှုအားအကောင်းဆုံးဖြစ်မယ်လို့ ခန့်မှန်းကြတယ်။

**တူရကီမှာ အာဏာရနေတဲ့ အေကေပါတီဟာပြုပြင်ပြောင်းလဲရေးတွေလုပ်ရတာ ငြီးငွေ့နေပုံပေါက်နေတယ်။ ဘာ့ကြောင့် အရင်ကလို သူတို့ အားကြိုးမာန်တက်မဖြစ်ကြတော့တာလဲ။**

အေကေပါတီဟာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ရတာကို မမောသေးပါဘူး။ ဒီပါတီက သမိုင်းအရ ပြောင်းလဲမှုတွေ အများဆုံးလုပ်ခဲ့တဲ့ အစိုးရပဲဖြစ်ပါတယ်။

**အီးယူဟာ တူရကီရဲ့ အခြေခံဥပဒေသစ်ကိုမျှော်လင့်ချက်အမြင့်ကြီးတွေ ထားနေပါတယ်။ တူရကီဘာလုပ်ဖို့ပြင်ဆင်နေပါသလဲ။**

ပါလီမန်မှာ ကိုယ်စားပြုထားတဲ့ ပါတီလေးခုကနေ ရွေးထားတဲ့ ညီမျှတဲ့ ကိုယ်စားလှယ်ဦးရေ အချိုးကျပါတဲ့ ကော်မရှင်တစ်ရပ်ကို ကျွန်တော်တို့ဖန်တီးနေပါတယ်။ လတ်တလောမှာတော့ အခြေခံဥပဒေသစ်အတွက် တာဝန်ရှိတာ ဒီကော်မတီပဲပေါ့။ အင်န်ဂျီအိုတွေ၊ ပညာရှင်တွေ၊ ဂျာနယ်လစ်တွေကလည်း ကော်မရှင်ရဲ့လုပ်ရပ်ကို ထောက်ခံထားကြပါတယ်။ နိုင်ငံသားတွေလည်း အဆိုပြုချက်တွေ လုပ်နိုင်အောင် ဝက်ဘ်ဆိုက်တစ်ခုကိုလည်း ကျွန်တော်တို့ဖန်တီးထားပါတယ်။ ဘာသာရေးအုပ်စု အမျိုးမျိုးကလည်း အဲဒါကို ထောက်ခံထားကြပါတယ်။

ဒီသတင်းအချက်တွေ အားလုံးကို စုစည်းမိတာနဲ့ ကော်မရှင်ဟာနိုင်ငံသားအားလုံးကို စုစည်းနိုင်မယ်လို့ မျှော်လင့်ရတဲ့ ပြည်သူ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွဲဖို့ ပြင်ဆင်မှာပါ။ နိုင်ငံရေးပါတီအားလုံးက အတည်ပြုမယ့် အခြေခံဥပဒေတစ်ခု၊ နိုင်ငံသားတိုင်းသဘောတူမယ့် အခြေခံဥပဒေတစ်ခု၊ အဲဒီဥပဒေက တူရကီကို အီးယူထဲ ဝင်ခွင့်ရရေးဖြစ်စဉ်မှာ ပိုမိုအားသာစေပါလိမ့်မယ်။

**ဆီးရီးယားမှာ အရပ်သားပြည်သူတွေကို ဖိနှိပ်မှုဟာ ပြင်းထန်နေတုန်းပါပဲ။ အဲဒီသုတ်သင်မှုတွေကို ရပ်တန့်သွားဖို့ ဘာလုပ်မယ်လို့ တူရကီက ရည်ရွယ်ထားပါသလဲ။**

ဒီကနေ့သတင်းစာရှင်းလင်းပွဲမှာ ဥရောပပါလီမန်ဥက္ကဋ္ဌကိုယ်တိုင်က တူရကီဟာ ဒီပြဿနာနဲ့ ပတ်သက်လို့ အရဲဝံ့ဆုံး ကြေညာချက်တွေ ထုတ်ခဲ့တဲ့ နိုင်ငံပဲလို့ ပြောပါတယ်။ တခြား ဥရောပနိုင်ငံတွေလည်း (ဆီးရီးယားအရေး)မှာ ခိုင်ခိုင်မာမာရပ်တည်တာကို ကျွန်တော်တို့မြင်ချင်ပါတယ်။ အဲဒီမှာ တစ်ညတည်းတင် လူ ၃၀၀ လောက်အသတ်ခံရတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးဟာ ဆီးရီးယားအစိုးရကို သတ်ဖြတ်မှုတွေရပ်ဖို့ ပြောရပါမယ်။ ကုလလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်တွေဖြစ်တဲ့ (ဆီးရီးယားကို အရေးယူရေးကန့်ကွက်ခဲ့တဲ့) တရုတ်နဲ့ ရုရှားတို့ကိုလည်း ပိုပြီး ဖိအားကြီးကြီး ပေးသင့်ပါတယ်။

*—Ref: Turkish EU Affairs minister Egemen Bagis "The EuU must aceept Turkey:*

စေတနာတိုင်းရင်းဆေးကုခန်း
အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ
(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)
အမှတ်(၁၇၈/ခ)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉ ၇၃၁ ၈၃၁၂၂
ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊ နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ

KMD အထူးဈေးရောင်းပွဲ
မတ်လ (၃)ရက် ၂၀၁၂(စနေနေ့) ၉နာရီမှ ၅နာရီ Strand Hotel
လေလံအစီအစဉ်
(12:00 noon) | (2 pm) | (4 pm)
Notebook ကြမ်းခင်းဈေး (၅)သောင်းကျပ်
Apple iPad ကြမ်းခင်းဈေး (၂)သောင်းကျပ်
Special
•Canon ip 2770 Printer 35,000/-
•Prolink 18.5" LED Monitor 73,000/-
ဖုန်း- ၃၈၅၃၇၇၊ ၂၄၅၃၈၀၊ ၃၈၅၈၇၇၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂
HAPPY SALES
(11:00am)
• Canon a800 Camera : 49,000/-
• iPod Shuffle : 19,000/-
• 4GB Pendrive : 1,000/-
(1:00pm)
• External HDD : 39,000/-
• M200 Speaker : 17,000/-
• 4GB Pendrive : 1,000/-
(3:00pm)-???

7DAY NEWS JOURNAL

# Entertainment

Vol.10, No.50 · MARCH 1 , 2012


## အင်တာနက်မှ မမှန်သတင်းဖြန့်သူ၄၁ဦးကို အွန်စောတရားစွဲ

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၃**



တောင်ကိုရီးယား၏ နာမည်ကျော် ရုပ်ရှင်မင်းသမီးဆောင်းဟေကို (အွန်စော)သည် အင်တာနက်ပေါ်တွင် သူမ၏မမှန်သတင်းများဖြန့်ချိသူ လူပေါင်း ၄၁ဦးအား မကြာမီက တရားစွဲဆိုလိုက်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့နှင့် သူမ၏ရှေ့နေများက ပြောပြချက်အရ မင်းသမီးသည် ဖေဖော်ဝါရီလဆန်းပိုင်း၌ပင် ထိုသို့လူ၄၁ဦးအား သတင်းမှားများဖြန့်ချိမှုဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါသတင်းမှားများအနက်တစ်ခုမှာ မင်းသမီးသည် နိုင်ငံရေးသမားတစ်ဦးနှင့် အထောက်အပံ့ရယူထားသည့်ဆက်ဆံရေးရှိခဲ့ကြောင်း၊ထိုလူနှင့် သူမတို့ ၂၀၀၈ စက်တင်ဘာမှ ယမန်နှစ်ကုန်အထိ တွဲခဲ့ရာငွေကြေး အကျိုးအမြတ်များရခဲ့ကြောင်း ဖော်ပြထားရာ အသရေဖျက်မှုဖြင့် မင်းသမီးက တရားစွဲဆိုခြင်းဖြစ်သည်။ မင်းသမီး၏ ရှေ့နေများသည် အမှုကိုဆိုးလ်မြို့တော်ရှိကန်နမ်ရဲစခန်းသို့လွှဲပြောင်းပေးခဲ့ပြီး ရဲတပ်ဖွဲ့က မကြာမီ စုံစမ်းစစ်ဆေးသွားမည်ဟုသိရသည်။ —Ref: Hancinema



ဓာတ်ပုံ-ရဲမောင်မောင်(အမရပူရ)

## ဒုတိယမြောက်သားလေး မွေးဖွားတော့မည့် ပူစူး

**ကြူကြူဟန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

အဆိုတော် ပူစူးနှင့်ဇနီးဖြစ်သူ မဇင်မာတို့၏ ဒုတိယသားငယ်လေးကိုလာမည့်မတ်လဒုတိယပတ်အတွင်းဝိတိုရိယဆေးရုံတွင် မွေးဖွားမည်ဖြစ်သည်။

"အာထရာဆောင်းရိုက်တော့သားလေးလို့ပြောတယ်။ သားပဲလိုချင်တယ်။ သမီးမလိုချင်ဘူး။ ဘာရယ်ကြောင့် မဟုတ်ပါဘူး။ ရလာရင်လည်း ယူရမှာပေါ့။ ကလေးအသုံးအဆောင်တွေ စုနေပြီး ခရီးသွားရင်းဝယ် ဖြစ်တာများတယ်။ တစ်ခါတလေကျ မျက်စိထဲတွေ့တာ ဝယ်လိုက်တယ်။ ကလေးဆော့လို့ရမယ့်ဟာမျိုးကို ဝယ်ဖြစ်တယ်" ဟု ပူစူးကပြောသည်။

အဆိုတော် ပူစူးနှင့် မဇင်မာတို့သည် အိမ်ထောင်သက် ၆ နှစ်ရှိပြီဖြစ်သည်။ အိမ်ထောင်ပြုစဉ်က ယခုလို လူသိများသည့် အဆိုတော်တစ်ဦးမဟုတ်သေးပေ။ မတ်လတွင် မွေးဖွားမည့် သားလေးသည် ဒုတိယသားလေးဖြစ်ပြီး သားကြီးမှာ ၄နှစ်ရှိပြီ ဖြစ်သည်။ ပူစူးက ယခုလက်ရှိတွင် ရှိုးပွဲများ သီဆိုနေပြီး ၎င်း၏ ဒုတိယအယ်လ်ဘမ်ကို စီစဉ်နေပြီဖြစ်ကြောင်း ပူစူးက ဆက်လက်ပြောသည်။



ဓာတ်ပုံ-ဝေယံ





## ကချင်ဒုက္ခသည်စခန်းများသို့ ကိုယ်တိုင်လိုက်သွားမည့် Nကိုင်ရာ

**ကြူကြူဟန်**

ကချင်တိုင်းရင်းသားများစုပေါင်း ဖျော်ဖြေသည့် 'မနောအလှ ဂီတည'ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲတွင်ကန်တော်ကြီးမျှော်စင်ကျွန်း၌ ကျင်းပပြုလုပ်ခဲ့ရာ ထိုဖျော်ဖြေပွဲတွင် L ခွန်းရီ၊ ကေဂျာနူး၊ ကော့မိုင်၊ L လွန်းဝါ၊ နောနော်၊ ဒေါင်းလွှား၊ ဂျက်ဆန်ထွန်း၊ အောင်းလာ၊ Ah ယော်၊ အန်းနော်၊ နော်ဒင့်၊ အော်ရာလီ၊ အဇဲ၊ T ခမ်းဆိုင်၊ K ခေါနန်နူး၊ L ဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ Blue Berry, N ကိုင်ရာ၊ Nဆိုင်းလီ၊ M ဆိုင်းလာတို့က သီဆိုဖျော်ဖြေခဲ့သည်။

ကချင်ပြည်နယ်တွင်းတိုက်ပွဲများကြောင့် ဒုက္ခရောက်နေသော ဒုက္ခသည်များကို ဖျော်ဖြေပွဲတွင်ပါဝင်သည့် အနုပညာရှင်များက ရရှိလာသောအလှူငွေများဖြင့် သွားရောက်လှူဒါန်းမည်ဖြစ်သည်။

ဖျော်ဖြေပွဲတွင် ပါဝင်ပြီး သွားရောက်လှူဒါန်းမှုတွင် ပါဝင်မည့် အဆိုတော်N ကိုင်ရာနှင့် ဖျော်ဖြေပွဲအပြီး တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

**'မနောအလှ ဂီတည'ရန်ပုံငွေ ဖျော်ဖြေပွဲမှာ ပါဝင်ဖြစ်ခဲ့တာက။**

ကချင်တိုင်းရင်းသားတွေ စုပေါင်းပြီးလုပ်တဲ့ ပွဲဆိုတော့ ကချင်လူမျိုးတစ်ယောက်အနေနဲ့လည်း ကိုင်က မပါမဖြစ်ပေါ့နော်။ အဲဒါကြောင့်ကိုင်ပါဝင်ဖြစ်တာပါ။

**ဒီပွဲမှာ သီချင်းဘယ်နှပုဒ်ဆိုမှာလဲ၊ ဘယ်လိုသီချင်းတွေလဲ။**

ဒီမှာကိုင်က ရိုက်ကူးရေးရော၊ ဖျော်ဖြေရေးရောပါတယ်။ ကိုင်ကအန်တီ Lခွန်းရီ၊ အန်တီ ကေဂျာနူး။ အန်တီကော့မိုင်တို့နဲ့လည်း အတွဲဆိုမယ်ပေါ့။ ဟိုတုန်းက သီချင်းတွေပေါ့။ အန်တီကော့မိုင်တို့ဆိုခဲ့တဲ့ သီချင်းကို 'ကချင်ပြည်ကိုလာပါ"အလည်တစ်ခေါက်လာဖို့ ဖိတ်ခေါ်တယ်'အဲဒီသီချင်းလေးတွေကို အတွဲဆိုမယ်။ ကိုင်တစ်ယောက်တည်းဖျော်ဖြေရေးမှာ ထွက်ပြီးသားသီချင်းလေးတွေဆိုမယ်၊ ပြီးတော့ရိုက်ကူးရေးမှာ သီချင်းအသစ်ဆိုမယ်။ ရိုက်ကူးရေးမှာ တစ်ယောက်တည်း လေးပုဒ်ရှိမယ်။ အားလုံးစုပေါင်းဆိုတာက တစ်ပုဒ်ပေါ့။

**ဒီပွဲက ခွေထွက်မှာပေါ့။**

အင်း၊ ဟုတ်တယ်ရှင့်၊ အခွေထွက်မှာ။

**ဒီပွဲက တခြားပွဲတွေနဲ့မတူဘူးလေ။ ကချင်တိုင်းရင်းသားတွေ စုပြီးဆိုတဲ့ရန်ပုံငွေပွဲဆိုတော့ ဒီပွဲမှာ ဆိုရတဲ့ ခံစားချက်လေးကိုပြောပေးပါလား။**

ဒီပွဲမှာ ပါဝင်ခွင့်ရတာက ကျေနပ်ပီတိဖြစ်တယ်။ ဘယ်လိုပြောရမလဲ။ ရန်ပုံငွေပွဲလည်းဟုတ်တယ်။ ပြီးတော့ဟိုက ဒုက္ခရောက်နေတဲ့သူတွေအားလုံးကို ကိုင်တို့ကလူမျိုး၊ ဘာသာ မခွဲခြားဘူး။ အားလုံးကို အဲလိုမျိုး ကူညီပေးဖို့အတွက် ကိုင်တို့က တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးဆပ်ခွင့်ရတဲ့အတွက်ပေါ့။ ကိုင်တို့ကလည်း သီချင်းလေးဆိုပြီး ရန်ပုံငွေလေးရှာ၊ အဲအတွက်နဲ့သူတို့ကို ပေးဆပ်ရတယ်။ ပြန်ပြီးလှူခွင့်ရတာကို ပိုပြီး ကျေနပ်ပီတိဖြစ်မိပါတယ်။

**ရန်ပုံငွေပွဲတွေဆိုဖူးသေးလား။ ဒါဘယ်နှကြိမ်မြောက်လဲ။**

ကိုင်ရန်ပုံငွေပွဲတော်တော်များများတော့ ဆိုဖြစ်တယ်။ အတတ်နိုင်ဆုံးပေါ့၊ ဘယ်နှစ်ကြိမ်လည်းဆိုတာသိပ်တော့ မမှတ်မိတော့ဘူး။

**Nကိုင်ရာက ရိုးရာဝတ်စုံတွေ ဝတ်တာများတယ်။ အဲဒီ အကြောင်းလေးပြောပေးပါလား။**

ရိုးရာဝတ်စုံ ဝတ်တယ်ဆိုတာ ဒီနေ့လိုပွဲမှာဆို ကိုင့်အတွက် ပိုပြီးပျော်စရာကောင်းတဲ့နေ့လေးလို့ပြောရမှာပေါ့နော်။ ဘာလို့လဲဆိုတော့ကိုင်က ကချင်အင်္ကျီလေးကို အရမ်းလည်းချစ်တယ်။ အရမ်းလည်းကြိုက်တယ်။ အဲလိုမျိုး ထွင်ပြီး ချုပ်ဝတ်ရတာလည်းအရမ်းကြိုက်တယ်။ ကချင်အင်္ကျီလေးတွေကို အမျိုးမျိုးချုပ်ဝတ်ထားကြတော့ အဲဒါကိုမြင်ပြီးတော့ ကိုင်တိုင်လည်း ပျော်တယ်၊ သူများတွေဝတ်ထားတာ လှတာအတွက်လည်း ကျေနပ်ပီတိဖြစ်မိပါတယ်။

**ကချင်ဒုက္ခသည်တွေအတွက် N ကိုင်ရာကိုယ်တိုင် ဘယ်လိုကူညီမျိုးတွေပေးခဲ့လဲ။**

အခုချိန်ထိတော့ မရှိသေးဘူး။ ကိုယ်ကတော့ ဘေးကနေ တတ်နိုင်သလောက် ဘယ်ကနေဘယ်လို လှူပေးရမလဲ။ ဒုက္ခရောက်နေသူအားလုံးကို ကိုယ်ကိုယ်တိုင်ကိုယ်ချင်းစာတယ်။

စာ(၄၉)သို့



## လွန်ခဲ့တဲ့ ၁၀ နှစ်ကအတိုင်း လှပနေဆဲ ကင်မ်ဟီဆွန်း

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၃**

ကိုရီးယား၏ အချောအလှမင်းသမီး ကင်မ်ဟီဆွန်းသည် မကြာမီက ကိုရီးယားတွင် ထုတ်ဝေသည့် W ဖက်ရှင်မဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူးပေးခဲ့ရာ လွန်ခဲ့သည့် ၁၀နှစ်ကအတိုင်းပင် သူမ၏ အလှအပမှာ ပြောင်းလဲခြင်းမရှိကြောင်း ကိုရီးယားမီဒီယာများက ချီးကျူးဖော်ပြခဲ့သည်။ ထိုဓာတ်ပုံထဲတွင် ကင်မ်သည် နူးညံ့ပျော့ပျောင်းသည့်ပုံဖြစ်နေပြီး Nina Ricci မှ ထုတ်လုပ်သော အလှအပအဆင်တန်ဆာများဆင်မြန်းကာ တည်ငြိမ်ဆွဲဆောင်မှုရှိသည့်ဟန်ကို ရရှိနေသည်။

လူအများချီးကျူးခံရသည့် ယင်းမဂ္ဂဇင်းဓာတ်ပုံနှင့် ပတ်သက်၍ သူမက "ရိုးရှင်းတဲ့ ဒီဇိုင်းတွေနဲ့ တောက်ပတဲ့အရောင်တွေက သူတို့ကို ကျွန်မ မကြာခဏအသုံးပြုမိအောင် ဖန်တီးခဲ့တာလေ"ဟု ရှင်းပြသည်။

ကင်မ်ဟီဆွန်းသည် လက်ရှိတွင် SBS ရုပ်သံမှ ရိုက်ကူးမည့် Faith ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်ဖြစ်၊ မဖြစ် မသေချာသေးကြောင်း သိရသည်။

—Ref: Hancimema



## ဖျော်ဖြေပွဲမှရရှိသောငွေများကို နာရေးကူညီမှုအသင်းနှင့် ၈၈ကျောင်းသားများအဖွဲ့သို့ ဆောင်းဦးလှိုင်လှူဒါန်း

ကြူကြူဟာန်

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

ဆောင်းဦးလှိုင်တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲက ရရှိလာသော အလှူငွေများကို ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့လှူဒါန်းသည့် ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်နေ့လယ် ၂ နာရီတွင် နာရေးကူညီမှုအသင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်ခဲ့သည်။

၈၈ မျိုးဆက်သစ်ကျောင်းသားအဖွဲ့နှင့်နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၄၂သိန်းစီ အသီးသီးပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ နာရေးကူညီမှုအသင်းသို့ လှူဒါန်းသည့် အလှူငွေမှာ ယင်းအသင်း၏ လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်ပြီး၊ ၈၈မျိုးဆက်ကျောင်းသားများသို့လှူဒါန်းသည့် အလှူငွေမှာမူ ကချင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်များအား လှူဒါန်းရန်အတွက်ဖြစ်သည်။ ယခင်က သုံးနေရာလှူဒါန်းရန် သတ်မှတ်ထားသော်လည်း MRTV-4မှ လူမှုရေးဆောင်ရွက်နေသောအဖွဲ့က အလှူငွေအင်အားတောင့်တင်းသည့်အတွက် အလှူငွေလက်မခံခဲ့ခြင်းကြောင့် နှစ်နေရာသို့သာ လှူဒါန်းခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၇ ရက် အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်သော ဆောင်းဦးလှိုင်တစ်ကိုယ်တော်'နှလုံးသားတွေလှူမယ့်ည' ဂီတဖျော်ဖြေပွဲတွင် ဆောင်းဦးလှိုင်၏ အနုပညာကြေးကျပ်သိန်း၉၀ နှင့် ပရိသတ်များက လှူဒါန်းသည့်အလှူငွေကျပ်၃၆သိန်း၊ စုစုပေါင်း ကျပ် ၁၂၆ သိန်းရရှိခဲ့ကြောင်း ဆောင်းဦးလှိုင်ကပြောသည်။

၈၈ မျိုးဆက်သစ်ကျောင်းသားများ အဖွဲ့ကိုယ်စားကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီကားကိုဆောင်းဦးလှိုင်အား အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့သည်။

ကျန်ရှိနေသော အလှူငွေ ၄၂ သိန်းကို မတည်ပြီး မျိုးဆက်သစ်လူငယ်အဆိုရှင်များနှင့်သာ ဖျော်ဖြေပွဲတစ်ခု ထပ်မံ ပြုလုပ်သွားမည်ဖြစ်သည်။ "နာမည်ကျော်ကြားခြင်း မရှိတဲ့ လူငယ်တွေနဲ့ပဲ မြန်မာနိုင်ငံ အရပ်ရပ်စင်မြင့်ပေါ်မှာ ဖျော်ဖြေခွင့်ရရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် နာမည်မကျော်ကြားသေးတဲ့ Talent ရှိသေးတဲ့ ကလေးတွေနဲ့တစ်ပွဲလောက် ထပ်နွှဲချင်ပါတယ်" ဟု ဆောင်းဦးလှိုင်က အလှူငွေပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။


"သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်"
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။



တုပ်ကွေးရောဂါမဖြစ်စေရန် ကာကွယ်သင့်သူများမှာ[1]–
- နာတာရှည်ရောဂါရှိသူများ(ဥပမာ–နှလုံးရောဂါ၊ ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
- ကလေးငယ်များ (အသက်(၆)လအထက်ရှိသောကလေးများအားလုံး)
- အသက်ကြီးသောသူများနှင့်
- လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် နီးစပ်ရာ ဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ - ကာကွယ်ဆေးထိုးခြင်း)

References
(1) Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.

gsk GlaxoSmithKline
01-211594, 02-74564



VACANCY ANNOUNCEMENT FOR CABIN CREW



Qulifications and Requirements
- Must be Single and Citizen of Myanmar
- At least Matriculation Exam Passed
- University Degree considered as asset
- Age between 18 and 23 years as at 15-3-2012
- For female, height between 5' 4" and 5' 8" , weight to be proportionate to height
- For male, height between 5' 6" and above, weight to be proportionate to height
- Fluent in speaking and reading English, Second language is compulsory
- Positive disposition, caring attitude, smart personality and good looking, excellent verbal communications and interpersonal skills
- Polished interpersonal skills with a positive and customer-oriented attitude
- Able to attend 8 weeks of initial training

Interested persons may personally apply to Asian Wings Airways Head Office not later than 15-3-2012 at 4:00 pm together with the following: Curriculum vitae, qualification papers including Basic Education High School Certificate, Criminal Clearance from police department, one recent color full-length photograph, one passport size photograph and NRC copy.

Only short-listed applicants will be notified.

Please send your application to:
Asian Wings Airways Limited, No.41, Shwe Taung Gyar Street, Bahan Township, Yangon, Myanmar.
Phone: 95-1-532252,532253,515259,515260
Website : www.asianwingsair.com

Asian Wings Airways
Fly beyond your dreams





7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012



# ဂျပန်မှာ အဖွဲ့နာမည်နဲ့ ကဖီးဖွင့်လိုက်တဲ့ T-ara

**တိုကျို၊ ဖေဖော်ဝါရီ - ၂၃**

ကိုရီးယားနာမည်ကျော် အမျိုးသမီးပေါ့ပ်အဖွဲ့ T-ara သည် တိုကျိုရှိ Tower Records Shibuya တေးသံသွင်းကုမ္ပဏီအနီးတွင် အဖွဲ့နာမည်ဖြင့် တီအားရာ ကဖီးကို ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ အဖွဲ့သည် ထိုကဖီးကို ဖွင့်လှစ်လိုက်ခြင်းဖြင့် ယခုလကုန်မှ မတ်လ ၅ ရက်အထိ ဂျပန်တွင်ပြုလုပ်မည့် ၎င်းတို့၏ ဂီတလှုပ်ရှားမှုများကိုဈေးကွက်မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။



ယင်းကဖီးဆိုင်တွင် စားသုံးသူပရိသတ်များသည် နံရံပေါ်၌ အဖွဲ့၏ ဓာတ်ပုံများကိုကြည့်ရှုနိုင်သကဲ့သို့ တီအားရာမီနူးဟု အမည်ပေးထားသော စပါယ်ရှယ်ဟင်းလျာစာရင်းကိုလည်း မှာယူသုံးဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် အဖွဲ့၏ သီချင်းများ၊ ဂီတဗီဒီယိုခွေများကိုလည်း ကဖီးဆိုင်အတွင်းအဆက်မပြတ် ခံစားနိုင်မည်ဟုသိရသည်။ အရောင်းမြှင့်တင်ရေး အစီအစဉ်သစ်အဖြစ် ဖေဖော်ဝါရီလကုန်တွင် ဂျပန်၌ ဖြန့်ချိမည့် Roly Poly ဆင်ဂဲလ်အယ်လ်ဘမ်ကိုလည်း ပရိသတ်များကြိုတင်မှာယူနိုင်သည်ဟု ဆိုသည်။

—Ref: Koreaboo

# မေခင်ကညာဇာတ်ကား မတ်လဆန်းတွင် ရုံတင်မည်

ကြူကြူဟာန်

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၂၀**

နာမည်ကျော် သရုပ်ဆောင်ကိုးဦးပါဝင်သရုပ်ဆောင်ထားသည့်'မေခင်ကညာ'ရုပ်ရှင်ကားကို မတ်လဆန်းပိုင်းတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)ရိုက်ကူးထားသည့်ထိုဇာတ်ကားတွင်ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဝတ်မှုန်ရွှေရည်တို့က အဓိကသရုပ်ဆောင်ထားသည်။

အလွန်သဝန်တိုတတ်သော ဦးဗလအဖြစ် ရန်အောင်၊ ဦးဗလ၏ ဇနီး ဒေါ်ပုလဲရောင်အဖြစ် စိုးမြတ်သူဇာ။ ဦးဗလသည် ဇနီးဖြစ်သူ အလုပ်ကိစ္စဖြင့်ချိန်း၍ အပြင်ထွက်သွားရာမှ မတော်တဆ ထိခိုက်မှုဖြစ်ရာ အတိတ်မေ့ပြီး အိမ်ပြန်ရောက်မလာသည်ကိုလင်ငယ်နောက်လိုက်သည်ဟု ထင်မှတ်ပြီး အလွန်မုန်းတီးခဲ့သည်။

ထိုအချိန်မှစ၍ ဦးဗလသည် မိန်းမများကို မုန်းတီးပြီး သားသုံးယောက်ကိုလည်း မိန်းမများနှင့်ကင်းကင်းနေရန် ပြောဆိုခဲ့သည်။

သားသုံးယောက်ဖြစ်သော ကံသာရောင်အဖြစ် ခန့်စည်သူ၊ ဉာဏ်သာရောင်အဖြစ် ပြေတီဦး၊ စံသာရောင်အဖြစ် ကျော်ကျော်ဗိုတို့သရုပ်ဆောင်ထားသည်။ ဖခင်စကားကို မလွန်ဆန်နိုင်သောကြောင့် ဉာဏ်သာရောင်မှာ မိန်းမများနှင့် ကင်းကင်းနေလိုခြင်း၊ ကံသာရောင်၊ စံသာရောင်တို့နှစ်ဦးမှာလည်း သူတို့ရည်းစားများကို အဆက်ဖြတ်လိုက်သောကြောင့် ရည်းစားများက ဒေါသထွက်ပြီး သူငယ်ချင်းဖြစ်သူ မေခင်ကညာကို ပြောပြသည်။ သူမကလည်း စိတ်ဆိုးပြီး သူငယ်ချင်းအတွက် ထိုသုံးယောက်ကိုကလဲ့စားချေရန် ချဉ်းကပ်ခဲ့သည်။

မေခင်ကညာအဖြစ် အိန္ဒြာကျော်ဇင်က သရုပ်ဆောင်ထားပြီး ထိုညီအစ်ကို သုံးယောက်ကို ကလဲ့စားချေခြင်းသည် မှန်ကန်သော လုပ်ရပ်မဟုတ်ဘဲ နှစ်ဦးနှစ်ဖက်စလုံး ထိခိုက်ခံစားရပုံတို့ကို ဟာသနှော ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ယခုလက်ရှိ ရုံတင်ပြသနေသော'အမွှေဇယား'ဇာတ်ကားပြီးပါက ရုံတင်ပြသမည်ဖြစ်သည်။

# ချစ်သူသစ်နဲ့ ပျော်ရွှင်မှုရနေတယ်ဆိုတဲ့ အီဗာလွန်ဂိုရီယာ

**လော့စ်အိန်ဂျလိစ်၊**
**ဖေဖော်ဝါရီ - ၂၃**

ဟောလိဝုဒ်မင်းသမီးချော အီဗာလွန်ဂိုရီယာသည် အိမ်ထောင်ရေးကွာရှင်းပြတ်စဲပြီးနောက်ပိုင်း နေ့စဉ်ပျော်ရွှင်မှုကို ချစ်သူသစ်နှင့် ရရှိနေရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

Desperate Housewives ဇာတ်ကား၏ မင်းသမီးချော အီဗာသည် ခင်ပွန်းသည် တိုနီပါကားနှင့် သုံးနှစ်ခွဲကြာ အိမ်ထောင်ရေးကို ၂၀၁၀ နိုဝင်ဘာတွင်လမ်းခွဲကာ အဆုံးသတ်ခဲ့သည်။ ထို့နောက်သူမသည် ယခုချစ်သူသစ် အက်ဒွာဒိုခရူဇ် ၂၆ နှစ်နှင့် လက်တွဲ မိကာ ပျော်ရွှင်မှုများ ပြန်ရခဲ့ကြောင်းဆိုသည်။ အက်ဒွါဒိုသည် စပိန်မင်းသမီးချောပင်နီလုပ်ခရူဇ်၏မောင်ဖြစ်သည်။ အီဗာက အက်ဒွါဒိုနှင့်ပတ်သက်၍ "အမှန်ကတော့ကျွန်မဟာ ဒေါသကြီးတတ်ပြီး အချစ်ရေးတွေကိုလည်း အကောင်းမမြင်တတ်ပါဘူး။ ဒါပေမဲ့ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး။ အက်ဒွါဒိုကို ရှာတွေ့မိလို့ကျွန်မကံကောင်းခဲ့ပါတယ်"ဟု ပြောသည်။

အီဗာလွန်ဂိုရီယာသည် ပုဂ္ဂိုလ်ရေးဘဝတွင် အပြောင်းအလဲများဖြစ်ခဲ့ပြီးနောက် ရုပ်ရှင်လောကတွင်လည်း ဒါရိုက်တာလိုင်းပြောင်းရန် အလားအလာရှိနေသည်။ သူမသည် ယမန်နှစ်က A Proper Send Off အမည်ရ ရုပ်ရှင်ကားငယ်တစ်ခု ရိုက်ကူးခဲ့ပြီးနောက် ယခုနှစ်ထဲတွင်လည်း နောက်ထပ် ကားသစ်များကို ကိုယ်တိုင်ရိုက်ကူးရန် ရှိနေသည်ဟုသိရသည်။ Ref: Showbizspy

# ရင်သွေးလေးအတွက် အမည်ကို ရည်းစားဘဝကပင် စဉ်းစားထားတဲ့ ရန်ရန်ချန်း

ကြူကြူဟာန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ရန်ရန်ချန်းနှင့် ဇနီး ချိုလီတို့သည် ယခုမွေးဖွားမည့် ရင်သွေးလေးအားလွန်ခဲ့သော ကိုးနှစ်ကျော် သမီးရည်းစားဘဝကတည်းက စဉ်းစားထားသောနာမည်ကို မပေးဖြစ် ကြောင်း ရန်ရန်ချန်းကပြောသည်။

"ကျွန်တော်စဉ်းစားတာက မိန်းကလေးနာမည်။အခုက ကလေးက ယောကျ်ားလေးဖြစ်နေတယ်။ အဲ့ဒီနာမည်မပေးဖြစ်တော့ဘူး။ နောက်တစ်ယောက် မွေးရင်ပေးမယ်။ မိန်းကလေးနာမည်ရွေးပြီး စဉ်းစားတာမဟုတ်ဘူး။ကျွန်တော်စဉ်းစားမိတဲ့နာမည်က မိန်းကလေးနာမည်ဖြစ်နေတယ်။ ယောကျ်ားလေးကို ပေးလို့မရဘူး"ဟုရန်ရန်ချန်းကပြောသည်။

ရန်ရန်ချမ်းနှင့် ဇနီးဖြစ်သူတို့၏ သားဦးကို ဇူလိုင်လတွင် မွေးဖွားမည်ဖြစ်ပြီး သားလေးအတွက် အဝတ်အစားများ နည်းနည်းဝယ်စုနေရင်း အချို့လိုအပ်တာလေးတွေပဲ ဝယ်ဖြစ်သေးကြောင်း သိရသည်။

"သမီးလေးလိုချင်တယ်ဆိုတာ နီးလာလေဘာလေးလဲဆိုတာကိုမသိခင်ပိုပိုပြီးသမီးလေးလိုချင်တယ်။ ဘာလို့လဲဆိုတော့ကျွန်တော်တို့မှာညီတွေ၊ဝမ်းကွဲတွေက ယောကျ်ားတွေကြီးပဲဆိုတော့ သမီးလေးလိုချင်တယ်"ဟု ရန်ရန်ချန်းကပြောသည်။

ယခုလက်ရှိတွင် NLD ပါတီမှပြုလုပ်သော တိုင်းကျိုးပြည်ပြုသီချင်းခွေ၌ သီချင်းနှစ်ပုဒ် သီဆိုထားကြောင်း ရန်ရန်ချန်းက ပြောသည်။

## စာ-၄၇၊ ကချင်ဒုက္ခသည်စခန်းများသို့ ကိုယ်တိုင်လိုက်သွားမည့် Nကိုင်ရာ မှ

အခက်အခဲတွေ ဒုက္ခတွေ ကြုံနေရတာ စိတ်လည်းမကောင်းဘူး။ ဝမ်းလည်းနည်းတယ်။ အဲဒီအတွက် ကိုယ်လည်းဘေးကနေ တတ်နိုင်သလောက်ပေါ့နော်။ လှူလို့ရတဲ့ နေရာတွေလက်လှမ်းမီသလောက် လုပ်တာပေါ့နော်။

**Nကိုင်ရာအနေနဲ့ ကိုယ့်ကချင်လူမျိုးတွေ အခုလိုဒုက္ခတွေ ခံစားနေရတဲ့အပေါ်မှာ ခံစားမှုလေးပြောပြပါဦး။**

ဘယ်လိုခံစားရလဲဆိုတော့ ဒါကတော့ လူသားအချင်းချင်း အားလုံးအတူတူပဲပေါ့နော်။ အားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပျော်ပျော်ရွှင်ရွှင်နေလို့ရှိရင် ကမ္ဘာကြီးကပိုပြီးတော့ ပျော်ရွှင်စရာကောင်းမှာပေါ့နော်။ အားလုံးကိုမိသားစုစုံစုံလင်လင်၊ နေကောင်းကျန်းမာစွာနဲ့ ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားသောက်နေတဲ့ဟာမျိုးလေးတွေ မျှော်လင့်နေတာပေါ့နော်။

**အခုကချင်စစ်ဘေးဒုက္ခသည်တွေကို Nကိုင်ရာအနေနဲ့ ဘာပြောချင်လဲ၊ အားပေးစကားဖြစ်ဖြစ်တစ်ခုခုပေါ့။**

ကိုင်ရာကသူတို့ကိုပြောချင်တာက စိတ်ဓာတ်မကျပါနဲ့။ အားလုံးဟာ အဆင်ပြေသွားမှာပါလို့။

**ပါဝင်တဲ့ ကချင်အနုပညာရှင်တွေကချင်ပြည်နယ်ကို ကိုယ်တိုင်သွားရောက်လှူဒါန်းမယ်လို့ သိရပါတယ်။ Nကိုင်ရာရော သွားဖြစ်မလား။**

ကိုင်ကတော့ကိုယ်တိုင်သွားမှာပါ။ တတ်နိုင်သလောက် အားလုံးလုပ်ပေးပါ့မယ်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Safe House | Universal Pic. | ၈၁,၈၁၂,၄၀၀ | ၂ |
| ၂။ | The Vow | Screen Gems & Sony Pic. | ၈၈,၅၆၇,၆၀၀ | ၂ |
| ၃။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၅၉,၀၅၀,၅၀၀ | ၂ |
| ၄။ | Ghost Rider: Spirit of Vengeance 3D | Sony Pictures | ၂၅,၄၇၀,၈၀၀ | ၁ |
| ၅။ | This Means War | 20th Century Fox | ၂၁,၆၁၆,၇၀၀ | ၁ |
| ၆။ | Star Wars: Episode I-The Phantom Menace | Lucasfilm,Ltd.&20th Century Fox | ၃၅,၇၉၃,၉၀၀ | ၂ |
| ၇။ | Chronicle | 20th Century Fox | ၅၂,၆၄၃,၅၀၀ | ၃ |
| ၈။ | The Secret World of Arrietty | Walt Disney Studios | ၈,၆၈၄,၈၆၀ | ၁ |
| ၉။ | The Woman in Black | CBS Films | ၄၆,၄၀၄,၈၀၀ | ၃ |
| ၁၀။ | The Grey | Open Road Films | ၄၈,၆၁၀,၃၀၀ | ၄ |

## Movie Review

### Project X





အထက်တန်းကျောင်းတွင် အတန်းပြီးဆုံးတော့မည့် သူငယ်ချင်းများက ကျောင်း၌ နာမည်ကြီးများ မဟုတ်သော်လည်း နှစ်ကုန်တွင် လူတိုင်းအမှတ်ရနေကြမည့် ပါတီပွဲတစ်ပွဲကျင်းပရန် စီစဉ်ကြသည်။ ၎င်းတို့က ပါတီပွဲအတွက် မည်မျှပင်အသေးစိတ်ပြင်ဆင်ခဲ့ကြသော်လည်း အမှန်တကယ်ပါတီပွဲကျင်းပသောအခါသူတို့မျှော်လင့်ထားသလို မမေ့နိုင်စရာပွဲတစ်ပွဲဖြစ်ခဲ့သော်လည်း အိပ်မက်များ ပျက်ပြယ်ခြင်းနှင့် မမျှော်မှန်း နိုင်သော အဖြစ်အပျက်များလည်း ကြုံတွေ့ခဲ့ရသည်။

Oliver Cooper, Jonathan Brown, Dax Flame, Kirby, Bliss Elanton, Brady Hender စသောသရုပ်ဆောင်များနှင့် သိုင်းဝိုင်းထားသော ဟာသဇာတ်ကားအား မတ်လ ၂ရက်တွင် Warner Bros. က ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012




# အာဆီယံ ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ဆုတံဆိပ် ၇ ခုဖြင့် နိုင်ငံအလိုက် ပထမနေရာ မြန်မာရရှိ



၉၀ ကီလိုတန်းတွင် ပထမရရှိခဲ့သည့် အောင်ဆွေနိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၅**

ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းက ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု စုစုပေါင်း ဆုတံဆိပ် ၇ ခုရရှိကာ နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာ၌ ယခုလ ၂၅ ရက်က ကျင်းပခဲ့ပြီး မြန်မာအပါအဝင် အာဆီယံ ခုနစ်နိုင်ငံမှ အားကစားသမားစုစုပေါင်း ၄၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ၅၅ ကီလိုတန်းမှ ၉၀ ကီလိုတန်းအထိ အတန်းရှစ်တန်းခွဲခြားကျင်းပခဲ့သည်။ မြန်မာကာယဗလအဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို ၅၅ ကီလိုတန်းတွင် ဇော်ဝမ်း၊ ၆၀ ကီလိုတန်းတွင် ထွန်းမင်း၊ ၉၀ ကီလိုတန်းတွင် အောင်ဆွေနိုင်တို့ကရယူပေးခဲ့သည်။

ငွေတံဆိပ်များကို ၅၅ ကီလိုတန်းနှင့် ၆၅ကီလိုတန်းတွင်လည်းကောင်း၊ ကြေးတံဆိပ်များကို ၇၀ ကီလိုတန်းနှင့် ၉၀ ကီလိုတန်းတွင်လည်းကောင်း မြန်မာလက်ရွေးစင်ကာယဗလသမားများက ရရှိခဲ့သည်။

မလေးရှားအသင်းက ရွှေနှစ်ခု၊ ငွေတစ်ခု၊ အင်ဒိုနီးရှား က ရွှေတစ်ခု၊ ငွေသုံးခု၊ ထိုင်းအသင်းက ရွှေတစ်ခု၊ ကြေးလေးခု၊ စင်ကာပူက ရွှေတစ်ခု၊ ကြေးတစ်ခု၊ ဗီယက်နမ်က ငွေနှစ်ခု၊ ကြေးတစ်ခုတို့ရရှိခဲ့ကြသည်။

အတန်းရှစ်တန်းတွင် ပထမရရှိသူများအား ယှဉ်ပြိုင်စေသည့် ပြိုင်ပွဲတွင်မူ ၈၀ ကီလိုတန်း၌ ဗိုလ်စွဲခဲ့သည့် မလေးရှား ကာယဗလသမား Abdul Mutalib Md Isa က ပထမရရှိခဲ့ပြီး ဆုကြေးငွေ ကန်ဒေါ်လာ တစ်ထောင်ရရှိခဲ့သည်။

၎င်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံမှ အတန်းတစ်တန်းစီတွင် ကစားသမားနှစ်ဦးစီဖြင့် စုစုပေါင်း ၁၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ဦးရေ အများဆုံးဖြစ်ကြောင်းသတင်းရရှိသည်။


တွေ့မရှောင်နှင့်ကြယ်လင်းအောင် အကြိတ်အနယ်ထိုးသတ်စဉ်

## မန္တလာမြေ စိန်ခေါ်ပွဲကြီးတွင် ကြယ်လင်းအောင်နှင့် တွေ့မရှောင် အကွဲအပြဲနှင့် သရေကျ

**မန္တလေး၊ ဖေဖော်ဝါရီ- ၂၄**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့မှ ကြီးမှူးပြီး ကယ်လ်ဆမ်ကွေကာ၏ အဓိကကူညီပံ့ပိုးမှုအဖြစ် မန္တလေးအောင်မြေမန္တလာရုံ၌ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးများကို ဖေဖော်ဝါရီ ၂၃ နှင့် ၂၄ ရက်များတွင် ကျင်းပခဲ့ရာ ပရိသတ်စိတ်ကျေနပ်စရာပွဲကြီးပွဲကောင်းများ ဖြစ်ခဲ့သည်။

ဖေဖော်ဝါရီ၂၃ရက်တွင်အဓိကနေ့ အထူးစိန်ခေါ်ပွဲကြီးအဖြစ် သားသား (T&T)နှင့် စိုးမိုးဟိန်း (မျိုးဆက်သစ်)တို့ ထိုးသတ်ခဲ့ကြပြီး အလူးအလဲနှင့် ပူးတွဲသရေကျခဲ့သည်။ ဒုတိယနေ့ အထူးစိန်ခေါ်ပွဲကြီးအဖြစ် တွေ့မရှောင်(နဂါးမာန်)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ထိုးသတ်ခဲ့ကြပြီး နှစ်ဦးစလုံးကမလျှော့စတမ်းဖွင့်ကစားကြသောကြောင့် ပရိသတ်စိတ်ကျေနပ်စရာပွဲကောင်းတစ်ခုဖြစ်ခဲ့သည်။

ပထမနေ့တွင် သုံးချီစိန်ခေါ်ပွဲငါးပွဲထည့်သွင်းခဲ့ရာ ဖိုးလပြည့် (မြကျည်ဆန်)နှင့် ပြည့်ဖြိုးခန့်(ကျွန်းရွှေဝါ)တို့ပွဲကလွဲ၍ ကျန်လေးပွဲစလုံးမှာ ပထမအချီများတွင်ပင် အရှုံးအနိုင်အဖြေပေါ်ခဲ့ကြသည်။ လေးချီအထူးပွဲအဖြစ် မောင်ကောင်း(T&T)နှင့်

**စာ(၅၁)သို့**






# မြန်မာလိဂ်ပြိုင်ပွဲ တစ်လတာ အကောင်းဆုံး ကစားသမားဆု ကျပ်ဆယ်သိန်း ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ တစ်လတာ အကောင်းဆုံးအားကစားသမားဆု ရရှိသူအား ဆုငွေကျပ်ဆယ်သိန်းချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီလအတွက်မှ စတင်ကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ လစဉ်အလိုက်အကောင်းဆုံး နည်းပြဆုနှင့် အကောင်းဆုံးကစားသမားဆု ချီးမြှင့်သွားမည်ဖြစ်ရာ နည်းပြဆုအတွက် ဆုငွေကျပ်ငါးသိန်းနှင့် ကစားသမားဆုအတွက် ဆုငွေကျပ်ဆယ်သိန်းချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကောင်းဆုံး ကစားသမားဆုအတွက်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ တစ်လအတွင်း ကစားပွဲမှတ်တမ်းများကို ကြည့်ရှု၍ ဂိုးသွင်းနှုန်း၊ ဂိုးရရှိအောင်ပံ့ပိုးနိုင်ခြင်း၊ ဂိုးမဝင်အောင် ကာကွယ်နိုင်ခြင်းစသည့်အချက်များအားအဓိကထား အမှတ်ပေးရွေးချယ်ပေးသွားမည်ဖြစ်ပြီး တစ်ပွဲချင်းစီတွင် တာဝန်ယူသည့် ပြိုင်ပွဲကြီးကြပ်၊ ဒိုင်ကြီးကြပ်၊ မီဒီယာတာဝန်ခံတို့က အမှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အဖွဲ့ဝင် ရှစ်ဦးဖြင့် ဖွဲ့စည်းထားသည့် ရွေးချယ်ရေးကော်မတီသို့တင်ပြရမည်ဖြစ်ကာ၊ ၎င်းကော်မတီက နောက်ဆုံးအဆင့် ရွေးချယ်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ဆိုသည်။

"ကစားသမားတွေရဲ့ စွမ်းဆောင်ရည်အပေါ် အမှတ်ပေးမှုတွေကိုအစဉ်အလိုက်အဆင့်သတ်မှတ်သွားမှာဖြစ်ပြီး အဲဒီထဲကပြန်လည်ရွေးချယ်သွားမှာ ဖြစ်ပါတယ်"ဟုတာဝန်ရှိသူက ဆိုသည်။

အကောင်းဆုံးနည်းပြဆုအတွက် အသင်း၏ နိုင်ပွဲ၊ သရေပွဲ၊ ရလဒ်များအပေါ်တွင် အမှတ်ပေးမည်ဖြစ်ပြီး၊ ယှဉ်ပြိုင်ဘက်အသင်း၏ ခြေအဆင့်အတန်းအပေါ်မူတည်၍လည်း အမှတ်ခွဲခြားထားကြောင်း ၎င်းက အမှတ်ပေးပုံအဆင့်ဆင့်ကို ရှင်းပြသည်။

ဆုရရှိသူများအား ငွေသားအပြင် အမှတ်တရ ဆုတံဆိပ်များပါ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းဆုများအားမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ အဓိကစပွန်ဆာဖြစ်သည့် မြန်မာဘရူဝါရီကုမ္ပဏီကပင် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုများအား မတ်လဆန်းတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

၂၀၀၉ မြန်မာနေရှင်နယ်လိဂ်ဖလားကျင်းပစဉ်က ပွဲစဉ်အလိုက် အကောင်းဆုံးဆုရွေးချယ်ချီးမြှင့်ခဲ့ဖူးသော်လည်း တစ်လတာ အကောင်းဆုံးဆုများကိုမူ ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ပေးအပ်ရန်စီစဉ်ခြင်းဖြစ်သည်။

## စာ(၅၀) - မန္တလာမြေမှ စိန်ခေါ်ပွဲကြီးတွင် ကြယ်လင်းအောင်နှင့် တွေ့မရှောင် အကွဲအပြဲနှင့် သရေကျ မှ

ထိုက်စံ(မန္တလေး)တို့ပွဲစဉ်တွင် ကြိုးဝိုင်းသမ္မာပိုရင့်သော ထိုက်စံကိုမောင်ကောင်းက တတိယအချီ တစ်မိနစ်နှစ်စက္ကန့်အရောက်တွင် ကြမ်းပြင်ပေါ် ကိုင်ပေါက်ပြီး ပွဲသိမ်းနိုင်ခဲ့သည်။ ငါးချီစိန်ခေါ်ပွဲတွင် အလုံးအထည်သာပြီး ပါဝါပိုကြီးသော စောလှကြည်ထူး(တောင်ကလေး)ကိုစူပါ(မျိုးဆက်သစ်)က အခိုအကပ်၊အဆုတ်အလှည့် တိုင်ပင်ကိုက် လက်သီးတွဲလုံးများဖြင့် ထိန်းထားနိုင်ခဲ့ပြီး သရေကျခဲ့သည်။ အောင်ကျော်ထွန်း (နဂါးမာန်)နှင့် ကျန်စစ်အောင်(မြို့တော်စည်ပင်)တို့ပွဲတွင်လည်း လူကောင်ရော၊ အရပ်ပါပိုစီးပြီး ညလက်သီးပါဝါပြင်းထန်သော အောင်ကျော်ထွန်းကို ကျန်စစ်အောင်က ကြိုးဝိုင်းသမ္မာနှင့်ထိန်းကာ သရေကျအောင် ကစားနိုင်ခဲ့သည်။ အဓိကစိန်ခေါ်ပွဲကြီးဖြစ်သော သားသား(T&T)နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း(မျိုးဆက်သစ်)တို့ပွဲတွင် သက်လုံနှင့် ကြံ့ခိုင်မှုသာသော သားသားကိုစိုးမိုးဟိန်းက ပညာသားပါပါဖြင့် သရေရအောင် ထိုးနိုင်ခဲ့သည်။ ဒုတိယနေ့တွင် သုံးချီစိန်ခေါ်ပွဲငါးပွဲစလုံး ထည့်သွင်းခဲ့ပြီး ငါးပွဲစလုံးအရှုံးအနိုင်ပေါ်ခဲ့သည်။ လေးချီပွဲတွင် မြေပွေးမိုက်(မြွေပွေး)ကို စိုင်းဝဏ္ဏ(ကျော်ရပ်ဝန်း)က ပထမအချီ ၃၆ စက္ကန့်မှာပင် ညာဖြောင့်လက်သီးဖြင့် ပွဲသိမ်းနိုင်ခဲ့သည်။ ဖိုးလပြည့်(အဲဗားဂရင်း)ကလည်း မိုးဇာရွှေကျား(ကျော်ရပ်ဝန်း)ကိုပထမအချီမှာပင် အရှိုက်ထဲ ဘယ်ဖြောင့်လက်သီးထိုးပြီး ပွဲသိမ်းနိုင်ခဲ့သည်။

ဒုတိယနေ့၏ အဓိကစိန်ခေါ်ပွဲကြီးဖြစ်သော တွေ့မရှောင် (နဂါးမာန်)နှင့်ကြယ်လင်းအောင်(တောင်ကလေး)တို့ပွဲတွင် မန္တလေးပရိသတ်များ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အားပေးခဲ့ကြသည်။ ပထမအချီတွင် တွေ့မရှောင်၏ တံတောင်ရိုက်ချက်ဖြင့် ကြယ်လင်းအောင် နဖူးကွဲသွားခဲ့သည်။ ဒဏ်ရာမှ သွေးများစီးကျနေသော်လည်း ကြယ်လင်းအောင်က တွေ့မရှောင်ကို ရှေ့တိုးပြီး ရင်ဆိုင်ခဲ့သည်။ တွေ့မရှောင်ကလည်း နောက်မဆုတ်ဘဲ ဆိုင်ထိုး၊ ပြိုင်ထိုးခဲ့ကြသည်။ ငါးချီအထိ အရှုံးအနိုင်မပေါ်၍ သရေကျခဲ့သည်။ ပွဲအပြီးတွင် ကြယ်လင်းအောင်၏ ဒဏ်ရာကို ဆရာဝန်က သုံးချက်ချုပ်ပေးခဲ့ရာတွင် ကြယ်လင်းအောင်မှာ တစ်ချက်ကလေးမတွန့်၍ မြင်ရသည့် ပရိသတ်များ ချီးမွမ်းခဲ့ကြရသည်။

# အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ငံအလိုက် အဆင့် ၄ ရရှိ




**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

နိုင်ငံပေါင်း ၂၉နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၂ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားအဖွဲ့သည် ရွှေတစ်ခု၊ ငွေနှစ်ခုရရှိကာ နိုင်ငံအလိုက် အဆင့်-၄ ၌ ရပ်တည်ခဲ့ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲ တစ်ဦးချင်း Compound ရှုံး/ထွက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အောင်ငိုမ်းက ရွှေတစ်ခုနှင့် အဆင့်သတ်မှတ်ချက်(Ranking) ပြိုင်ပွဲတွင် ငွေတစ်ခု၊ Mix Team ရှုံး/ထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲက ငွေတစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

"Ranking အဆင့်သတ်မှတ်ချက်ပြိုင်ပွဲမှာ မလေးရှားကစားသမားက အောင်ငိုမ်းထက် တစ်မှတ်အသာနဲ့ ရွှေရသွားတာပါ။ Compound ရှုံး/ထွက်ပြိုင်ပွဲမှာတော့ အောင်ငိုမ်းက မလေးရှားကစားသမားကိုပဲ အနိုင်ယူပြီး ရွှေရခဲ့တာပါ"ဟု မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းပြိုင်ပွဲတွင် အိန္ဒိယအသင်းက ရွှေလေးခု၊ ငွေငါးခု၊ ကြေးနှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် နိုင်ငံအလိုက် အဆင့်-၁ နေရာရရှိခဲ့ပြီး၊ ၎င်း၏နောက်တွင် ပြင်သစ်၊ ဂျပန်အသင်းများ အစဉ်လိုက် ရပ်တည်ခဲ့ကြောင်း သတင်းရရှိသည်။

# နွေရာသီအားကစားသင်တန်းများ မတ်လပထမပတ်အတွင်း ဖွင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

၂၀၁၂ခုနှစ်နွေရာသီအခြေခံ အားကစားသင်တန်းများကိုတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တစ်ပြည်လုံးအတိုင်းအတာဖြင့်မတ်လပထမပတ်အတွင်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မတ်လ ၅ ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ဖွင့်လှစ်သင်ကြားမည့် အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဝူရှူး၊ သိုင်း စသည့် အားကစားနည်းရှစ်မျိုးဖြစ်ပြီး တက်ရောက်သင်ကြားလိုပါက နေပြည်တော်(ရုံးအမှတ်-၃၁)၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ဖုန်း-၀၆၇-၄၀၆၀၂၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် မတ် ၁၂ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်မည့်သင်တန်းများမှာ ရေကူး၊ ဂျူဒို၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ စက်ဘီး၊ တိုက်ကွမ်ဒို၊ အလေးမ၊ သေနတ်ပစ်၊ ရွက်လှေ၊ ဟော်ကီ၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ ဂေါက်သီး၊ တင်းနစ်၊ ခရစ်ကက်၊ ခြင်းလုံး၊ ဘော့စ်ဘော၊ ဘိုးလင်း၊ ဘိလိယက်၊အားကစားနည်းများ ဖြစ်ကြောင်း သတင်းရရှိသည်။

သင်တန်းများ တက်ရောက်သင်ကြားလိုပါက သတ်မှတ်ထားသော သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များတွင် သင်တန်းတက်ရောက်ခွင့်လျှောက်လွှာများ ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ရန်ကုန်) ဖုန်း-၄၀၀၄၃၁ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အတွက် သင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၊ ခရိုင်နှင့်မြို့နယ်အားကစားအရာရှိများအား ဆက်သွယ်၍ အခြေခံအားကစားနည်းသင်တန်းများ တက်ရောက်သင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

# ထိုင်းလိဂ်အသင်းတစ်သင်းက ရက္ခပူရ ကစားသမားနှစ်ဦးကို ခေါ်ယူငှားရမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ထိုင်းနိုင်ငံ ဒုတိယတန်းလိဂ်ပြိုင်ပွဲတွင်ပါဝင်ကစားနေသော PHANGNGA FC အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရက္ခပူရယူနိုက်တက်အသင်း ကစားသမားနှစ်ဦးကို တစ်နှစ် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်းသတင်းရရှိသည်။

"PHANGNGA FC အသင်းက ကျွန်တော်တို့အသင်းကို ဆက်သွယ်ပြီး ရှေ့တန်းတစ်ဦးနဲ့ ညာတောင်ပံတစ်ဦးအလိုရှိကြောင်း ကမ်းလှမ်းခဲ့တာပါ။ ဒါကြောင့် အသင်းက လူငယ်ကစားသမားနှစ်ဦးဖြစ်တဲ့ သန်းစိုးအောင်နဲ့ သန်းထွန်းအောင်တို့ကို ရွေးချယ်စေလွှတ်ခဲ့ပါတယ်"ဟု ရက္ခပူရအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုင်း ဒုတိယလိဂ်ပြိုင်ပွဲဝင်အသင်းသည်ဖေဖော်ဝါရီနောက်ဆုံးပတ်မှစတင်ကာအဆိုပါကစားသမားနှစ်ဦးအား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တစ်ဦးလျှင် လစာအဖြစ် တစ်လလျှင် ကန်ဒေါ်လာတစ်ထောင်အပြင် နေ့စဉ် ပုံမှန်လေ့ကျင့်ရေးစရိတ်အဖြစ် ဘတ်ငွေ ၃၀၀ လည်း ရရှိမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

အသက် ၂၀ ဝန်းကျင်သာရှိသေးသည့် ကစားသမား သန်းစိုးအောင်နှင့်သန်းထွန်းအောင်တို့နှစ်ဦးသည် ရက္ခပူရအသင်း၏ ပထမ ဦးစားပေး ကစားသမားများမဟုတ်သေးသော်လည်း ၎င်းတို့၏ ခြေစွမ်းထက်မြက်မှုကြောင့် ရွေးချယ် စေလွှတ်ခြင်းဖြစ်ကြောင်း၊ အဆိုပါကစားသမားနှစ်ဦးနှင့် ရက္ခပူရအသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၁၄ ခုနှစ်အထိ ရှိထားကြောင်း ၎င်းက ဆိုသည်။

မြန်မာ့ဘောလုံးအားကစားဆုကြေးစားစနစ်သို့ ပြောင်းလဲပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းမှ နိုင်ဦးလွင်နှင့် လွင်ကိုနိုင်၊ နေပြည်တော်အသင်းမှ လာကျဲအိုလွယ်နှင့် ဇော်လင်း စသည့်ကစားသမားများသည်လည်း ထိုင်း ဒုတိယတန်းအသင်းများ၌သွားရောက်ကစားခဲ့ဖူးကြောင်းသိရသည်။

# အာရှဖလား ဖူဆယ်ပြိုင်ပွဲ ခြေစစ်ပွဲမှာပင် မြန်မာအသင်းထွက်ခဲ့ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄**

အာရှဖလား ဖူဆယ်ပြိုင်ပွဲ အာဆီယံဇုန် ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်မြန်မာဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့ဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၁ ရက်မှ စတင်ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် ထိုင်းအသင်းကို ၀-၁၃ ဂိုး၊ အင်ဒိုနီးရှားအသင်းကို ၂-၆ ဂိုး၊ ဖိလစ်ပိုင် အသင်းကို ၁-၂ ဂိုးတို့ဖြင့် (စုစုပေါင်းပေးဂိုး ၂၁ ဂိုး) သုံးပွဲစလုံးရှုံးနိမ့်ကာ အိမ်ပြန်လာခဲ့ရသည်။

အာဆီယံဇုန် ခြေစစ်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စု (က) ၌ ထိုင်းက ပထမ၊ အင်ဒိုနီးရှားက ဒုတိယ၊ အုပ်စု (ခ) တွင် ဗီယက်နမ်က ပထမ၊ ဩစတြေးလျက ဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲရောက် အသင်းနှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# လီဗာပူး-အာဆင်နယ်၊ စပါး-မန်ယူ ထိပ်တိုက်တွေ့မယ့် ပရီးမီးယားလိဂ်ပွဲစဉ် ၂၇

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၂၇) ကတော့ လီဗာပူး-အာဆင်နယ် ထိပ်တိုက်တွေ့ဆုံမှုအပြင် ဇယားထိပ်က အပြိုင်ဖြစ်နေတဲ့ စပါးနဲ့မန်ယူတို့တွေ့ဆုံမှုပါပါဝင်နေတာမို့ အကြိတ်အနယ်ပွဲကြီးတွေပါပဲ။ ဒါ့အပြင် သရေပွဲတွေများနေတဲ့ ချယ်လ်ဆီးနဲ့ ဘော်လ်တန်ကို အိမ်ကွင်းမှာ ပေါ့ပေါ့တန်တန်ကျော်ဖြတ်လို့မရတဲ့ မန်စီးတီးတို့ရဲ့ပွဲတွေကလည်း ပွဲကောင်းတွေဖြစ်လာဖို့ရှိနေတာပါ။

**မတ် ၃၊ စနေ။**

**ည ၇း၁၅ နာရီ**

**လီဗာပူး-အာဆင်နယ်**

**ပထမအကျော့ရလဒ် ၂-၀**

ပထမအကျော့တုန်းက အာဆင်နယ်တို့ အိမ်ကွင်းမှာတောင် နှစ်ဂိုးပြတ်ရှုံးခဲ့တာ အမှတ်ရစရာပါ။ အာဆင်နယ်ဟာ ပွဲစဉ် (၂၅) ပြီးတဲ့အထိ ထိပ်ဆုံးငါးသင်းမှာ အဝေးကွင်းရလဒ် အညံ့ဆုံးအသင်းလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အိမ်ကွင်း ရှုံးပွဲလုံးဝမရှိသေးတဲ့ လီဗာပူးဘက်ကရပ်တည်ရမှာပါ။ အာဆင်နယ်နိုင်ခြေနည်းပြီး အမြင့်ဆုံး သရေပဲမှန်းနိုင်မယ်။ လီဗာပူးဂိုးအနည်းနဲ့ နိုင်ဖို့များနေပါတယ်။





**ည ၉း၃၀ နာရီ**

**ဘလက်ဘန်း - ဗီလာ**

**ပထမအကျော့ရလဒ် ၁-၃**

ဗီလာတို့ ဘလက်ဘန်းနဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ တစ်ကြိမ်ပဲ ရှုံးထားပါသေးတယ်။ ဒါပေမဲ့ ဘလက်ဘန်းကလည်း ခြေမမှန်တဲ့အသင်းမို့ ဝါရင့်ကစားသမားတွေ ပါဝင်တဲ့ ညှော်သည်ဗီလာကို ရွေးရမှာပါ။ ဗီလာတစ်ဂိုးအသာလောက်နဲ့ နိုင်မယ့်ပွဲပါ။

**ည ၉း၃၀ နာရီ**

**မန်စီးတီး - ဘောလ်တန်**

**ပထမအကျော့ရလဒ် ၃-၂**

အိမ်ရှင်အတွက် အခက်အခဲမရှိတဲ့ပွဲဖြစ်ပါတယ်။ ဘောလ်တန်တို့ဇယားအောက်ဆုံးကနေ ရုန်းထွက်နိုင်စွမ်းမရှိသေးဘဲ ဒီပွဲလည်း အမြင့်ဆုံးသရေပဲ မှန်းနိုင်မှာပါ။ မန်စီးတီးအိမ်ကွင်း ဂိုးများနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**

**ကျူပီအာ - အဲဗာတန်**

**ပထမအကျော့ရလဒ် ၁-၀**

ကျူပီအာတို့ ဒီနောက်ပိုင်း ခြေကျနေစဉ်မှာ အဲဗာတန်က ဆက်တိုက်သရေနဲ့နိုင်ပွဲတွေဆက်ပြီးအခြေအနေကောင်းနေပါတယ်။ ပကျော့ရလဒ်အတိုင်း မဟုတ်တော့ဘဲ အဲဗာတန်နိုင်ခြေပိုများနေတဲ့ပွဲပါ။ အဲဗာတန်ဂိုးအနည်း နဲ့ကပ်နိုင်ခြေရှိတယ်။

**ည ၉း၃၀ နာရီ**

**စတုတ်စီးတီး - နော့ဝစ်ချ်**

**ပထမအကျော့ရလဒ် ၁-၁**

စတုတ်တို့ အိမ်ကွင်းရလဒ်မဆိုးပေမယ့် ဒီနောက်ပိုင်းပွဲတွေ ဆက်တိုက်ရှုံးနေတာ သတိထားစရာပါ။ နော့ဝစ်ချ်တို့ အဝေးကွင်း ခြေစွမ်းအကောင်းကြီး မဟုတ်ပေမယ့် စတုတ်ကို အနိုင်ယူသွားနိုင်တယ်။ ညှော်သည်နော့ဝစ်ချ်ဘက်က နှစ်ဂိုးလောက်နဲ့ နေသင့်ပါတယ်။

**ည ၉း၃၀ နာရီ**

**ဝက်စ်ဘရွန်း - ချယ်လ်ဆီး**

**ပထမအကျော့ရလဒ် ၁-၂**

ချယ်လ်ဆီးဟာ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဝက်စ်ဘရွန်းကို တစ်ခါမှ မရှုံးဖူးသေးပါဘူး။ ဒါပေမဲ့ ဒီနောက်ပိုင်း သရေပွဲတွေများလာနေတဲ့ ညှော်သည် ချယ်လ်ဆီးတို့ လျှော့ကစားရင် ခံရနိုင်တာမို့ အဝေးကွင်းမှာတိုက်စစ်ဖိကစားသွားမှာပါ။ ချယ်လ်ဆီးဂိုးအနည်းနဲ့ အနိုင်ပဲရွေးရပါမယ်။

**ည ၉း၃၀ နာရီ**

**ဝီဂန် - ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ၀-၀**

ဇယားအောက်ဆုံးက ဝီဂန်တို့ အမြင့်ဆုံး အိမ်ကွင်းသရေပဲ မှန်းနိုင်မှာပါ။ ဆွမ်းဆီးကပဲ ပွဲကို ဦးဆောင်ပြီးတစ်ဂိုးအသာလောက်နဲ့ ကျော်ဖြတ်သွားနိုင်ပါတယ်။

**မတ် ၄၊ တနင်္ဂနွေ။**

**ညနေ ၆း၃၀ နာရီ**

**နယူးကာဆယ် - ဆန်းဒါးလန်း**

**ပထမအကျော့ရလဒ် ၁-၀**

နယူးကာဆယ်တို့လက်ရှိအချိန်ထိ အိမ်ကွင်းခြေစွမ်းအကောင်းဆုံးဖြစ်ဆဲပါ။ ဆန်းဒါးလန်း အဝေးကွင်းနိုင်ခြေနည်းနေပြီး သရေရရင်ပဲ ကျေနပ်ရမှာဖြစ်တယ်။ နယူးကာဆယ် နှစ်ဂိုးလောက်ရနိုင်ပြီး ရှုံးဖို့မရှိပါဘူး။

**ည ၈း၃၅ နာရီ**

**ဖူလ်ဟမ် - ဝုလ်**

**ပထမအကျော့ရလဒ် ၀-၂**


အိမ်ကွင်းမာကျောတဲ့ လန်ဒန်အသင်း ဖူလ်ဟမ်တို့ အခြေအနေကောင်းနိုင်ပါတယ်။ ဝုလ်တို့ ပထမအကျော့ကလို နိုင်ဖို့ခက်ပါမယ်။ သရေ ဒါမှမဟုတ် ဖူလ်ဟမ်ကပ်နိုင်မယ့် ပွဲပါပဲ။

**ည ၁၀း၄၀ နာရီ**

**စပါး - မန်ယူ**

**ပထမအကျော့ရလဒ် ၀-၃**

စပါးဟာ အခုထိ အိမ်ကွင်း ရှုံးပွဲတစ်ပွဲသာ ရှိသေးပြီး လိဂ်ရဲ့ အကောင်းဆုံးတစ်သင်းဖြစ်ပါတယ်။ မန်ယူတို့ ပထမအကျော့ကနိုင်ခဲ့ပေမယ့် စပါးရဲ့ လန်ဒန်အိမ်ကွင်းမှာ ခက်ခက်ခဲခဲကစားရဖို့ရှိပါတယ်။ အဝေးကွင်းဗျူဟာကောင်းတဲ့ မန်ယူတို့ အသာစီးရနိုင်ပေမဲ့ ကျိန်းသေနိုင်ဖို့ မလွယ်ဘူး။ သရေဒါမှမဟုတ် မန်ယူကပ်နိုင်ဖို့ပဲ ရှိတဲ့ပွဲပါ။

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

# အာဖဂန်တွင် နေတိုးတပ်ဖွဲ့ဝင်များကို ဆန္ဒပြ


Photo - AFP

**ကဘူးလ်၊ ဖေဖော်ဝါရီ - ၂၂**
နေတိုးတပ်ဖွဲ့ဝင်အချို့က ကိုရမ်ကျမ်းစာများအား မီးရှို့ခဲ့မှုကို ကန့်ကွက်သောအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ဆန္ဒပြသူများသည် ဖေဖော်ဝါရီ ၂၂ ရက်၌ ဒုတိယမြောက်နေ့အဖြစ်ကဘူးလ်မြို့လမ်းများပေါ်၌ ဆန္ဒပြခဲ့ကြသည်။ ဖေဖော် ဝါရီ ၂၂ ရက်တွင် မြို့တော်ရှိ ဂျာလာလာဘတ်လမ်းမတစ်လျှောက် ဟော့ဒ်ခေးလ်ရပ်ကွက်၌ ကားတာယာများ မီးရှို့ဆန္ဒပြခဲ့ကြကြောင်း၊ ထိုရပ်ကွက်မှာ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များ၏ စစ်အခြေစိုက်စခန်းများအနီးတွင် တည်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ဆန္ဒပြသူ ငါးရာကျော်ခန့်သည် "အမေရိကန်တွေ သေဆုံးပါစေ၊ အိုဘားမားသေဆုံးပါစေ" ဟုကြွေးကြော်ခဲ့ကြပြီး ရဲများက ဆန္ဒပြမှုများကို ထိန်းချုပ်နေကြောင်း သိရသည်။

ဆန္ဒပြမှုများမှာ ယမန်နေ့က စ၍ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မြို့တော်မြောက်ပိုင်း အမေရိကန် စစ်အခြေစိုက်စခန်းဖြစ်သော ဘက်ဂရမ်အနီးရှိ လမ်းများတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နေတိုးတပ်ဖွဲ့ဝင်အချို့သည် ကိုရမ်ကျမ်းစာ ကော်ပီပေါင်းများစွာကို မီးရှို့ခဲ့ကြသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ဆန္ဒပြမှုများ စတင်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျွန်အလန်က အာဖဂန်ပြည်သူများအား တောင်းပန်ထားပြီး တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သော အရာများတွင် ကိုရမ်ကဲ့သို့ အစ္စလာမ်ဘာသာရေးဆိုင်ရာ ပစ္စည်းများ ပါဝင်မှုရှိ၊ မရှိစုံစမ်းစစ်ဆေးရန် ညွှန်ကြားထားကြောင်း ဆိုသည်။ *—Ref: AP*

# လစာမှ အခွန်ဖြတ်တောက်မှု လျှော့ပေးခြင်းအစီအစဉ် သက်တမ်းတိုးခြင်းကို အိုဘားမား ချီးကျူး

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၂**
လစာငွေမှ အခွန်ဖြတ်တောက်မှုလျှော့ပေးထားခြင်း အစီအစဉ်အား သက်တမ်းတိုးရန် လွှတ်တော်သို့စာရေးသားတောင်းဆိုခဲ့ကြသော သာမန်အမေရိကန်နိုင်ငံသားများအား အမေရိကန်သမ္မတဘားရက်အိုဘားမားက ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။



"ဒါဟာပြည်သူတွေကြောင့် ဖြစ်သွားတာပါ။ ပြည်သူတွေက ဖုန်းဆက်လို့ ပြည်သူတွေက အီးမေးလ်တွေကြောင့်မို့ပါ။ ပြည်သူတွေက သူတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို လူမှုရေးဝက်ဘ်ဆိုက်ကနေ စကားပြောပြီး ဒါကို အရေးယူဆောင်ရွက်ဖို့တောင်းဆိုကြတယ်။ ဝါရှင်တန်မှာ မြင့်မြတ်တဲ့စိတ်ထားဖြစ်ပေါ်တာကို သူတို့ကမြင်ချင်ကြတယ်။ သာမန်ပြည်သူတွေလုပ်ခဲ့လို့ ဒီနှစ်အတွင်းအလုပ်လုပ်နေတဲ့ ဘယ်အမေရိကန်နိုင်ငံသားမှ သူတို့ရဲ့ အခွန်တိုးမြင့်လာတာမြင်တွေ့ရမှာ မဟုတ်ပါဘူး" ဟုဒုတိယသမ္မတ ဂျိုးဘစ်ဒန်နှင့် အတူရှိနေသော သမ္မတအိုဘားမားက အိမ်ဖြူတော်မှ ပြောကြားခဲ့သည်။

လူလတ်တန်းစားများအတွက် အခွန်လျှော့ချပေးခြင်းကို အတည်ပြုရန် ၎င်းအနေဖြင့် စက်တင်ဘာလကပင် လွှတ်တော်အား တိုက်တွန်းပြောကြားခဲ့သည်ဟု အိုဘားမားက ပြန်လည်သတိပေးပြောကြားသည်။ ယင်းအခွန်လျှော့ပေါ့မှုကြောင့် သာမန်အမေရိကန်မိသားစုတစ်ခုအတွက် ဒေါ်လာ ၄၀ အပိုဝင်ငွေရရှိသည့် သဘောဖြစ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူများ၏ အသံကိုနားထောင်၍ လုပ်သင့်သည်ကို လုပ်ဆောင်ရန် အိုဘားမားက လွှတ်တော်အားပြောကြားခဲ့သည်။ နောက်ဆုံးတွင် လွှတ်တော်အမတ်တိုင်းက လူလတ်တန်းစားများ၏ အကျိုးစီးပွားအတွက် ရှေးရှုလုပ်ဆောင်ခဲ့ကြကြောင်းအိုဘားမားက ပြောကြားပြီးယင်းမှာ အမေရိကန်နိုင်ငံသားတိုင်းမျှော်လင့်သော အမေရိကန်နိုင်ငံသားတိုင်း ထိုက်တန်သောလုပ်ရပ်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

*—Ref: UPI*

# ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ်အား ဖမ်းဆီးရန် အင်တာပိုကို တောင်းဆိုသွားနိုင်

**ကရာချိ၊ ဖေဖော်ဝါရီ - ၂၂**
ဘနေဇာဘူတိုအား လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှုဖြင့် နိုင်ငံ၏ သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်အားဖမ်းဆီးနိုင်ရေး အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ အင်တာပိုအား တောင်းဆိုသွားရန် ပါကစ္စတန်နိုင်ငံက စီစဉ်နေကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်က ပြောကြားသည်။

ဆင်းပြည်နယ်လွှတ်တော်တွင် နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဘနေဇာဘူတိုသတ်ဖြတ်ခံရမှုအပေါ် စုံစမ်းစစ်ဆေးရေး အခြေအနေများကို အစီရင်ခံရာ၌ မစ္စဘူတိုသေဆုံးခဲ့သော တိုက်ခိုက်မှုအတွက် ပါကစ္စတန်တာလီဘန်တို့၏ လက်ချက်ဟု မစ္စတာမာလစ်က ပြစ်တင်ပြောကြားခဲ့သည်။

"မစ္စဘူတိုဟာ ဒီမိုကရေစီနဲ့ ဒီမိုကရေစီတန်ဖိုးတွေရဲ့ အခိုင်အမာဘက်တော်သားဖြစ်နေတာကြောင့် မစ္စတာပါဗက်မူရှာရက်ဖ်ရောစစ်သွေးကြွတွေပါသူမဟာ သူတို့အတွက်ခြိမ်းခြောက်မှုတစ်ရပ်လို့သဘောထားကြပါတယ်"ဟုမစ္စတာမာလစ်ကပြောကြားကြောင်း သိရသည်။

မစ္စဘူတိုသည် ၂၀၀၇ ဒီဇင်ဘာ ၂၇ ရက်တွင် ရာဝါပင်ဒီမြို့အနီး ရွေးကောက်ပွဲ မဲဆွယ်မှုတစ်ရပ်အတွင်း ပေါက်ကွဲမှုနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကြား သေဆုံးခဲ့ရသည်။ ထိုအချိန်က နိုင်ငံ၏ သမ္မတဖြစ်သူ မူရှာရက်ဖ်က မစ္စဘူတိုအတွက် လုံလောက်သော လုံခြုံရေးမပေးခဲ့ဟု စွပ်စွဲခံခဲ့ရသည်။

ပါကစ္စတန်အစိုးရက မစ္စတာမူရှာရက်ဖ်အပေါ် အနီရောင်သတိပေးချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး နိုင်ငံတကာ ရဲတပ်ဖွဲ့မှတစ်ဆင့် ၎င်းအား ပါကစ္စတန်သို့ ရောက်ရှိလာအောင် လုပ်ဆောင်နေသည်ဟု မစ္စတာမာလစ်အား ကိုးကား၍ စီအန်အန်သတင်းတွင်ဖော်ပြထားသည်။ *—Ref: UPI*

# နျူကလီးယားအရေးသည် ညှိနှိုင်းစရာ မဟုတ်သောအခွင့်အရေးဟု အီရန်ပြောကြား

**တီဟီရန်၊ ဖေဖော်ဝါရီ - ၂၂**
နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)မှ အရာရှိများ အီရန်နိုင်ငံသို့နှစ်ရက်တာလည်ပတ်ခြင်းခရီးစဉ်ပြီးဆုံးချိန်မှာပင် အီရန်နှင့် အိုင်အေအီးအေအဖွဲ့တို့ထပ်မံ၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်၏ အိုင်အေအီးအေဆိုင်ရာ ကိုယ်စားလှယ်ကပြောသည်။

နောက်ဆုံးဆွေးနွေး မှုများတွင် အိုင်အေအီးအေနှင့် အီရန်နိုင်ငံကြား နှစ်ဖက် နားလည်မှု တည်ဆောက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့သည်ဟု အလီအက်စ်ဂါဆိုတာနီယာအား ကိုးကား၍ ISNA သတင်းဌာနကဖော်ပြသည်။

ထိုအတောအတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရာမင်မေမန်ပါရက်စ်က အီရန်၏ နျူကလီးယားလှုပ်ရှားမှုကိစ္စများမှာ ဆွေးနွေးညှိနှိုင်းစရာမလိုအပ်သော အခွင့်အရေးဟု ပြောကြားသည်။ သို့သော် ယင်းကိစ္စကို ကမ္ဘာ့နိုင်ငံကြီးများနှင့်ဆွေးနွေးရန် လိုအပ်မည်ဟု အီရန်ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

"ကျွန်တော်တို့ရဲ့ အဓိကတောင်းဆိုချက်ကတော့ ငြိမ်းချမ်းရေးရည်ရွယ်ချက်တွေအတွက် (နျူကလီးယား)နည်းပညာပိုင်ဆိုင်ရေး၊ ကျွန်တော်တို့ရဲ့ အခွင့်အရေးကိုအသိအမှတ်ပြုရေးဖြစ်ပါတယ်" ဟု အီရန်ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားပြီး "ဒီကိစ္စ အောင်မြင်သွားပြီဆိုရင် ကျွန်တော်တို့ရဲ့ နျူကလီးယားလုပ်ကိုင်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်းစရာအကြောင်းမရှိတော့ဘူးလို့ထင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# ဂျပန်ဆူနာမီအမှိုက်များ ယခုအချိန်ထိ ငါးရာခိုင်နှုန်းသာ ရှင်းလင်းနိုင်သေး





Photo - AFP

**တိုကျို၊ ဖေဖော်ဝါရီ - ၂၂**
ဖူကူရှီးမားနျူကလီးယားမတော်တဆမှုဖြစ်ပေါ်ခဲ့ပြီး ဓာတ်ရောင်ခြည်သင့်မှုနှင့် စွန်းထင်းမှုများရှိမည်ကို စိုးရိမ်မှုများရှိနေခဲ့၍ ပြီးခဲ့သည့်နှစ် မတ်လက ဖြစ်ပေါ်ခဲ့သည့် ငလျင်နှင့် ဆူနာမီအပျက်အစီး အမှိုက်သရိုက် ငါးရာခိုင်နှုန်းခန့်ကိုသာ ရှင်းလင်းရသေးကြောင်း ဂျပန်အစိုးရကပြောကြားသည်။

နှစ်ထပ်ကွမ်း ဘေးဒုက္ခကြောင့် နိုင်ငံအရှေ့မြောက်ပိုင်းကမ်းရိုးတန်းဒေသ မြို့ရွာများအကြီးအကျယ်ပျက်စီးခဲ့ပြီး ငလျင်နှင့်ဆူနာမီဒဏ် အဆိုးရွားဆုံးကြုံတွေ့ခဲ့ရသည့် အီဝါတီ၊ မီယာဂီနှင့်ဖူကူရှီးမားစီရင်စုများမှာပင် အပျက်အစီးအမှိုက်သရိုက် တန်ပေါင်း ၂၃ သန်း ဝန်းကျင်ရှိနေခဲ့သည်။

ယင်းအပျက်အစီးအမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားရေးမှာ ၎င်းဒေသများပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော အရေးကိစ္စဖြစ်သည်။

သို့သော် အမျိုးသားရေးစည်းလုံးညီညွတ်မှုရှိကြရန် တိုက်တွန်းနှိုးဆော်မှုများကြားမှပင် နိုင်ငံတစ်ဝန်းမှ ဒေသခံ အာဏာပိုင်များသည် ယင်းအမှိုက်သရိုက်များတွင် ဓာတ်ရောင်ခြည်စွန်းထင်းမှုများရှိနေမည်ကို စိုးရိမ်နေကြပြီး ၎င်းတို့ဒေသများအနီးတွင် စွန့်ပစ်ခြင်းကိုလက်ခံရန် ငြင်းဆန်နေကြသည်။

လောလောဆယ်တွင် တိုကျိုမြို့ယာမာဂါတာစီရင်စုကသာ အမှိုက်သရိုက်အချို့ စွန့်ပစ်ခြင်းကိုလက်ခံပြီး အခြားဒေသမှ အာဏာပိုင်များကမူ ဒေသခံများ၏ ဆန့်ကျင်နေမှုကြောင့် ပါဝင်အကူအညီ မပေးနိုင်ကြပေ။

ယင်းအမှိုက်သရိုက်များကို ၂၀၁၄ မတ်လတွင် အပြီးသတ်ရှင်းလင်းနိုင်ရန် အစိုးရကမျှော်မှန်းထားသော်လည်း ယင်းမှာ အလွန်ခက်ခဲနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂိုရှိဟိုဆိုနိုက ပြောကြားသည်။

*—Ref: AFP*

## ဆိုမာလီယာနိုင်ငံနှင့် ပတ်သက်၍ လန်ဒန်တွင် ဆွေးနွေးပွဲကျင်းပ




Photo - Getty Images

**လန်ဒန်၊ ဖေဖော်ဝါရီ - ၂၃**
ဆိုမာလီယာနိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်၍ လန်ဒန်မြို့၌ပြုလုပ်မည့် ဆွေးနွေးပွဲတစ်ရပ်တွင် အကြမ်းဖက် ခြိမ်းခြောက်မှုနှင့် ပင်လယ်ဓားပြများ အရေးကိစ္စကိုပါ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၄၀ ကျော်မှ ကိုယ်စားလှယ်များတက်ရောက်မည်ဟု မျှော်လင့်ထားပြီး ပြည်တွင်းစစ်၊ ငတ်မွတ်ခေါင်းပါးမှုနှင့် နှစ်ပေါင်းများစွာကြုံတွေ့နေရသောနိုင်ငံအားစုပေါင်းကိုင်တွယ်ရေး ဆွေးနွေးကြမည်ဖြစ်သည်။

ဆွေးနွေးပွဲမတိုင်မီ ပြောကြားရာ၌ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလီယံဟေ့ဂ်က ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆိုမာလီယာနိုင်ငံအား ထောက်ပံ့ကူညီရန် လက်တွေ့ကျသော အတိုင်းအတာများကို သဘောတူညီရန်နှင့် မိမိခြေထောက်ပေါ်တွင် ပြန်လည်ရပ်တည်နိုင်ရန် ကူညီရေးအတွက်ဟုနိုင်ငံခြားရေးရုံးဝက်ဘ်ဆိုက်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်လည်း လန်ဒန်ကွန်ဖရင့်သို့ တက်ရောက်မည်ဟု မျှော်လင့်ရပြီး ရုရှား၊ ပြင်သစ်အပါအဝင် အီသီယိုပီးယား၊ ကင်ညာ၊ ယူဂန်ဒါ၊ ယူအေအီး၊ တူရကီနှင့် ကာတာနိုင်ငံများမှ ခေါင်းဆောင်များလည်း တက်ရောက်မည်ဖြစ်သည်။

ဆိုမာလီယာ လက်ရှိ ခေါင်းဆောင် ရှာရစ်ရှိတ်အာမတ်နှင့် အခြားကြားဖြတ် အစိုးရခေါင်းဆောင်များလည်း ဆွေးနွေးပွဲသို့ လာရောက်ကြမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲသို့ အာရပ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘဏ်တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးမည်ဟု မျှော်လင့်ထားသည်။

*—Ref: BBC*

## ရှေ့ဆက်သွားမည့်အရေး အီရန်နှင့် သဘောတူညီမှု မရရှိခဲ့ကြောင်း အိုင်အေအီးအေပြောကြား

**ဗီယာနာ၊ ဖေဖော်ဝါရီ - ၂၂**
အီရန်နိုင်ငံသို့သွားရောက်ခဲ့သော ၎င်း၏အဖွဲ့က ရှေ့တွင်ဆက်လက်လုပ်ဆောင်မည့် လမ်းကြောင်းပေါ်ရေး အပြင်းအထန်ကြိုးပမ်းခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ကြောင်း ကုလသမဂ္ဂ အဏုမြူအေဂျင်စီ အိုင်အေအီးအေက ပြောကြားလိုက်ပြီး အိုင်အေအီးအေအဖွဲ့မှာ အရေးပါသော စစ်ဘက်နေရာ ဒေသတစ်ခုသို့သွားရောက်ခွင့် မရရှိခဲ့ကြောင်း ပြောကြားသည်။

အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ မပြေလည်သေးသော ကိစ္စရပ်များအား ရှင်းလင်းဖြေကြားရေးစာရွက်စာတမ်းတစ်ခုအပေါ် သဘောတူညီမှုအတွက် အပြင်းအထန်ကြိုးပမ်းခဲ့သော်လည်း သဘောတူညီမှုမရရှိခဲ့ကြောင်း အိုင်အေအီးအေက အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

အိုင်အေအီးအေအဖွဲ့သည် ယခုနောက်ဆုံးအီရန်ခရီးစဉ်နှင့် ယခင်ဇန်နဝါရီလ ခရီးစဉ်အတွင်းမှာပါ နျူကလီးယား လုပ်ငန်းများနှင့်ပတ်သက်၍ လှုပ်ရှားမှုများရှိသည်ဟု မသင်္ကာသော ပါချင်စစ်စခန်းသို့ သွားရောက်ခွင့်တောင်းဆိုခဲ့သော်လည်း အီရန်အစိုးရကယင်းနေရာသို့သွားရောက်ခွင့်မပေးကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

"ပထမတွေ့ဆုံမှုရော ဒုတိယတွေ့ဆုံမှုများမှာပါပါချင်ဒေသသို့ လည်ပတ်ရေးကျွန်တော်တို့ရဲ့ တောင်းဆိုမှုတွေကို အီရန်နိုင်ငံကလက်မခံခဲ့တာဟာ စိတ်ပျက်စရာ ကောင်းပါတယ်" ဟုနိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီညွှန်ကြားရေးမှူးချုပ် ယူကီယာ အာမာနိုက ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

အိုင်အေအီးအေစစ်ဆေးရေးအဖွဲ့အကြီးအကဲ ဟာမန်းနက်ကတ်ဦးဆောင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းတွင် အီရန်ခရီးစဉ်မှ ဗီယာနာသို့ ပြန်လည်ရောက်ရှိလာမည် ဖြစ်သည်။

*—Ref: AFP*

## မူဘာရက်အမှုအား ဇွန်လ ၂ ရက်တွင် စီရင်ချက် ချမှတ်မည်

**ကိုင်ရို၊ ဖေဖော်ဝါရီ - ၂၃**
ရာထူးမှ ဖြုတ်ချခံခဲ့ရသော အီဂျစ်အာဏာရှင် ဟော့စနီမူဘာရက်အပေါ် လူသတ်မှု၊ ခြစားမှုများဖြင့်စွဲဆိုထားသော အမှုအတွက် ဇွန်လ ၂ ရက်တွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း တရားသူကြီး အာမက်ရာဖိတ်က ပြောကြားသည်။

လူထုအုံကြွမှုများအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများ သေဆုံးခြင်းတွင် ပူးပေါင်းကြံစည်ကြောင်း တွေ့ရှိခဲ့ရပါက မူဘာရက်နှင့် ၎င်း၏ လုံခြုံရေးအကြီးအကဲဟောင်း ဟာဘစ်အယ်လ်အက်ဒလီနှင့် အခြားလုံခြုံရေးအရာရှိကြီး ၆ ဦးသည် ကြိုးမိန့်ပေးခံရနိုင်ကြောင်း သိရသည်။ မူဘာရက်၏ သားနှစ်ဦးဖြစ်သော အာလာနှင့် ဂါမယ်လ်တို့မှာလည်း ယခုအမှု စစ်ဆေးမှုတွင် ခြစားမှုများဖြင့် တရားစွဲခံထားရသည်။

ဖေဖော်ဝါရီလ ၂၂ ရက် တရားရုံးကြားနာမှု နောက်ဆုံးနေ့တွင် မူဘာရက်၏ ပြည်ထဲရေးဝန်ကြီးဟောင်းက ၂၀၁၁ တော်လှန်ရေးအတွင်း ဆန္ဒပြသူများ သေဆုံးခဲ့ခြင်းအတွက် နိုင်ငံခြားသားများကို ပြစ်တင်ပြောကြားခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဟောင်း အက်ဒလီက အီဂျစ်နိုင်ငံအပေါ် နိုင်ငံခြားမှ ပူးပေါင်းကြံစည်မှုများအကြောင်း ပြောကြားပြီး လက်ဘနွန်ရှီးဟိုက်အုပ်စု၊ ဟစ်ဘိုလာနှင့် ပါလက်စတိုင်း အစ္စလာမ်မစ်အဖွဲ့ ဟားမားအုပ်စုတို့အား ၎င်းက ပြစ်တင်ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံတစ်ဝန်းလူထုအုံကြွမှုအတွင်း လူပေါင်း ၈၅၀ ဦး သေဆုံးပြီး ထောင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။ အမှုစစ်ဆေးမှုတွင် မူဘာရက်နှင့် သားနှစ်ဦးက ခုခံပြောဆိုခြင်းမရှိဘဲ ၎င်းတို့၏ ရှေ့နေဖာရစ်အယ်လ်ဒိဘ်ကသာ ၎င်းတို့ကိုယ်စား ချေပပြောဆိုခဲ့သည်။

မူဘာရက်တို့၏ အမှုမှာ ဥပဒေကြောင်းအရ အားနည်းသည်ဟုရှေ့နေများက ပြောကြားကြပြီး အစိုးရဘက်မှ တရားရေးအဖွဲ့သည်ခိုင်မာသောအထောက်အထားများပြသခြင်းထက် ရှည်လျားသော စာတမ်းများသာ ဖတ်ကြားနေသည်ဟု ပြောဆိုသည်။ အမှုစစ်ဆေးခြင်းမှာလည်းပြည့်စုံမှုမရှိဟု ရှေ့နေများက ပြောကြားသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# အာဂျင်တီးနား ရထားတိုက်မှု အနည်းဆုံးလူ ၄၉ ဦးသေဆုံး ၆၀၀ ကျော်ဒဏ်ရာရ

**ဘူရွန်အေးရစ်၊ ဖေဖော်ဝါရီ - ၂၃**

အာဂျင်တီးနားနိုင်ငံမြို့တော် ဘူရွန်အေးရစ်မြို့တော် ခရီးလမ်းဆုံးဘူတာတစ်ခုတွင် လူများပြည့်ကြပ်နေသော မြို့ပတ်ရထားတစ်စီးသည် ရထားလမ်းဆုံးအကာနံရံအားဝင်တိုက်ခဲ့မိ၍ အနည်းဆုံးလူ ၄၉ ဦးသေဆုံးပြီး ၆၇၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရထားတွဲအပျက်အစီးများကြား၌ လူပေါင်းများစွာ ပိတ်မိနေသေးကြောင်း သိရသည်။

"ရထားက လူတွေပြည့်နေပြီး ဝင်တိုက်တဲ့အရှိန်က ပြင်းထန်ပါတယ်"ဟု အီဇီကွီရယ်ဟု အမည်ရှိသည့် ရထားစီးခရီးသည်တစ်ဦးက ဒေသခံရုပ်သံဌာနအား ပြောကြားပြီး အခင်းဖြစ်ရာသို့ ရောက်ရှိလာသော ဆေးအဖွဲ့များမှာလည်း အခြေအနေကို မနိုင်မနင်းဖြစ်နေကြောင်း ပြောသည်။

ဘူရွန်အေးရစ်မြို့အနောက်ဘက်ဆင်ခြေဖုံးဒေသရှိ Once ဘူတာရုံသို့ ရထားဝင်ရောက်လာချိန်တွင် ရထားဘရိတ်စနစ်များ အလုပ်မလုပ်တော့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ ခရီးသည်များမှာ တစ်ဦးအပေါ် တစ်ဦး ထပ်၍ပိမိနေကြပြီး ရထားကြမ်းပြင်ကို ထုရိုက်နေကြကြောင်း အချို့မှာသတိလစ်နေပြီး အချို့မှာ ဒဏ်ရာအပြင်းအထန်ရရှိထားကြောင်း မျက်မြင်သက်သေများကပြောသည်။

ကလေးတစ်ဦးအပါအဝင် သေဆုံးသူ ၄၉ ဦးရှိကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် နက်ဆာရို ဒရီကွက်စ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ အနည်းဆုံး ၆၇၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း အရပ်ဘက် ကာကွယ်ရေးအရာရှိများက ပြောကြားပြီး ၂၀၀ ခန့်မှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

—*Ref: AFP*



Photo - AFP

# နျူလုံခြုံရေး ဆိုးလ်ထိပ်သီးဆွေးနွေးပွဲ ဒေသတွင်းလုံခြုံရေး ကူညီနိုင်မည်

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၂**

တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်ကမကြာမီကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယား လုံခြုံရေးထိပ်သီးအစည်းအဝေးပွဲသည်အာရှအရှေ့မြောက်ဒေသတွင်းလုံခြုံရေးကို ကူညီနိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ သမ္မတလီက "ဆိုးလ်နျူကလီးယားလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲဟာ တောင်ကိုရီးယားမှာသာမကဘဲ အာရှအရှေ့မြောက် လုံခြုံရေးအတွက်ပါ တကယ်ကြီးကျယ်စွာဆောင်ရွက်နိုင်ပါလိမ့်မယ်" ဟု ပြောသည်။

ယင်း နျူလုံခြုံရေးထိပ်သီးဆွေးနွေးပွဲကို ဆိုးလ်မြို့တော်၌ မတ်လ ၂၆၊ ၂၇ ရက်တို့တွင် ပြုလုပ်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် တက်ရောက်သူများသည် နျူလက်နက်များကို ရယူသွားမည့် အကြမ်းဖက်ဝါဒီများရန်မှ ကာကွယ်ရေးအတွက် နိုင်ငံတကာစံနှုန်းများ သတ်မှတ်ရန် ရှာဖွေသွားမည်ဟု သိရသည်။ ဆွေးနွေးပွဲတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံ့ခေါင်းဆောင် ၅၈ ဦး တက်ရောက်ကြမည်ဖြစ်သည်။ ပထမဆုံးအကြိမ် နျူလုံခြုံရေးထိပ်သီးဆွေးနွေးပွဲကို ဝါရှင်တန်တွင် ၂၀၁၀ ပြည့်နှစ်က ကျင်းပခဲ့သည်။

—*Ref: Xinhua*



7 DAY NEWS JOURNAL
# International
Vol.10, No.50 • MARCH 1 , 2012

## မော်စကိုမြို့တွင် ပူတင်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပွား

**မော်စကို၊ ဖေဖော်ဝါရီ - ၂၇**

ဝန်ကြီးချုပ်ပူတင်တတိယအကြိမ်သမ္မတရာထူး ပြန်လည်ရရှိရန် သေချာသလောက်ရှိသော ရွေးကောက်ပွဲများကျင်းပရန် တစ်ပတ်အလို၌ ရုရှားနိုင်ငံတွင် လူထုချီတက်ပွဲများ အပြိုင်အဆိုင် ဆက်လက်ဖြစ်ပေါ်နေကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်က မစ္စတာပူတင်ကို ဆန့်ကျင်သူထောင်ပေါင်းများစွာသည် မော်စကိုမြို့ပတ်လမ်းတစ်ခုတွင် တန်းစီ၍ လူတန်းကြီးအဖြစ် စုစည်း၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ မစ္စတာပူတင်ကို ထောက်ခံသူများက လူပေါင်းတစ်သိန်းလေးသောင်းအထိရှိသော လူထုချီတက်ပွဲတစ်ရပ်ကျင်းပပြီး သုံးရက်အကြာတွင် ယခုဆန္ဒပြမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဖေဖော်ဝါရီလ ၂၅ ရက်တွင်လည်း ရုရှားနိုင်ငံ၏ ပဒေသရာဇ်ခေတ်မြို့တော် စိန့်ပီတာစဘာ့ဂ်၌ လူပေါင်း ၃၀,၀၀၀ ပါဝင်သည့် ပူတင်ဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပေါ်ခဲ့သည်။

စာ(၄၅)သို့



Photo - AFP


Photo - SANA

## ဆီးရီးယားတွင် အခြေခံဥပဒေ ဆန္ဒခံယူပွဲ ကျင်းပ

**မတ်စကပ်စ်၊ ဖေဖော်ဝါရီ - ၂၇**

ပါတီစုံနိုင်ငံရေးစနစ်ကို ခွင့်ပြုသွားမည်ဟု အစိုးရက ပြောသော အခြေခံဥပဒေမူကြမ်းအတွက် တစ်မျိုးသားလုံးဆိုင်ရာ ဆန္ဒခံယူပွဲတွင် ဆီးရီးယားနိုင်ငံသားများ ပါဝင်မဲပေးကြကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ မဲရုံများတွင် မဲပေးသူများ စုပြုံရောက်ခဲ့ကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်ဟု ဆာနာအစိုးရသတင်းဌာနက ကြေညာခဲ့သည်။

ဝေဖန်သူများကမူ အခြေခံဥပဒေမူကြမ်းမှာ ဇာတ်တိုက်ထားသော ဟာသတစ်ပုဒ်သာဖြစ်ကြောင်း ပြောဆိုပြီး နိုင်ငံတွင် သွေးထွက်သံယိုမှုများအထိန်းအကွပ်မဲ့ ဆက်လက်ဖြစ်ပေါ်နေ၍ သမ္မတ အာရှားအယ်လ်အာဆန်အား ဖယ်ရှားရေးအတွက် တိုက်တွန်းပြောကြားလျက်ရှိကြောင်းသိရသည်။ စာ(၄၅)သို့

## ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ် ခေါင်းဆောင်မှုအပေါ် စိန်ခေါ်မှုကို ကျော်လွှားနိုင်ခဲ့



**ကင်ဘာရာ၊ ဖေဖော်ဝါရီ - ၂၇**


ဩစတြေးလျဝန်ကြီးချုပ် မစ္စဂျူလီယာဂီးလာ့ဒ်သည် ၎င်း၏ ခေါင်းဆောင်မှုအပေါ် ခေါင်းဆောင်ဟောင်း ကီဗင်ရုဒ်၏ စိန်ခေါ် မှုကို ကျော်လွှားနိုင်ခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ခဲ့ကြောင်း သိရသည်။

စာ(၄၅)သို့

NEWSANALYSIS

## ရုရှားသမ္မတ မက်ဗီဒက် လက်ထက်ကို ပြန်လည်စောင်းငဲ့ကြည့်ခြင်း

စာ(၃၆)သို့



## တောင်ကိုရီးယားနှင့် အမေရိကန် စစ်ရေးလေ့ကျင့်မှု စတင်

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၇**

လက်တုံ့ပြန်တိုက်ခိုက်မည်ဟူ၍ မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများ ရှိနေသော်လည်း တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က အရေးပါသည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို စတင်လိုက်ကြောင်း ဆိုးလ်မြို့မှ အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Key Resolve စစ်ရေးလေ့ကျင့်မှုကိုစတင်လိုက်ပြီဖြစ်ကြောင်း တွဲဖက်စစ်ဦးစီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ မပြောကြားပေ။ ကွန်ပျူတာစနစ်သုံး ကွပ်ကဲရေးဌာန စစ်ရေးလေ့ကျင့်မှုအား မတ်လ ၉ ရက်အထိ ဆက်လက်လေ့ကျင့်မည်ဖြစ်သည်။ မတ်လ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိလည်း Foal Eagle ဟုခေါ်သော ကြည်း၊ ရေ၊ လေပူးတွဲ စစ်ရေးလေ့ကျင့်မှုတစ်ရပ် ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေး ကောင်စီကမူ စစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်ရှုတ်ချခဲ့ပြီး ယင်းမှာ အသံတိတ်စစ်ကြေညာခြင်းဟု ပြောဆိုသည်။

စာ(၄၅)သို့



Photo - Reuters



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.10, No.50 · MARCH 1 , 2012

# ကော်မတီနှင့် ရေးရာကော်မတီများနှင့် ပတ်သက်ပြီး လွှတ်တော်ဥက္ကဋ္ဌ မှတ်ချက်ပြု

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂၀**

ပြည်သူ့လွှတ်တော်အတွင်းရှိ ကော်မတီများ၊ ရေးရာကော်မတီများအားပြည်ထောင်စုအဆင့်ဖြစ်သည်ဟူသော အချက်အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ကြားနာစစ်ဆေးနေမှုအပေါ်တွင် စကားရပ်တစ်ခုကို အငြင်းပွားနေခြင်းဟုသာ ခံယူကြောင်းပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောသည်။

"ကော်မတီတွေ ရေးရာကော်မတီတွေကို ပြည်ထောင်စုအဆင့်လို့ပဲခေါ်ခေါ် မခေါ်ခေါ် လက်ရှိရေးရာ ကော်မတီကရေးရာကော်မတီတာဝန်ထမ်းဆောင်ရမှာပဲ။ အဲဒီလို ထမ်းဆောင်တဲ့အခါမှာ တစ်ဖက်က ကော်မတီနဲ့ တစ်ဖက်ကပြည်ထောင်စုအစိုးရနဲ့ ဒီလိုပဲ ဆောင်ရွက်ရမှာပဲ။ ဒီလိုမဆောင်ရွက်ဘူးဆိုရင် ကျွန်တော်တို့ အခု ပေါ်ပေါက်လာတဲ့ လွှတ်တော်တွေရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်နဲ့ Check and Balanceကပျောက်သွားလိမ့်မယ်" ဟု သူရဦးရွှေမန်းကပြောသည်။

ရေးရာကော်မတီများ၏ တာဝန်များ ပျောက်ဆုံးသွားပါက လက်ရှိထူထောင်ထားသည့်စနစ်သည်လည်း အသက်ဝင်တော့မည် မဟုတ်ကြောင်း သိရသည်။

ရေးရာကော်မတီများ၏ လုပ်ဆောင်မှုများသည် တာဝန်အရ ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် လက်မခံနိုင်ပါက လက်မခံသူ၏ အားနည်းချက်သာ ဖြစ်မည်ဖြစ်ကြောင်း သူရဦးရွှေမန်းက ပြောသည်။

ထိုကြောင့် ရေးရာကော်မတီများ၏ ပြည်ထောင်စုအဆင့်ဟုတ်မဟုတ် ဆိုသည်နှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးက ကြားနာနေခြင်းသည် စိတ်ပူစရာ ကိစ္စတစ်ခုဖြစ်သော်လည်း တအားကြီးစိတ်ပူစရာ ကိစ္စမဟုတ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွတ်လပ်သော အာရှအသံ Radio Free Asia (RFA) အပါအဝင် ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံရာတွင်ပြည်တွင်းသတင်းထောက်တစ်ဦး၏ မေးခွန်းအား ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

# ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ် အောင်ပင်လယ်ရပ်ကွက်၌ မိန့်ခွန်းပြောမည်

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၇**

နေရာအခက်အခဲကြောင့် မဲဆွယ်ခရီးစဉ်ရွှေ့ဆိုင်းခဲ့သောဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ်ကို မတ် ၃ရက်နှင့် ၄ရက်တွင် ပြန်လည်စီစဉ်ခဲ့ပြီး ဟောပြောရန် နေရာကို မန္တလေးမြို့ အရှေ့ဘက် အောင်ပင်လယ်ရပ်ကွက်အတွင်း ရှိမြေကွက်လပ်တစ်ခုပေါ်၌စီစဉ်ထားကြောင်း သတင်းရရှိသည်။

ဟောပြောမည့်နေရာမှာ မန္တလေးမြို့အရှေ့ဘက် မြို့သစ်ဘက်ခြမ်း ချမ်းမြသာစည်မြို့နယ် လမ်း၅၀နှင့်၅၁လမ်းကြားအောင်ဇေယျလမ်းနှင့် ၅၁ လမ်း ထောင့်ဆဆ ၉အောင်ပင်လယ်ရပ်ကွက်တွင်ရှိသော မန္တလေးအခေါ် တစ်ပြပတ်လည် ကျယ်ဝန်းသည့် မြေကွက်လပ်ပေါ်တွင်ဟောပြောမည်ဖြစ်သည်။

အဆိုပါကွင်းသည် လူဦးရေခုနစ်သောင်းကျော် ရှစ်သောင်း နီးပါးခန့်ဆံ့သည်ဟု ခန့်မှန်းရကြောင်း မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မန္တလေးမြို့တော်စည်ပင်ကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် အားတက်သရော ကူညီတယ်ပေါ့။ သူတို့ပေးတဲ့နေရာလေးက အင်မတန်ကောင်းပါတယ်" ဟု ၎င်းတာဝန်ရှိသူက ဆိုသည်။ မတ် ၃ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိမည့် ဒေါ်အောင်ဆန်းစုကြည်သည် တံတားဦးလေယာဉ်ကွင်းမှတစ်ဆင့် ပလိပ်နှင့် မြစ်ငယ်မြို့များရှိ ဒေသခံများကို နှုတ်ဆက်ပြီး ၇၈ လမ်းမှ မန္တလေးမြို့တွင်း ဝင်ရောက်မည်ဖြစ်ပြီး ၃၇ လမ်းမှတစ်ဆင့် မန္တလေးမြို့ ၈၄ လမ်းဘက်သို့ကူးကာ စျေးချိုအနီးသို့ သွားရောက်ရန် အကြမ်းဖျင်းစီစဉ်ထားကြောင်းသိရသည်။

စျေးချိုမှတစ်ဆင့် ဟောပြောမည့်နေရာကို သွားရောက်မည်ဖြစ်သည်။ မတ် ၄ ရက်တွင် စစ်ကိုင်းမြို့၊ မတ် ၅ ရက်တွင် နွားထိုးကြီးမြို့၊ မိတ္ထီလာမြို့များသို့ သွားရောက်မည် ဖြစ်သည်။ မိတ္ထီလာမှတစ်ဆင့် နေပြည်တော်သို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-ကျော်မျိုးဦး

မြစ်ကြီးနားမြို့၊ စီတာပူမနောကွင်းတွင် မိန့်ခွန်းပြောကြားနေစဉ်

## ကချင်ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးကိစ္စကို အဓိကထားပြော

**အေးမြကျော်၊ အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း ကချင်ပြည်နယ်သည် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသေးသဖြင့်ငြိမ်းချမ်းရေးအကြောင်းကိုအဓိကထားဟောပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပထမဆုံးပြည်နယ်ခရီးစဉ်ဖြစ်သော ကချင်ပြည်နယ်ခရီးသည် ယခုလ ၂၃ ရက်မှ ၂၄ ရက်အထိ ၂ ရက်တာကြာမြင့်ခဲ့သည်။

ကချင်ပြည်နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်သည်နမ္မတီး၊မိုးကောင်း၊မြစ်ကြီးနား၊ဗန်းမော်မြို့များတွင် စည်းရုံးဟောပြောပွဲ များပြုလုပ်ခဲ့ပြီး ဟောပြောပွဲပရိသတ်အတွင်း ကလေးလူငယ်များ ပိုမိုများပြားသော နမ္မတီးဟောပြောပွဲတွင် ကလေးငယ်များကို ရည်ညွှန်းသော မိန့်ခွန်းတစ်ရပ်ကို ထည့်သွင်းပြောကြားခဲ့သေးသည်။

ခရီးစဉ်အတွင်း ပြုလုပ်သော ဟောပြောပွဲများတွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် လိုအပ်သော အခြေခံအချက်များ၊ တိုင်းရင်းသားအားလုံးတန်းတူညီမျှမှုရှိရေး၊ ပင်လုံစာချုပ်ဖြစ်ပေါ်လာပုံနှင့် ဖက်ဒရယ်စနစ်အကြောင်း လူထုပရိသတ်အား အဓိကထားပြောကြားခဲ့သည်။

ထို့ပြင်ဒေါ်အောင်ဆန်းစုကြည်သည် သူ၏စည်းရုံးရေးခရီးစဉ်အတွင်းမြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့ရှိ တိုင်းရင်းသားခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံများနှင့်ပါကချင်ပြည်နယ်၏ လက်ရှိအခြေအနေကို သီးသန့်တွေ့ဆုံဆွေးနွေးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင်ကချင်ပြည်နယ်အတွင်းဖြစ်ပွားသောတိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ဒုက္ခသည်များနေထိုင်ရာ စစ်ဘေးဒုက္ခသည်စခန်းများသို့ သွားရောက်ခြင်းမရှိခဲ့သော်လည်း အဖွဲ့ချုပ်ရန်ပုံငွေမှ ကျပ်သိန်း ၁၀၀ကို ပြည်နယ်တစ်ခုလုံးရှိ စခန်းများသို့ လှူဒါန်းမည်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ဝင်းကပြောကြားသည်။

# ကျပ်ငွေ ၁၃၂၄ ဘီလီယံကျော်ကို နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအတွက် ခွင့်ပြု

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် အစိုးရဌာနအားလုံးအတွက် ကျပ်သန်းပေါင်း ၁,၃၂၄,၃၉၃ ဒသမ ၆၀၈(ကျပ်ငွေ၁၃၂၄ဘီလီယံကျော်) ကို အစိုးရဌာနများ နောက်ထပ်သုံးစွဲရန် ခွင့်ပြုသော 'နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ' အား နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဖေဖော်ဝါရီ ၂၄ရက်တွင် လက်မှတ်ရေးထိုး၍ ထုတ်ပြန်လိုက်သည်။

ခွင့်ပြုလိုက်သည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(ဘတ်ဂျက်ဥပဒေ) အရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်ကြောင်း ဥပဒေကိုအသေးစိတ်ဖော်ပြထားသော ဖေဖော်ဝါရီ ၂၅ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရန်အတွက်ခွင့်ပြုလိုက်သောဌာနများတွင် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုအဆင့် ဌာနနှင့်အဖွဲ့အစည်းများဖြစ်သော ဝန်ကြီးဌာန ၂၆ ခု၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ၁၄ ဖွဲ့သို့ပေးအပ်သော ထောက်ပံ့ငွေများအားလုံးပါဝင်သည်။ အထက်ပါဌာနများ အားလုံးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၁,၃၂၄,၃၉၃ ဒသမ ၆၀၈ (ကျပ်ငွေ ၁၃၂၄ ဘီလီယံကျော်)ကို နောက်ထပ် အသုံးစရိတ်များအတွက် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အထက်ပါဌာနနှင့် အဖွဲ့အစည်းများမှ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်ပြီဖြစ်သည်။

ထိုဥပဒေတွင် နိုင်ငံတော်သမ္မတအတွက် နောက်ထပ်ခွင့်ပြုသည့် သုံးငွေပေါင်း ကျပ်သန်းပေါင်း ၁၇၇,၀၅၀ ကို ငွေလုံးငွေရင်း သုံးငွေအဖြစ် ခွင့်ပြုပေးထားသည်ကိုတွေ့ရပြီး၊ ကြားဖြတ်ရွေးကောက်ပွဲကို တာဝန်ခံကျင်းပပေးမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ကျပ်၃၀ ဒသမ ၄သန်းကိုနောက်ထပ် အသုံးပြုရန် ခွင့်ပြုထားသည်ကိုတွေ့ရသည်။

ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများတွင် နောက်ထပ်ခွင့်ပြုသည့် သုံးငွေအများဆုံး ရရှိသောဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်သည်။ ကျပ် သန်းပေါင်း ၂၇၃,၅၀၃ ဒသမ ၄၉၈ ကို ငွေလုံးငွေရင်းသုံးငွေအဖြစ် ရရှိပြီး သာမန်သုံးငွေအဖြစ်၇,၆၇၂ဒသမ ၁၀၀ကို သုံးစွဲခွင့်ရရှိ၍ စုစုပေါင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၈၁,၁၇၅ ဒသမ ၅၉၈ ကိုနောက်ထပ်သုံးငွေအဖြစ်ခွင့်ပြုချက်ရရှိခဲ့သည်။ ဒုတိယအများဆုံးရရှိသောဌာနမှာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဖြစ်ပြီး သာမန်သုံးငွေအဖြစ် ကျပ်သန်းပေါင်း တစ်သိန်းခုနစ်သောင်းကျော်(ကျပ်သန်း၁၇၇,၁၀၀ဒသမ ၈၀၈)၊ငွေလုံးငွေရင်းသုံးငွေအဖြစ် ၂၃ဒသမ ၂၂၆သန်းခွင့်ပြုချက်ရရှိ၍ စုစုပေါင်း နောက်ထပ်ခွင့်ပြုသည့်သုံးငွေမှာ ကျပ်သန်း၁၇၇,၁၂၄ ဒသမ ၀၃၄ ရှိသည်။

တတိယအများဆုံးဌာနမှာ စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး သာမန်သုံးငွေအတွက်ကျပ်သန်းပေါင်း ၉၉၈၉၅ ဒသမ ၄၉၄ နှင့် ငွေလုံးငွေရင်း သုံးငွေအတွက် ၆၃ ဒသမ ၀၈၇ ရရှိကာ စုစုပေါင်း ကျပ်သန်း ၉၉၉၅၈ ဒသမ ၅၈၁ ကို နောက်ထပ်သုံးစွဲရန် ခွင့်ပြုချက်ရရှိခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ငွေလုံးငွေရင်းသုံးငွေအတွက် ကျပ်သန်းပေါင်း ၉၁,၀၆၉ ဒသမ ၆၇၄ ကို နောက်ထပ် ခွင့်ပြုသည့်သုံးငွေအဖြစ်ရရှိခဲ့သည်။

ပညာရေးဝန်ကြီးဌာနက နောက်ထပ် သုံးငွေအတွက် ၃၈၁ ဒသမ ၈၂ သန်းကို ခွင့်ပြုချက်ရရှိပြီး၊ ကျန်းမာရေးဝန်ကြီးဌာနက ၁,၁၈၆ ဒသမ ၇၇၇ သန်းရရှိသည်။

အစိုးရက ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုဥပဒေကို ပြဋ္ဌာန်းကာ အသေးစိတ်စာရင်းကို နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ပေးမှုမှာနှစ်ပေါင်းများစွာအတွင်းပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်းသိရသည်။

၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(ဘတ်ဂျက်)ကိုဇန်နဝါရီ ၂၇ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ပေးခဲ့သည်။ ထိုသို့ ဥပဒေထုတ်ပြန်ပြီးနောက် လအနည်းငယ်အတွင်း အရေးကြီး သောစီမံကိန်းများပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လောလောဆယ် မလိုအပ်သော အသုံးစရိတ်များကို လျှော့ချရန် ပြည်ထောင်စုဝန်ကြီး ဌာနများ၏ လိုငွေ ကျပ်သန်းပေါင်း ၅၅၃၂၀၂ (ကျပ် ၅၅၃ ဘီလီယံ ကျော်)ကို လျှော့ချခဲ့ကြောင်း ဇွန်လ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

## သတ်မှတ်ကာလအတွင်း နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားရန် အစီအစဉ်ရှိ

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေကြမ်းများ၏နောက်ဆက်တွဲနည်းဥပဒေများသတ်မှတ်ကာလအတွင်း ပြဋ္ဌာန်းနိုင်ရန်နောင်တွင် ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြောကြားသည်။

လွှတ်တော်များမှ ဥပဒေကြမ်းများစွာကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော်လည်း နောက်ဆက်တွဲ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်နိုင်မှုမရှိခြင်းမှာ ဘာကြောင့်ပါလဲဟု 7Day News ၏မေးမြန်းမှုကို ဖေဖော်ဝါရီ ၂၂ရက်တွင် သူရဦးရွှေမန်းက ဖြေကြားသွားခြင်းဖြစ်သည်။

"နည်းဥပဒေများပြဋ္ဌာန်းနိုင်ဖို့ကြန့်ကြာတဲ့အပိုင်းကလည်း သက်ဆိုင်ရာဌာနများရဲ့ အပိုင်းများပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကြန့်ကြာမှုရှိတဲ့အတွက် နောင်ကြလို့ရှိရင် ဥပဒေပြုပြီးလို့ရှိရင် အချိန်ကာလသတ်မှတ်ပြီး အဲဒီအတွင်းမှာပြုစုပြဋ္ဌာန်းဖို့ ဒီလိုဆောင်ရွက်သွားမယ်လို့မျှော်မှန်းထား ရည်ရွယ်ထားပါတယ်"ဟု သူရဦးရွှေမန်းက ပြောကြားသည်။

ကျင်းပခဲ့ပြီးသော လွှတ်တော်အစည်းအဝေးများတွင် ပထမအကြိမ်အစည်းအဝေး၌ ဥပဒေကြမ်း သုံးခုနှင့် ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေး၌ဥပဒေကြမ်း ၁၆ ခုကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဥပဒေကြမ်း၏ နောက်ဆက်တွဲ နည်းဥပဒေများနှင့် ညွှန်ကြားချက်များမှာ ထွက်ပေါ်မလာသေးပေ။

## ဒီချုပ်ကိုယ်စားလှယ်လောင်းတစ်ဦးက တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးကို တရားစွဲ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းကပြိုင်ဘက်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအား တရားစွဲဆိုထားကြောင်း မိတ္ထီလာ ရွေးကောက်ပွဲကော်မရှင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"NLD ကခွဲထွက်သွားတဲ့ ဒေါ်မြင့်မြင့်အေးက ဒီဘက်ပါတီနာမည်သုံးတယ်ဆိုပြီး တိုင်ထားတာပါ"ဟု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက တယ်လီဖုန်းမှတစ်ဆင့်ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါကိစ္စအား မြို့နယ်ကော်မရှင်ကပြည်ထောင်စုကော်မရှင်ထံသို့တင်ပြထားကြောင်းလည်းကော်မရှင်မှတာဝန်ရှိသူကရှင်းပြသည်။

ဒေါ်မြင့်မြင့်အေးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွန်ခဲ့သော ၄ နှစ်ခန့်မှစ၍ ထုတ်ပယ်ထားကြောင်းပါတီအတွင်းရေးမှူး ဦးညဏ်ဝင်းကပြောသည်။

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်မြင့်မြင့်အေးမှာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် မိတ္ထီလာမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုမဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ခိုင်ဖြိုး၊ အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့တို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## မုံရွာ–မန္တလေးကားလမ်းမကြီးဘေး မအူကြီး ဆီဆိုင်တန်းတွင် စက်သုံးဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွား

**မျိုးမင်းဦး**

မုံရွာ၊ ဖေဖော်ဝါရီ- ၂၅

မုံရွာ-မန္တလေးကားလမ်းမကြီးဘေးမုံရွာမြို့အဝင် မအူကြီးကျေးရွာအနီး ပုဂ္ဂလိက စက်သုံးဆီဆိုင်တန်း ဆိုင်ခန်းအမှတ် (၃၅၊ ၃၆) တွင် စက်သုံးဆီသယ်ယူသော ယာဉ်များစက်သုံးဆီလဲလှယ်ဖြည့်တင်းရာမှ ဖေဖော်ဝါရီလ ၂၅ရက် ညနေ ၅ နာရီအချိန်ခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ - မျိုးမင်းဦး

"စက်သုံးဆီသယ်ယာဉ် (ဆီဘောက်ဆာ)ကနေ စက်သုံးဆီပီပါအတွင်းထည့်သွင်းစဉ်မှာ မီးလောင်မှုစဖြစ်တာပါ။ဆီဘောက်ဆာယာဉ်က မီးလောင်တော့ ဆီပိုက်တန်းလန်းနဲ့မောင်းထွက်သွားတယ်။ အနီးမှာ ရပ်ပြီး စက်သုံးဆီထည့်နေတဲ့ ဆယ်ဘီးကားကုန်တင်ယာဉ်လည်း စက်သုံးဆီပီပါတွေနဲ့ မီးလောင်သွားတယ်။ စက်သုံးဆီဆိုင်ခန်းတစ်ခန်းလည်း မီးလောင်ဆုံးရှုံးခဲ့တယ်။ဆီဘောက်ဆာကားက မုံရွာမြို့အဝင် မုခ်ဦးရဲ့အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာ လမ်းဘေး ရေမြောင်းထဲ ထိုးချမီးငြိမ်းသတ်ခဲ့တယ်။ စက်သုံးဆီ ပီပါတင်နေတဲ့ ကုန်တင်ယာဉ် ၁၀ ဘီးကားကတော့ မုံရွာမြို့အဝင်မုခ်ဦးရဲ့ တောင်ဘက်နှစ်ဖာလုံခန့်အကွာဝင်းထွန်း စက်သုံးဆီအရောင်းဆိုင်ရှေ့မှာ ယာဉ်နောက်ပိုင်းမီးလောင်ပျက်စီးသွားတယ်"ဟု မုံရွာမြို့ မအူစက်သုံးဆီအရောင်းဆိုင်တန်းမှ မျက်မြင်ကြုံတွေ့ခဲ့ရသူတစ်ဦးကပြောသည်။

မီးလောင်မှုကြောင့်မအူစက်သုံးဆီဆိုင်တန်းဆိုင်အမှတ် (၃၅၊ ၃၆)အတွင်း သိုလှောင်ထားသော စက်သုံးဆီများနှင့် အဆောက်အအုံ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆီဘောက်ဆာမှ ယာဉ်မောင်းအပါအဝင် လူနှစ်ဦးမုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားနေစဉ် ညနေ ၅ နာရီမှ ည ၈ နာရီအတွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအားလုံး သွားလာခြင်းအား ယာယီတားမြစ်ခဲ့ကြောင်းသိရသည်။

## ပုဂံယဉ်ကျေးမှုဇုန်ရှိ ညဈေးတန်းဆိုင်ခန်းများ အခိုင်အမာပြုပြင် မွမ်းမံခြင်းများမလုပ်ရန် တားမြစ်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ခေတ်မီဒီဇိုင်းဆန်းများဖြင့် ဆောက်လုပ်ထားသော ညဈေးတန်းဆိုင်ခန်းများအတွင်း၌ အခိုင်အမာတံခါးတပ်ဆင်ခြင်း၊ အတွင်းပိုင်းပြင်ဆင်ခြင်းနှင့် အမိုးအဖီများ မပြုလုပ်ရန် ဖေဖော်ဝါရီ ၂၃ရက်က ထပ်မံတားမြစ်လိုက်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆိုင်ခန်းများ တည်ဆောက်စဉ်ကပင် မဲခေါင်ဒေသနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲကာလတွင် ဖွင့်လှစ်ရောင်းချရန်ကိုသာ ခွင့်ပြုခဲ့ပြီး အစည်းအဝေးနှင့်ပြပွဲပြီးပါက ပြန်လည်ဖျက်သိမ်း၍ မူလမြေသားအတိုင်း အခြေအနေမပျက် ပြန်လည်ဆောင်ရွက်ပေးမည်ဟု ကန့်သတ်ချက်ဖြင့်ခွင့်ပြုခဲ့သည်။

သို့သော် အဆိုပါအစည်းအဝေးကျင်းပပြီးစီးသည်မှာ သုံးလနီးပါးရှိနေပြီဖြစ်သော်လည်း အခုထိ မဖျက်သေးဘဲ လူများလည်း နေထိုင်နိုင်ရန် ပြုပြင်နေခြင်းဖြစ်သည်။

ရှေးဟောင်းသုတေသန၊အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနပုဂံဌာနခွဲက ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ဆိုင်ခန်းပိုင်ရှင်များအားတွေ့ဆုံ၍ ဆိုင်ခန်းများ ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် ပြင်ဆင်မွမ်းမံခြင်းများ ဆက်လက်မလုပ်ရန်ရှင်းပြခဲ့သေးသည်။

အဆိုပါဆိုင်ခန်းများအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့တို့က ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"ဒီနေရာကလူတွေကိုနှ. ၀. တ အစိုးရလက်ထက် ၁၉၉၀ တုန်းက ရှေးဟောင်းဇုန်ထဲမှာရှိလို့ ဆိုပြီး မြို့သစ်ကိုရွှေ့ပြောင်းခိုင်းခဲ့တာ။ အခု ဘာဖြစ်လို့ အခုလိုပြန်လုပ်တာလဲမသိဘူး။ နောက် အဲဒီနေရာက နိုင်ငံခြားသား မသွားဘူး။ ဝေးလို့"ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများ စာတမ်းဖတ်ပွဲတွင် ထိုင်းနိုင်ငံမှ တက်ရောက်လာသော ပညာရှင်တစ်ဦးက ထိုအဆောက်အဦများကိုမြင်သဖြင့် ရှေးဟောင်းဇုန်အတွင်း မဆောက်လုပ်ရန် စာတမ်းဖတ်ပွဲ၌ အကြံပြုပြောဆိုခဲ့သည်။

ယခု တည်ဆောက်ထားသော ညဈေးနေရာအနီးတွင် ဟိုတယ်သုံးခုသာရှိပြီး ညဘက် သွားလာရခက်ခဲသဖြင့်ကမ္ဘာလှည့်ခရီးသွားများ သွားရောက်ရန် စိတ်မဝင်စားကြောင်း ဧည့်လမ်းညွှန်များကပြောသည်။

"ညဈေးရှိတာ ကောင်းပါတယ်။ ဒါပေမဲ့ ဆိုင်ပုံစံအရေးကြီးတယ်။ အခုနေရာက တိုးရစ်တွေသွားလာရခက်တယ်။ ပြီးတော့ ဒီဇိုင်းကလည်း ပုဂံနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး။ ဖွင့်ချင်ရင် မြို့သစ်ထဲဖွင့်ပေါ့။ ဒါဆို အားလုံးအဆင်ပြေနိုင်တယ်"ဟု ပုဂံဒေသခံတစ်ဦးကအကြံပြုသည်။

ပုဂံဒေသအား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်လိုပါက ရှေးဟောင်းဇုန်အတွင်း အဆောက်အဦများ တည်ဆောက်ခြင်းမပြုရန်နှင့် ကမ္ဘောဒီးယားနိုင်ငံအား နမူနာယူရန် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများက အကြံပြုကြသည်။

## မျက်နှာဖုံး-မော်တောင် ကုန်သွယ်ရေးစခန်း သကြၤန်မတိုင်မီ ဖွင့်လှစ်ရန်ရှိ မှ

"မော်တောင်ကတော့အမြန်ဆုံးဖွင့်ဖို့လုပ်နေတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းကဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်းက 7Day News နှင့်တွေ့ဆုံစဉ်ပြောသည်။

မော်တောင်ကုန်သွယ်ရေးစခန်းသည် ဒေသတွင်းဖြစ်သည့် မြိတ်နှင့် ထိုင်းနိုင်ငံတို့ ကုန်သွယ်ရေးအတွက် များစွာအဆင်ပြေသော်လည်း မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးတွင် မြဝတီကုန်သွယ်ရေးစခန်းကဲ့သို့ အရေးပါမှုမရှိနိုင်ပေ။ မြိတ်မှထွက်သည့် ရာဘာနှင့် ရေထွက်ကုန်ပစ္စည်းများ မော်တောင်ကုန်သွယ်ရေးစခန်းမှ FOB စနစ်ဖြင့် တင်ပို့လျှင် အချိန်၊ သယ်ယူပို့ဆောင်ရေးစရိတ်သက်သာမှုရှိနိုင်ကြောင်း ဒေသခံများကဆိုသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံဘက်မှ ကော့သောင်းနှင့် ရနောင်းမြို့တို့ကြားတွင် ရေလမ်းကြောင်းမှတစ်ဆင့် ကုန်သွယ်မှုဆောင်ရွက်ရခြင်းကြောင့် အချိန်ကြန့်ကြာမှုအခက်အခဲနှင့်ကြုံတွေ့ရကြောင်း၊ မော်တောင်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ပါက ကုန်းလမ်းမှအချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည့်အတွက် ကုန်သွယ်မှုကိုအထောက်အပံ့ဖြစ်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးဒေါက်တာမောင်အောင်က ပြောသည်။

"မော်တောင်လမ်းပွင့်သွားရင်မြိတ်ကနေ မော်တောင်ကို ၂ နာရီကျော်လောက်ကြာမယ်။ မော်တောင်ကနေ ဘန်ကောက်ကိုသွားရင် ၃ နာရီကျော်လောက်ကြာတယ်ဆိုရင် ၆ နာရီအတွင်းမှာ ဘန်ကောက်ကိုရောက်နိုင်ရင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရှိလာနိုင်တယ်"ဟု ၎င်းကပြောသည်။ ၎င်းနယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ရန် ထိုင်းနိုင်ငံဘက်မှ အဆင်သင့်ဖြစ်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း လမ်းပိုင်းအဆင့်မြင့်တင်မှုကိုဆောင်ရွက်နိုင်ရန် ယုဇနကုမ္ပဏီက B.O.T စနစ်ဖြင့် လုပ်ကိုင်နေကြောင်း ဒေါက်တာမောင်အောင်က ဆက်လက်ပြောသည်။

ထို့အပြင် မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပြီးပါကပြည်တွင်းလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် ဝယ်သူဈေးကွက်မှ ရောင်းသူဈေးကွက်အသွင်ပြောင်းလဲနိုင်ရန် ရည်မှန်းထားကြောင်း ၎င်းက ထည့်သွင်းပြောသည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရာတွင် မြန်မာနိုင်ငံဘက်မှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ပစ္စည်းများကို အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.50 • MARCH 1 , 2012

## မြန်မာနိုင်ငံတွင်ကျင်းပမည့် အာဆီယံအစည်းအဝေးများသို့ နိုင်ငံတကာသတင်းထောက် နှစ်ထောင်ဝန်းကျင် ဖိတ်ကြားမည်

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

၂၀၁၄တွင် အာဆီယံအလှည့်ကျဥက္ကဌရာထူးရရှိထားသော မြန်မာနိုင်ငံတွင် ၂၀၁၄ ၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများသို့သတင်းလာရောက်ယူရန် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာမှ သတင်းထောက် ၂၀၀၀ ဝန်းကျင်ကို ဖိတ်ကြားမည်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်က ပြောကြားသည်။

မြန်မာနိုင်ငံသို့ လေးရက်တာခရီးလာရောက်ခဲ့သော အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်သည် နေပြည်တော်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီ ၂၁ ရက်၌ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်ကျင်းပသော အာဆီယံဥက္ကဌအဖြစ် ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို တက်ရောက်ပြီး၊ အာဆီယံဥက္ကဌတာဝန်နှင့်ပတ်သက်သော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထိုသို့ အစိုးရဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဥ် သတင်းထောက် ၂၀၀၀ ကိုမြန်မာနိုင်ငံ၌ကျင်းပမည့် အာဆီယံအစည်းအဝေးများသို့တက်ရောက်သတင်းရယူရန် ဖိတ်ကြားမည့်အစီအစဥ်ကို ဆွေးနွေးပြောကြားခဲ့ကြောင်း ဒေါက်တာဆူရင်က ဖေဖော်ဝါရီ ၂၃ ရက်တွင် နိုင်ငံခြားသတင်းထောက်များအသင်းရုံးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။

"တချို့က အခုလာနေကြပြီ။ အချို့က လာချင်နေကြတယ်။ အချို့က ဗီဇာရဖို့ကြိုးစားနေကြတယ်။ သူတို့က ဝင်ခွင့်ရတာနဲ့ ရောက်လာကြမှာ။ ဘယ်သူတွေလဲဆိုတော့ မြန်မာနိုင်ငံရဲ့အကြောင်းကို ကမ္ဘာကို အကောင်းဆုံးပြောပြသူဖြစ်ချင်တဲ့ သတင်းထောက်တွေပဲ"ဟု ဒေါက်တာ ဆူရင်က အာဆီယံသတင်းထောက်များနှင့် နိုင်ငံတကာသတင်းထောက်များမှ မြန်မာနိုင်ငံသို့လာရောက်ရန် စိတ်ဝင်စားမှု မြင့်တက်နေခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးပြောကြားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ချိန် ၂ နှစ်ကျန်ရှိနေသေးသည့်အတွက် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်ပါက ရုပ်ပိုင်းဆိုင်ရာ အဆင်သင့်ဖြစ်နိုင်ကြောင်း ၄င်းကပြောကြားခဲ့သည်။

**ပြင်ဆင်ဖတ်ရှုပါရန်-**

ဖေဖော်ဝါရီ ၂၃ ရက်ထုတ် 7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၄၉) စာမျက်နှာ(၅)တွင် ဖော်ပြပါရှိသော **တာမွေယာယီဈေးမှ ဈေးသစ်သို့ပြောင်းမည်ကို ဈေးသူဈေးသားများ သဘောမတူ** သတင်းတွင်ပါရှိသည့် **ဈေးများကို ဈေးပိုင်ရှင်များဆန္ဒဖြင့် အသစ်ပြန်ဆောက်ပေးရာတွင် ဘုရင့်နောင်ဈေးအားအသစ်တည်ဆောက်ရန် သဘောတူညီခဲ့ပြီး** ဆိုသည့် စာသားအစား **ဘုရင့်နောင်ဈေးသည် အသစ်တည်ဆောက်ရန် ဈေးဆိုင်ပိုင်ရှင်များ၏ သဘောတူညီချက်မရသေးသည့် ဈေးတစ်ခုဖြစ သည်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(အယ်ဒီတာ)**

## MBA ဘွဲ့ရများ၏ ၂၀၁၂ ခုနှစ် မိတ်ဆုံညစာစားပွဲ

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၉၅-၂၀၁၁)ခုနှစ်များအထိ အချိန်ပြည့်နေ့သင်တန်းနှင့်ညနေပိုင်း Executive MBA သင်တန်းအသီးသီးမှ ဘွဲ့ရရှိခဲ့သူ များ၊ ကျောင်းသူ/သားများ၏ စုံညီမိတ်ဆုံညစာစားပွဲကို ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊မင်းဓမ္မလမ်းရှိMyanmar Convention Centre (MCC) ခန်းမ၌ ၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ (တပေါင်းလပြည့်နေ့) ညနေ ၆ နာရီတွင် ဆရာ၊ ဆရာမကြီးများကို တွေ့ဆုံဂါရဝပြုခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း၊ Door Gift များ၊ ကံစမ်းမဲများ၊ တေးဂီတနှင့် ဖျော်ဖြေရေးအစီအစဥ်များတို့ဖြင့် တမူထူးခြားစွာ စီစဥ်ထားသောကြောင့် အမ်ဘီအေ မိသားစုဝင်များအားလုံး တက်ရောက်နိုင်ရန် နှိုးဆော်အပ်ပါသည်။

**မိတ်ဆုံစားပွဲဖြစ်မြောက်ရေး ကော်မတီ**

ကိုမင်းဦး- ၀၉-၅၀၀၇၁၆၆
ကိုသက်လွင်ရွှေ-၀၉-၈၆၀၀၆၅၅တို့သို့အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## မြန်မာ့မီးရထားနှင့်သက်ဆိုင်သည့်နေရာများတွင် နိုင်ငံခြားသားများ ဓာတ်ပုံရိုက်ပါက ၁၀ ဒေါ်လာ ပေးရမည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၇**

မြန်မာ့မီးရထားစက်ရုံ၊ အလုပ်ရုံ၊ ဘူတာ၊ ရထားအပါအဝင် မြန်မာ့မီးရထားနှင့် သက်ဆိုင်သောနေရာများအား ဓာတ်ပုံရိုက်ပါက ကန်ဒေါ်လာ ၁၀ (သို့မဟုတ်) အက်ဖ်အီးစီ ၁၀ ပေးဆောင်ရတော့မည်ဖြစ်ကြောင်းသတင်းရရှိ သည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနက ဖေဖော်ဝါရီလလယ်မှစ၍ ရန်ကုန်တိုင်းဒေသကြီးရှိ ရုံပိုင်ချုပ်ကြီးထံ သို့ အထက်ပါနှုန်းထားအတိုင်း ကောက်ခံရန် ညွှန်ကြားလာခြင်းဖြစ်သည်။

"မီးရထားစီးခက တစ်ဒေါ်လာ။ ဓာတ်ပုံကြေးက ၁၀ ဒေါ်လာ။ ဧည့်သည်နားလည်အောင်ဘယ်လိုရှင်းပြရမလဲမသိဘူး"ဟု ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကသုံးသပ်သည်။

ကမ္ဘာလှည့်ခရီးသွားများသည် ရန်ကုန်မြို့ပတ်ရထားအား အပျော်သဘောဖြင့် နှစ်မှတ်တိုင်၊ သုံးမှတ်တိုင်စီးလေ့ရှိကြသည်။

ယခုနှစ် ခရီးသွားရာသီတွင် ဧည့်သည်ဝင်ရောက်မှုတိုးလာခြင်းနှင့်အတူ ဟိုတယ်အခန်းခများပါ ဈေးတက်လာခဲ့ရာ အခြားသောဈေးနှုန်းများတက်လာပါက မြန်မာနိုင်ငံ နာမည်ပျက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက သုံးသပ်ကြသည်။

## မြစ်ဆုံ၏ကျေးဇူးပဲ့တင်သံတွေ့ဆုံပွဲအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူ

**အေးမြကျော်**

**မြစ်ကြီးနား၊ ဖေဖော်ဝါရီ- ၂၄**

'မြစ်ဆုံ၏ကျေးဇူးပဲ့တင်သံ' အမည်ရှိဆုတောင်းပွဲနှင့် မိတ်ဆုံစားပွဲတစ်ခုကို မေခနှင့်မလိခဆုံရာ တန်ဖဲရွာတွင် ဖေဖော်ဝါရီ ၂၄ ရက်က ဒေသခံများနှင့်ပြုလုပ်ခဲ့ရာ ကိုမင်းကိုနိုင်၊ ကိုကိုကြီးစသည့် ၈၈ မျိုးဆက်ကျောင်းသားများနှင့် ဦးအုန်း၊ ဒေါ်ဒေဝီသန့်စင်စသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ စုစည်းတက်ရောက်ခဲ့ကြသည်။

မြစ်ဆုံမြင်ကွင်းကိုနောက်ခံထားဆောက်ထားသော စင်မြင့်ငယ်ထက်တွင် ကိုမင်းကိုနိုင်၊ ဦးအုန်း၊ ကာတွန်းအော်ပီကျယ်စသူတို့က မြစ်ဆုံနှင့်ပတ်သက်သော အမှတ်တရစကားများပြောကြားခဲ့ကြပြီးနောက်မြစ်ဆုံဆုတောင်းပွဲ အထိမ်းအမှတ်အဖြစ် မြစ်ဆုံမှ ကျောက်တုံးတစ်တုံးစီကို လူတစ်ဦးစီကသယ်ယူကာ တန်ဖဲရွာကမ်းနဖူးတွင် အမှတ်တရကျောက်တိုင်အဖြစ်ပြုလုပ်ခဲ့ကြကြောင်းတက်ရောက်ခဲ့ကြသူများက ပြောကြားသည်။

"ကချင်ပြည်နယ်ဟာမြန်မာပြည်ရဲ့ခေါင်းပိုင်းလို့ခေါ်ပါတယ်။ ခေါင်းကိုထိရင် ရင်ဘတ်ထဲမှာနာပါတယ်" ဟုကိုမင်းကိုနိုင်က မြစ်ဆုံဆုတောင်းပွဲတွင်ပြောကြားခဲ့ပြီး အမျိုးသားအားလုံး ညီညွတ်ရေးသည် မြစ်ဆုံက စပြီးရသွားပြီး အမျိုးသားညီညွတ်ရေးဆိုသောမြစ်ကြီး စစီးသွားပြီဖြစ်ကြောင်းလည်း သူကပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ကချင်ရိုးရာအတိုင်း ဖက်ဖြင့်ထုပ်ထားသော ထမင်း၊ဟင်းများဖြင့် အတူတကွစားသောက်ကာ မိတ်ဆုံစားပွဲတစ်ခုလည်းပြုလုပ်ခဲ့ကြောင်းသိရသည်။

တန်ဖဲရွာသည် မေခ၊ မလိခ မြစ်နှစ်သွယ် စတင်ပေါင်းဆုံပြီး ဧရာဝတီမြစ် အစပြုရာဖြစ်ပြီး ထိုနေရာတွင် မြန်မာအစိုးရနှင့် တရုတ်နိုင်ငံပိုင် CPI ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်နေသော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို သမ္မတကမိမိတို့အစိုးရလက်ထက်တွင် ရပ်နားထားရန် စက်တင်ဘာ ၃၀ တွင် ကြေညာခဲ့သည်။

## မန္တလေးမြို့တော်ဝန် ပြောင်းလဲခန့်အပ်

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၈**

နိုင်ငံတော်သမ္မတဦးသိန်းစိန်က မန္တလေးမြို့တော်ဝန်ကိုဖေဖော်ဝါရီ ၂၇ ရက်တွင် အသစ်ပြောင်းလဲခန့်အပ် တာဝန်ပေးလိုက်သည်။

ယခင်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းကို မန္တလေးမြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြောင်းလဲတာဝန်ပေးအပ်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထို့အတူ ယခင်မန္တလေးမြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်သော ဦးဖုန်းဇော်ဟန်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။

## ၈၄ ကြိမ်မြောက် အော်စကာဆုပေးပွဲ ဆုရရှိသူများ



၁။ **အကောင်းဆုံးဇာတ်ကားဆု**
**The Artist**

၂။ **အကောင်းဆုံး သရုပ်ဆောင်ဆု** (အမျိုးသား)
ဂျင်န်ဒူဂျာဒင် **(The Artist )**

၃။ **အကောင်းဆုံးသရုပ်ဆောင်ဆု** (အမျိုးသမီး)
မာရီစထရိပ် **(The Iron Lady)**

၄။ **အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု**
ခရစ်တိုဖာ ပလန်းမာ **(Beginners )**

၅။ **အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု**
အော်တိုဗီယာ စပင်ဆာ **(The Help)**

၆။ **အကောင်းဆုံးဒါရိုက်တာဆု**
မိုက်ကယ် ယာဇာနာဗီစီးယပ် **(The Artist)**

၇။ **အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်ဆု**
**A Speration (Iran)**

၈။ **အကောင်းဆုံး ကာတွန်းရုပ်ရှင်**
**Rango**

အကောင်းဆုံး အနုပညာဖန်တီးမှု၊ အကောင်းဆုံး ရုပ်ရှင် ပညာဆု၊ အကောင်းဆုံး အသံပိုင်းဆိုင်ရာဆုနှင့် အကောင်းဆုံး အရုပ်ပိုင်းဆိုင်ရာဆုများကို **Hugo** ဇာတ်ကားက ရရှိခဲ့ကာ စုစုပေါင်းဆု ၂၄ ဆုချီးမြှင့်ခဲ့သည်။

## ၈၈ မျိုးဆက်ကျောင်းသားများ ကချင်စစ်ဘေးဒုက္ခသည်များကို တွေ့ဆုံအားပေး

**အိမြူလွင်**

**မြစ်ကြီးနား၊ ဖေဖော်ဝါရီ - ၂၅**

၈၈ မျိုးဆက်ကျောင်းသားများသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိစစ်ဘေးဒုက္ခသည်စခန်းနှစ်ခုသို့သွားရောက်ကာ ဒုက္ခသည်များအားတွေ့ဆုံအားပေးခဲ့ပြီး နာရေးကူညီမှုအသင်း၏အလှူငွေ သိန်း ၁၀၀ ကိုလည်း ပေးအပ်ခဲ့ကြောင်း ကိုယ်တိုင်သွားရောက်ခဲ့သူ ၈၈ မျိုးဆက်ကျောင်းသားတစ်ဦးဖြစ်သူ ကိုစိုးထွန်းကပြောသည်။

ထာဝရငြိမ်းချမ်းရေး တည်ဆောက်သွားနိုင်ရန်အတွက် လိုအပ်ချက်များနှင့် စုပေါင်းအဖြေရှာနိုင်မည့်နည်းလမ်းများကို တိုင်းရင်းသားစစ်ဘေးဒုက္ခသည်များနှင့် တွေ့ဆုံစကားပြောဖြစ်ခဲ့ကြောင်း ၈၈ ကျောင်းသားတစ်ဦးက ပြောကြားသည်။

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုမြအေး စသည့် ၈၈ မျိုးဆက်ကျောင်းသားများသည် ဖေဖော်ဝါရီ ၂၄ ရက်က မြစ်ဆုံတွင် ပြုလုပ်ခဲ့သော မြစ်ဆုံ၏ကျေး ဇူးပဲ့တင်သံဆုတောင်းပွဲသို့ တက် ရောက်ရန် မြစ်ကြီးမြို့သို့ ရောက်ရှိ လာပြီး မြစ်ကြီးနားမြို့ရှိ ဂျန်မိုင်ကောင်းရပ်ကွက်ရှိ ဒုက္ခသည်စခန်းသို့ သွားရောက်ကာ နာရေးကူညီမှုအသင်း၏ အလှူငွေပေးအပ်ပြီးနောက် စခန်းမှ ကလေးငယ်များကိုမုန့်နှင့်သကြားလုံးများဝေငှကာ တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.50 · MARCH 1 , 2012

# တန်ဖိုးနည်းဖုန်းများ အသုံးပြုနိုင်ရေးအဆို လာမည့်လွှတ်တော်တွင် တင်သွင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

တန်ဖိုးနည်းသက်သာမည့်မိုဘိုင်းဖုန်းများကို လူတန်းစားအားလုံးအသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်အမတ် ဦးအောင်သိန်းလင်းကကျင်းပနေသည့်လွှတ်တော်တွင် အဆိုတင်သွင်းရန် မမှီတော့သည့်အတွက် လာမည့်လွှတ်တော်မှတင်သွင်းနိုင်မည်ဖြစ်ကြောင်း 7Day Newsအား ပြောကြားသည်။

၄င်းအနေဖြင့် အဆိုပါအဆိုတင်သွင်းခြင်းတွင်ကျပ်ငါးထောင်တန်မိုဘိုင်းဖုန်းဟူ၍ တင်သွင်းမည်မဟုတ်ဘဲ အခြေခံလူတန်းစားမှစတင်ကာ အသုံးပြုနိုင်မည့်ဈေးနှုန်းရှိပြီး ဆက်သွယ်ရေးဥပဒေနှင့်လည်းကိုက်ညီသည့်တန်ဖိုးနည်းဖုန်းများကို ဆောင်ရွက်လိုသည့်သူများအားလုပ်ကိုင်ခွင့်များချပေးရန်ကို အဓိကတင်သွင်းမည်ဟု ၄င်းကပြောသည်။

"အစိုးရကပဲလုပ်လုပ် ပုဂ္ဂလိကပဲလုပ်လုပ် ဘယ်သူပဲလုပ်လုပ် အဓိက က တန်ဖိုးနည်းသက်သာတဲ့ဖုန်းတွေကို လုပ်ကိုင်လိုတဲ့သူတွေကိုလုပ်ကိုင်ခွင့်ပေးဖို့ပါ။လက်ရှိထွက်လာတော့မယ့်တန်ဖိုးနည်းဖုန်းတွေထက်ကို ပိုပြီးသက်သာမယ့် မိုဘိုင်းဖုန်းတွေကို ဆိုလိုပါတယ်"ဟု ၄င်းကဆက်လက်ပြောသည်။

ပြည်ခိုင်ဖြိုးပါတီအနေဖြင့် ဈေးနှုန်းသက်သာသည့်မိုဘိုင်းဖုန်းများအား လူတန်းစားမျိုးစုံသုံးနိုင်ရန် လွှတ်တော်သို့အဆိုတင်သွင်းမည်ဆိုခြင်းမှာ ကြားဖြတ်ရွေးကောက်ပွဲကာလနီးကပ်လာသဖြင့် ဆောင်ရွက်သည့် နိုင်ငံရေးလှုပ်ရှားမှုတစ်ခုဟုပြင်ပတွင်ပြောဆိုနေသူများနှင့်ပတ်သက်ပြီး ၄င်းက "ဒီလိုသတင်းတွေအပေါ်မှာ ဘာမှပြောစရာမရှိပါဘူး"ဟုပြန်လည်ဖြေကြားသည်။

ယင်းအဆိုကို ယခုတစ်ရက်နှစ်ရက်အတွင်း လွှတ်တော်သို့အဆိုတင်သွင်းခြင်းပြုလုပ်သွားမည်ဟုသိရသည်။

ကျပ်ငါးထောင်တန်တယ်လီဖုန်းနှင့်ပတ်သက်၍ လွှတ်တော်တွင် အဆိုတင်သွင်းမှုမရှိသေးကြောင်းနှင့် လွှတ်တော်တို့ ထိုအကြောင်းအရာ ရောက်လာပါကလည်း တရားနည်းလမ်းတကျဖြစ်စေရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖေဖော်ဝါရီ၂၂ရက်တွင် ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်နှစ်သိန်းနှင့် သုံးသိန်းကြားရှိမည့်တန်ဖိုးနည်းဖုန်းများ မချပေးမီ လအနည်းငယ်အတွင်း ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ကျပ်ငါးထောင်တန်မိုဘိုင်းဖုန်းများရောင်းချနိုင်ရန် ကြိုးပမ်းမည်ဆိုသည့် သတင်းများဖြစ်ပေါ်ခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်ခန့်တွင် ပြည်ခိုင်ဖြိုးပါတီက ယင်းကဲ့သို့အလားတူ အကြောင်းအရာကို လွှတ်တော်သို့တင်သွင်းခြင်း ပြုလုပ်သွားမည်ဟူသည့် သတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

## ကြားဖြတ်ရွေးကောက်ပွဲကာလများတွင် နိုင်ငံတကာ လေ့လာသူများနှင့် သတင်းထောက်များကို လက်ခံဖွယ်ရှိ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၂**

ကြားဖြတ်ရွေးကောက်ပွဲနှင့်မဲဆွယ်စည်းရုံးကာလများတွင် နိုင်ငံတကာမှ စောင့်ကြည့်သူများနှင့်ပြင်ပမှ သတင်းထောက်များအား ခွင့်ပြုရန် အထူးစဉ်းစားနေသည်ဟု သမ္မတဦးသိန်းစိန်ကပြောကြောင်း အာဆီယံအတွင်းရေးမှူးချုပ်က သတင်းထောက်များအား ပြောကြားသည်။

"အပြင်က သတင်းထောက်တွေနဲ့နိုင်ငံတကာလေ့လာတဲ့သူတွေကိုရွေးကောက်ပွဲမတိုင်ခင်နဲ့ရွေးကောက်ပွဲကာလမှာလေ့လာခွင့်ပြုတာဟာ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကိုသွားတဲ့လမ်းကြောင်းမှန်ဖြစ်တယ်လို့ပြောခဲ့ပါတယ်"ဟု အာဆီယံအတွင်းရေး မှူးချုပ်ဒေါက်တာ ဆူရင်ပစ်ဆူဝမ်ကပြောသည်။

၎င်းအနေဖြင့် ၂၀၁၀ ကြားဖြတ်ရွေးကောက်ပွဲကလည်း ရန်ကုန်တွင်ရှိသော အာဆီယံနိုင်ငံများမှ သံတမန်များအား လေ့လာခွင့်ပြုရန် တောင်းဆိုခဲ့ဖူးကြောင်းပြောကြားသည်။ ယနေ့နံနက် ၁၀နာရီမှ ၁၁နာရီအထိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဒေါ်အောင်ဆန်းစု ကြည်တို့သည် ဒေါ်အောင်ဆန်းစုကြည် နေအိမ်၌တွေ့ဆုံခဲ့ကြသည်။

## စာ-၂၉၊ ပြည်တွင်းသို့ ထောက်ပံ့နေသည့် အလှူရှင်အဖွဲ့များ၏ အစည်းအဝေးသို့ ပြည်တွင်းမှ ပထမဆုံးအကြိမ်တက်ရောက် မှ

**အခုပြည်တွင်းက သုံးယောက်သွားရတော့ ပြည်တွင်းကိုဝင်မယ့် ထောက်ပံ့မှုတွေမှာ ဘယ်လိုမျိုးသက်ရောက်မှုရှိလာနိုင်လဲ။**

လက်ရှိအနေအထား ထက်ပိုပြီး ထိထိရောက်ရောက် ကူညီနိုင်မယ်လို့ထင်တယ်။ ဒါပေမဲ့ တစ်ခုသူတို့ကိုထောက်ပြခဲ့တာက ပရောဂျက်တွေ ရနေတာဟုတ်တယ်။ UN လက်အောက်မှာ ပရောဂျက်ရနေတဲ့အဖွဲ့အစည်းတွေရှိတယ်။ အဲဒီအဖွဲ့အစည်းတွေက ဘယ်လိုမျိုးလဲဆိုရင် သံရုံးနဲ့နီးစပ်တဲ့အဖွဲ့အစည်းတွေ၊ အင်္ဂလိပ်စာကို ကျွမ်းကျွမ်း ကျင်ကျင်ပြောတတ်တဲ့အဖွဲ့အစည်းတွေ လူဝင်ဆံ့ပြီး နိုင်ငံတကာကိုသွားလိုက်၊ လာလိုက်လုပ်နေကြတဲ့သူတွေ။အဲလူတွေကပဲပရောဂျက်ရကြတယ်။သူတို့က အတတ်ပညာပိုင်းပြည့်စုံတဲ့အတွက်ရကြတာဖြစ်တယ်။ ဒါပေမဲ့နှလုံးသားနဲ့လုပ်နေတဲ့သူတွေ၊ လူထုအဖွဲ့အစည်းအတွက် တောက်လျှောက်လုပ်ကိုင်နေတဲ့အဖွဲ့အစည်းလေးတွေအတွက်စဉ်းစားသင့်တယ်၊လုပ်ပေးသင့်တယ်လို့ပြောခဲ့ပါတယ်။ အဲဒီတော့ သူတို့သေချာ ဆက်သွယ်ပြီးကူညီမယ်လို့ပြောပါတယ်။

**ပြည်တွင်းကနိုင်ငံရေးအပြောင်းအလဲတွေနဲ့ပတ်သက်ပြီး အဲဒီအဖွဲ့တွေရဲ့ ထင်မြင်ချက်က ဘယ်လိုရှိလဲ။ လက်ရှိအပြောင်းအလဲတွေကြောင့် ထောက်ပံ့မှုတွေအများကြီးဝင်လာနိုင်တယ်လို့ မျှော်လင့်ပြောဆိုနေတာတွေရှိနေတော့လေ။**

သူတို့ကလည်းပြည်တွင်းမှာနိုင်ငံရေးနဲ့ပတ်သက်ပြီး ထူးထူးခြားခြားဖြစ်နေပြီလို့ ယူဆကြတယ်။ ကျွန်မတို့ဘက်က တစ်ဖက်သတ်မပြောပါဘူး။ လက်ရှိပြည်သူတွေခံစားနေရတဲ့အခက်အခဲတွေ၊ လုပ်ကိုင်နေသူတွေရဲ့အခက်အခဲတွေ။ဒီအပြောင်းအလဲတွေပြည်သူတွေတကယ်ခံစားရလား၊ မခံစားရဘူးလားဆိုတာသေချာရှင်းပြတယ်။ ပြီးတော့ လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ဖွဲ့ခွင့်ရရင်လည်း လွတ်လပ်စွာလှုပ်ရှားဖို့အခွင့်အရေးကတော်တော်အားနည်းနေတယ်။ ပိုပြီးလွတ်လွတ်လပ်လပ်လုပ်နိုင်အောင်တွန်းအားပေးဖို့လိုတယ်ဆိုတာပြောခဲ့ပါတယ်။

**အခုတွေ့တာက အလှူရှင်တွေနဲ့ရော၊ အမေရိကန်အစိုးရ ထိပ်တန်းပုဂ္ဂိုလ်တွေနဲ့ရော တွေ့တာဆိုတော့ အဲလိုတိုက်တွန်းမှုကဘယ်သူတွေကိုပြောခဲ့တာလဲ။**

နှစ်ပိုင်းရှိတာပေါ့။ အလှူရှင်တွေနဲ့ပြောတဲ့အခါမှာထောက်ပံ့ရေးကိစ္စကိုပြောတယ်။ ကျန်တဲ့ကိစ္စကတော့ အမေရိကန် အစိုးရတာဝန်ရှိသူတွေနဲ့တွေ့တဲ့အခါမှာ ပြောဆိုဆွေးနွေးဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်တာကိုပေါ့။ ပြီးတော့သူတို့တွေက အကူအညီတွေအရမ်းပေးချင်တယ်။ အဲဒီတော့ အကူအညီပေးချင်တယ်ဆိုရင် ပြင်ပက အကူအညီကို လုံးခနဲ၊ ဒိုင်းခနဲယူလိုက်လို့ရှိရင် အလွဲသုံးစားမှုတွေ ပိုပြီးဖြစ်လာနိုင်တယ်။ ထိရောက်မှုလည်းမရှိနိုင်ဘူး။ အဲဒါကြောင့် Capacity Building များများလုပ်ပေးဖို့ လိုတယ်။ Technical Assitanceတွေများများပေးဖို့လိုတယ်။ အဲလိုပေးတဲ့နေရာမှာလည်းတစ်ဖက်သတ်မပေးဖို့ထောက်ပြခဲ့တယ်။ လွှတ်တော် အမတ်တွေကိုလည်းခေါ်မယ်။ စစ်တပ်ကိုလည်းခေါ်မယ်။ ဒီမိုကရက်တစ်အင်အားစုတွေ နိုင်ငံရေးလှုပ်ရှားသူတွေ အားလုံးကိုခေါ်ပြီး အဲလိုသင်တန်းတွေပေး၊ လေ့လာရေးတွေလုပ်ဖို့အတွက် အရင် ထောက်ပံ့သင့်တယ်လို့ အကြံပြုတယ်။

**အခုဒေါ်ခင်လေးတို့ သွားရတော့ အလှူရှင်အဖွဲ့တွေအနေနဲ့ အရင်တုန်းက သူတို့သိထားတာတွေနဲ့ အခုဆွေးနွေးမှုတွေကကွဲလွဲမှုတွေရှိနေတာမျိုးတွေ့ရလား။**

သူတို့တွေက သေသေချာချာ လေ့လာထားတဲ့သူတွေဆိုတော့ တော်တော်များများ သိထားတယ်။ ဒါပေမဲ့ နောက်ဆုံးဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ပြောပြလိုက်တော့ ပိုသဘောပေါက်သွားတယ်။ သူတို့က ကူညီချင်တဲ့စိတ်တအားများနေတော့ ပြောရရင် သတိပေး သလိုတော့ဖြစ်သွားတယ်ပေါ့။

**အရင်တုန်းက ယုံကြည်ချက်အကျဉ်းသားထောက်ပံ့တာနဲ့၊ ပြည်ပမီဒီယာထောက်ပံ့တာကို တချို့အဖွဲ့အစည်းတွေက တော်တော်လေးအလေးပေးပြီးလုပ်တယ်။ အခုအကျဉ်းသားတွေလည်းလွတ်လာပြီဆိုတော့ ထောက်ပံ့မှုအနေအထားပြောင်းလဲမှုရှိလား။**

ဟုတ်ပါတယ်။ ပြောင်းလဲနိုင်ပါတယ်။ ဒါပေမဲ့ အကျဉ်းသားကိစ္စကို ကိုဇာဂနာကအဓိကပြောတယ်။ နိုင်ငံရေးသမားတွေလွတ်လာတယ်။ အကျဉ်းသားတွေလွတ်လာပေမယ့် သူတို့ဘဝတွေက မသေချာသေးဘူး။သူတို့ဘဝပြန်လည်ထူထောင်ရေးလုပ်ဖို့ရယ်၊ ကျန်သေးတဲ့ ယုံကြည်ချက်အကျဉ်းသားစာရင်းတွေ ကွဲပြားမှုရှိနေသေးတဲ့အတွက်ရယ် သေသေချာချာလုပ်ပေးဖို့အဲဒါကိုလည်းပြောတယ်။ ဒါပေမဲ့ ဟုတ်တယ်။ ကူညီထောက်ပံ့မှုက အခုအခြေအနေအရနည်းနည်းတော့ပုံစံပြောင်းသွားနိုင်တယ်။ ပြည်ပမီဒီယာထောက်ပံ့တာရော၊ ပြည်တွင်းကမီဒီယာသမားတွေကိုဘာတွေကူညီနိုင်မလဲဆိုတာ စဉ်းစားလာတယ်။

**ပြောင်းလဲလာနိုင်တယ်ဆိုတော့ ဘယ်လိုကဏ္ဍတွေမှာဖြစ်နိုင်လဲ။**

ဘယ်လိုကဏ္ဍလဲဆိုတော့ ကျွန်မတို့ အဓိက ပြောတာက ပညာရေးနဲ့ ကျန်းမာရေးကို လောလောဆယ် ဦးစားပေးပြီး ကူညီပေးဖို့ပြောတယ်။ သူတို့ ဘယ်လိုပုံစံဘယ်လိုကူညီမယ်ဆိုတာ ကျွန်မတို့မသိဘူး။ မြန်မာနိုင်ငံရဲ့ပညာရေးက လက်ရှိအစိုးရကျောင်းတွေနဲ့ မလုံလောက်တဲ့အတွက် ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းတို့၊ သီလရှင်ပညာသင်ကျောင်းတို့ ကဏ္ဍကအရမ်းအရေးကြီးပါတယ်၊ အဲဒီသီလရှင်ကျောင်းတွေနဲ့ ဘုန်းတော်ကြီးသင်ကျောင်းတွေကို ကူညီပေးသင့်တယ်လို့ ပြောခဲ့တယ်။ အဲဒါတွေအတွက်လည်း ထည့်ပြီးစဉ်းစားမယ့်ပုံရှိပါတယ်။

**အမေရိကန်အစိုးရ တာဝန်ရှိသူတွေထဲက ဘယ်သူတွေနဲ့တွေ့ခဲ့ရတာလဲ။**

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ၊ မစ္စတာကာ့တ်ကမ်းဘဲ၊ ဒဲရစ်မစ်ချဲ၊ သမ္မတရဲ့ဒုလက်ထောက်ပါမယ်။ မိုက်ကယ်ပိုစနာပါမယ်။ မြန်မာပြည်အရေးအနီးကပ်စောင့်ကြည့်နေတဲ့သူတွေ တော်တော်များများပါတယ်။

**သူတို့နဲ့ တွေ့တဲ့အခါကျတော့ အထောက်အပံ့ကိစ္စ ပြောတာလား။ နိုင်ငံရေးအပြောင်းအလဲကိစ္စတွေကိုပြောတာလား။**

သူတို့နဲ့ တွေ့တော့ လက်ရှိနိုင်ငံရေးအပြောင်းအလဲကို အဓိကပြောတာပေါ့လေ။ ပြီးတော့ ကြား ဖြတ်ရွေးကောက်ပွဲက အလှည့်အပြောင်းတစ်ခုမဟုတ်ဘူး။ကြားဖြတ်ရွေးကောက်ပွဲကိုကြည့်ပြီး နိုင်ငံရေးအပြောင်းအလဲကိုမဆုံးဖြတ်ဖို့၊ ကြားဖြတ်ရွေးကောက်ပွဲကနေ NLD လွှတ်တော်ထဲရောက်သွားရင်လည်း ထူးခြားတဲ့အပြောင်းအလဲဖြစ်သွားမှာမဟုတ်ဘူး။ ဒီတစ်ခုထဲကိုပဲမစောင့်ကြည့်ဖို့နဲ့ ၂၀၁၅ အထိစောင့်ကြည့်ဖို့လိုတယ်။ အဲလိုစောင့်ကြည့်ရင်းနဲ့လည်း အကူအညီတွေပေးမယ်ဆိုရင် Condition ထားစောင့်ကြည့်ဖို့ပေါ့။ အပေးအယူနဲ့လုပ်ဖို့ ၂၀၁၅ အထိသေချာစောင့်ကြည့်ပြီး ထိန်းမတ်ပေးဖို့ပေါ့။

**အခုလိုအမေရိကန်နိုင်ငံရဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေနဲ့တွေ့ပြီး ရခဲ့တဲ့မြန်မာပြည်သူတွေအတွက်သတင်းစကားကဘာဖြစ်မလဲ။**

တာဝန်ရှိသူတွေနဲ့ တွေ့တဲ့အခါမှာတော့ သူတို့ကအရင်ကတည်းက မြန်မာ့အရေးကိုလုပ်နေကြတဲ့သူတွေဖြစ်တဲ့အတွက်အခြေအနေအားလုံးကိုသိပြီးသားတွေဖြစ်တယ်။ ဒါပေမဲ့ ပြည်တွင်းကနေကိုယ်တွေ့သွားတွေ့ရတဲ့အခါကျတော့ သူတို့က ပြည်တွင်းမှာတကယ်ကိုလေးနက်တဲ့စစ်မှန်တဲ့အပြောင်းအလဲဖြစ်ဖို့ သူတို့တတ်နိုင်သလောက်လုပ်မယ်ဆိုတာကို သူတို့ရဲ့မျက်နှာတွေမှာတွေ့ရသလိုသူတို့ရဲ့အပြောအဆိုတွေမှာလည်း တွေ့ရတယ်။ အဲဒီအတွက်တော့ တကယ်ကိုအားရတယ်။ မြန်မာ့အရေးကိုတကယ့်ကို Support လုပ်နေတဲ့သူတွေနဲ့ တွေ့ရတာကို အားရတယ်။

**အလှူရှင် အဖွဲ့အစည်းတွေဆီကရော ဘယ်လိုခိုင်မာတဲ့ သတင်းစကားမျိုးကြားခဲ့ရလဲ။**

အပြင်က အလှူရှင်တွေက သူတို့ကသိပ်ကူညီချင်တယ်။ အရမ်းအားရတယ်။ သူတို့ကသိပ်လုပ်ချင်နေပြီ။ ဒါပေမဲ့ အာဖဂန်နစ္စတန်လိုဖြစ်မှာကိုစိုးရိမ်တယ်။ အဲဒီမှာဆိုရင် အကူအညီတွေပေးတယ်။ ပြည်တွင်းမှာရှိတဲ့အဖွဲ့အစည်းတွေက Strong Institution မရှိတဲ့အခါကျတော့ ပေးသာပေးတယ်မရဖြစ်တယ်။ ဒီမှာလည်း အဲလိုဖြစ်မှာသူတို့ကစိုးရိမ်နေတယ်။ ဒါပေမဲ့ ကျွန်မတို့ထောက်ပြတာက ပြည်တွင်းမှာ Local NGO Network လည်းရှိတယ်။ NGO တွေက Strong Institution မဖြစ်ပေမယ့် အဖွဲ့သေးသေးလေးတွေအများကြီးရှိနေပြီးတော့ တကယ်ကိုနှလုံးသားနဲ့လုပ်နေကြတယ်။ ဒုက္ခခံပြီး အခက်ခဲကြားကလုပ်နေတဲ့သူတို့တွေကိုနည်းနည်းလေးသာ လုပ်ပေးလိုက်ရင် အားလုံးနဲ့ယှဉ်နိုင်တယ်ဆိုတာကို ကိုယ်ကပြောပြနိုင်တယ်။ အဲဒီခါကျတော့ သူတို့တွေလည်း အားရတယ်။ သူတို့တကယ်လည်း ဒီလိုလူမျိုးတွေကိုပဲ ထိထိရောက်ရောက် ကူညီချင်တယ်။ ကူညီဖို့လိုရင်လည်း ဝိုင်းဝန်းကူညီပေးဖို့၊ လမ်းညွှန်ပေးဖို့ ပြောတယ်။ အဲဒါကတော့ တကယ့်ကိုကျေနပ်အားရစရာပါ။

**ခုခရီးစဉ်မှာတွေ့ဆုံဆွေးနွေးခဲ့ရတာတွေနဲ့ပတ်သက်ပြီး ဒေါ်ခင်လေးအနေနဲ့ဘာများ ထပ်ပြောချင်သေးလဲ။**

ဒီကနေ စသွားတုန်းကတော့ ဒီလိုပဲ အလှူရှင်အစည်းအဝေးတက်မယ်ပေါ့။ ဒါပေမဲ့ ဟိုရောက်သွားတဲ့အခါမှာ တွေ့သင့်တွေ့ထိုက်တဲ့ လူတွေနဲ့တွေ့ခွင့်ရလိုက်တဲ့အခါကျတော့ ကိုယ့်နိုင်ငံအတွက်တစ်ခုခုလုပ်ပေးခဲ့ရတယ်ဆိုပြီး ကျေနပ်ရပါတယ်။